မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး
ဗဟိုကော်မတီဌာနချုပ် (ဒေါင်းဂွင်) မှ ထုတ်ဝေဖြန့်ချိသည်။

လေ့လာရေးစာစဉ်

# ဖက်ဒရယ်

# FEDERAL

# မာတိကာ

**နိဒါန်း** က
(က) ဖက်ဒရယ်နှင့် မြန်မာ့နိုင်ငံရေး က
(ခ) စာအုပ်၌ တင်ပြမှုပုံစံ ဂ

**အခန်း (၁)၊ လူမျိုး၊ နိုင်ငံနှင့် နိုင်ငံရေး** ၁
၁။ နိုင်ငံ၏သဘာဝ ၁
- စုဖွဲ့ နေထိုင်သော လူတို့၏ သဘာဝ ၁
- အဆင့်ဆင့် အစိုးရများ ၁
- နိုင်ငံတခုအဖြစ်မြင်သာသည့်အချက်များ ၁
- အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက် ၂
- လူမျိုးမှသည် နိုင်ငံ ဖွဲ့စည်းခြင်းသို့ ၃
၂။ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုနှင့် ထွက်ရပ်လမ်းများ ၅
၃။ အချုပ်အခြာ အာဏာနှင့် ဖက်ဒရယ် ပြည်ထောင်စု ၇
- အချုပ်အခြာ အာဏာပိုင်မှု ပုံစံများ ၈
- ကုလသမဂ္ဂနှင့် အချုပ်အခြာအာဏာ ၉
- အချုပ်အခြာ အာဏာ၏ အခက်အလက်များ ၁၀

**အခန်း (၂)၊ ဖက်ဒရယ် ပြည်ထောင်စုနှင့်ကွဲလွဲသော နိုင်ငံ ဖွဲ့စည်းမှု နှစ်မျိုး** ၁၁
၁။ တပြည်ထောင်စနစ် နိုင်ငံတော် ၁၂
- တပြည်ထောင်စနစ် နိုင်ငံတော် နှစ်မျိုး ၁၂
၂။ ပြည်ထောင်စုများ စုပေါင်းခြင်း ၁၃
- ပထမဦးဆုံး ပြည်ထောင်စုများ စုပေါင်းခြင်း ၁၄
- ပြည်ထောင်များ စုပေါင်းခြင်း၏ အားနည်းချက် ၁၄
- ပြည်ထောင်များ စုပေါင်းခြင်း အမျိုးမျိုးကို လေ့လာခြင်း ၁၄

**အခန်း (၃)၊ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်** ၁၇
၁။ ဖက်ဒရယ်ပြည် ထောင်စု တည်ဆောက်ခြင်း၏ အစ ၁၇
- ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများအား အုပ်စုခွဲခြင်း ၁၇
၂။ ပြည်ထောင်စု အဖွဲ့ဝင်များ ၁၉
- ပြည်ထောင်စု အဖွဲ့ဝင် အဆင့် သတ်မှတ်ခြင်း ၁၉
- ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ရန် အခြေအနေ ၂၀
- ပြည်ထောင်စု နိုင်ငံအချို့၏ အဖွဲ့ဝင်များကို လေ့လာခြင်း ၂၁
၃။ ပြည်ထောင်စု နိုင်ငံနှင့် အာဏာ ခွဲဝေရေး ၂၂
- အာဏာ ခွဲဝေရေး စနစ်နှစ်မျိုး ၂၂
- နှစ်ဦး နှစ်ဖက် ပူးတွဲ ကျင့်သုံးပိုင်ခွင့် အာဏာ ၂၃
- ကြွင်းကျန်သော အာဏာများ ၂၄
- မြန်မာနိုင်ငံ၌ ကျင့်သုံးခဲ့ဖူးသော အာဏာ ခွဲဝေရေး စနစ် ၂၄
- ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံအချို့၏ အာဏာ ခွဲဝေမှု ၂၅
၄။ ပြည်ထောင်စု ပါလီမန် ၂၆
- အထက်လွှတ်တော် ၂၆
- အောက်လွှတ်တော် ၂၈
၅။ ပြည်ထောင်စုနိုင်ငံနှင့် လက်နက်ကိုင် တပ်များ ၂၉
- တပ်ဖွဲ့စည်းထားပုံ ၂၉
၆။ ဖက်ဒရယ် ပြည်ထောင်စုမှုကို အကဲဖြတ်သော စံများ ၃၁

**အခန်း (၄)၊ ဖက်ဒရယ် စနစ်နှင့် ဆက်စပ်နေသောနိုင်ငံရေးအကြောင်းအချင်းအရာများ** ၃၃
၁။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ၃၄
- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးမှု အမျိုးမျိုးနှင့် အဓိပ္ပါယ် ၃၅
- မူရင်းဌာနေ လူမျိုးများနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ၃၆
- မြန်မာနိုင်ငံနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းများစု၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ၃၇
- ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့် ပြဿနာ ၃၉
၂။ ကိုယ်ပိုင်အုပ်ချုပ်ရေး ၄၁
- ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး ၄၂
- ဆိုဗီယက် ပြည်ထောင်စု အတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ရေး ၄၃
- မြန်မာ့ နိုင်ငံရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အလားအလာ ၄၄
၃။ ဒီမိုကရေစီနှင့် စစ်မှန်သော ပါတီစုံ စနစ် ၄၄
- အိန္ဒိယ ဖက်ဒရယ် ပြည်ထောင်စုနှင့် ပါတီစုံ ဒီမိုကရေစီ ၄၅
- ဂျာမဏီ ဖက်ဒရယ် ပြည်ထောင်စု စနစ်နှင့် ပါတီစုံ ဒီမိုကရေစီ ၄၆
- ဆွစ်ဇာလန် ဖက်ဒရယ် ပြည်ထောင်စု စနစ်နှင့် ပါတီစုံ ဒီမိုကရေစီ ၄၆
- ဖက်ဒရယ် ပြည်ထောင်စု အတွင်း ပါတီစုံစနစ် တည်ရှိမှုနှင့် လည်ပတ်ပုံ ၄၇

**အခန်း (၅)၊ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံများအားနှိုင်းယှဉ်ချက်** ၄၉
၁။ ဆိုဗီယက်ပြည်ထောင်စု ၅၀
- အခြေခံဥပဒေ ၅၀
- ဆိုဗီယက် လွှတ်တော် ၅၀
- လက်နက်ကိုင်တပ်များ ၅၁
- သမ္မတနိုင်ငံများ၏ အခွင့်အရေး ၅၁
- အာဏာခွဲဝေရေး စနစ်ကို ပြောင်းလဲခြင်း ၅၁
- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့် ၅၂
- ကွန်မြူနစ်ပါတီ ၅၂
- ဆိုဗီယက် ပြည်ထောင်စု၏ ထူးခြားချက်များနှင့် သုံးသပ်ချက် ၅၃
၂။ ဆွစ်ဇာလန် ၅၅
- ဆွစ်ဇာလန် ဗဟိုအစိုးရ ၅၅
- ပြည်ထောင်စု လွှတ်တော် ၅၆
- ပြည်ထောင်စု လွှတ်တော်၏ အာဏာများ ၅၇
- ဒီမိုကရေစီ ၅၇
၃။ အိန္ဒိယ ၅၉
- ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရန် အခြေအနေ ၅၉
- အာဏာခွဲဝေရေး ၅၉
- ဒုတိယအဆင့် ပြည်ထောင်စု အဖွဲ့ဝင်များ ၆၀
- အင်အားကောင်းသော ဗဟိုအစိုးရ ဖွဲ့စည်းရခြင်း၏ အကြောင်းအရင်း ၆၀
- ပြည်နယ် အုပ်ချုပ်ရေးမှူးများ ခန့်ထားခြင်း ၆၁
၄။ ကနေဒါ ၆၃
- အခြေခံဥပဒေ ၆၃
- ပြည်ထောင်စု ပါလီမန် ၆၃

**ကိုးကားသောစာအုပ် စာတမ်းများ** ၆၅

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး
## ဗဟိုကော်မတီဌာနချုပ် (ဒေါင်းပွင့်) မှ ထုတ်ဝေဖြန့်ချိသည်။


ပထမအကြိမ်

၁၉၉၄ ခုနှစ်၊ မေလ

အုပ်ရေ ၁၅၀၀


## ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသား လူမျိုးများ ပြန့်နှံ့နေထိုင်ပုံ



# နိဒါန်း

## (က) ဖက်ဒရယ်နှင့်မြန်မာ့နိုင်ငံရေး

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ကို လေ့လာလျှင် တိုင်းရင်းသား လူမျိုးများ ရောပြွမ်း နေထိုင်လျက်ရှိသော နိုင်ငံတခုအဖို့ ၎င်းနှင့် ကိုက်ညီလျက်ရှိသော နိုင်ငံရေး စနစ်တရပ် မဖော်ဆောင်နိုင်ခြင်းကြောင့် ဖြစ်ပေါ်ရသော နောက်ဆက်တွဲ ပြဿနာများသည် စစ်ဖြစ်ပွားရခြင်း အကြောင်းအရင်းများတွင် နက်ရှိုင်းစွာ ပါဝင်လျက် ရှိသည်ကို တွေ့ရသည်။ နိုင်ငံတခုအတွင်း စုပေါင်း နေထိုင်လျက် ရှိကြသော တိုင်းရင်းသား လူမျိုး အချင်းချင်းအကြား ပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွားနေသည်ကို ကမ္ဘာ့အရပ်ဒေသ အတော်များများတွင် တွေ့နေရသည်။ ထိုစစ်ပွဲများသည် ပြည်တွင်း လုံခြုံရေးကို သာမက နိုင်ငံတကာ လုံခြုံရေးများကိုပါ ခြိမ်းခြောက်လျက် ရှိသည်။ အချို့နိုင်ငံများတွင် တိုင်းရင်းသား လူမျိုးများက သီးခြား လွတ်လပ်သော နိုင်ငံကို ဖွဲ့စည်း တည်ထောင်ခွင့် ရသွားကြသောအခါ ၎င်းတို့၏ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ အဆုံးသတ် သွားသည်ကို တွေ့ရသည်။ သို့သော် ကမ္ဘာ့ လူ့အဖွဲ့စည်းကြီးက ထိုသို့ နိုင်ငံများ ခွဲထွက် ပေါ်ပေါက်နေခြင်းကို အားမပေးလိုဘဲ ဥရောပ အဖွဲ့ (European Community) ကဲ့သို့ နိုင်ငံများ တဖြည်းဖြည်း စုစည်းသွားမှုကိုသာ မြင်လိုကြသည်။ ထိုသူများက အကြံပေးသည်မှာ တိုင်းရင်းသား လူမျိုးများ၏ ပဋိပက္ခများ၊ စစ်ပွဲများ လွတ်မြောက်ရေး လှုပ်ရှားမှုများ အသုံးသတ်ရေးအတွက် လူမျိုးအသီးသီး၏ အခွင့်အရေး အာမခံချက်ရှိသော စစ်မှန်သည့် မူများအရ ဖက်ဒရယ် ပြည်ထောင်စုတခု ဖွဲ့စည်း တည်ဆောက်ရေး ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေးမှာ တိုင်းရင်းသား လူမျိုး အသီးသီး၏ အခွင့်ရေး အာမခံချက် ရှိမည့် စစ်မှန်သောမူများအရ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးသည် အရေးကြီးသော အကြောင်းအရာများဖြစ်ကြောင်း လေ့လာသူ ပညာရှင်များနှင့် ဒီမိုကရေစီ လိုလားသော မြန်မာနိုင်ငံရေးသမားများ အားလုံးက သဘောတူ လက်ခံထားကြသည်။

ဗြိတိသျှထံမှ လွတ်လပ်ရေးရပြီးနောက် (၁၀) နှစ်ကာလခန့် မြန်မာနိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စု စနစ်ကို ကျင့်သုံးခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ဖက်ဒရယ် ပြည်ထောင်စုအား ဗဟိုအစိုးရကို အာဏာ လွန်ကဲစွာ ပေးထားမှုကို ထောက်၍ ဖက်ဒရယ် မကျတကျနိုင်ငံ (Quasi–Federal) ဟူ၍သာ အခြေခံ ဥပဒေ ရေးစွဲရေး ဗိသုကာ ဦးချန်ထွန်း အပါအဝင် ပညာရှင်များ၊ နိုင်ငံရေးသမားများက အသိမှတ် ပြုခဲ့သည်။ နယ်စပ်ဒေသ ပြည်နယ်များ၏ ခွဲထွက်ခွင့် အခွင့်အရေးကိုပါ အသိမှတ်ပြုခဲ့သည့် ၁၉၄၇၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာ့ဖက်ဒရယ်စနစ်တွင် ပြဿနာအချို့ကို ဖိတ်ခေါ်ထားသကဲ့သို့ ဖြစ်နေသည်။ ပြည်ထောင်စု လွှတ်တော်တွင် တိုင်းရင်းသား လူမျိုးအသီးသီး အချိုးညီစွာ ကိုယ်စားပြုခွင့်မရခြင်း၊ အချို့သော တိုင်းရင်းသားများအတွက် ပြည်နယ်ဟု သတ်မှတ်ထားသော်လည်း ဗမာ တိုင်းရင်းသားများ အတွက်မူ သီးသန့်ပြည်နယ် မရှိဘဲ ပြည်မဟု ဆိုကာ ဗဟိုအစိုးရနှင့် တွဲဖက်ထားခြင်း၊ သတ်မှတ်ထားသော ပြည်ထောင်စုမူအရပင် ဗဟိုအစိုးရက အာဏာပိုယူထားခြင်း၊ စသည့် အကြောင်းအရာများသည် ဗမာမှ လွဲလျှင် ကျန်သော တိုင်းရင်းသား လူမျိုးစု အသီးသီး၏ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ (Ethnic National Libration Movements) နှင့် ပြည်တွင်းစစ်ကို ဖြစ်ပေါ်စေခဲ့သည်။

၁၉၄၇၊ အခြေခံဥပဒေ၊ အခန်း (၁၀)၊ ပြဋ္ဌာန်းချက်များ အရ တိုင်းရင်းသား ပြည်နယ်များသည် လွတ်လပ်ရေး ရပြီး (၁၀) နှစ်အကြာတွင် ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိသည်။ သို့ရာတွင် ရှမ်းအမျိုးသားများ တက်တက်ကြွကြွ ဦးဆောင် ပါဝင်သော တိုင်းရင်းသား လူမျိုးစုများက ခွဲထွက်ရေးထက် ၁၉၄၇၊ အခြခံ ဥပဒေကို ပြင်ဆင်ပြီး ဖက်ဒရယ် စစ်စစ်မူ အရ ပြည်ထောင်စု ဖွဲ့စည်းရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ၁၉၅၈-၆၂၊ ကာလကို ဖက်ဒရယ် လှုပ်ရှားမှု ကာလဟုပင် အချို့ ဆိုကြသည်။ ထိုလှုပ်ရှားမှုသည် အဓိကအားဖြင့် အခြေခံ ဥပဒေကို ပြင်ဆင်ရန် ဖြစ်သော်လည်း၊ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရအနေဖြင့် နိုင်ငံတော် အာဏာယစ်မူးခဲ့ဖူးသော ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် စစ်တပ်က ဖက်ဒရယ် လှုပ်ရှားမှုသည် ပြည်ထောင်စု ဖြိုခွဲရေး လှုပ်ရှားမှု ဖြစ်ကြောင်း အကြောင်းပြကာ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော် အာဏာကို သိမ်းယူခဲ့သည်။ ထိုကာလမှ နောက်ပိုင်းတွင် တိုင်းရင်းသား လူမျိုးစုများ လိုလားသည့် စစ်မှန်သော ဖက်ဒရယ်မူများ အရ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာမှု ပိတ်ပင်ခံခဲ့ရသည်။ မြန်မာ စစ်တပ်က ဦးဆောင်၍ ၁၉၇၄၊ အခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ၎င်းအခြေခံ ဥပဒေအရ တပြည်ထောင်စနစ် နိုင်ငံတော် အဖြစ် ဖွဲ့စည်းခဲ့ပြန်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မှာလည်း အရှိန်လျော့ မသွားဘဲ ဆက်၍သာ တောက်လောင် နေခဲ့ပေတော့သည်။

၁၉၈၈ ခုနှစ်တွင် ကျောင်းသားများ ဦးဆောင်သော ဒီမိုကရေစီအရေး အုံကြွတောင်းဆိုမှု အရေးတော်ပုံကို မြန်မာစစ်တပ်က ရက်စက်စွာ ဖြိုခွင်းပြီးနောက်တွင် ကျောင်းသားများ အပါအဝင် မြန်မာ့ ဒီမိုကရေစီ အင်အားစုများသည် တိုင်းရင်းသား လူမျိုးစုများ၏ လက်နက်ကိုင် တော်လှန်ရေးဖြင့် ပူးပေါင်းမိ သွားကြသည်။ ထိုဖွဲ့စည်းမှုသည်

ဖက်ဒရယ် လိုလားသော အင်အားစုများနှင့် ဒီမိုကရေစီ လိုလားသော အင်အားစုများ၏ ပေါင်းစည်းမှုပင် ဖြစ်သည်။ ဒီမိုကရေစီ လိုလားသော အင်အားစုများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ နိုင်ငံရေး တောင်းဆိုမှုကို အပြည့်အဝ အသိအမှတ် ပြုသည့်အပြင် ၎င်းတို့၏ နိုင်ငံရေး ဦးတည်ချက်များတွင်ပင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ဆိုသည်ကို ထည့်သွင်း ပြဌာန်းလာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး၏ နိုင်ငံရေး ဦးတည်ချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး စစ်အာဏာရှင် စနစ်အောက်မှ လွတ်မြောက်ရေး၊

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေး၊

(၃) ပြည်တွင်း ငြိမ်းချမ်းရေး ရရှိရေး၊

(၄) ဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးတို့ ဖြစ်ကြသည်။

၁၉၉၀ ခုနှစ်၊ မေလ အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်း အစိုးရနှင့် မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ်တို့အကြား ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ချုပ်ဆိုသော မာနယ်ပလော စာချုပ်တွင်လည်း မြန်မာနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စုစစ်စစ် နိုင်ငံအဖြစ် တည်ဆောက်ရေးအား သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (နဝတ) ၏ လက်အောက်တွင် ရှင်သန်နေရသော နိုင်ငံရေး ပါတီများလည်း ဖက်ဒရယ် စစ်စစ်မှုများ အရ ပြည်ထောင်စု တည်ဆောက်ရေးကို သဘောတူ ခဲ့ကြသည်။ ရှစ်လေးလုံး အရေးတော်ပုံကြီးအပြီး၌ ပြောဆိုနေသော ဖက်ဒရယ် ပြည်ထောင်စုသည် ၁၉၄၇၊ အခြေခံ ဥပဒေအရ ဖော်ဆောင်ခဲ့ဖူးသော ဖက်ဒရယ် ပြည်ထောင်စုမှုများနှင့်ကား များစွာ ကွာခြားနေကြောင်းကိုလည်း အားလုံးက သိနေပြီး ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ နောက်ပိုင်း အာဏာရလာသော မြန်မာစစ်တပ်သည် ဖက်ဒရယ် ပြည်ထောင်စု ဆိုသည်မှာ ခွဲထွက်ရေးသာ ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာ ပြိုကွဲရေးသာဖြစ်ကြောင်း တစိုက်မတ်မတ် ဝါဒဖြန့်ချိခဲ့သည်။ ထို့ကြောင့် ဖက်ဒရယ် နိုင်ငံရေး သဘောတရားများ အကြောင်း မြန်မာပြည်သူလူထု အကြားဝယ် သတင်း အမှားများ ပြန့်နှံ့ နေခဲ့သည်။ ကမ္ဘာပေါ်တွင် ဖက်ဒရယ် ပြည်ထောင်စု များစွာရှိရာ ထိုနိုင်ငံများသည် စည်းလုံး ညီညွတ်ပြီး တိုးတက်ဖွံ့ဖြိုးနေသည်ကို တွေ့နေကြရသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် ချမ်းသာ ကြွယ်ဝဆုံး နိုင်ငံများ ဖြစ်ကြသည့် အမေရိကန် ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေလျ စသည့် နိုင်ငံများသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများသာ ဖြစ်သည်။ ထိုအခါ ဖက်ဒရယ်ကို ဆန့်ကျင်လိုသူများက ပြိုကွဲသွားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ နှစ်ခုဖြစ်သည့် ဆိုဗီယက် ပြည်ထောင်စုနှင့် ယူကိုဆလားဗီးယား နိုင်ငံတို့ကို ထောက်ပြကြ ပေလိပ့်မည်။ ထိုနိုင်ငံများ ပြိုကွဲရခြင်း အကြောင်းအရင်းသည် ဖက်ဒရယ်စနစ်ကြောင့် မဟုတ်ဘဲ အခြားသော နိုင်ငံရေး စနစ်များနှင့် နောက်ခံ အကြောင်းအရာများကြောင့်သာ ဖြစ်ကြောင်း ဤစာအုပ်တွင် သုံးသပ် တင်ပြထားသည်ကို တွေ့ရပေမည်။ မြန်မာနိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရုံမျှဖြင့် ပြိုကွဲမည် မဟုတ်ပါ။ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုမှ ဘယ်သောအခါမှ ခွဲထွက်မည် မဟုတ်ကြောင်းကိုလည်း မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ်က ၁၉၉၀ ခုနှစ်၊ ဇွန်လကတည်းက တရားဝင် အတိအလင်း ထုတ်ပြန် ကြေညာပြီး ဖြစ်သည်။

မြန်မာပြည် ပြည်တွင်းစစ် အဆုံးသတ်ရေး၊ တနည်းအားဖြင့် မြန်မာနိုင်ငံမှ တိုင်းရင်းသားများ၏ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ အဆုံးသတ်ရေး အတွက် နိုင်ငံရေး ထွက်ပေါက်မှာ စစ်မှန်သော မှုများဖြင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် တခုတည်းသော နည်းလမ်း ဖြစ်သည်။ သို့ဖြစ်၍ ဖက်ဒရယ်နှင့် ပက်သက်၍ လွဲမှားသော သိနားလည်မှုမျိုး လက်ခံထားရသည့် မြန်မာပြည်သူ အချို့ကို ဖက်ဒရယ်နှင့် ပတ်သက်၍ ရှင်းလင်း တင်ပြရန် လိုအပ်နေပေသည်။ နိုင်ငံရေး ခေါင်းဆောင် လုပ်နေသူများ၏ သိနားလည်မှု တခုတည်းဖြင့် အရေးကြီးသော နိုင်ငံရေး စနစ်ကို ပြည်သူလူထုအတွင်း စိုက်ထူရန် လွယ်လွယ်နှင့် မဖြစ်နိုင်ချေ။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံမှုကို ရရှိအောင် လုပ်ယူခြင်းသည် ဒီမိုကရေစီ နိုင်ငံရေးစနစ်တွင် နိုင်ငံရေး ခေါင်းဆောင်တိုင်း လုပ်ဆောင်ရမည့် တာဝန်လည်း ဖြစ်သည်။

## (ခ) စာအုပ်၌တင်ပြမှုပုံစံ

ဤစာအုပ်သည် ဖက်ဒရယ် ပြည်ထောင်စု အကြောင်း လေ့လာလိုသူများ အတွက် ယင်းအကြောင်းကို မိတ်ဆက်မျှ တင်ပြထားသော စာအုပ်သာ ဖြစ်သည်။ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများကို အခြေခံ၍ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရန် ဖြစ်သဖြင့် ယခု စာအုပ်တွင် တင်ပြထားသော အကြောင်းအရာများသည် လူမျိုးရေး အခြေခံဖြင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ထားပါသည်။

အခန်း (၁) ဖြစ်သော လူမျိုး၊ နိုင်ငံနှင့် နိုင်ငံရေး ခေါင်းစဉ်ငယ် (၃) ခု ခွဲ၍ တင်ပြထားပါသည်။ နိုင်ငံ၏ သဘာဝ ဟူသော ခေါင်းစဉ်အောက်တွင် တင်ပြမှုများသည် လူမျိုးနှင့် နိုင်ငံ ဆက်စပ်မှု အကြားတွင် ရှိသောနိုင်ငံရေးကို လေ့လာရာတွင် အထောက်အကူ ပြုစေမည့် အချက်များ ဖြစ်သည်။ လူမျိုးကို အခြေခံ၍သာ နိုင်ငံ သို့မဟုတ် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု၏ အဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းခြင်းဖြစ်ရာ ထိုသို့ ဖွဲ့စည်းခြင်း မပြုနိုင်ရန် လူမျိုး၊ တနည်းအားဖြင့် အမျိုးသား (Nation) ဟူသည်မှာ အဘယ်နည်းဟု စဉ်းစားရန် လိုအပ်လာပါသည်။ ထိုစဉ်းစားမှုကို အထောက်အကူ ပြုစေနိုင်ရေး အတွက် အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက် ဟူသည်ကို ထည့်သွင်း တင်ပြခြင်း ဖြစ်သည်။ သို့ရာတွင် အရာကိစ္စ အားလုံးကို ထိုအမျိုးသားရေး လက္ခဏာ သတ်မှတ်ချက်များဖြင့် တိုင်းတာ၍ အဆုံးအဖြတ် ပေးနိုင်မည် ဟူ၍ကား မမှတ်ယူနိုင်ပါ။ ယေဘုယျ တရားများကို တင်ပြပေးခြင်းသာ ဖြစ်သည်။ တဖန် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများနှင့် ထွက်ရပ်လမ်းများ ဟူသော ခေါင်းစဉ်ဖြင့် တင်ပြချက်များ၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသား အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ၏ နောက်ဆက်တွဲ ပြဿနာ ဖြစ်သော ပြည်တွင်းစစ်မီး တောက်လောင်နေသည့် မြန်မာနိုင်ငံအဖို့ ဖြစ်သင့် ဖြစ်ထိုက်သော နိုင်ငံရေး အဖြေရှာမှုတရပ် ရစေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တည်ဆောက်ခြင်းသည် တိုင်းပြည် စည်းလုံး ညီညွတ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး၏ ရန်သူသဖွယ် ထင်ယောင်ထင်မှား အဖြစ်ခံရအောင် ဝါဒီဖြန့်ချိမှုများ ရှိနေသည်။ အခြားတဖက်တွင် အချို့သော ပုဂ္ဂိုလ်များသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခုတွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ၌ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိခြင်းသည် အချုပ်အခြာ အာဏာ ပိုင်ဆိုင်ခြင်းပင် ဖြစ်သည်ဟု ပြောဆို နေကြသည်။ စင်စစ်တွင် ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တခုသည် တခုလုံး အနေဖြင့်သာ အချုပ်အခြာ အာဏာ ပိုင်ဆိုင်ပြီး ပြည်နယ်များ အနေဖြင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်ခြင်း မရှိပါ။ ထို့ပြင် အချုပ်အခြာ အာဏာ ပြိုကွဲရခြင်းသည် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ခြင်း ဟူသော အကြောင်းအရင်းကြောင့် မဟုတ်ပါ။ ထိုအခြေနေများကို ရှင်းလင်းစွာ သိရှိနိုင်ရန် အတွက် အခန်း (၁) တွင်ပင် အချုပ်ခြာအာဏာ အကြောင်း ဖက်ဒရယ် ပြည်ထောင်စုနှင့် ဆက်စပ်သည့် ရှုထောင့်မှ တင်ပြထားပါသည်။

ဖက်ဒရယ် ပြည်ထောင်စုနှင့် ကွဲလွဲ ခြားနားသော နိုင်ငံများကို ကမ္ဘာပေါ်တွင် အမြောက်အများ တွေ့နိုင်သည်။ အတွေ့များသော အမျိုးစား နှစ်ခုမှာ တပြည်ထောင်စနစ် နိုင်ငံတော် (Unitary state) နှင့် ပြည်ထောင်စုများစုပေါင်းခြင်း (Confederation) တို့ ဖြစ်သည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအကြောင်းကို လေ့လာရာတွင် ၎င်းနှင့်မတူ ကွဲပြားသော ပုံစံများကို သိရခြင်းဖြင့် ဖက်ဒရယ် ပြည်ထောင်စု အကြာင်း နားလည် သဘောပေါက်မှု လွယ်ကူစေရန် ရည်ရွယ်ကာ အခန်း (၂) အဖြစ် တပြည်ထောင်စနစ် နိုင်ငံတော် အကြောင်းနှင့် ပြည်ထောင်စုများ စုပေါင်းခြင်း အကြောင်းကို တင်ပြထားသည်။

အခန်း (၃) ဖက်ဒရယ် ပြည်ထောင်စု အကြောင်းကို တင်ပြထားသည်။ ထိုအခန်းတွင် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုအကြောင်း လေ့လာရာတွင် သတိချပ် လေ့လာသင့်သည့် ဝိသေသ လက္ခဏာများကို ခေါင်းစဉ်တခုစီ တပ်ကာ ပိုမို၍ ကျယ်ပြန့်စွာ တင်ပြထားသည်။ အခန်း (၃) တွင် တင်ပြထာသော အဆိုပါ အချက်များကို တချက်စီ ဆန်းစစ်လေ့လာခြင်းဖြင့် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခုနှင့် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ မဟုတ်သော နိုင်ငံများ အကြား ကွဲပြား ခြားနားမှုကို ရုပ်လုံးပေါ်လာမှာ ဖြစ်သကဲ့သို့ ဖက်ဒရယ် စစ်စစ်မှုနှင့် ဖက်ဒရယ် မစစ်သောမှုများအကြား ခြားနားမှုများကိုလည်း နှိုင်းယှဉ် လေ့လာသိရှိနိုင်သည်။ အထူးသဖြင့် ဖက်ဒရယ်စစ်စစ်မှု ဟုတ်/မဟုတ် အာဏာခွဲဝေ ကျင့်သုံးမှု စနစ်ကို ထောက်ရှု၍ ဆုံးဖြတ်နိုင်ကြောင်း ဖက်ဒရယ် ပြည်ထောင်စုနှင့် အာဏာ ခွဲဝေရေး ခေါင်းစဉ်ဖြင့် အခန်း (၃) တွင် တင်ပြထားသည်။ မတူကွဲပြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအသီးသီးတွင် မတူကွဲပြားသော အာဏာခွဲဝေမှု စနစ်များ ရှိကြောင်း လေ့လာသိရှိခြင်းနှင့်အတူ ထိုနိုင်ငံ အချင်းချင်းကြား ကွဲပြားသော နိုင်ငံရေး ကျောထောက် နောက်ခံ ရှိကြောင်းကိုလည်း သတိ ပြုသင့်ပေသည်။ အခန်း (၃) သည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု၏ ဝိသေသ လက္ခဏာများကို တင်ပြထားခြင်း ဖြစ်ရာ ဖက်ဒရယ် ပြည်ထောင်စု အကြောင်း ရေးသား တင်ပြထားသည့် ဤစာအုပ်၏ အဓိကကျသော အခန်းပင် ဖြစ်သည်။

အချို့သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများသည် ထူးခြားသော နိုင်ငံရေး ကျောထောက်နောက်ခံများ အရ ဖွဲ့စည်းထားသည်ကို လေ့လာတွေ့ရှိရသည်။ ဥပမာ - ဆိုဗီယက် ပြည်ထောင်စုနှင့် မြန်မာ (၁၉၄၇၊ အခြေခံ ဥပဒေအရ)

ကဲ့သို့သော နိုင်ငံများတွင် ခွဲထွက်ခွင့်ကိုပါ အသိအမှတ် ပြုထားသည်မှာ ဖက်ဒရယ် ပြည်ထောင်စု တခုအဖို့ ထူးခြားသော အခြေအနေ ဖြစ်သည်။ ထို့အပြင် ထိုနိုင်ငံ နှစ်ခုစလုံးတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် (Self-determination) သည် ဖက်ဒရယ်မှုများနှင့် ခွဲခြားမရဘဲ ရှိနေခြင်းသည် ထူးခြားမှုကြီး ဖြစ်နေသည်ကို တွေ့ရသည်။ အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ၏ အခွင့်အရေးကို ကိုယ်ပိုင် အုပ်ချုပ်ရေး ဟူ၍သာ ပြောဆို အသိအမှတ် ပြုကြသည်။ ဆိုဗီယက်တွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်ကို အသိအမှတ် ပြုထားခြင်းသည် အခြေအနေတရပ်ကြောင့် ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို တောင်းဆိုခြင်း၏ အခြေနေကို ဆိုဗီယက် ပြည်ထောင်စုနှင့် တပြေးညီ စဉ်းစား၍ကား မရ ဖြစ်နေပြန်သည်။ အခြား တဖက်တွင်လည်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် အတိအကျ အဓိပ္ပါယ် သတ်မှတ်ချက်၊ ဥပဒေ စံချိန်စံညွှန်း သတ်မှတ်မှု မရှိဘဲ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခုတွင် ကျင့်သုံးရန် ပြောဆိုခြင်းကို အချို့ ပညာရှင်များက ဝေဖန်ကြသည်။ ထို့ကြောင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အကြောင်း၊ မြန်မာ ဖက်ဒရယ်မှုနှင့် ဆက်စပ်သင့်သည့် ပုံသဏ္ဍာန် အကြောင်းတို့ကို အခန်း (၄) တွင် အကျယ်တဝင့် ဆွေးနွေး တင်ပြထားသည်။ ထို့အပြင် ဖက်ဒရယ်မှုများနှင့် တိုက်ရိုက် ပက်သက်ခြင်း မရှိသော်လည်း ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အောင်အောင်မြင်မြင် ရပ်တည်နိုင်ရေး အတွက် ထည့်သွင်း စဉ်းစားရသော သို့မဟုတ် အသိအမှတ် ပြုထားရသော နိုင်ငံရေး အကြောင်းအချင်းရာ တခု ဖြစ်သည်။ ထိုအထဲတွင် ဒီမိုကရေစီနှင့် စစ်မှန်သော ပါတီစုံ စနစ်သည် အရေးကြီးသော နိုင်ငံရေး အကြောင်းချင်းအရာ တခု ဖြစ်သည်။ နိုင်ငံရေး ပါတီပေါင်းစုံကို လွတ်လပ်စွာ ဖွဲ့စည်း တည်ထောင်ခွင့် ပြုထားခြင်းသည် ပါတီစုံစနစ်ကို ကျင့်သုံးခြင်းပင် ဖြစ်သည်ဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်သော်လည်း ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အဖို့ကား စစ်မှန်သော ပါတီစုံ စနစ်ဟု ပြောဆိုရန် လိုအပ်ချက် အချို့ ရှိနေသည်။ ထိုကြောင့် ဒီမိုကရေစီနှင့် စစ်မှန်သော ပါတီစုံ စနစ်အကြောင်းကို ဖက်ဒရယ် စနစ်နှင့် ဆက်စပ်နေသော နိုင်ငံရေး အကြောင်းချင်းရာများ ခေါင်းစဉ်ဖြင့် အခန်း (၄) တွင် တင်ပြထားသည်။

အခန်း (၅) ကိုမူ ကမ္ဘာ့ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ အချို့ကို နှိုင်းယှဉ် လေ့လာနိုင်ရန် ရည်ရွယ် တင်ပြထားသည်။ အခန်း (၃) တွင် တင်ပြထားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခု၏ ဝိသေသ လက္ခဏာများအား လေ့လာရန် နားလည်မှုကို အထောက်ကူ ပြုစေရန် ရည်ရွယ်ချက်ဖြင့် နှိုင်းယှဉ် ဖက်ဒရယ် စနစ်များ အကြောင်းကို တင်ပြရခြင်း ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ ဖက်ဒရယ်နိုင်ငံ အသီးသီး၏ ထူးခြားမှု တခုစီကို လေ့လာ သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ အခြားနိုင်ငံ တခုတွင် ကျင့်သုံးနေသော မူတခုသည် မြန်မာနိုင်ငံရေးနှင့် ကိုက်ညီချင်မှ ကိုက်ညီပေလိမ့်မည်။ ထို့ကြောင့် အခန်း (၅) ၏ တင်ပြချက်များသည် အထူးသဖြင့် နှိုင်းယှဉ်ခြင်း ခံရသော နိုင်ငံများ၏ ထူးခြားသော ဖက်ဒရယ် မူများကိုသာ ကောက်နုတ် တင်ပြသည်။ ဖက်ဒရယ်နိုင်ငံများ အားလုံး ယေဘုယျ တူညီခြင်း ရှိသည့် အချက်များကို နှိုင်းယှဉ် ဖော်ပြခြင်း မပြုတော့ပေ။ အခန်း (၃) နှင့် အခန်း(၅) ကို ပေါင်းစပ် လေ့လာမှု ပြုခြင်းသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများအကြောင်း ပို၍ နားလည်သဘောပေါက်စေရန် ရည်ရွယ်ထားခြင်းဖြင့် ဤစာအုပ်ကို နိဂုံးချုပ်ထားပါသည်။

**[ပြန်လည် စီစဉ်သူ၏ ဝန်ခံချက် -** စာအုပ်အထဲတွင် ရောဝတီ ကွန်ရက်စာမျက်နှာနှင့် ခေတ်ပြိုင် ကွန်ရက်စာမျက်နှာတို့မှ ကာတွန်းဆရာ ဟန်လေး၏ ကာတွန်းလက်ရာအချို့ကို ခွင့်မပန်ဘဲ ပြန်လည်အသုံးပြုထားပါသည်။ ထို့အတွက် ဤနေရာမှနေ ကာတွန်း ဟန်လေးနှင့် သက်ဆိုင်သည့် ကွန်ရက်စာမျက်နှာ စီစဉ်လွှင့်တင်သူများအား အနူးအညွတ် တောင်းပန်အပ်ပါသည်။]

# အခန်း (၁)၊ လူမျိုး၊ နိုင်ငံနှင့် နိုင်ငံရေး




"ပေါလိုက်တဲ့ အစိုးရတွေ" (ကာတွန်း - ဟန်လေး)

ဖက်ဒရယ် (Federal) လေ့လာရေး စာစဉ်
မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (မကဒတ)၊
All Burma Students' Democratic Front (ABSDF)၊
ဗဟိုကော်မတီ ဌာနချုပ် (ဒေါင်းဂွင်)။

# ၁။ နိုင်ငံ၏သဘာဝ

## စုဖွဲ့ နေထိုင်တတ်သောလူတို့၏ သဘာဝ

လူတို့သည် ယဉ်ကျေးမှု တိုးတက်လာသည်နှင့် အမျှ အဖွဲ့အစည်းနှင့် နေထိုင် တတ်လာကြရာမှာ အဖွဲ့အစည်းများ ပေါ်ပေါက်လာသည်။ ထို အဖွဲ့အစည်းများ နေထိုင်ရာ ဒေသများကို အကျယ်အဝန်း သက်မှတ်ခြင်း ပြုလျှင် ယေဘုယျ အားဖြင့် နိုင်ငံ (Country) ဖြစ်လာသည်။ ထိုနိုင်ငံကို အုပ်ချုပ်ရန် အကြီးအကဲ၊ ဘုရင်၊ သမ္မတ အပါဝင် အစိုးရ အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းထားရသည်။ ထိုအစိုးရ အဖွဲ့အစည်း အဆင့်ဆင့်ကိုပါ အကျုံးဝင်၍ ခေါ်ဝေါ်လျှင် (Nation state) ဟု ခေါ်သည်။

### အဆင့်ဆင့် အစိုးရများ

နိုင်ငံတခု အတွင်း အုပ်ချုပ်ရေး လုပ်ငန်းများကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရ အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်း၍ လုပ်ဆောင်ရသည်။ မြို့ပြ ဒေသန္တရ အစိုးရ အဖွဲ့များ (City Government)၊ ခရိုင် အစိုးရများ (Province Government)၊ ပြည်နယ် အစိုးရများ (State Government) စသည်ဖြင့် အဆင့်ဆင့် ဖွဲ့စည်းထားရသည်။ ၎င်းတို့ကို ဒေသန္တရ အစိုးရများ (Local Government) ဟု ခေါ်သည်။ နိုင်ငံတခု၏ အမြင့်ဆုံး အစိုးရကို နိုင်ငံတော် အစိုးရဟု ခေါ်သည်။ တပြည်ထောင်စနစ် နိုင်ငံတွင် နိုင်ငံတော် အစိုးရမှ လွဲလျှင် ကျန်အစိုးရ အဆင့်ဆင့်သည် ဒေသန္တရ အစိုးရများ ဖြစ်ပြီး နိုင်ငံတော် အစိုးရ၏ လက်အောက်တွင် တည်ရှိသည်။ ဖက်ဒရယ် ပြည်ထောင်စုတွင်မူ ဒေသန္တရ အစိုးရများသည် နိုင်ငံတော် အစိုးရ၏ လက်အောက်တွင် တိုက်ရိုက် မရှိနေဘဲ ပြည်နယ် အစိုးရများ၏ လက်အောက်တွင်သာ ရှိသည်။ တဖန် ပြည်နယ် အစိုးရသည်လည်း နိုင်ငံတော် အစိုးရ၏ လက်အောက်ခံဟု သတ်မှတ်ရန်ထက် အာဏာခွဲဝေမှု ဘောင်အတွင်း လုပ်ပိုင်ခွင့် ရှိသော အစိုးရ ဖြစ်သည်ဟုသာ ဆိုရပေမည်။

### နိုင်ငံ တခုအဖြစ် မြင်သာသည့် အချက်များ

**နိုင်ငံ** ဆိုသည်မှာ နိုင်ငံရေးအရ စုဖွဲ့ထားသော နယ်မြေ အတိုင်းတာ (Unit Located ) ဖြစ်ပြီး ၎င်းတွင် နိုင်ငံသား (Citizen) အဖြစ် နေထိုင်သော ပြည်သူများ၊ နိုင်ငံတဝန်းလုံးတွင် အုပ်ချုပ်ရေးကို ဖော်ဆောင်နိုင်မည့် အစိုးရ အဖွဲ့ အဆင့်ဆင့် ရှိရမည့်အပြင် အခြားနိုင်ငံ တခုခု၏ ဩဇာလွှမ်းမိုးမှု မရှိသော တရားဝင် လွတ်လပ်ရေး (Formal Independence) ရှိရမည်။

နိုင်ငံအရ အုပ်စု ဖွဲ့ထားသော နယ်မြေ အတိုင်းအတာ ဆိုသည်မှာ တခါတရံ နိုင်ငံတခုနှင့် တခုကြား သူဆိုင် ငါဆိုင် နယ်နိမိတ်ဟု အငြင်းပွားသော နေမြေများမှ အပ ပထဝီမြေကြီး မြေမျက်နှာ သွင်ပြင် (Earth Surface) အပေါ် အခြေခံ၍ တိကျစွာ သတ်မှတ်ထားသော နယ်နိမိတ်ကို ဆိုလိုသည်။

**နိုင်ငံသား** ဆိုသည်မှာ ထိုနိုင်ငံတွင် ရာသက်ပန် နေထိုင်ခွင့် ရှိသူဖြစ်ပြီး ထိုနိုင်ငံ၏ လူပုဂ္ဂိုလ် တဦး ရထိုက်သည့် တရား ဥပဒေဆိုင်ရာ အဆင့်အတန်း (Legal Status) အားလုံး ရရှိသူကို ဆိုလိုသည်။ ထိုသူသည် နိုင်ငံတော်၏ အကာအကွယ် အစောင့်အရှောက်များကို ရရှိမည့် အပြင် ထိုနိုင်ငံတော်ကို သစ္စာ စောင့်သိသူလည်း ဖြစ်သည်။ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်ခွင့် ရှိသည်။ ထိုနိုင်ငံတွင် နိုင်ငံသား တဦး၏ အခွင့်အရေးနှင့် အဆင့်အတန်း ညီမျှစွာ မရရှိဘဲ ယာယီသော် လည်းကောင်း၊ အမြဲသော် လည်းကောင်း နေထိုင်သော ဧည့်သည်နိုင်ငံသား (Alien) လည်း ရှိနိုင်သည်။

**အစိုးရ** ဆိုသည်မှာ နိုင်ငံ၏ မည်သည့် နယ်မြေဒေသ အတွင်းတွင် မဆို အုပ်ချုပ်ရေးကို ဆောင်ရွက်နိုင်သော ထိုအုပ်ချုပ်ရေးကို အသက်သွင်း အားဖြည့်မည့် ဥပဒေကို ပြုနိုင်သော၊ ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို စီရင် ဆုံးဖြတ် ပေးနိုင်သော အာဏာများကို ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်များနှင့် ၎င်းတို့ ပါဝင် ဖွဲ့စည်းထားသော အစိုးရ အဆောက်အအုံများ (Persons and Institutions) ကို ဆိုလိုသည်။

**တရားဝင် လွတ်လပ်ရေး** ဆိုသည်မှာ ထိုနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုမှုကို ဆိုလိုသည်။ အချုပ်အခြာ ပိုင် နိုင်ငံဖြစ်လျှင် မည်သည့် ပြည်ပနိုင်ငံ၏ ဩဇာ လွှမ်းမိုးမှုကိုမျှ မခံထိုက်သဖြင့် တရားဝင် လွတ်လပ်ရေး ရရှိသည်ဟု သတ်မှတ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ နိုင်ငံတခုအား အသိအမှတ်ပြုရေး မပြုရေးကို စဉ်းစားရာတွင် အောက်ပါ အချက်အလက်များကို အခြေခံ၍ စဉ်းစားသည်။

(က) သတ်မှတ်ထားသော နယ်မြေ (A defined territory)၊
(ခ) အမြဲတမ်း အခြေချ နေထိုင်သော လူဦးရေ (A permanent population)၊
(ဂ) ထိရောက်စွာ အုပ်ချုပ်နိုင်သော အစိုးရ (An effective government)၊
(ဃ) နိုင်ငံခြား တိုင်းပြည်များနှင့် ဆက်ဆံရေးတွင် ရှိသော အစွမ်းအစ (The capacity to enter into relations with other states)၊

အဆိုပါ လေးချက်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေ ရှုထောင့်က စဉ်းစားခြင်း ဖြစ်သည်။ အထက်ပိုင်း၌ လေ့လာခဲ့သော နိုင်ငံတခုအဖြစ် အသိမှတ်ပြုရေးတို့ အတွက် အခြေခံသည့် နယ်မြေ အတိုင်းအတာ၊ နိုင်ငံသား၊ အစိုးရ အဖွဲ့ အဆင့်ဆင့်နှင့် အဓိပ္ပါယ် အတူတူသာ ဖြစ်သည်။ အမြဲတမ်း အခြေချ နေထိုင်သော လူဦးရေ ဆိုသည်မှာ နိုင်ငံသားများကို ဆိုသည်နှင့် အဓိပ္ပါယ် အတူတူပင် ဖြစ်သည်။ ပြင်ပ နိုင်ငံများနှင့် ဆက်ဆံရေး အတွက် ရှိသောစွမ်းရည်ကို လေ့လာ အကဲဖြတ်ခြင်းသည် ထိုနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုကို အကဲဖြတ်ခြင်း ဖြစ်သဖြင့် တရားဝင် လွတ်လပ်ရေး ဆိုသည်နှင့် အတူတူပင် ဖြစ်သည်။

**အမျိုးသားရေးလက္ခဏာ သတ်မှတ်ချက်**

နိုင်ငံအတွင်း နေထိုင်သူများမှာ အများအားဖြင့် ရှေးပဝေသဏီကပင် အတူ စုပေါင်း နေထိုင်လာကြသူများ ဖြစ်ရာ အချိန် ကြာမြင့်လာသည်နှင့် အမျှ အမျိုးသား လူမျိုးများ (Nationalities) ဖြစ်လာကြသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံ အများစုသည် ထိုအမျိုးသား လူမျိုးများကို အခြေခံ၍ ဖွဲ့စည်းထားကြသည်။ ထို့ကြောင့် နိုင်ငံတခု အဖြစ် ဖွဲ့စည်းရန် သို့မဟုတ် နိုင်ငံတခု အတွင်း အမျိုးသား လူမျိုးကို အခြေခံသည့် နယ်နိမိတ် သတ်မှတ်ချက် တခုခုဖြင့် ပါဝင် ဖွဲ့စည်းနိုင်ရန် အတွက် အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက် သတ်မှတ်ရန် လိုအပ်လာသည်။ အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက် အဖြစ် အောက်ပါ အချက်များ အရ စဉ်းစား သုံးသပ်ရသည်။

***(က) နေထိုင်ရာနယ်မြေအရ သတ်မှတ်ခြင်း(Territory and Boundary)***

ထိုနယ်မြေတွင် ထိုအမျိုးသား လူမျိုးများ အများစု နေထိုင်ခြင်း၊ အကျိုးတူ လုပ်ငန်းများ စုပေါင်း ဆောင်ရွက်ခြင်းပင် ထိုလူမျိုးများက ထိုနယ်မြေကို မိမိတို့ အချိန်ကြာမြင့်စွာ နေထိုင်ရာ ဒေသအဖြစ် ချစ်ခင် တန်ဖိုးထားမှု ရှိရမည်။ ထိုနယ်မြေများသည် မြေပြန့် လွင်ပြင်များသော် လည်းကောင်း၊ ရေကန်များ၊ မြစ်ချောင်း အင်းအိုင်များသော် လည်းကောင်း၊ တောင်တန်းများသော် လည်းကောင်း ဖြစ်နိုင်သည်။

***(ခ) တူညီသော ဘာသာစကားနှင့်စာပေ (Common Language and Literature)***

တူညီသော အသံထွက်နှင့် ထိုအသံထွက် အရ တူညီသော အဓိပ္ပါယ်ကို ဆောင်သည့် ဘာသာစကားနှင့် စာပေ သုံးနှုန်းခြင်းကို ဆိုလိုသည်။ ထို့ကြောင့် အသံထွက် တူညီသော်လည်း အဓိပ္ပါယ် မတူညီလျှင် ဖြစ်စေ၊ အဓိပ္ပါယ် တူသော်လည်း အသံထွက် ကွဲပြားလျှင် ဖြစ်စေ၊ အမျိုးသား လူမျိုး တခုတည်း အသွင်ကို ဆောင်သည်ဟု မမှတ်ယူနိုင်ပါ။ အချို့ နိုင်ငံများတွင် ဖြစ်စေ နိုင်ငံတခု အတွင်း အမျိုးသား လူမျိုးကို အခြေခံ ဖွဲ့စည်းသော နယ်မြေ တခုအတွင်းတွင် ဖြစ်စေ ဘာသာစကား ၂ မျိုး (Bilingual)၊ ဘာသာစကား ၃ မျိုး (Trilingual) ပြောသူ လူမျိုးများ စုပေါင်း နေထိုင်ခြင်းမျိုးလည်း ရှိနိုင်သည်။ သို့ရာတွင် ၎င်းတို့သည် အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက်များနှင့် နှိုင်းယှဉ် စဉ်းစားလျှင် အခြား အချက်လက်များတွင် ကွဲပြား ခြားနားမှု မရှိသဖြင့် ဘာသာစကား နှစ်မျိုး၊ သုံးမျိုး ပြောဆို သုံးစွဲကြသော်လည်း နိုင်ငံသား တမျိုးတည်း အနေနှင့် သတ်မှတ်ကြသည်။ ကနေဒါနှင့် ဆွစ်ဇာလန် နိုင်ငံများတွင် အဓိကအားဖြင့် ဘာသာစကား နှစ်မျိုး နှင့် အထက် သုံးစွဲကြသည်။ ကမ္ဘာ့နိုင်ငံ အများစုတွင်မူ အများသုံး၊ ရုံးသုံး ဘာသာစကားအဖြစ် တမျိုးတည်း ကိုသာ သုံးကြသည်။

***(ဂ) တူညီသော ယဉ်ကျေးမှု (Common Culture)***

နိုင်ငံ တခုအတွင်း သို့မဟုတ် နိုင်ငံ တခု၏ နယ်မြေဒေသ တခုအတွင်း စုပေါင်း နေထိုင်သူများသည် တူညီသော ယဉ်ကျေးမှု ရှိခြင်းကို ဆိုလိုသည်။ ယဉ်ကျေးမှု ဆိုသည်မှာ အမွေဆက်ခံရေး၊ လက်ထပ် ထိမ်းမြားရေး၊ ကိုးကွယ်ရာ ဘာသာ၊ ဝတ်စားဆင်ယဉ်မှု၊ ဓလေ့ထုံးစံ၊ အသက်မွေးဝမ်းကြောင်းမှု စသည်တို့ကို ဆိုလိုပါသည်။ အမျိုးသား လူမျိုး တမျိုး ဖြစ်သည်ဟု ခေါ်ဝေါ် သမုတ်နိုင်သည့် ယဉ်ကျေးမှု ရှိရမည်။

***(ဃ) နိုင်ငံရေးအသိနိုးကြားမှု (Political Desire)***

အမျိုးသားရေး အယူဝါဒ အရ အမျိုးသား လူမျိုး တမျိုးဖြစ်ကြောင်း ပေါ်လွင်စေရန် နိုင်ငံရေး စုစည်းမှုနှင့် နိုင်ငံရေးအသိ နိုးကြားမှု ရှိရမည်။ ထိုသို့ နိုင်ငံရေး နိုးကြားမှုကြောင့် လူမျိုးတူများ နှစ်ပေါင်း ကြာမြင့်စွာ အတူစုပေါင်း နေထိုင်လာခြင်း ဖြစ်၍ အမျိုးသား လူမျိုးကို အခြေခံသော နိုင်ငံတခု အဖြစ်

လည်းကောင်း၊ သို့မဟုတ် နိုင်ငံ တခုအတွင်း၊ နယ်နိမိတ် တခုအတွင်းတွင် လည်းကောင်း ဖွဲ့စည်းရန် အကြောင်း လုံလောက်ကြောင်း ပြဆိုနိုင်ရမည်။

***(c) တူညီသော နောက်ခံ သမိုင်းကြောင်း(Common History)***

အမျိုးသား လူမျိုးနှင့် ပတ်သက်သည့် နောက်ခံ သမိုင်းကြောင်း ရှိရမည်။ ဆိုလိုသည်မှာ အမျိုးသား လူမျိုးများ နေထိုင်သော နယ်မြေ၊ ထိုလူမျိုးများ၏ ဘာသာစကားနှင့် စာပေ၊ ယဉ်ကျေးမှု၊ နိုင်ငံရေး နိုးကြားမှု ဟူသည့် အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက် အသွင်များသည် နောက်ခံ သမိုင်းကြောင်း အရ ခိုင်မာရမည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများကို အများအားဖြင့် အမျိုးသား လူမျိုးများ စုပေါင်း နေထိုင်မှုအရ နိုင်ငံအဖြစ် ဖွဲ့စည်းထားကြသည်။ သို့သော် အမျိုးသား လူမျိုးများ စုပေါင်း နေထိုင်ပြီး ထိုအမျိုးသားများတွင် အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက်နှင့်အညီ အမျိုးသား လူမျိုး တမျိုးအဖြစ် တွေ့နိုင်သော်လည်း နိုင်ငံတခု အဖြစ် ရပ်တည်ခြင်း မရှိသော၊ ရပ်တည်ခွင့် မရသေးသော၊ အမျိုးသား လူမျိုးများစွာ ရှိသေးသည်။ နိုင်ငံ တခုအဖြစ် ဖွဲ့စည်း ရပ်တည်နိုင်ရန် လိုအပ်သော အခြား အခြေခံအချက်များ ပြည့်စုံခြင်း မရှိသဖြင့် ထိုသို့ မရပ်တည်နိုင်ခြင်း ဖြစ်သည်။ နိုင်ငံ တခုအဖြစ် ရပ်တည်ခွင့် မရှိသော အမျိုးသား လူမျိုးများသည် နိုင်ငံ တခုတည်း၌ပင် အသွင်သဏ္ဍာန် အမျိုးမျိုးဖြင့် ရပ်တည်နေကြသည်။

## လူမျိုးမှသည် နိုင်ငံ ဖွဲ့စည်းခြင်းသို့

လူမျိုး အသီးသီးတွင် သက်ဆိုင်ရာ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု စသည်ဖြင့် ရှိကြသည်။ အချို့ နိုင်ငံများတွင် တနိုင်ငံလုံး အတိုင်းအတာဖြင့် ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ တမျိုးတည်း ရှိပြီး အချို့ နိုင်ငံများတွင် ဘာသာစကား ပေါင်းစုံ၊ ကိုးကွယ်ရာ ဘာသာပေါင်းစုံ ရှိကြသည်။ ယနေ့ ကမ္ဘာ့နိုင်ငံ အသီးသီး ရင်ဆိုင်နေရသော နိုင်ငံရေး ပြဿနာများတွင် ယဉကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ရာ ဘာသာပေါင်းစုံရှိ လူမျိုးများ အကြား ပေါ်ပေါက်နေသော ပြဿနာများသည် အတိုင်းအတာ တခု အထိ ပါဝင် နေကြသည်။ ထိုပြဿနာမျိုးသည် နိုင်ငံနှင့် လူမျိုး ဆက်နွှယ်မှုမှ ပေါ်ပေါက်လာသည်။

နိုင်ငံရေးသိပ္ပံ ဝေါဟာရတွင် လူမျိုးကို Nation ဟု ခေါ်ပြီး၊ နိုင်ငံကို State ဟု ခေါ်သည်။ Nation ဟု ဆိုလျှင် လူမျိုးကို ရည်ညွှန်း၍ State ဟု ဆိုလျှင် နိုင်ငံကို ရည်ညွှန်းသည်။ လူမျိုးနှင့် နိုင်ငံ Nation နှင့် State ဆက်သွယ်မှု အရ ဖွဲ့စည်း ပေါ်ပေါက်နေသော နိုင်ငံများကို အကြမ်းဖျင်းအားဖြင့် ၄ စု ခွဲခြားထားသည်။ ပထမ အစုတွင် လူမျိုး တမျိုးတည်းနှင့် နိုင်ငံ ဖွဲ့စည်းထားသော နိုင်ငံများ ဖြစ်ပြီး ၎င်းတို့ကို Nation-State ဟု ခေါ်သည်။ ဥပမာ - ဂျပန်နိုင်ငံသည် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု တမျိုးတည်း ရှိသော လူမျိုးများဖြင့် စုဖွဲ့ထားသော နိုင်ငံ ဖြစ်သည်။ ထိုနိုင်ငံမျိုးကို Nation - State ဟု ခေါ်သည်။ ပြင်သစ်နိုင်ငံသည် Nation-State နိုင်ငံ တခု ဖြစ်သည်။

ဒုတိယ အစုသည် ပထမ အစုနှင့် ပြောင်းပြန် ဖြစ်သည်။ ထို့ကြောင့် State-Nation ဟု ခေါ်သည်။ ဂျပန်နှင့် ပြင်သစ် နိုင်ငံသည် လူမျိုးကို အခြေခံပြီး နိုင်ငံ ဖြစ်ခဲ့သောကြောင့် Nation-State ဟု ခေါ်သည်။ အမေရိကန် ပြည်ထောင်စုနှင့် ဩစတြေလျ နိုင်ငံတို့သည် ရှေးပဝေသဏီကပင် ထိုနိုင်ငံတွင် နေထိုင်ခဲ့သော လူမျိုးကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်း မဟုတ်ပေ။ ဩစတြေလျတိုက်နှင့် အမေရိကန်တိုက်သို့ နောက်မှ ပြောင်းရွှေ့လာသူများက ဖွဲ့စည်းခြင်း ဖြစ်သည်။ နိုင်ငံအဖြစ် တရားဝင် ပေါ်ပေါက်ပြီးမှ ထိုနိုင်ငံ၏ လူမျိုး အဖြစ် သတ်မှတ်ကြသည်။ ထို့ကြောင့် အမေရိကန် လူမျိုး၊ ဩစတြေလျ လူမျိုးဟု သတ်မှတ် ခံရသူတို့သည် ထိုနိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်သူ အားလုံးကို အကျုံးဝင်စေသည်။ အသားဖြူပြီး ဥရောပတိုက်သား ရုပ်အသွင်ရှိသူအား အမေရိကန်လူမျိုးဟု သတ်မှတ်သကဲ့သို့ အမေရိကန် လူမျိုးအဖြစ် သတ်မှတ်ခံကြရသည်။ လက်တင် အမေရိကတိုက်ရှိ နိုင်ငံများသည် State-Nation အစုတွင် ပါဝင်သည်။

လူမျိုးကို အခြေခံပြီး ဖြစ်ပေါ်လာသော Nation-State နိုင်ငံများ ဖြစ်သည့် ဂျပန်၊ ပြင်သစ်သို့ ပြောင်းရွှေ့ နေထိုင်သူများသည် နှစ်ကာလ ကြာရှည်စွာ နေထိုင်သော အခါတွင် ထိုနိုင်ငံသား အဖြစ်သို့ ရောက်ရှိကြသည်။ သို့သော် ဂျပန်လူမျိုး၊ ပြင်သစ်လူမျိုး ဟူ၍ ဖြစ်မသွားချေ။ နိုင်ငံကို အခြေခံ၍ လူမျိုး ဖြစ်လာသော State-Nation နိုင်ငံဖြစ်သည့် အမေရိကန်တွင် အမေရိကန်နိုင်ငံသား ဖြစ်လျှင် အမေရိကန် လူမျိုးဟု ပြော၍ရသည်။ ထိုခြားနားချက်မှာ Nation-State နှင့် State-Nation တို့၏ အဓိက ခြားနားမှု ဖြစ်သည်။

တတိယ အမျိုးစား အစုသည် လူမျိုး တမျိုးတည်းမှ ကွဲပြားမှုအရ ဖြစ်ပေါ်လာသော နိုင်ငံများ (Part Nation-State) ဖြစ်သည်။ အချို့ လူမျိုးများသည် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ အတူတူပင် ဖြစ်ကြသော်လည်း နိုင်ငံ တခုတည်း၌ မဟုတ်ဘဲ နိုင်ငံ နှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ၊ ဖွဲ့စည်း တည်ရှိ နေတတ်သည်။ ဥပမာ - ဂျာမန်သည် လူမျိုး တမျိုးပင် ဖြစ်သော်လည်း နိုင်ငံမှာ အရှေ့ဂျာမဏီ၊ အနောက်ဂျာမဏီနှင့် ဩစတြီးယား ဟူ၍ သုံးနိုင်ငံ တွေ့ရသည်။ ယခု အရှေ့-အနောက် ဂျာမဏီ ပြန်ပေါင်းပြီ ဖြစ်သော်လည်း ဩစတြီးယားနိုင်ငံသည် သီးခြား

နိုင်ငံအဖြစ် တည်ရှိဆဲ ဖြစ်သည်။ တဖန် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားသည် နှစ်နိုင်ငံ ဖြစ်သော်လည်း လူမျိုးမှာ တမျိုးတည်း ဖြစ်သည်။ ၁၉၈၃ ခုနှစ်အထိ ဗီယက်နမ်သည် တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ် ဖြစ်ခဲ့သည်။

စတုတ္ထ အမျိုးစားမှာ တတိယ အမျိုးစားနှင့် ပြောင်းပြန် ဖြစ်သည်။ နိုင်ငံ တခုတည်းတွင် လူမျိုးပေါင်းစုံ နေထိုင်သော Multi Nation-State ဖြစ်သည်။ ယူနိုက်တက် ကင်းဒမ်း နိုင်ငံများတွင် အိုင်းရစ်လူမျိုး၊ အင်္ဂလိပ်လူမျိုး၊ စကော့လူမျိုး၊ ဝေးလ်လူမျိုး ဟူ၍ ၄ မျိုး ရှိပါသည်။ အိန္ဒိယ၊ ယူဂိုဆလားဗီးယား၊ ဆိုဗီယက်ယူနီယံ၊ မြန်မာ စသော နိုင်ငံများသည် လူမျိုးပေါင်းစုံ နေထိုင်သော နိုင်ငံ ဖြစ်သည်။ ထိုနိုင်ငံမျိုးတွင် လူမျိုး အချင်းချင်းကြား တန်းတူညီမျှမှုနှင့် အခွင့်အရေး ညီမျှမှုများသည် မရှိမဖြစ် လိုအပ်သည်။ လူမျိုး တမျိုးကသာ လွှမ်းမိုးနေလျှင် လူမျိုးကြီး အုပ်ချုပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိပြီးလျှင် နိုင်ငံ တည်တံ့မှုကို အန္တရာယ် ဖြစ်စေတတ်သည်။ ယူကိုဆလားဗီးယားနိုင်ငံတွင် ဆဗ်လူမျိုးများ၏ လွှမ်းမိုးမှုကို တော်လှန်သော အခြား လူမျိုးများသည် အမျိုးသား လွတ်မြောက်မှု စိတ်ဓာတ် မြင့်မားလာပြီး နောက်ဆုံး နိုင်ငံ တည်တံ့မှုကို အန္တရာယ် ကျရောက်စေခဲ့သည်။ လူမျိုး ၄ မျိုး စုပေါင်း နေထိုင်သော ဆွစ်ဇာလန်နိုင်ငံသည် တည်ငြိမ် တိုးတက်နေခြင်းမှာ လူမျိုး တမျိုးနှင့် တမျိုး အပြန်အလှန် လွှမ်းမိုးမှု မရှိ၊ တန်းတူ အခွင့်အရေးနှင့် နေထိုင်မှုကြောင့် ဖြစ်သည်။

လူမျိုးတိုင်းသည် နိုင်ငံ တခုခုတွင် ပုံစံ အမျိုးမျိုးဖြင့် ဖွဲ့စည်း နေထိုင်တတ်ကြသည်။ သို့သော် လူမျိုးတမျိုးအဖြစ် အခိုင်အမာ ရှိနေသော်လည်း မည်သည့် နိုင်ငံတွင်မှ ပါဝင်ဖွဲ့စည်းခြင်း မရှိ၊ ကိုယ်ပိုင်နိုင်ငံလည်း မရှိသော လူမျိုးများရှိသည်။ ဥပမာ - ဆီးရီးယား၊ အီရတ်နှင့် တူရကီ နယ်စပ်ရှိ ကဒ် (Kurd) လူမျိုးများသည် မည်သည့်နိုင်ငံမှ အသိအမှတ်မပြု၊ ကိုယ်ပိုင်နိုင်ငံလည်း မရှိချေ။ ပါလက်စတိုင်း လူမျိုးများသည်လည်း နိုင်ငံရရှိရန် တိုက်ပွဲဝင်လျက် ရှိသည်။

မည်သည့်ပုံစံ၊ မည်သည့် လူမျိုးဖြင့် နိုင်ငံကို စုဖွဲ့ထားသည် ဖြစ်စေ၊ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်တွင် လူမျိုးကို အသိအမှတ် မပြုဘဲ နိုင်ငံကိုသာ အသိအမှတ် ပြုကြသည်။

သို့သော် နိုင်ငံတကာ အသိုင်းဝိုင်း နယ်ပယ်တွင် လူမျိုး အသီးသီး၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို လေးစားမှု ရှိသည်။ ထိုဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကာကွယ်နိုင်ရန် လူမျိုး အသီးသီး၏ ကိုယ်ပိုင် ပြဌာန်းခွင့်ကို နိုင်ငံတကာမှ အသိအမှတ် ပြုထားသသည်။ ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း အပါအဝင် လူ့အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာတမ်း သဘောတူညီမှုများတွင် ကိုယ်ပိုင် ပြဌာန်းခွင့်ကို အပြည့်အဝ အာမခံထားသည်။ ထို့ကြောင့် ကိုယ်ပိုင် ပြဌာန်းခွင့်သည် လူမျိုးများ အတွက် အာမခံ အခွင့်အရေး တရပ်ဖြစ်ပြီး နိုင်ငံ တခုလုံး အတိုင်းအတာနှင့် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်တွင် အချုပ်အခြာ အာဏာပိုင်သော နိုင်ငံ အနေဖြင့်သာ ပြုလုပ်ရသည်။ လူမျိုးများတွင် ကိုယ်ပိုင် ပြဌာန်းခွင့် ရှိခြင်းသည် အချုပ်အခြာ အာဏာပိုင်ခြင်း မဟုတ်သောကြောင့် နိုင်ငံတကာ ဆက်ဆံရေးတွင် တိုက်ရိုက် ပါဝင်ခွင့် မရှိချေ။ လူမျိုးစုများ၏ ကိုယ်ပိုင် ပြဌာန်းခွင့် ဆုံးရှုံးမှုကို အကာအကွယ်ပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၏ အောက်တွင် မူရင်းဌာနေ လူမျိုးများ အလုပ်အဖွဲ့ (Working Group on Indigenous People – WGIP) ဆိုသည့် ကော်မတီငယ်များ ဖွဲ့စည်းထားပြီး လုပ်ဆောင်ပေးလျက် ရှိသည်။ ထို့ကြောင့် နိုင်ငံကို နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်တွင် လူမျိုး အားလုံးကို ကိုယ်စားပြု၍ နိုင်ငံအဖြစ် အသိအမှတ် ပြုခြင်းသည် အချုပ်အခြာ အာဏာပိုင်မှုကို ရည်ညွှန်းသည်။ တနည်းအားဖြင့် နိုင်ငံရေးအရ အသိအမှတ်ပြုခြင်း ခံရပြီး နိုင်ငံတကာ ဆက်ဆံရေးတွင် တာဝန်ခံမှုလည်း ရှိလာသည်။ လူမျိုးများအတွက် အသိအမှတ် ပြုမှုသည် ကိုယ်ပိုင် ပြဌာန်းခွင့်ပင် ဖြစ်သည်။ ထိုအခွင့်အရေးသည် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် နိုင်ငံရေးအရ အသိအမှတ် ပြုမှုထက် လူမျိုးရေး အခွင့်အရေး အနေဖြင့် အသိမှတ်ပြုမှု ရှိသည်။

ကမ္ဘာပေါ်တွင် အမျိုးသား လူမျိုးများ စုပေါင်း နေထိုင်ရာ နယ်နိမိတ်များကို စုပေါင်း ဖွဲ့စည်းထားသော ပုံသဏ္ဍာန် အမျိုးမျိုးကို တွေ့နိုင်သည်။ ထိုပုံသဏ္ဍာန် အမျိုးမျိုး ရှိသော အမျိုးသား လူမျိုးများ နေထိုင်ရာ နယ်မြေ အသီးသီးကို အုပ်ချုပ်ရေး ချမှတ်နိုင်ရန် အဆင့်ခွဲခြား သတ်မှတ်မှု ရှိပြီး၊ အဆင့်နိမ့်သော နယ်မြေဒေသရှိ အဖွဲ့အစည်းမှ အဆင့်မြင့်သော နယ်မြေဒေသရှိ အဖွဲ့အစည်းကို အဆင့်ဆင့် အာမခံမှု ပေးရသည်။ တနည်းအာဖြင့် နိုင်ငံတခုအတွင်း အာဏာများကို ခွဲဝေ ဖြန့်ကျက်ထားရသည်။ သို့ရာတွင် တနိုင်ငံနှင့် တနိုင်ငံ အာဏာခွဲဝေ ဖြန့်ကျက်ထားမှု မတူဘဲ ကွဲပြား ခြားနားတတ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံများကို -

(၁) နိုင်ငံ တခုအတွင်း အမျိုးသား လူမျိုးများ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် နယ်နိမိတ်များ စုဖွဲ့ နေထိုင်ခြင်း၊

(၂) အုပ်ချုပ်ရေး ချမှတ်နိုင်ရန် အာဏာ ခွဲဝေ ဖြန့်ကျက်ထားမှု ကွာခြားခြင်းတို့ကြောင့် တနိုင်ငံနှင့် တနိုင်ငံ မတူကွဲပြား ခြားနားသော နိုင်ငံတော် ဖွဲ့စည်းမှု ပုံစံ (From of the Nation-State) အမျိုးမျိုးဖြင့် ဖွဲ့စည်းထားကြသည်။

ကမ္ဘာပေါ်တွင် တည်ရှိသော နိုင်ငံတော် ဖွဲ့စည်းမှု ပုံစံ အမျိုးမျိုးကို အောက်ပါအတိုင်း ၃ မျိုး ခွဲခြားနိုင်သည်။

(၁) တပြည်ထောင်စနစ် နိုင်ငံ (Unitary State)၊

(၂) ပြည်ထောင်စုများ စုပေါင်းခြင်း (Confederation)၊

(၃) ပြည်ထောင်စု နိုင်ငံတော် (Federal Union)၊ တို့ ဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာပေါ်ရှိ အမျိုးသား လူမျိုးများ နေထိုင်ရာ နိုင်ငံတော်ဟု ဆိုလျှင် အထက်ပါ ၃ မျိုးထဲမှ တမျိုးမျိုးနှင့် အကြုံးဝင်သော နိုင်ငံတော် ဖြစ်သည်။

## ၂။ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုနှင့်ထွက်ရပ်လမ်းများ

ဒုတိယ ကမ္ဘာစစ်ကြီးပြီးနောက် အနောက်အုပ်စု၊ အရှေ့အုပ်စု တင်းမာမှုများနှင့် အတူ ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ရှေ့တန်း ရောက်လာခဲ့သော နိုင်ငံရေး လှုပ်ရှားမှု တခုမှာ အမျိုးသားရေး လှုပ်ရှားမှုများပင် ဖြစ်သည်။ ယခုအချိန်တွင် အရှေ့အုပ်စု၊ အနောက်အုပ်စု တင်းမာမှု ပြီးဆုံးပြီဟု သုတေသီများက ယူဆနေချိန်တွင် ကမ္ဘာ့အရပ်ရပ်ရှိ အမျိုးသားရေး လှုပ်ရှားမှုများသည် အရှိန်အဟုန် ကောင်းပြီးရင်း ကောင်းနေဆဲ ဖြစ်သည်။ တပြိုင်တည်းမှာပင် အမျိုးသားရေး လှုပ်ရှားမှုများသည် ဒီမိုကရေစီ လှုပ်ရှားမှုများနှင့် အတူ တွဲလျက် ထွက်ပေါ်လာသည်။

ကမ္ဘာ့နိုင်ငံ အချို့တွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်များကို သုံးသပ်လျှင် နိုင်ငံရေး အယူဝါဒကို အခြေခံသော စစ်နှင့် အမျိုးသားရေး လွတ်မြောက်မှု အတွက် ရုန်းကန်ရင်း ဖြစ်ပွားသောစစ် ဟူ၍ နှစ်မျိုးကို တွေ့ရသည်။ တူရကီ၊ အီရတ် နယ်စပ်မှ ကဒ်လူမျိုးများ၏ လှုပ်ရှားမှု၊ ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့၊ ယူဂိုဆလားဗီးယား စစ်ပွဲများ၊ သီရိလင်္ကာနိုင်ငံမှ တမီးလ်တိုက်ဂါး လှုပ်ရှားမှု၊ အိန္ဒိယမှ ဆစ်လူမျိုးများနှင့် ကက်ရှ်မီးယား မူဆလင် လှုပ်ရှားမှု၊ မြန်မာနိုင်ငံက အနှစ် (၄၀) ကျော် ပြည်တွင်းစစ် စသည်တို့သည် အထင်အရှား မြင်တွေ့နေရသော အမျိုးသားရေး လှုပ်ရှားမှုများပင် ဖြစ်သည်။

အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု အောင်မြင်ရေးနှင့် ဒီမိုကရေစီ စနစ် ထွန်းကားရေးတို့ကို တပြိုင်နက် တွဲဖက် လေ့လာမှုနှင့် ပတ်သက်၍ သုတေသီများကြား အချို့ အစိတ်အပိုင်းများတွင် သဘောထား ကွဲလွဲမှုများ တွေ့ရသည်။ ဆိုဗီယက် ပြည်ထောင်စု ကျဆုံးခြင်းနှင့် အရှေ့ ဥရောပတွင် ကွန်မြူနစ်စနစ် ပြိုပျက်ပြီး ဒီမိုကရေစီ စနစ်သို့ ကူပြောင်းခြင်းသည် တချိန်တည်းတွင် ဖြစ်ပေါ်ပြီး ဆက်စပ်မှုလည်း ရှိနေသည်။ သို့သော် ထိုနှစ်ခု ပြောင်းလဲမှုကို သုံးသပ်သော အခါမျိုးတွင် နှစ်မျိုး ဖြစ်လာသည်။ အရှေ့ ဥရောပရှိ ကွန်မြူနစ် နိုင်ငံများတွင် ဒီမိုကရေစီ စနစ် အောင်ပွဲခံသွားသည် ဆိုသော အချက်ကို အားလုံး လက်ခံနိုင်သော်လည်း ဆိုဗီယက် ပြည်ထောင်စုတွင်မူ ဒီမိုကရေစီ အောင်ပွဲခံခြင်းထက် အမျိုးသားရေး လှုပ်ရှားမှုများက အောင်ပွဲ ခံသွားသည်ဟု အချို့ သုတေသီများက ယုံကြည်ကြသည်။ ထိုသို့ လက်ခံသူများက ဒီမိုကရေစီနှင့် အမျိုးသားရေး လှုပ်ရှားမှု၏ အခြေခံ ဖြစ်သော အမျိုးသားရေး ဝါဒ (Nationalism) ကို သီးခြား ရှုမြင် သုံးသပ်ကြသည်။

ဒီမိုကရေစီ၏ အခွင့်အရေးကို ကျင့်သုံးရာတွင် လူပုဂ္ဂိုလ် တဦးချင်းစီ၏ လွတ်လပ်မှုကို အခြေခံပြီး အမျိုးသားရေးဝါဒက လူမျိုးအလိုက် အခြေခံပါသည်။ အမျိုးသားရေး လှုပ်ရှားမှုကို လှုံ့ဆော်သည့် အခါတွင် လူတဦးချင်းစီ၏ အခွင့်အရေး ရှိသည်၊ သို့မဟုတ် မရှိသည်ကို အခြေမခံတော့ဘဲ လူမျိုး တမျိုးလုံး ဖိနှိပ်ခံရခြင်း အကြောင်းအရင်းကို အခြေခံပါသည်။ အကယ်၍သာ ဒီမိုကရေစီ စနစ် အောင်မြင် ဖြစ်ထွန်းနေပါက လူတဦးချင်းစီ၏ ဆန္ဒ အခြေခံမှု အပေါ် အများစု၏ ဆုံးဖြတ်ချက်အရ လိုက်နာ အကောင်အထည် ဖော်ခြင်းဖြင့် နိုင်ငံရေး ပြဿနာ အများစုကို ဖြေရှင်းနိုင်သည်။ ဤသည်မှာ အနည်းစု၏ ဆန္ဒကို လေးစားပြီး အများစု၏ ဆန္ဒကို အကောင်အထည်ဖော်ရသော ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်၏ အခြေခံပင် ဖြစ်သည်။

အမျိုးသားရေး လှုပ်ရှားမှု၏ အခြေခံ သဘောတရားမှာ လူမျိုးများသည် လူဦးရေအရ နည်းခြင်း၊ များခြင်းထက် လူမျိုး တမျိုးလုံး အမျိုးသားရေး ဝါဒ နိုးကြားရေးကိုသာ ဦးစားပေး လှုံ့ဆော်ခြင်း ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စုတွင် လူဦးရေ သန်း ၂၀၀ ကျော် ရှိသည့်အနက် အမျိုးသားရေး လှုပ်ရှားမှု အပြင်းထန်ဆုံး ဖြစ်ခဲ့သည့် အက်စတိုနီးယား၊ လစ်ဘီးယားတို့သည် တနိုင်ငံလုံး လူဦးရေ၏ ၀.၅ ရာခိုင်နှုန်းမှ ၁.၅ ရာခိုင်နှုန်းသာ ရှိသည်။ ဒီမိုကရေစီ ကျင့်စဉ် မူတခုတည်းအရ ဆိုလျှင် လူဦးရေ ၅၀ ရာခိုင်နှုန်းကျော် ရှိသော ရုရှား လူမျိုးများ၏ ဆန္ဒကို ကျန်လူမျိုးများက အစဉ်အမြဲ လိုက်နာနေရမည့် အခြေအနေပင် ဖြစ်သည်။ ထို့ကြောင့် အက်စတိုနီးယား၊ လစ်သူရေးနီးယား ကဲ့သို့သော လူဦးရေ အနည်းငယ်သာ ရှိသည့် လူမျိုးများ အောင်ပွဲခံခြင်းသည် ဒီမိုကရေစီ အောင်ပွဲခံခြင်းထက် အမျိုးသားရေး လှုပ်ရှားမှုများ အောင်ပွဲခြင်းပင် ဖြစ်သည်။

အရှေ့ဥရောပ နိုင်ငံများနှင့် ဆိုဗီယက် ပြည်ထောင်စုတွင် ဖြစ်ပြီးခဲ့သော ပြောင်းလဲမှုများသည် ရလဒ် နှစ်မျိုး ဖြစ်လာသည်။ အရှေ့ဥရောပ နိုင်ငံများတွင် ဒီမိုကရေစီ အောင်ပွဲခံပြီး ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် အောင်မြင်စွာ လျှောက်နေချိန်တွင် အမျိုးသားရေး လွတ်မြောက်မှု အောင်ပွဲခံခဲ့သည့် ဆိုဗီယက် ပြည်ထောင်စု၏ သမ္မတနိုင်ငံများတွင် ဒီမိုကရေစီ လမ်းကြောင်းပေါ် အောင်မြင်စွာ မလျှောက်နိုင်သေးဘဲ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု၏ နောက်ဆက်တွဲ ပြဿနာများနှင့် ရောထွေးနေသည်။ အချို့ သမ္မတနိုင်ငံများတွင် ပြင်းထန်သော တိုက်ခိုက်မှုများနှင့် အဆုံးမသတ်နိုင်သော အမျိုးသားရေး လွတ်မြောက်ရေး လှုပ်ရှားမှုများ ထပ်မံ ဖြစ်ပေါ်လျက် ရှိသည်။

တဖန် ယူဂိုဆလားဗီးယား နိုင်ငံတွင် ဖြစ်ပေါ်နေသော ပြင်းထန်သည် ပြည်တွင်းစစ်သည် အမျိုးသားရေး လွတ်မြောက်မှု၏ အပြင်းထန်ဆုံး အရှိန်အဟုန်ပင် ဖြစ်သည်။ ထိုကဲ့သို့ ပြင်းထန်သော အမျိုးသား လွတ်မြောက်မှု တိုက်ပွဲများကို အဆုံးသတ်နိုင်ရေး အတွက် နိုင်ငံရေး ထွက်ပေါက်ရှာရာတွင် ဒီမိုကရေစီ ပြည့်ဝရေး ဆိုသော အဖြေ တခုတည်းနှင့် မလုံလောက်တော့ချေ။ ကမ္ဘာ့ထိပ်တန်း ဒီမိုကရေစီ နိုင်ငံ တခုဖြစ်သော ယူနိုက်တက် ကင်းဒမ်းတွင် အိုင်းရစ် လူမျိုးများ၏ အိုင်အာရ်အေ သူပုန်ထမှုကို ဒီမိုကရေစီ အခွင့်အရေး တခုတည်း ပေးရုံမျှဖြင့် အိုင်အာရ်အေ အမျိုးသားရေး လှုပ်ရှားမှုကို ရပ်တန့် ပစ်နိုင်မည် မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၊ ဦးနေဝင်း အာဏာသိမ်းမှု မဖြစ်မီ ကျင့်သုံးခဲ့သော ပါလီမန် ဒီမိုကရေစီ စနစ်မှာ နိုင်ငံသားများ၏ ဒီမိုကရေစီ ကျင့်သုံးမှု အတန်အသင့် မြင့်မားမှု ရှိခဲ့သည်။ ထိုအချိန်တွင်ပင် မြန်မာနိုင်ငံ၌ အမျိုးသားရေး လှုပ်ရှားမှုများ ရှိနေပြီ ဖြစ်သည်။

အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု အဆုံးသတ်ရေး အတွက် နိုင်ငံရေး ထွက်ပေါက် နှစ်ခု ရှိလာသည်။ ပထမ ထွက်ပေါက်မှာ အမျိုးသားများ၏ သီးခြားနိုင်ငံ အဖြစ် ရပ်တည်ခွင့် ရရှိသောအခါ ဖြစ်သည်။ ချက်နှင့် စလိုဗက် နှစ်နိုင်ငံ ပေါ်ထွက်လာခြင်း၊ ယူဂိုဆလားဗီးယား ပြည်ထောင်စု အတွင်းမှ ခရိုအေးရှား၊ ဆလိုဗေးနီးယား စသည့် နိုင်ငံများ ပေါ်ထွက်လာခြင်းနှင့် ဆိုဗီယက် ပြည်ထောင်စု တခုတည်းက သမ္မတနိုင်ငံများ အဖြစ် အောင်မြင်စွာ ခွဲထွက် သွားခြင်းများသည် နိုင်ငံတခု အနေဖြင့် ရပ်တည်ခွင့် ရ၍ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ အဆုံးသတ်သွားခြင်း ဖြစ်သည်။ ထိုသို့ နိုင်ငံအဖြစ်သို့ ပြောင်းလဲရောက်ရှိရန် ငြိမ်းချမ်းစွာ ကူးပြောင်းရေးနှင့် စစ်မက် ဖြစ်ပွား၍ အဆုံးအဖြတ် ပေးရေး ဟူသော ကူးပြောင်းခြင်း နှစ်မျိုးကို တွေ့ရသည်။

အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု၏ ဒုတိယ နိုင်ငံရေး ထွက်ပေါက်မှာ ဒီမိုကရေစီ ပြည့်ဝပြီး စစ်မှန်သော ဖက်ဒရယ် စနစ်အရ ပြည်ထောင်စုနိုင်ငံ ဖွဲ့စည်းခြင်း ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် စံပြနိုင်ငံ တခု ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသည် ဂျာမန်၊ ပြင်သစ်၊ အီတလီ စသော လူမျိုးကြီးများ စုပေါင်း နေထိုင်သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု ဖြစ်သည်။ ပြည်နယ်များကို နိုင်ငံရေးအာဏာ အတော်များများ လွတ်လပ်ခွင့် ပေးထားသော ဖက်ဒရယ်စစ်စစ် နိုင်ငံတခု ဖြစ်သောကြောင့် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ ကနဦး ကတည်းက မပေါ် ပေါက်ခဲ့ပေ။

ဆိုဗီယက် ပြည်ထောင်စု၊ ယူဂိုဆလားဗီးယား နှစ်နိုင်ငံလုံးသည် ဖက်ဒရယ်နိုင်ငံများ ဖြစ်သည်ဟု ဆိုသော် လည်း ကွန်မြူနစ် ပါတီ၏ ဗဟိုဦးစီး ချုပ်ကိုင်မှု များပြားလွန်းသည့် အတွက် ဖက်ဒရယ်သည် အဓိပ္ပါယ် မရှိတော့ချေ။ ထို့ကြောင့် လူမျိုးပေါင်းစုံ စုဖွဲ့ထားသော နိုင်ငံများတွင် အမျိုးသားရေး လှုပ်ရှားမှုများ ပိုမိုအားကောင်း ပြင်းထန် လာခဲ့သည်။ နောက်ဆုံး နိုင်ငံပြိုကွဲကာ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ အောင်မြင်မှု ရခဲ့သည်ဟု ဆိုနိုင်ပါ သည်။ ဆိုဗီယက် ပြည်ထောင်စုတွင် မီခေးဂေါ်ဗာချော့ဗ် အာဏာ သိမ်းခံရခြင်း၏ လတ်တလော အကြောင်းရင်း ဖြစ်သည့် ပြည်ထောင်စု စာချုပ်သစ်သည် ပြည်နယ်များကို လုပ်ပိုင်ခွင့် ပိုပေးသော ဖက်ဒရယ် ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေး ဖြစ်သည်။ သို့သော် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု အပြင်းထန်ဆုံး၊ အမြင့်မားဆုံး ဖြစ်နေ သည့်အတွက် ဂေါ်ဗာချော့ဗ်၏ ကြိုးပမ်းမှုသည် နောက်ကျ သွားခဲ့ရသည်။ ဂေါ်ဗာချော့ဗ်၏ ကြိုးပမ်းမှုကို ဆိုဗီယက် နိုင်ငံခြားရေး ဝန်ကြီးဟောင်း အဒ်ဒဝပ်ရှာ ဗာနာဇေက ဝေဖန်ရာ၌ ဂေါ်ဗာချော့ဗ်၏ လုပ်ရပ်သည် ၁၀ နှစ်ခန့် စောလျှင် အောင်မြင်နိုင်မည်ဟု ဝေဖန်ခဲ့သည်။

မြန်မာနိုင်ငံ၌ ပါလီမန် ဒီမိုကရေစီခေတ် ကာလကပင် ပေါ်ပေါက်နေသော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု၏ အဓိက ရည်ရွယ်ချက်သည်လည်း သီးခြားနိုင်ငံ တည်ဆောက်ရေး မဟုတ်ဘဲ ဖက်ဒရယ်စစ်စစ်မှု အရ ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်သည်။ ဖက်ဒရယ်စစ်စစ်မှု အရ ပြည်ထောင်စု တည်ဆောက်ခြင်းဖြင့်သာ မြန်မာ နိုင်ငံ၏ အမျိုးသားရေး လှုပ်ရှားမှုများကို အဆုံးသတ်နိုင်မည် ဖြစ်သည်။ ဦးနေဝင်း အာဏာသိမ်းပြီး တပြည်ထောင်စနစ် နိုင်ငံတော်ကို တည်ထောင်လိုက်ခြင်းသည် ပိုမိုပြင်းထန်သော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများကို ဖြစ်ပေါ် စေခြင်းသာ အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ယခုအချိန်သည် အနှစ် (၄၀) ကျော်ကြာပြီ ဖြစ်သော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု အဖွဲ့များနှင့် ဒီမိုကရေစီ လိုလား တောင်းဆိုသော အဖွဲ့များ မာနယ်ပလောတွင် ပေါင်းဆုံပြီး စစ်အာဏာရှင် စနစ်ကို ဆန့်ကျင်နေသော အချိန် ဖြစ်သည်။ ထိုနှစ်မျိုး နှစ်စား အဖွဲ့ ပေါင်းဆုံမှုသည် အဓိပ္ပါယ် ပြည့်ဝ နေပေသည်။ ဒီမိုကရေစီ အင်အားစုများ သဘောပေါက် နားလည် လက်ခံထားသည်မှာ ဒီမိုကရေစီ အခွင့်အရေး တခုတည်း ပြည့်ဝနေရုံနှင့် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကို အဆုံးမသတ်နိုင်၊ ဒီမိုကရေစီ ပြည့်ဝပြီး စစ်မှန်သော ဖက်ဒရယ်မှုအရ ပြည်ထောင်စု တည်ဆောက်ရေးသာလျှင် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု၏ နောက်ဆက်တွဲ ဖြစ်သည့် အနှစ် (၄၀) ကျော် ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်မည် ဖြစ်သကဲ့သို့ တိုင်းပြည် စည်းလုံး ညီညွတ်ရေးကိုလည်း တည်ဆောက်နိုင်မည် ဟူသည့် အချက် ဖြစ်သည်။

## ၃။ အချုပ်အခြာအာဏာနှင့် ဖက်ဒရယ် ပြည်ထောင်စု

နိုင်ငံ တနိုင်ငံ၏ အချုပ်အခြာ အာဏာ (Sovereign Power) ဆိုသည်မှာ ထိုနိုင်ငံ၏ အလုံးစုံနှင့် အကြွင်းမဲ့သော အာဏာများ ပြုလုပ်ပိုင်ခွင့်ပင် ဖြစ်သည်။ ထိုနိုင်ငံ၏ နယ်မြေဒေသ အသီးသီးနှင့် နယ်မြေဒေသ အသီးသီးတွင် နေထိုင်ကြသော လူမျိုး အားလုံးအပေါ် အကျိုးသက်ရောက်စေရန် ဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းခွင့် အာဏာ၊ ထိုဥပဒေအရ အသက်သွင်း အုပ်ချုပ်ပိုင်ခွင့် အာဏာ၊ ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို ထိုဥပဒေများနှင့် အညီ စီရင် ဆုံးဖြတ်ပိုင်ခွင့် အာဏာတို့ကို ဆိုလိုသည်။ တနည်းအားဖြင့် လူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတခု ခိုင်မာစွာ ရပ်တည်မှု အတွက် လိုအပ်သော အာဏာ အလုံးစုံတို့ကို ထိုလူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်က ပြုလုပ်ပိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် တို့သည် ထိုလူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံအတွက် အချုပ်အခြာ အာဏာပိုင်မှု (Sovereignty) ပင် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လွတ်လပ်ပြီး အခြားနိုင်ငံများနှင့် တန်းတူရည်တူ ဆက်ဆံနိုင်ခွင့် ရှိသော နိုင်ငံတိုင်းကို အချုပ်အခြာ အာဏာပိုင် နိုင်ငံဟု ယေဘုယျ ခေါ်ဆိုနိုင်သည်။ မြန်မာ ဝေါဟာရ အချုပ်အခြာ အာဏာပိုင်မှု ဟူသော ဝေါဟာရသည် မူလ ပြင်သစ် ဘာသာစကား (sovereign) က ဆင်းသက်လာပြီး အကြွင်းမဲ့ဖြစ်ခြင်း၊ အထွဋ်အမြတ် ဖြစ်ခြင်းဟု အဓိပ္ပါယ်ရသည်။ ပြင်သစ်နိုင်ငံတွင် အကြွင်းမဲ့ သက်ဦးဆံပိုင် ဘုရင်စနစ် ထွန်းကားနေစဉ် ပြင်သစ် နိုင်ငံရေး အတွေးအခေါ် ပညာရှင် (Jane Bodim) က ၁၆ ရာစုနှစ် အလယ်ပိုင်း၌ အချုပ်အခြာ အာဏာအကြောင်း စာအုပ်များ ရေးသား ထုတ်ဝေပြီး နောက်ပိုင်း နိုင်ငံရေး အတွေးခေါ် ပညာရှင်များက Jane Bodim ၏ အယူအဆကို ကိုးကား ရေးသားလာကြသည်။ မူလ အချုပ်အခြာ အာဏာသည် သက်ဦးဆံပိုင် ဘုရင်များထံတွင် ရှိသည်ဟု ယူဆလာရာမှ တဆင့် ၂၀ ရာစုခေတ်တွင် အချုပ်အခြာ အာဏာသည် ပြည်သူလူထု လက်ထဲ၌ ရှိသည်ဟု အခိုင်အမာ ပြောဆို ယုံကြည်လာကြသည်။ အချုပ်အခြာ အာဏာကို နိုင်ငံရေး သိပ္ပံပညာရှင်များက အဓိပ္ပါယ် ဖွင့်ဆိုရာတွင် အကျဉ်းချုပ်မှာ နိုင်ငံတခု၏ ချုပ်ချယ် ကန့်သတ်၍ မရသော အာဏာများပင် ဖြစ်သည်။ ထိုအာဏာများသည် အစိုးရပိုင် အဆောက်အဦများ (Governmental Institutions) အဖြစ် ဖွဲ့စည်း ထူထောင်ပြီး ကျင့်သုံးရသော အာဏာများပင် ဖြစ်သည်။ အချုပ်အခြာ အာဏာသည် နိုင်ငံအနေနှင့်သာ ကိုယ်စားပြုနိုင်သည်။ မည်သည့် ပုဂ္ဂိုလ် တဦးတယောက် သို့မဟုတ် လူတစုတည်းက တနိုင်ငံလုံးကို ပိုင်ဆိုင် ကိုယ်စားပြုမှု မရှိသည့် အတွက် အချုပ်အခြာ အာဏာသည် လူတဦး သို့မဟုတ် လူတစုထံ၌ မတည်ရှိပေ။ ယနေ့ ကမ္ဘာပေါ်တွင် ရှိနေသေးသည့် ဘုရင်နိုင်ငံများတွင်ပင် ဘုရင် သို့မဟုတ် ဘုရင်မသည် အချုပ်အခြာ အာဏာပိုင် မဟုတ်ချေ။

နိုင်ငံများ၏ အခြေခံ ဥပဒေများတွင် ရေးသားတတ်ကြသည်မှာ ပါလီမန်၌ အချုပ်အခြာ အာဏာ တည်ရမည်၊ သို့မဟုတ် ပြည်သူများထံ၌ အချုပ်အခြာ အာဏာ တည်ရမည် ဟူ၍ နှစ်မျိုးကိုသာ ၂၀ ရာစု နိုင်ငံရေး စနစ်တွင် တွေ့ရသည်။ ယူနိုက်တတ် ကင်းဒမ်းနိုင်ငံ (United kingdom) ၏ ပါလီမန်တွင် အချုပ်အခြာ အာဏာ တည်သည်ဟု ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံတွင် ၁၉၄၇၊ အခြေခံ ဥပဒေတွင် အချုပ်အခြာ အာဏာသည် ပြည်သူလူထု ထံ၌သာ ပြဋ္ဌာန်းထားသည်။ ၁၉၇၄၊ အခြေခံ ဥပဒေတွင် အချုပ်အခြာ အာဏာသည် တနိုင်ငံလုံးတွင် တည်သည်ဟု ပြဋ္ဌာန်းထားသည်။ ပါလီမန် တည်သည်ဟု ပြဋ္ဌာန်းခြင်း၊ ပြည်သူလူထု အပေါ်၌ တည်သည်ဟု ပြဋ္ဌာန်းခြင်းများ၏ အဓိပ္ပါယ်မှာ အချုပ်အခြာ အာဏာသည် လူတစု လက်ထဲ၌ ရှိမနေခြင်းပင် ဖြစ်သည်။ နိုင်ငံသားများမှာ အချုပ်အခြာ အာဏာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ကျင့်သုံးခွင့် ရနေခြင်းပင် ဖြစ်သည်။

အချုပ်အခြာ အာဏာ ပါလီမန်၌ တည်သည်ဟု ပြဋ္ဌာန်းခြင်းသည် ပါလီမန်ရှိ အမတ်များက ပြည်သူ့ ကိုယ်စားလှယ် အစစ်အမှန်ဖြစ်ရန် သို့မဟုတ် ပြည်သူလူထု၏ ဆန္ဒကို အဓိက ထင်ဟပ်ပြီး ပြည်သူများ၏ ကိုယ်စား ကျင့်သုံးရန် လိုအပ်သည်။ ပါလီမန်၌ ရှိသော ပြည်သူ့ ကိုယ်စားလှယ်များသည် ပြည်သူ့ဆန္ဒကို ကိုယ်စားမပြုလျှင် သို့မဟုတ် ကိုယ်စားပြုခွင့် မရအောင် တစုံတယောက်၏ လွှမ်းမိုးမှုကို ခံနေရလျှင် ထိုနိုင်ငံ၏ အချုပ်အခြာ အာဏာသည် ပြည်သူထံ၌ ရှိသည်ဟု မဆိုနိုင်တော့ချေ။

အချို့ နိုင်ငံများတွင် အချုပ်အခြာ အာဏာပိုင်မှုနှင့် တိုက်ရိုက် သက်ဆိုင်သော ကိစ္စရပ်များတွင် နိုင်ငံသား တဦးချင်းစီက သဘောတူ မတူ ဆုံးဖြတ်ခွင့် ရှိကြသည်။ အချုပ်အခြာ အာဏာပိုင် နိုင်ငံ ၁၂ ခု ဖွဲ့စည်းထားသော ဥရောပ ဘုံဈေးအဖွဲ့ဟု လူသိများသည့် (European Community) ကို အားလုံးပေါင်း၍ အချုပ်အာဏာပိုင် တခုဖြစ်မည့် (Federal European ) ခေါ် ပို၍ စည်းလုံးသော ဥရောပ ထူထောင်ရေး ကိစ္စအား အဖွဲ့ဝင် နိုင်ငံများက သဘောတူ မတူ ဆုံးဖြတ်သော အခါ အချို့ နိုင်ငံများတွင် နိုင်ငံသားများ မဲပေး ဆုံးဖြတ်သည့် ဆန္ဒခံယူပွဲများ ပြုလုပ်ကြသည်။ အချုပ်အခြာ အာဏာကို ပြည်သူများက လက်တွေ့ ကျင့်သုံးသော နည်းစနစ် ဖြစ်သည်။ ထို့ကြောင့် အချုပ်အခြာ အာဏာနှင့် ပတ်သက်၍ လူတဦး သို့မဟုတ် လူတစုက လက်ဝါးကြီးအုပ်၍ မရ ဆိုသည်ကို ပထမ အချက် အနေဖြင့် မှတ်သားနိုင်သည်။ အမေရိကန် ပြည်ထောင်စုသည် တခုတည်းသော အချုပ်အခြာ အာဏာပိုင်

နိုင်ငံအဖြစ် မပေါ်ပေါက်မီက နိုင်ငံ ၁၃ ခု အနေဖြင့် အင်္ဂလိပ်ကို တော်လှန်ခဲ့ကြသည်။ လွတ်လပ်ရေး ရသောအခါ ထိုနိုင်ငံများသည် အချုပ်အခြာ နိုင်ငံများ အဖြစ် ပေါ်ပေါက် လာနိုင်သော်လည်း အင်္ဂလိပ် တော်လှန်ရေး ကာလ အတွင်းမှာပင် စည်းလုံးသော ဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်လိုက်သည်။ ယခု အချိန်တွင် ပြည်နယ် ၁၃ ခုသာ မကဘဲ ပြည်နယ်ပေါင်း ၅၀ ရှိသော အမေရိကန် ပြည်ထောင်စုသည် တခုတည်းသော အချုပ်အခြာ အာဏာပိုင် အဖြစ် တည်ရှိနေပေသည်။ ပြည်နယ်များ ခွဲထွက်မည်ကို စိုးရိမ်သောကြောင့် မည်သည့် သမ္မတ လက်ထက်တွင်မှ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဆိုသော ကြွေးကြော်သံကို မစိုက်ထူခဲ့ပေ။ ခွဲထွက်ပါဟု ပြောလျှင်တောင်မှ မခွဲထွက်ဘဲ စည်းလုံးနေကြသည်။ ထိုကဲ့သို့သော အချုပ်အခြာ အာဏာ ပြဿနာ မတက်ခြင်း၏ အဓိက အခြေခံအချက်မှာ နိုင်ငံရေး စနစ်အား နိုင်ငံသား အားလုံး၏ ဆန္ဒတူညီမှုအရ ဖော်ဆောင်ထားခြင်းကြောင့် ဖြစ်သည်။ ဩစတြေးလျ ဖက်ဒရယ် ပြည်ထောင်စုသည်လည်း အမေရိကန် ပြည်ထောင်စု ကဲ့သို့ပင် ဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သော ဩစတြေးလျ ပြည်ထောင်စုသည် ပြည်နယ် ၆ ခု၏ သဘောတူညီချက် အရ ဖွဲ့စည်းခဲ့ရာ ယခုအခါတွင် ခွဲထွက်ပါဟု ဆိုလျှင် ခွဲထွက်မည် မဟုတ်ချေ။ ထို့ကြောင့် အချုပ်အခြာ အာဏာနှင့် ပတ်သက်၍ ထိုနိုင်ငံ၏ နိုင်ငံရေးစနစ် ကောင်းလျှင် အချုပ်အခြာ အာဏာ ပြိုကွဲမည်မဟုတ် ဆိုသည်ကို ဒုတိယ အချက် အနေဖြင့် မှတ်သားနိုင်သည်။

ယခု အခါတွင် ဆိုဗီယက် ပြည်ထောင်စု တခုတည်းမှ အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံ ၁၅ ခု မွေးဖွားလိုက်ပြီ ဖြစ်သည်။ ထို့အတူ မပြီးဆုံးသေးသော ယူဂိုဆလားဗီးယား ပြဿနာမှလည်း အချုပ်အခြာ အာဏာပိုင် နိုင်ငံများ ထွက်ပေါ်လျက် ရှိသည်။ မြန်မာနိုင်ငံ နဝတ (ယခု နအဖ) ခေါင်းဆောင်များသည် ဆိုဗီယက်နှင့် ယူဂိုဆလားဗီးယား အဖြစ်ပျက်များကို လက်ညှိုးညွှန်ကာ အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေးအတွက် စစ်တပ်တွင် တာဝန် ရှိသည်ဟု ဆိုနေကြသည်။ အကျိုးအကြောင်း ဆီလျော်အောင် မသုံးသပ်ဘဲ လက်တွေ့မကျသော ဆင်ခြေပေးမှုသာ ဖြစ်သည်။

ဆိုဗီယက်၊ ယူဂိုဆလားဗီးယားတို့၏ နိုင်ငံရေး စနစ်နှင့် အမေရိကန်၊ ဩစတြေးလျတို့၏ နိုင်ငံရေး စနစ်ကို နှိုင်းယှဉ်လျှင် ကွာခြားချက်များကို တွေ့နိုင်သည်။ ထို့အပြင် ဆိုဗီယက်နှင့် ယူဂိုဆလားဗီးယား ပြိုကွဲရခြင်း အကြောင်းအရင်း များစွာရှိသည်။ ထိုနှစ်နိုင်ငံလုံးသည် မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသား လူမျိုးစုံသောကြောင့် လူမျိုး အခြေခံအရ ဖွဲ့စည်းထားသော ပြည်ထောင်စု နိုင်ငံများ ဖြစ်သည်။ ဖက်ဒရယ်၏ အဓိက ဝိသေသမှာ ဗဟိုနှင့် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ အကြား အာဏာ ခွဲဝေ အုပ်ချုပ်ခြင်းပင် ဖြစ်သည်။ ထိုနှစ်နိုင်ငံလုံး၏ ဗဟိုဦးစီး ချုပ်ကိုင်မှု တင်းကြပ်လွန်းသော ကွန်မြူနစ် ပါတီ စနစ်သည် ဗဟိုနှင့် ပြည်နယ်များ အကြား အာဏာခွဲဝေရေးကို ထိခိုက်စေခဲ့သည်။ ကွန်မြူနစ် ပါတီ ပေါ်လစီ ချမှတ်သော အခါတွင် ဗဟို အဆင့်မှ ပြည်နယ်၊ ခရိုင်၊ ရပ်ကွက်အထိ ပေါ်လစီ တမျိုးတည်း စီးဆင်းခြင်း ဖြစ်၍ ၎င်းသည်ပင် အာဏာခွဲဝေမှုကို ထိခိုက်စေခြင်း ဖြစ်သည်။ ဥပမာ - ပြည်နယ် တခုတည်းသည် သူ့ပြည်နယ်နှင့် သင့်တော်သော ပညာရေးဆိုင်ရာ မူဝါဒ ချမှတ်လျှင် ကွန်မြူနစ် ပါတီ၏ ပေါ်လစီနှင့် မကိုက်ညီပါက လုပ်ဆောင်ခွင့် မရှိချေ။

ဆိုဗီယက်နှင့် ယူဂိုဆလားဗီးယား နိုင်ငံများတွင် အချုပ်အခြာ အာဏာ ပြိုကွဲရခြင်း အကြောင်းရင်းကို သုံးသပ်လျှင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ခြင်းကြောင့်ဟု ပြော၍ မရချေ။ ဖက်ဒရယ် စနစ်နှင့် ကိုက်ညီသော နိုင်ငံရေး စနစ် မရှိခြင်းကြောင့်သာ ဖြစ်သည်။ မြန်မာ စစ်ခေါင်းဆောင်များ အနေဖြင့် ဆိုဗီယက်နှင့် ယူဂိုဆလားဗီးယား အကြောင်းပြချက်ဖြင့် အချုပ်အခြာ အာဏာ ပြိုကွဲမည်ကို စိုးရိမ်လျှင် ဖက်ဒရယ် စနစ်နှင့် ကိုက်ညီသော သင့်တင့် လျှောက်ပတ်သည့် နိုင်ငံရေး စနစ်ကို ဖော်ဆောင်ခွင့် ပြုရန်သာ ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ် စနစ်သည် အချုပ်အခြာ အာဏာကို ထိခိုက်စေခြင်း မဟုတ်၊ ဖက်ဒရယ် စနစ်နှင့် မကိုက်ညီသော နိုင်ငံရေး စနစ်ကို ကျင့်သုံးခြင်းကသာ အချုပ်အခြာ အာဏာကို ထိခိုက်စေခြင်း ဖြစ်သည် ဆိုသည်ကို တတိယ အချက် အနေဖြင့် မှတ်သားနိုင်သည်။ ထိုကဲ့သို့ ထိခိုက်လာလျှင် ကမ္ဘာ၌ အင်အား အကြီးဆုံး စာရင်းဝင် ဆိုဗီယက် စစ်တပ်သည်လည်း မည်သို့မျှ အကာအကွယ် မပေးနိုင်ချေ။

**အချုပ်အခြာအာဏာပိုင်မှုစံများ**

၁။ အပြည်ပြည် ဆိုင်ရာ ဥပဒေ (International Law) ၏ ပြဋ္ဌာန်းချက်တွင် ပါရှိသော မူတရပ်မှာ အချုပ်အခြာ အာဏာအရာတွင် လွတ်လပ်သော နိုင်ငံတိုင်း ညီတူ ညီမျှရှိခြင်း ဟူသော မူပင် ဖြစ်သည်။

၂။ ကမ္ဘာ့ ကုလသမဂ္ဂ၏ အဖွဲ့ဝင် နိုင်ငံတခု အဖြစ် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံကိုသာ လက်ခံသည်။ ထိုသို့ ကမ္ဘာ့ ကုလသမဂ္ဂမှ လက်ခံနိုင်ရန် စဉ်းစားသော အချုပ်အခြာ အာဏာပိုင် နိုင်ငံ တခု၏ စံများမှာ အောက်ပါ ၄ ချက် ဖြစ်သည်။

(က) ထိုနိုင်ငံသည် အတိအကျ သတ်မှတ်သော မြေဧရိယာ အကျယ်အဝန်း ရှိရမည်။ ဤသတ်မှတ်ချက်သည် မြေဧရိယာ ကြီးခြင်း၊ ငယ်ခြင်း အပေါ် အဆင့်ခွဲခြားမှု မရှိစေရ။

(ခ) ထိုနိုင်ငံတွင် ပြည်သူ ပြည်သားများက ရွေးချယ် တင်မြှောက်ထားသော ပြည်သူ့ ကိုယ်စားပြု တရားဝင် အစိုးရတရပ် ရှိရမည်။ ကုလသမဂ္ဂ စတင် ဖွဲ့စည်းချိန် ဒုတိယကမ္ဘာစစ်ကြီး ပြီးစ၌ တချို့ နိုင်ငံများသည် ကိုလိုနီနိုင်ငံ အဖြစ် ကျန်ရှိဆဲ ဖြစ်သည်။ ထိုနိုင်ငံကို အုပ်ချုပ်သော အစိုးရသည် ထိုနိုင်ငံ၏ ပြည်သူများကို ကိုယ်စားပြုသော အစိုးရ မဟုတ်ဘဲ ကိုလိုနီ နယ်ချဲ့ နိုင်ငံကြီးကို ကိုယ်စားပြုရသော အစိုးရသာ ဖြစ်သည်။ ထို့ကြောင့် ထိုနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံ မဟုတ်ချေ။

(ဂ) ထိုနိုင်ငံ၏ ပြည်သူလူထုကို ကိုယ်စားပြုသည် ဆိုသော်လည်း ထိုအစိုးရသည် မည်သည့် ပြင်ပ စွက်ဖက်မှုမျှ မရှိဘဲ လွတ်လပ်စွာ အုပ်ချုပ်နိုင်သော အစိုးရ ဖြစ်ရမည်။ ပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စု အစိုးရနှင့် ၎င်းအဖွဲ့ဝင် အစိုးရများ အာဏာခွဲဝေမှု ဘောင်အတွင်း၌ အဖွဲ့ဝင်များသည် အာဏာကို လွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့် ရှိသည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်များ၏ အစိုးရများကိုလည်း ပြည်သူများက ရွေးချယ် တင်မြှောက်ထားရာ ပြည်သူ့ ကိုယ်စားပြု အစိုးရများ ဖြစ်သည်။ သို့သော် ဖက်ဒရယ်မူအရ နိုင်ငံခြားရေး၊ ဘဏ္ဍာရေး၊ ကာကွယ်ရေး စသည့် ကိစ္စရပ်တို့တွင် ပြည်ထောင်စု အစိုးရကသာ လုပ်ဆောင်ခွင့် ရှိသည်။ တနည်းအားဖြင့် ပြည်ထောင်စု အဖွဲ့ဝင်များသည် ပြည်ထောင်စု အစိုးရ၏ စွက်ဖက်မှုဖြင့်သာ အဆိုပါ ကိစ္စများကို ပြည်ထောင်စု အစိုးရမှ တဆင့် ဆောင်ရွက်ကြရသဖြင့် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ မဟုတ်ကြောင်း ပေါ်လွင်ပါသည်။

(ဃ) ထိုနိုင်ငံသည် စီးပွားရေး အရ နိုင်ငံခြား တိုင်းပြည်များ၏ ထောက်ပံ့မှု သက်သက်အရသာ ရပ်တည်နေရခြင်း မဟုတ်ဘဲ မိမိနိုင်ငံ အတွင်း၌ အမှီအခို ကင်းမဲ့စွာ လုပ်ကိုင်နိုင်သော စီးပွားရေး လုပ်ငန်းများလည်း ရှိရမည်။

၃။ နိုင်ငံရေး အတွေးအခေါ် ပညာရှင်များက အချုပ်အခြာ အာဏာနှင့် ပတ်သက်၍ အဆိုအမိန့်များတွင် အဓိက အားဖြင့် အောက်ပါ စံများဖြင့် ဆန်းစစ်ကြောင်း တွေ့ရှိရသည်။

(က) မိမိနိုင်ငံ အတွင်း အချုပ်အခြာ အာဏာ၏ အာဏာကြီး ၃ ရပ် အဖြစ် အသိအမှတ် ပြုကြသော ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေး အာဏာများကို ရေးဆွဲ ပြဋ္ဌာန်း ထားသော နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ (Written Constitution) ရှိပြီး ဖြစ်လျှင် ထိုအခြေခံ ဥပဒေနှင့် အညီ သို့မဟုတ် ရေးဆွဲ ပြဋ္ဌာန်းပြီး အခြေခံဥပဒေ မရှိလျှင် နိုင်ငံသားများက လက်ခံပြီးသော လုပ်ထုံးလုပ်နည်း များနှင့် အညီ လွတ်လပ်စွာ ကျင့်သုံး အုပ်ချုပ်ပိုင်ခွင့် ရှိသလော။

(ခ) ပြည်ပနိုင်ငံများနှင့် ဆက်ဆံရာတွင် နိုင်ငံကြီးငယ် မဟူ တန်းတူရည်တူ အဆင့်အတန်းနှင့် အခွင့်အရေး ရှိသလော၊ ဆိုသည့် စံများဖြင့် တိုင်းတာကာ အချုပ်အခြာ အာဏာပိုင် နိုင်ငံ ဟုတ်/မဟုတ်ကို ဆန်းစစ်ကြသည်။

အထက်ပါ စံများအရ အချုပ်အခြာ အာဏာ ဆိုသည်မှာ နိုင်ငံခြားရေးတွင် တန်းတူရည်တူ အဆင့်အတန်းနှင့် အခွင့်အရေး အရ ဆက်ဆံခွင့် ရှိပြီး မိမိနိုင်ငံ နယ်နိမိတ် အသီးသီးနှင့် ပြည်သူများ အားလုံးအတွက် လိုအပ်သည့် ဥပဒေ ပြုပိုင်ခွင့်၊ အုပ်ချုပ်ပိုင်ခွင့်၊ အငြင်းပွားမှုများကို စီရင် ဆုံးဖြတ်ပိုင်ခွင့် အာဏာများ ကျင့်သုံးပိုင်ခွင့်ကို ဆိုလိုသည်။

**ကမ္ဘာ့ ကုလသမဂ္ဂနှင့် အချုပ်အခြာအာဏာ**

အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံများကိုသာ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ အဖြစ် လက်ခံသည်။ ကမ္ဘာ့ ကုလသမဂ္ဂ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် အဖြစ် ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း အပိုဒ် (၁) ၏ ပြဋ္ဌာန်းချက်ကို ကောက်နုတ် ဖော်ပြအပ်ပါသည်။

(၁) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိမ်းသိမ်း စောင့်ရှောက်ရန်၊

(၂) နိုင်ငံအချင်းချင်း အကြား ပြည်သူများ၏ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အား လေးစား လိုက်နာရေး အခြေခံမှုပေါ်တွင် ရင်းနှီး ချစ်ကြည်မှု ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ထိုမှုအရ ခိုင်မာသော အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်ရန်၊

(၃) စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်သက်သော သို့မဟုတ် လူသားတို့၏ ဝိသေသနှင့် လူမျိုး၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာ ဘာသာ မခွဲခြားဘဲ လူ့အခွင့်အရေးနှင့် အခြေခံ အခွင့်အရေး လေးစားမှုကို မြှင့်တင် ဖော်ဆောင်ရေးနှင့် ပတ်သက်သည့် အပြည်ပြည် ဆိုင်ရာ ပြဿနာများကို ပူးပေါင်း ဆောင်ရွက်မှု ရှိစေရန် ဟူသော ပြဋ္ဌာန်းချက်များ ပါရှိပါသည်။

တဖန် အခြေခံမူအဖြစ် ပုဒ်မ (၂)၊ ပုဒ်မခွဲ (၁) တွင် ကုလသမဂ္ဂသည် အဖွဲ့ဝင်များ၏ အချုပ်အခြာ အာဏာ ပိုင် ညီမျှမှု အခြေခံပေါ်တွင် အခြေခံ၍ ဖွဲ့စည်းသည်ဟု ပြဋ္ဌာန်းပါရှိသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးသည် အဖွဲ့ဝင် နိုင်ငံများ၏ အချုပ်အခြာ အာဏာပိုင်မှုကို လေးစားသော အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု အဖွဲ့ကြီး ဖြစ်သည်။

**အချုပ်အခြာအာဏာ၏ အခက်အလက်များ**

အထက်ပိုင်း၌ တင်ပြခဲ့သော အချုပ်အခြာအာဏာနှင့် ပတ်သက်သည်များမှာ နိုင်ငံ၏ အပဖြစ်သော နိုင်ငံခြား ဆက်ဆံရေးကို အလေးထား တင်ပြခဲ့ခြင်း ဖြစ်သည်။ ယခု နိုင်ငံ အတွင်း၌ အချုပ်အခြာ အာဏာကို မည်သို့ မည်ပုံ တည်ဆောက်ထားသည်ကို ဆက်လက် တင်ပြပါမည်။ ယနေ့ အချိန်တွင် အသိအမှတ်ပြု လက်ခံထားသော အချုပ် အခြာအာဏာ၏ အခက်အလက်မှာ အောက်ပါ အတိုင်း ဖြစ်သည်။ ထိုအခက်အလက်များကို ပြန်လည် ပေါင်းစပ် စုစည်းခြင်းသည် အချုပ်အခြာ အာဏာကို ပုံဖော် မောင်းနှင်ခြင်းပင် ဖြစ်သည်။

(က) အုပ်ချုပ်ရေး အာဏာ (Executive Power)

(ခ) ဥပဒေပြုရေး အာဏာ (Legislative Power)

(ဂ) တရားစီရင်ရေး အာဏာ (Judicial Power)

လူတို့သည် အဖွဲ့အစည်းနှင့် နေထိုင်သော သတ္တဝါများ ဖြစ်ခြင်းကြောင့် လူတို့၏ အသက်ရှင် နေထိုင်ရေး အတွက် အဖွဲ့အစည်း အကျိုးကို ထမ်းဆောင်ရင်းဖြင့် မိမိ ရပ်တည်ရေးကို လုပ်ကိုင်ကြရသည်။ လူ့အဖွဲ့အစည်း ကြီးသည် လူတဦးစီအား အနည်းဆုံး တာဝန် တခုစီ ပေးအပ်ပြီး ထိုလူအတွက် လိုအပ်သော အကာအကွယ်ကို လူ့အဖွဲ့အစည်းက ဖြည့်ဆည်းပေးရသည်။ တနည်းအားဖြင့် စုပေါင်း တာဝန်ခံမှုနှင့် အလုပ်ခွဲခြား လုပ်ကိုင်မှု စနစ် ပေါ်ပေါက်လာသည်။ လူ့အဖွဲ့အစည်း တခုလုံးအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် စင်စစ် စီမံခန့်ခွဲရေး (ခေါ်) အုပ်ချုပ်ရေး အာဏာပင် ဖြစ်သည်။

အချို့ လူများသည် လူ့အဖွဲ့အစည်းကြီးနှင့် ဆန့်ကျင်သော ပြစ်မှုများ ကျူးလွန်ခြင်း သို့မဟုတ် ထမ်းဆောင် ရမည့် တာဝန် ပျက်ကွက်ခြင်းများ ရှိလာသည်။ ထိုအခါ လူ့အဖွဲ့အစည်းကြီး တည်တံ့ ခိုင်မြဲရေး အတွက် ထိုသူကို လိုအပ်သော အပြစ်ပေး အရေးယူမှု ရှိခြင်းဖြင့် လူ့အဖွဲ့အစည်းကြီးကို အကာအကွယ် ပြုရသည်။ ထိုအမှု ပြုလျှင် သို့မဟုတ် ပျက်ကွက်လျှင် ဤအပြစ်ဒဏ် ထိုက်မည်ဟူသော တပြေးညီ သတ်မှတ်ချက်များ ပြုရန် လိုသည်။ ထိုတပြေး ညီ သတ်မှတ်ချက် ပြုလုပ်ခြင်းသည် ဥပဒေပြုခြင်း ဖြစ်ပြီး၊ ထိုပြုလုပ်ပိုင်ခွင့် အာဏာသည် ဥပဒေပြုရေး အာဏာ ဖြစ်သည်။ တဖန် ထိုဥပဒေများနှင့် အညီ ကျင့်ကြံ နေထိုင်စေခြင်းဖြင့် လူ့အဖွဲ့အစည်း အကျိုးကို ကာကွယ်နိုင်သည်။ အပြစ် ကျူးလွန်သည် သို့မဟုတ် ပျက်ကွက်သည်ဟု စွပ်စွဲခံရသူအား အမှန်တကယ် ကျူးလွန်ခြင်း ရှိ မရှိ စစ်ဆေးရန်၊ ထိုသို့ ဖြစ်ပါက ဥပဒေ သတ်မှတ်ချက် အတိုင်း တပြေးညီ အပြစ်ပေးရန် လိုအပ်ပါသည်။ ထိုစစ်ဆေး စီရင်ပိုင်ခွင့် အာဏာသည် တရားစီရင်ရေး အာဏာ ဖြစ်သည်။

ထို့ကြောင့် အုပ်ချုပ်ရေး အာဏာ၊ ဥပဒေပြုရေး အာဏာ၊ တရားစီရင်ရေး အာဏာဟူသော အချုပ်အခြာ အာဏာ၏ အခက်အလက်ကြီး ၃ ခုသည် အဆက်အစပ် ရှိရှိနှင့် လိုအပ်ချက် အရ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ၎င်းတို့ပေါ်ပေါက်လာမှုကို လေ့လာသုံးသပ်ရာတွင် အုပ်ချုပ်ရေးအာဏာသည် အဓိကကျပြီး ကျန်အာဏာ နှစ်ရပ်သည် အုပ်ချုပ်ရေး အာဏာကို အူတိုင် (Core) ဟု ခေါ်ပြီး ဥပဒေပြုရေး အာဏာ၊ တရားစီရင်ရေး အာဏာများကိုမူ အခက် အလက်များဟု တင်စား ခေါ်ဝေါ်ကြသည်။

ထိုအာဏာ ၃ ရပ်ကို ကျင့်သုံးရန် အတွက် နိုင်ငံတိုင်းတွင် မဏ္ဍိုင်ကြီး ၃ ရပ်ကို တည်ဆောက်ထားရသည်။ တနိုင်ငံနှင့် တနိုင်ငံ တည်ဆောက်ထားမှု ပုံသဏ္ဌာန် ခြားနား တတ်ပါသည်။ သို့ရာတွင် နိုင်ငံရေး သီအိုရီများအရ ယေဘုယျ တူညီသော အခြေခံ အချက်များပေါ်တွင် မိမိနိုင်ငံနှင့် သင့်လျော်သော ပုံသဏ္ဌာန်ရအောင် ပေါင်းစပ် ဖန်တီး ယူကြသည်။ အချုပ်အခြာ အာဏာကို အသက်သွင်း မောင်းနှင်သည့် ထိုမဏ္ဍိုင်ကြီး ၃ ခုသည် အဆက်စပ်ရှိရှိ လွတ်လပ်ခြင်း (Closely Independence) ဖြစ်ပါမှ မောင်းနှင်အား ပို၍ ကောင်းပြီး တိုးတက်သော နိုင်ငံတခု အဖြစ် တည်ဆောက်နိုင်ပေမည်။

## အခန်း (၂)၊ ဖက်ဒရယ်ပြည်ထောင်စုနှင့်ကွဲလွဲသော နိုင်ငံ ဖွဲ့စည်းမှု နှစ်မျိုး




"အို ... ဘယ့် ... မြန်မာပြည်" (ကာတွန်း - ဟန်လေး)

## ၁။ တပြည်ထောင်စနစ်နိုင်ငံတော် (Unitary State)

နိုင်ငံတိုင်းသည် အဆင့်ဆင့် အုပ်ချုပ်ရေး ချမှတ် ဆောင်ရွက်နိုင်ရန် အတွက် အမြင့်ဆုံးအဆင့် (ဗဟို) နှင့် လက်အောက်ခံ ဖြစ်မည့် ဒေသန္တရဆိုင်ရာ အဆင့်များ သက်မှတ်၍ အုပ်ချုပ်ရေး ယန္တရားများ တည်ဆောက်ထားကြသည်။ ဗဟိုအစိုးရ (ဝါ) နိုင်ငံတော် အစိုးရက အခြားအဆင့်ဆင့် အပေါ် လွှမ်းမိုးထားပြီး အုပ်ချုပ်ရေး ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသော လက်အောက်ခံ ဒေသန္တရ ဆိုင်ရာ အဖွဲ့ အဆင့်ဆင့်နှင့် အားလုံးသည် ဗဟို အစိုးရမှ ပြဋ္ဌာန်းပေးသော ဥပဒေများ အရသာ ဗဟို အစိုးရ၏ အုပ်ချုပ်ရေး အထောက်အကူပြု လုပ်ငန်းများကိုသာ ဆောင်ရွက်ရခြင်း ဖြစ်လျှင် ယေဘုယျအားဖြင့် ၎င်းနိုင်ငံတော်ကို "တပြည်ထောင်စု နိုင်ငံတော်" ဟု ခေါ်သည်။

တပြည်ထောင်စနစ် နိုင်ငံတော်များတွင် အမြင့်ဆုံး ဗဟိုအစိုးရနှင့် လက်အောက်ခံ ဒေသန္တရ အစိုးရများ အကြား အာဏာခွဲဝေရေး စနစ် မရှိသည့် အပြင် တပြည်ထောင်စု နိုင်ငံများတွင် ဗဟို အဆင့်မှလွဲ၍ အခြားအဆင့်များတွင် ဥပဒေပြုပိုင်ခွင့် အာဏာ မရှိပေ။ ဒေသန္တရ အဆင့်နှင့်သာ သီးခြား သက်ဆိုင်ပြီး ဗဟိုအစိုးရ၏ အုပ်ချုပ်ရေးနှင့် စပ်ဆိုင်ခြင်း မရှိသည့် အရာအချို့ အတွက် ကိုယ်ပိုင် အုပ်ချုပ်ရေး ကျင့်သုံးပိုင်ခွင့် ရှိသည်။

### တပြည်ထောင်စနစ်နိုင်ငံတော် နှစ်မျိုး

ကမ္ဘာပေါ်ရှိ နိုင်ငံ အများစုသည် တပြည်ထောင်စနစ် နိုင်ငံများ ဖြစ်ကြသည်။ အားလုံးသည် အချုပ်အခြာ အာဏာကို ပြည်သူများ ကိုယ်စား ကျင့်သုံးရာတွင် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများကဲ့သို့ အာဏာခွဲဝေမှု မရှိဘဲ ဗဟိုအစိုးရ (နိုင်ငံတော်အစိုးရ) ကသာ ထိန်းချုပ်ထားသည်။ သို့ရာတွင် ထိုသို့ ထိန်းချုပ်ထားမှုမှာ တပြည်ထောင်စု စနစ်၏ အာဏာ ကျင့်သုံးရေးနှင့် ပက်သက်သည့် မူသာဖြစ်ပြီး လက်တွေ့တွင် ဗဟိုနှင့် ဒေသန္တရ အစိုးရများ အကြား သင့်တင့် လျှောက်ပတ်သော အချိုးအစားဖြင့် အာဏာခွဲဝေမှုမျိုးလည်း ရှိတတ်သည်။ ထိုခွဲဝေမှုတွင် ဗဟို အစိုးရနှင့် လက်အောက်ခံ ဒေသန္တရ အစိုးရများ အကြား ဆက်နွယ်မှုများကို ထောက်ရှု၍ စနစ် နှစ်မျိုးရှိကြောင်း လေ့လာ သိရှိနိုင်သည်။ ယင်းစနစ် နှစ်မျိုးမှာ နှစ်သွယ်ဖြစ်မှု စနစ် (Dual System) နှင့် ပေါင်းကူးထားမှု စနစ် (Fused System) တို့ ဖြစ်သည်။

***(က) နှစ်သွယ်ဖြစ်မှုစနစ် (Dual System)***

နှစ်သွယ်ဖြစ်မှု စနစ် (Dual System) ဆိုသည်မှာ ဒေသန္တရ အစိုးရများသည် ၎င်းတို့၏ အာဏာ ကျင့်သုံးရာတွင် ဗဟို အစိုးရ၏ ထိန်းချုပ်မှုအောက်မှ ပို၍ ကင်းလွတ်ခွင့် ရှိပြီး လွတ်လပ်မှု ရှိနေခြင်းဖြင့် ဗဟိုနှင့် ဒေသန္တရတို့သည် အာဏာကျင့်သုံးမှုတွင် သီးခြားနှစ်သွယ် ဖြစ်နေခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံရှိ ဒေသန္တရ ကောင်စီ (Local Council) သည် ၎င်းပြည်နယ် နယ်နိမိတ် အတွင်းရှိ လုပ်ပိုင်ခွင့် တာဝန်ခံမှု အားလုံးကို ဗဟိုအစိုးရ၏ စွက်ဖက်မှု မရှိဘဲ သီးခြား လုပ်ပိုင်ခွင့်များ အရ အာဏာ ကျင့်သုံးရာတွင် နှစ်သွယ် ဖြစ်နေမှုကို တွေ့ရသည်။ ဤနှစ်သွယ်ဖြစ်မှု စနစ်ကို ကြည့်၍ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခု၏ အာဏာ ခွဲဝေမှု ပုံစံနှင့် တူသည်ဟုကား မဆိုနိုင်ပါ။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အတွင်း အာဏာခွဲဝေမှု အခြေခံသည် ပြည်ထောင်စုနှင့် ပြည်ထောင်စု အဖွဲ့ဝင်များ အကြား အကျိုးစီးပွား အခြေခံမှု (Interest Basic) အရ ခွဲဝေခြင်းဖြစ်ပြီး တပြည်ထောင်စနစ် နိုင်ငံရှိ နှစ်သွယ်ဖြစ်မှု စနစ်အရ အာဏာခွဲဝေ ကျင့်သုံးမှုသည် တာဝန်ခံမှု အခြေခံ (Responsibility Basic) အရ ခွဲဝေခြင်း ဖြစ်သည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု၏ အာဏာခွဲဝေမှုသည် အကျိုးစီးပွား အခြေခံအရ ခွဲဝေခြင်း ဖြစ်ရာ ပြည်ထောင်စု ဖြစ်စေ၊ ပြည်ထေင်စု အဖွဲ့ဝင် ဖြစ်စေ၊ ကျင့်သုံးခွင့်ရလာသော အာဏာနှင့် ပတ်သက်၍ တာဝန်ခံမှုပါ အပြည့်အဝ ရှိသွားသည်။ နှစ်သွယ်ဖြစ်မှု ပုံစံအရ အာဏာ ခွဲဝေထားခြင်းတွင် ဒေသန္တရ အစိုးရများသည် တာဝန်ခံမှု အတွက် လိုအပ်သော လုပ်ပိုင်ခွင့်သာ ရှိပြီး အဓိက ဦးတည်ရသော အကျိုးစီးပွားသည် တနိုင်ငံလုံး အတိုင်းတာ (ဗဟို) ဖြစ်သည်။

နှစ်သွယ်ဖြစ်မှု စနစ်အရ အာဏာခွဲဝေ ကျင့်သုံးသော တပြည်ထောင်စု စနစ် နိုင်ငံကို ဗဟိုဦးစီး ချုပ်ကိုင်မှု သင့်တင့်သော နိုင်ငံ (Decentralized State) ဟုလည်း ခေါ်သည်။ ယူနိုက်တက်ကင်းဒမ်း၊ နယ်သာလန်၊ စပိန်၊ အီတလီ စသည့် နိုင်ငံများသည် နှစ်သွယ်ဖြစ်မှု ပုံစံဖြင့် အာဏာခွဲဝေ ကျင့်သုံးသော ဗဟိုဦးစီး ချုပ်ကိုင်မှု သင့်တင့်သည့် တပြည်ထောင်စနစ် နိုင်ငံများ ဖြစ်သည်။

*(ခ) ပေါင်းကူးထားမှုစနစ်*

ပေါင်းကူးထားမှု စနစ် ဆိုသည်မှာ ဗဟိုအစိုးရနှင့် ဒေသန္တရ အစိုးရများသည် အာဏာကျင့်သုံးခြင်းနှင့် ဗဟို အစိုးရ၏ ပေါ်လစီကို အကောင်အထည်ဖော်ခြင်းတို့တွင် ပူးပေါင်း၍ လုပ်ဆောင်ခြင်း စနစ်ဖြစ်သည်။ ထို့ကြောင့် ဤသို့သော တပြည်ထောင်စနစ် နိုင်ငံများတွင် ဗဟိုနှင့် ဒေသန္တရ အစိုးရများ ပူးတွဲဖွင့်လှစ်ထားသော ရုံးများ (perzect) ရှိကြသည်။ ဤတပြည်ထောင်စနစ် နိုင်ငံများတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် မဖြစ်မနေ ရှိတတ်ပြီး အဆိုပါ ပူးတွဲ ဖွင့်လှစ်ထားသည့် ရုံးများက အဆိုပါ ပြည်ထဲရေး ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြခြင်း စနစ် ရှိကြသည်။ ပြင်သစ်နိုင်ငံတွင် ထိုပူးတွဲရုံးများမှ အရာရှိများကို (Commissioner of the Public) ဟု ခေါ်ကြသည်။ ထိုအရာရှိ များသည် ဒေသန္တရ အုပ်ချုပ်ရေးယန္တရားများကို ကြီးကြပ်ခြင်းထက် ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ဆောင်ကြသည်။ ထိုအရာရှိများသည် ဗဟိုအစိုးရရှိ နိုင်ငံရေးသမားများ၏ ဦးဆောင်မှုနှင့် လွှမ်းမိုးမှု အောက်တွင်သာ လုပ်ဆောင်ရခြင်း ဖြစ်သည်။

ပေါင်းကူးထားမှု စနစ်အရ အာဏာကျင့်သုံးသော တပြည်ထောင် စနစ် နိုင်ငံများကို "ဗဟို ဦးစီးချုပ်ကိုင်မှု တင်းကြပ်သော နိုင်ငံများ (Centralized States)" ဟုလည်း ခေါ်သည်။ ပြင်သစ်၊ လူဇင်ဘတ်၊ ဒိန်းမတ်၊ ဂျပန် စသည့် နိုင်ငံများသည် ဗဟို ဦးစီးချုပ်ကိုင်မှု တင်းကြပ်သော တပြည်ထောင်စနစ် နိုင်ငံများ ဖြစ်သည်။ ၁၉၇၄၊ အခြေခံ ဥပဒေအရ မြန်မာနိုင်ငံသည်လည်း ဗဟို ဦးစီးချုပ်ကိုင်မှု တင်းကြပ်သော တပြည်ထောင် စနစ် နိုင်ငံ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် မြန်မာနိုင်ငံတွင် ဒေသန္တရ အစိုးရ အဖြစ် ရှုမြင်နိုင်သော ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကောင်စီများ ရှိသော်လည်း ၎င်းတို့သည် နှစ်သွယ်ဖြစ်မှု စနစ်ကဲ့သို့ လုပ်ပိုင်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးခွင့် မရှိဘဲ အဆင့်ဆင့် လွှမ်းမိုးမှုအရ အဆင့်တိုင်းတွင် ဗဟို အစိုးရမှပင် လွှမ်းမိုး ချုပ်ကိုင် ခံထားရသည်။ ထို့ကြောင့် ထိုစနစ်သည် ပေါင်းကူးထားသော စနစ်အရ အာဏာ ကျင့်သုံးခြင်းသာဖြစ်၍ ဗဟိုဦးစီးချုပ်ကိုင်မှု တင်းကြပ်သော တပြည်ထောင် စနစ် နိုင်ငံသာ ဖြစ်သည်။

နှစ်သွယ်ဖြစ်မှု စနစ် ရှိသော နိုင်ငံ ဖြစ်စေ၊ ပေါင်းကူးထားမှု စနစ် ရှိသော နိုင်ငံ ဖြစ်စေ၊ ဒေသန္တရ အစိုးရများ အားလုံးသည် ဗဟို အစိုးရ၏ ငွေကြေး ထောက်ပံ့မှုနှင့် ရပ်တည်ခြင်း ဖြစ်ပြီး ဗဟို အစိုးရ၏ ကိုယ်စား ပေါ်လစီများကို အကောင်အထည်ဖော် ဆောင်ရွက်သည့် နေရာတွင် အတူတူပင် ဖြစ်လေသည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ စနစ်တွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ၏ ဒေသန္တရ အစိုးရများက အာဏာများ ကျင့်သုံးရာတွင် ဗဟို အစိုးရ၏ အကျိုးစီးပွားကိုသာ အဓိကထား ဦးတည် ဆောင်ရွက်ခြင်း ဖြစ်သည်။

တပြည်ထောင် စနစ် နိုင်ငံများ တည်ထောင်ရခြင်း၏ အဓိက အကြောင်းပြချက် တခုမှာ တနိုင်ငံလုံး အတိုင်းအတာဖြင့် ဒေသအလိုက် ဖြစ်စေ၊ နိုင်ငံသား တဦးချင်း အလိုက် ဖြစ်စေ အားလုံး တန်းတူညီမျှမှု ရှိစေရန် ဖြစ်သည်။ ထိုနိုင်ငံတော် ပါဝင် ဖွဲ့စည်းသော ဒေသန္တရ အစိုးရ အားလုံးသည် ဗဟို အစိုးရ၏ ဦးဆောင်မှုအောက်တွင် မူဝါဒများကို တပြေးညီ လိုက်လံ အကောင်ထည် ဖော်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း ပြုလုပ်ကြရသည်။

## ၂။ ပြည်ထောင်များစုပေါင်းခြင်း(Confederation)

နိုင်ငံများ အချင်းချင်း အကြား အကျိုးစီးပွား အတွက် စုပေါင်း ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို "ပြည်ထောင်များ စုပေါင်းခြင်း" ဟု ခေါ်သည်။ ပြည်ထောင်များ စုပေါင်းခြင်းတွင် ပါဝင်သော နိုင်ငံများသည် အချုပ်အခြာပိုင် နိုင်ငံများ ဖြစ်သည်။ နိုင်ငံ တခုတည်းက မစွမ်းဆောင်နိုင်သော ကိစ္စကို စုပေါင်း ဆောင်ရွက်ရန်အတွက် ဖြစ်စေ၊ ထိုသို့ စုပေါင်း ဆောင်ရွက်ခြင်းကြောင့် အဖွဲ့ဝင်များ၏ အကျိုးစီးပွားကို ပိုမို ဖြစ်ထွန်းစေရန်အတွက် ဖြစ်စေ ရည်ရွယ်၍ ဖွဲ့စည်းခြင်း ဖြစ်သည်။ အဖွဲ့ဝင်များ၏ အချုပ်အခြာ အာဏာပိုင်မှုကို ထိခိုက်ခြင်း မရှိသော လုပ်ပိုင်ခွင့် အာဏာများကိုသာ အဖွဲ့ကြီးက ဆောင်ရွက်ခွင့် ရှိသည်။

အပြန်အလှန် အားဖြင့် ဖက်ဒရယ် ပြည်ထောင်စုကြီး တခုတွင် အဖွဲ့ဝင်များ ပါဝင်ကြပြီး ထိုပြည်ထောင်စုကြီးက ကျင့်သုံးနိုင်သော လုပ်ပိုင်ခွင့် အာဏာများသည် အဖွဲ့ဝင်များ အပေါ် လွှမ်းမိုးမှု မရှိလျှင် ဖြစ်စေ၊ အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက် အရသာ လုပ်ဆောင်ရလျှင် ဖြစ်စေ ထိုနိုင်ငံ၏ ဖွဲ့စည်းမှု ပုံစံမှာ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ မဟုတ်တော့ဘဲ ပြည်ထောင်စုများ စုပေါင်းခြင်းသာ ဖြစ်တော့သည်။ ထို့ကြောင့် ပြည်ထောင်စုများ စုပေါင်းခြင်း၏ ဝိသေသ နှစ်ရပ်မှာ -

(က) အဖွဲ့ဝင်များသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ ဖြစ်နေခြင်း၊

(ခ) အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက် အရသာ အဖွဲ့ကြီးတွင် လုပ်ပိုင်ခွင့် အာဏာ ကျင့်သုံးနိုင်ခြင်း၊ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှု အလွန်အမင်း လျော့ရဲနေခြင်းတို့ ဖြစ်သည်။

**ပထမဦးဆုံးသောပြည်ထောင်များစုပေါင်းခြင်း**

၁၈ ရာစု၏ ဒုတိယ နှစ်ဝက်များ အတွင်း မြောက်အမေရိကတိုက် (ယခု အမေရိကန် ပြည်ထောင်စု) ရှိ နိုင်ငံ ၁၃ ခုတို့သည် နယ်ချဲ့ အင်္ဂလိပ်တို့၏ လက်အောက်မှ လွတ်မြောက်ရန် တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုပြည်ထောင် ၁၃ ခုတို့သည် အကွဲကွဲ အပြားပြားဖြင့် အင်္ဂလိပ်တို့အား တော်လှန်ခဲ့ရာ မအောင်မြင်ခဲ့သဖြင့် ပြည်ထောင်များ အချင်းချင်း တက်ညီလက်ညီဖြင့် စုပေါင်း တော်လှန်မှ အောင်ပွဲရနိုင်မည်ကို သိရှိလာသော အခါ ပြည်ထောင်များ အားလုံး တက်ရောက်လာသော ညီလာခံကြီး တခုကို ကျင်းပခဲ့သည်။ ထိုညီလာခံကြီးတွင် ပြည်ထောင်ပေါင်း ၁၃ ခု စုပေါင်း ဖွဲ့စည်းရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

သို့ဖြင့် ပြည်ထောင် ၁၃ ခုကို စုပေါင်း လိုက်ကြပြီး အချို့သော လုပ်ပိုင်ခွင့်နှင့် အာဏာများကို အဖွဲ့ကြီးသို့ လွှဲအပ် လိုက်ကြသည်။ ရည်ရွယ်ချက်မှာ နိုင်ငံ တခုချင်း အင်္ဂလိပ်ကို တော်လှန်ရာ မအောင်မြင် သဖြင့် အများစုပေါင်း တော်လှန်ခြင်းဖြင့် အောင်ပွဲရယူရန် ဖြစ်သည်။ သို့သော် အဖွဲ့ကြီးသို့ လွှဲအပ်သော လုပ်ပိုင်ခွင့်နှင့် အာဏာမှာ ကျဉ်းမြောင်းလွန်းသည့် အပြင် အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက် အရသာ အာဏာများ ကျင့်သုံးနိုင်သဖြင့် ထိရောက်စွာ အလုပ်လုပ်နိုင်သော အဖွဲ့ကြီး မဖြစ်ခဲ့ပေ။ အဖွဲ့ဝင် နိုင်ငံများ၏ အာဏာ (ထိုအချိန်က ထိုနိုင်ငံများ အချုပ်အခြာ အာဏာ ပိုင် မပိုင်ကို မဆိုလိုပါ) ကို မထိခိုက်စေဘဲ ဆောင်ရွက်ရသည်။ ထို့ကြောင့် ထိုအဖွဲ့ကြီးသည် နိုင်ငံများ စုဖွဲ့ခြင်း (ဝါ) ပြည်ထောင်များ စုပေါင်းခြင်းသာ ဖြစ်သည်။

### ပြည်ထောင်များစုပေါင်းခြင်း၏အားနည်းချက်

ပြည်ထောင်များ စုပေါင်းခြင်း အဖွဲ့ကြီးသည် အရာရာကို အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက် အရသာ လုပ်ဆောင်ရသဖြင့် အဖွဲ့ဝင် တဦးချင်းစီ၏ အကျိုးစီးပွားကို ဖြစ်ထွန်း တန်ရာသည်ဟု ယူဆသော်လည်း အဖွဲ့ကြီး တခုလုံး၏ အကျိုးစီးပွားကိုမူ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုနိုင်ပါ။ သို့ဖြစ်၍ အမေရိကတိုက်ရှိ ပြည်ထောင်များ စုပေါင်းခြင်း အဖွဲ့ကြီး၏ အဖွဲ့ဝင်များသည် အဖွဲ့ကြီး တခုလုံး၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နိုင်မည့် နည်းလမ်းများကို ရှာကြံရာမှ ပြည်ထောင်များ စုပေါင်းခြင်းမှသည် နိုင်ငံရေး စုပေါင်းမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု ပို၍ အားကောင်းသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ အဖြစ်သို့ ပြောင်းလဲ ဖွဲ့စည်း လိုက်ကြသည်။

### ပြည်ထောင်များစုပေါင်းခြင်းအမျိုးမျိုးကိုလေ့လာခြင်း

ကမ္ဘာပေါ်ရှိ အချုပ်အခြာ အာဏာပိုင် နိုင်ငံများသည် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် အုပ်စုများ ဖွဲ့စည်းထား တတ်ကြသည်။ ထိုသို့ အုပ်စုဖွဲ့ခြင်းကို ကြည့်လျှင် စီးပွားရေး အရ ပူးပေါင်း ဆောင်ရွက်မှု၊ နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်မှု၊ လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှု တခုခုကို အခြေခံပြီး ဖွဲ့စည်း ထားတတ်ကြသည်။ တိုးတက် အောင်မြင်မှုကို ကြည့်ပြီး နောက်ပိုင်းတွင် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး စသည့် အရာကိစ္စ အားလုံးကို ပူးပေါင်း ဆောင်ရွက်သော ကျစ်လစ် ခိုင်မာသည့် နိုင်ငံ တခု သို့မဟုတ် အဖွဲ့ တခု အဖြစ် ပြောင်းလဲ သွားတတ်သည်။ အချို့ အုပ်စုများသည် ချိနဲ့ပြီး ပြိုကွဲသွားခြင်းများလည်း ရှိသည်။ ကမ္ဘာ့ အုပ်စုကြီးများ၊ တနည်းအားဖြင့် ပြည်ထောင်များ စုပေါင်းထားသော အဖွဲ့ကြီးများ အနက်မှ အချို့မှာ အောက်ပါတို့ ဖြစ်သည်။

လုံခြုံရေး အခြေခံ လိုအပ်ချက် အရ ဖွဲ့စည်းထားသော အဖွဲ့ကြီး နှစ်ခုဖြစ်သည့် မြောက်အတ္တလန်တိတ် အဖွဲ့ကြီး (NATO) နှင့် ဝါဆော စာချုပ်အဖွဲ့ (Warsaw Pact) နှစ်ခုသည် နိုင်ငံရေး အယူဝါဒ ပြိုင်မှုကို အခြေခံ၍ ပေါ်ပေါက်လာသည်။ ၁၉၉၀ ခုနှစ် ပတ်ဝန်းကျင်က ဆိုဗီယက် ဦးဆောင်သော ကွန်မြူနစ် နိုင်ငံများ တစတစ ပြိုကွဲခြင်းနှင့် အတူ ကွန်မြူနစ် အုပ်စုဖြစ်သော ဝါဆော အုပ်စုကို ၁၉၉၀ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် တရားဝင် ဖျက်သိမ်းခဲ့သည်။

ဝါဆော စစ်အုပ်စု ဖျက်သိမ်းခြင်းနှင့် အတူ အသစ်ဖွဲ့စည်း ပေါ်ပေါက်လာသော ကမ္ဘာ့အုပ်စုကြီး တခုမှာ လွတ်လပ်သော နိုင်ငံများ၏ ဓနဟာယ အဖွဲ့ (Commonwealth of Independent State - CIS) အမည်ရှိ အဖွဲ့ကြီးပင် ဖြစ်သည်။ ထို့ကြောင့် CIS အဖွဲ့ကြီးသည် အဟောင်းကို ပြုပြင် ဖွဲ့စည်းလိုက်သော အဖွဲ့ဟု ဆိုနိုင်ပါသည်။ မူလက ဆိုဗီယက် ပြည်ထောင်စု၏ သမ္မတနိုင်ငံ ဖြစ်ခဲ့သော နိုင်ငံများ အဖြစ် ပေါ်လာကြသည်။ ညှိုကလီးယား လက်နက် ထိန်းချုပ်ရေး ကိစ္စ၊ အချို့ ကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သေးသဖြင့် CIS အဖွဲ့ကြီးကို ၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလတွင် စတင် ဖွဲ့စည်းခဲ့သည်။ အသွင်ကူးပြောင်းရေး ကာလတွင် CIS အဖွဲ့ဝင် နိုင်ငံတွေ အချင်းချင်းကြား ပြဿနာ ရှုပ်ထွေးမှုကြောင့် ချိနဲ့နဲ့ ဓနသဟာယ အဖွဲ့ကြီး ဖြစ်နေသည်။

အခြား ဓနသဟာယ အဖွဲ့ကြီး တခုမှာ ဗြိတိသျှ ဓနသဟာယ အဖွဲ့ ဖြစ်သည်။ ဗြိတိသျှ ဓနသဟာယ အဖွဲ့ (British Commonwealth) ဆိုသော ဝေါဟာရကို ၁၉ ရာစု ကတည်းက စတင် အသုံးပြုခဲ့သော်လည်း အခိုင်အမာ ဖွဲ့စည်းသည်မှာ ဒုတိယကမ္ဘာစစ် အပြီး အထူးသဖြင့် အိန္ဒိယနှင့် ပါကစ္စတန် လွတ်လပ်ရေးရပြီး ကာလ ဖြစ်သည်။ ကမ္ဘာတွင် နေမဝင် အင်ပါယာဟု ကြွေးကြော်ခဲ့သော ဗြိတိသျှ အင်ပါယာကြီး ကျဆုံးချိန် ရောက်သောအခါ အင်ပါယာ၏ ဂုဏ်သိက္ခာကို တမျိုး ပြောင်းလဲပြီး ထိန်းသိမ်းလိုသော ဗြိတိသျှ လူမျိုးများသည် တချိန်က ၎င်းတို့၏ ကိုလိုနီ ဖြစ်ခဲ့သော နိုင်ငံများကို ပေါင်း၍ ဗြိတိသျှ ဓနသဟာယ အဖွဲ့ကို ဖွဲ့စည်းလိုက်ကြသည်။ ဓနသဟာယ အဖွဲ့၏ ဦးသျှောင်အဖြစ် ဗြိတိသျှနိုင်ငံ ဘုရင်မကြီးကို အသိအမှတ် ပြုထားသည်။ အချို့ ဓနသဟာယ အဖွဲ့ဝင် နိုင်ငံများ သည် ၎င်းတို့၏ နိုင်ငံများတွင် နိုင်ငံဦးသျှောင် အဖြစ် သမ္မတကို မထားဘဲ ဓနသဟာယ အဖွဲ့၏ ဦးသျှောင် ဗြိတိန် ဘုရင်မကြီးကို သတ်မှတ်ကြသည်။ ဥပမာ - ဩစတြေလျနိုင်ငံနှင့် ကနေဒါနိုင်ငံများ ဖြစ်သည်။ အိန္ဒိယ၊ ပါကစ္စတန် နိုင်ငံများတွင်မူ ၎င်းတို့၏ နိုင်ငံများတွင် သမ္မတကို နိုင်ငံဦးသျှောင် အဖြစ် ထားရှိသည်။

အခြား ပြည်ထောင်များ စုပေါင်းခြင်း တခုမှာ ၁၉၆၇ ခုနှစ်တွင် ဖွဲ့စည်း ထူထောင်ခဲ့သော အရှေ့တောင်အာရှ နိုင်ငံများ အသင်း (ASEAN) ဖြစ်သည်။ အဓိက အားဖြင့် ဒေသအတွင်း စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ဓနသဟာယ အဖွဲ့ဝင် နိုင်ငံများထက် ပူးပေါင်း ဆောင်ရွက်မှု ပို၍ အားကောင်းသည်။ ၁၉၈၀ ခုနှစ် နောက်ပိုင်းတွင် အရှေ့တောင်အာရှ နိုင်ငံများ အသင်း၏ စီးပွားရေးသည် အခြား တတိယ နိုင်ငံများထက် တိုးတက် လျှင်မြန်ခဲ့သည်။ ASEAN အသင်းဝင် နိုင်ငံများသည် နိုင်ငံရေးတွင်ပါ စည်းလုံး ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော ဒီမိုကရေစီ အုံကြွမှုသည် ASEAN အသင်းကြီးကို ပို၍ စည်းလုံးစေခဲ့သည်။ ASEAN အသင်းဝင် နိုင်ငံ အားလုံးလိုလိုသည် စစ်တပ်က ပုံစံ အမျိုးမျိုးဖြင့် နိုင်ငံရေးကို လွှမ်းမိုး နေတတ်သည်။ မြန်မာပြည် ဒီမိုကရေစီ တောင်းဆိုမှုသည် ASEAN နိုင်ငံများကို ကျော်လွန်ကာ ဒီမိုကရေစီ ပြည့်ဝသော အနောက်နိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်သည့် ဒီမိုကရေစီမျိုး ဖြစ်သည်။

လူသိ အများဆုံးဖြစ်သော ပြည်ထောင်များ စုပေါင်းခြင်း တခုမှာ ဥရောပ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဟု အဓိပ္ပါယ်ရသော EC ခေါ် (European Community ) ဖြစ်သည်။ EC ဟု လူသိများသော အဖွဲ့ကြီးသည် စီးပွားရေး ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ဖြစ်သော ဥရောပ ကျောက်မီးသွေးနှင့် သံမဏိဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (ECSC)၊ ဥရောပ ဘုံဈေးအဖွဲ့ (EEC)၊ ဥရောပ အဏုမြူ စွမ်းအင်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (EAEC) ဟူသော အဖွဲ့ကြီး ၃ ခု ပါဝင်သည်။ ၁၉၅၂ ခုနှစ်တွင် ECSC ကို အဖွဲ့ဝင် ၆ နိုင်ငံဖြင့် စတင် ဖွဲ့စည်းခဲ့သည်။ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု တိုးတက် အောင်မြင်မှုများ ရခဲ့သည်။ ထိုအခါ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များတွင်ပါ ပူးပေါင်း ဆောင်ရွက် လာကြသည်။ အောင်မြင်မှုများလည်း အထူး တိုးတက် လာခဲ့သည်။ ထို့ကြောင့် EC အဖွဲ့ကြီးသည် သာမန် လျော့တိလျော့ရဲ အဖွဲ့ မဟုတ်တော့ဘဲ စီးပွားရေး၊ နိုင်ငံရေး ကိစ္စရပ်များတွင် ထိရောက်စွာ ဆောင်ရွက်နိုင်သော အဖွဲ့ကြီး ဖြစ်လာသည်။ ၎င်း၏ အုပ်ချုပ်ရေး လုပ်ငန်း ဆောင်ရွက်ရန် မဏ္ဍိုင်ကြီး ၄ ခုကို ဖွဲ့ စည်းထားသည်။ ၎င်းတို့မှာ ဥရောပ ပါလီမန်၊ ဥရောပ ကောင်မရှင်၊ ဝန်ကြီးများ ကောင်စီနှင့် ဥရောပ တရားရုံးတို့ ဖြစ်သည်။ နိုင်ငံရေး ပေါ်လစီကို အဖွဲ့ဝင် ၁၂ နိုင်ငံလုံး အတွက် တမျိုးတည်း ချမှတ်သည်။ ယခုအခါ EC ကို နိုင်ငံရေးအရ ပိုမိုစည်းလုံး ညီညွတ်သော ဥရောပသမဂ္ဂ ခေါ် European Union (EU) အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။

၁၈၁၅ ခုနှစ်မှ ၁၈၄၈ ခုနှစ် အထိ ဆွစ်ဇာလန်နိုင်ငံ၏ ဖွဲ့စည်းမှု ပုံစံသည် ပြည်ထောင်များ စုပေါင်းခြင်း ဖြစ်သည်။ ကမ္ဘာ့ ကုလသမဂ္ဂသည်လည်း ပြည်ထောင်များ စုပေါင်းခြင်းသာ ဖြစ်သည်။ ကမ္ဘာ့ ကုလသမဂ္ဂကို နိုင်ငံများ က တခုခုချင်း မစွမ်းဆောင်နိုင်သော ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို စုပေါင်း ဆောင်ရွက်နိုင်ရန် အတွက် လည်းကောင်း၊ ထိုသို့ စုပေါင်း ဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဝင် နိုင်ငံများ၏ အကျိုးစီးပွားကို မြှင့်တင်ရန် လည်းကောင်း၊ ရည်ရွယ်၍ ဖွဲ့စည်းခြင်းဖြစ်သည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအားလုံးသည် အချုပ်အခြာအာဏာပိုင်နိုင်ငံများ ဖြစ်သည့် အလျောက် မိမိနိုင်ငံ၏ အချုပ်အခြာ အာဏာကို ထိခိုက်ခြင်း မရှိသော အာဏာများကိုသာ ကုလသမဂ္ဂထံတွင် လွှဲအပ် ထားကြသည်။

ပြည်ထောင်များ စုပေါင်းခြင်း၏ အာဏာပိုင် အဖွဲ့ကို အစိုးရ အသိအမှတ် ပြုခြင်းထက် အချုပ်အခြာ အာဏာ ပိုင် နိုင်ငံများ အကြား သဘော တူညီမှုများ (Covenants)၊ စာချုပ်များ (Treaties) အရ ဖွဲ့စည်းထားသော နိုင်ငံရေး အဖွဲ့အစည်းများ ဖြစ်သည်ဟု နိုင်ငံရေး သိပ္ပံပညာရှင်များက လက်ခံထားကြသည်။

# အခန်း (၃)၊ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်




*အမျိုးသား ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသား ခေါင်းဆောင်ကြီးများသည် ငြိမ်းချမ်းဖွံ့ဖြိုး တိုးတက်သော ဖက်ဒရယ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် တည်ထောင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် အင်္ဂလိပ်တို့ လက်အောက်မှ အတူတကွ လွတ်လပ်ရေး ရယူခဲ့ကြသည်။*

# အခန်း (၃)၊ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်

နိုင်ငံတခုတွင် အမျိုးသား လူမျိုးများ စုပေါင်း နေထိုင်ခြင်းကြောင့် ၎င်းတို့၏ မွေးရာပါ အခွင့်အရေးများနှင့် ရသင့်ရထိုက်သော အခွင့်အရေးများကို ဖော်ဆောင်ခွင့် ပေးရန်အတွက် ဖြစ်စေ၊ အဖွဲ့ဝင်များ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် စနစ်တကျ အာဏာခွဲဝေ အုပ်ချုပ်သော အဖွဲ့ဝင်များဖြင့် စုပေါင်း ဖွဲ့စည်းထားသည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် ဖြစ်စေ၊ နှစ်မျိုးစလုံး ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ ပြည်ထောင်စု နိုင်ငံတော်ကို ဖွဲ့စည်းကြသည်။

ထို့ကြောင့် ပြည်ထောင်စု နိုင်ငံတော် ဆိုသည်မှာ ကွဲပြား ခြားနားစွာ တည်ရှိနေသော ပထဝီ အနေအထားကိုသော်လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ဘာသာစကား၊ စာပေ၊ သမိုင်းကြောင်း စသည့် အမျိုးသား လက္ခဏများအရ ကွဲပြားခြားနားစွာ တည်ရှိနေသော လူမျိုးများ၏ နယ်မြေများကိုလည်းကောင်း၊ ပစ္စုပ္ပန် အခြေအနေအပေါ် မူတည်၍ ပြည်ထောင်စု အဖွဲ့ဝင်များ (သမ္မတနိုင်ငံ၊ ပြည်နယ်၊ ကန်တွန်၊ စသည်ဖြင့်) သတ်မှတ်၍ ၎င်းတို့အားလုံး တူညီသည့် အကျိုးစီးပွား အတွက် စုစည်းကာ စနစ်တကျ ဖွဲ့စည်းထားသည့် နိုင်ငံတော်၏ ဖွဲ့စည်းမှု ပုံစံတရပ် ဖြစ်ပေသည်။ ၎င်းပြည်ထောင်စု နိုင်ငံတော်တွင် အချုပ်အခြာအာဏာ၏ အာဏာကြီး ၃ ရပ်ဖြစ်သော ဥပဒေရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ပြည်ထောင်စု အဖွဲ့ဝင်များ အကျိုးစီးပွား အတွက်လည်းကောင်း၊ ပြည်ထောင်စုကြီး၏ အကျိုးစီးပွား အတွက်လည်းကောင်း ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင် အစိုးရများအကြား ကြိုတင် သဘောတူ သတ်မှတ်ချက်ဖြင့် ခွဲဝေ ကျင့်သုံး အုပ်ချုပ်သော စနစ် ရှိသည်။

## ၁။ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ခြင်း၏အစ

လူမျိုးများ နိုင်ငံ ဖြစ်လာခြင်း (Nation State) သဘောတရား အရ လူမျိုးတိုင်း နိုင်ငံတော် တည်ဆောက်ရန် ကြိုးပမ်းနိုင်ခွင့်၊ တည်ထောင်ခွင့် အခွင့်အရေး ရှိပါလျက် အဘယ့်ကြောင့် လူမျိုးများ စုပေါင်း နေထိုင်နေသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံကို ဖွဲ့စည်းရပါသနည်း။ အချို့ နိုင်ငံများတွင် လူမျိုးရေး အရလည်း ကွဲပြားခြားနားမှု မပါရှိဘဲလျက် နိုင်ငံများကို စုပေါင်းပြီး မိမိတို့ အချုပ်အခြာ အာဏာပိုင်မှုကို အဆင့်လျှော့ချကာ နိုင်ငံကြီး တခုတည်း၌ စုပေါင်း ပါဝင်နေကြသည်။ ဖက်ဒရယ် ပြည်ထောင်စုကို အဘယ့်ကြောင့် တည်ဆောက်ရပါသနည်း။

ယေဘုယျကျသည့် တခုတည်းသော အဖြေမှာ ထိုသို့ ပြည်ထောင်စု ဖွဲ့စည်းခြင်းသည် တသီးတခြား အချုပ်အခြာ အာဏာပိုင် နိုင်ငံအနေဖြင့် ရပ်တည်ခြင်းထက် မိမိတို့ လူအဖွဲ့အစည်းအတွက် ပို၍ အကျိုးအမြတ်ရှိခြင်းကြောင့်ပင် ဖြစ်သည်။ နိုင်ငံရေး သိပ္ပံပညာရှင် Riker က သူ ရေးသားသည့် (Federalism, 1975) အမည်ရှိ စာတမ်းတွင် "နိုင်ငံခြား တိုင်းပြည်များ၏ ကျူးကျော်မှုကို ခံရလျှင် ဖြစ်စေ၊ ကျူးကျော် ခံရနိုင်သည်ဟု ယူဆသော အခါ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးမှာ ဖြစ်ပေါ်လာနိုင်သည်" ဟု ရေးသားခဲ့ဖူးသည်။ ဤသာဓကမျိုး ကမ္ဘာပေါ်တွင် ပထမဦးဆုံး အဖြစ် အမေရိကန် ပြည်ထောင်စု စတင် ဖွဲ့စည်း ပေါ်ပေါက်စဉ်က အထင်အရှား တွေ့မြင်ခဲ့ရသည်။ အင်္ဂလိပ် နယ်ချဲ့များကို တသီးတခြား နိုင်ငံ တခုစီ အနေဖြင့် ဆန့်ကျင် တော်လှန်ရာ အောင်မြင်မှု မရသဖြင့် အားလုံး စုပေါင်း တော်လှန်ပါက အောင်မြင်လာသည့် အခြေအနေကို သိလာကြသော နိုင်ငံ (နောင်အခါ ပြည်နယ်) ၁၃ ခုသည် အင်္ဂလိပ်ကို စုပေါင်း တိုက်ခိုက်ကြသည်။ ထိုအဆင့်သည် အမေရိကန် ပြည်ထောင်စု ဖွဲ့စည်း ပေါ်ပေါက်ရခြင်း၏ အစကနဦး ဖြစ်သည်။

ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဆွစ်ဇာလန် နိုင်ငံတို့တွင် လူမျိုးအသီးသီး စုပေါင်း နေထိုင်ကြသော်လည်း သက်ဆိုင်ရာ လူမျိုး အသီးသီး၏ နိုင်ငံများ အဖြစ် ဖွဲ့စည်းသွားခြင်း မရှိသည်မှာလည်း ဖက်ဒရယ် ပြည်ထောင်စု အတွင်း စုပေါင်း နေထိုင်မှုကြောင့် လူမျိုး အသီးသီး အတွက် ပို၍ အကျိုးရှိခြင်းကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် အချို့ နိုင်ငံရေး သိပ္ပံပညာရှင်များက မိမိ အကျိုးအမြတ်ကို ရည်မျှော်၍ အခွင့်အရေး အချို့ကို လက်မြှောက် အရှုံးပေးသည်။ ထောင်ကို မြင်၍ ရာကို စွန့်သည် ဆိုသည့် စကားကဲ့သို့ပင် ဖြစ်ကြောင်း တင်စားကြသည်။

### ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံများအားအုပ်စုခွဲခြင်း

ကမ္ဘာပေါ်တွင် ယခုအခါ နိုင်ငံပေါင်း ၁၈၀ ခန့် ရှိသည့်အနက် ၂၀ ကျော်ခန့်သာ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများ ဖြစ်ကြသည်။ သို့ရာတွင် ကမ္ဘာ့မြေ ပမာဏ၏ ထက်ဝက်ကျော်ကို ထိုနိုင်ငံ ၂၀ ကျော်က နေရာယူထားသည်။ ဥပမာ - ကမ္ဘာပေါ်တွင် မြေဧရိယာ အကျယ်ဝန်းဆုံး နိုင်ငံ ခြောက်ခုအနက် ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊

အမေရိကန် ပြည်ထောင်စုနှင့် (၁၉၉၁ ခုနှစ် အထိ) ဆိုဗီယက် ပြည်ထောင်စု ၅ နိုင်ငံတို့သည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများ ဖြစ်ကြသည်။

ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများကို အောက်ပါအတိုင်း အုပ်စုခွဲခြား လေ့လာနိုင်သည်။

(က) အမေရိကန် ပြည်ထောင်စု၏ ဖက်ဒရယ် ပြည်ထောင်စု ပုံစံ - အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ဖက်ဒရယ် ပြည်ထောင်စုကို တီထွင်သော နိုင်ငံလည်း ဖြစ်သည်။

(ခ) ဗြိတိသျှ ကိုလိုနီဟောင်းများ၏ ဖက်ဒရယ် ပြည်ထောင်စု ပုံစံ - သြစတြေးလျ၊ ကနေဒါ၊ အိန္ဒိယ၊ နိုင်ဂျီးရီးယားနှင့် အာဖရိက ကရစ်ဗီယံ ဒေသများမှ နိုင်ငံများ ဖြစ်သည်။

(ဂ) လက်တင် အမေရိကမှ ဖက်ဒရယ် ပြည်ထောင်စု ပုံစံ - အထူးသဖြင့် ဤနိုင်ငံများသည် ၁၉ ရာစုတွင် လွတ်လပ်ရေး ရကြပြီး အမေရိကန် ပြည်ထောင်စု၏ ဖက်ဒရယ် ပုံစံကို မှီငြမ်းထားခြင်းလည်း ဖြစ်သည်။ ဘရာဇီး၊ အာဂျင်တီးနား၊ ဗင်နီဇွဲလား၊ မက္ကစီကို နိုင်ငံများ ဖြစ်သည်။

(ဃ) ဥရောပမှ ဖက်ဒရယ် ပြည်ထောင်စု ပုံစံ - နှစ်အတော်ကြာ ကတည်းက အစဉ်အလာတရပ် အနေဖြင့် နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်ကြခြင်း ပြုလုပ်ရာမှ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအဖြစ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

(င) ကွန်မြူနစ် နိုင်ငံများမှ ဖက်ဒရယ် ပြည်ထောင်စု ပုံစံ - အချို့ ကွန်မြူနစ် နိုင်ငံများတွင် လူမျိုးများ စုပေါင်း နေထိုင်မှုကြောင့် ဖက်ဒရယ် ပြည်ထောင်စု အဖြစ် ဖွဲ့စည်း ထားကြသည်။ ၁၉၉၁ ခုနှစ်အထိ ဆိုဗီယက်ပြည်ထောင်စု၊ ၁၉၉၂ ခုနှစ်အထိ ချက်ကိုစလိုဗက်ကီးယား၊ ၁၉၉၁ ခုနှစ်အထိ ယူဂိုဆလားဗီးယားတို့ ဖြစ်ကြသည်။

## ပြည်ထောင်များစုပေါင်းခြင်းနှင့်ဖက်ဒရယ်ပြည်ထောင်စုနှိုင်းယှဉ်ချက်

| CONFEDERATION | FEDERAL |
|---|---|
| ၁။ အဖွဲ့ဝင်များမှာ အချုပ်အခြာ အာဏာပိုင် နိုင်ငံများ ဖြစ်ကြသည်။ | ၁။ အဖွဲ့ဝင်များသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံတခု အတွင်းမှ ပြည်ထောင်စု အဖွဲ့ဝင်များသာ ဖြစ်သည်။ |
| ၂။ အဖွဲ့ဝင်များ အဖြစ် အချုပ်အခြာ အာဏာပိုင်သော နိုင်ငံ တမျိုးသာ ရှိတတ်သည်။ | ၂။ အဖွဲ့ဝင်များ အဖြစ် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရသော၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသော ပြည်ထောင်စု အဖွဲ့ဝင်များ အပြင် အခြားပြည် ထောင်စု အဖွဲ့ဝင် အမျိုးမျိုး ရှိတတ်သည်။ |
| ၃။ အဖွဲ့ကြီး တခုလုံး၏ အကျိုးစီးပွားကို ရည်ရွယ်၍ ဖွဲ့စည်းသည်။ သို့ရာတွင် အဖွဲ့ဝင်များ၏ တခုခြင်း အကျိုးစီးပွားကို အဓိက ထားရမည်။ | ၃။ ပြည်ထောင်စုကြီး တခုလုံး၏ အကျိုးစီးပွားကို ရည်ရွယ်၍ ဖွဲ့စည်းသည်။ အဖွဲ့ဝင် တခုခြင်းစီ၏ အကျိုးစီးပွားကို အာဏာခွဲဝေမှု ဘောင်အတွင်း၌ လေးစား၍ ပြည်ထောင်စုကြီး တခုလုံး၏ အကျိုးစီးပွားကို ဦးစားပေးရသည်။ |
| ၄။ အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက် အရသာ အဖွဲ့ကြီးက လုပ်ပိုင်ခွင့် အာဏာကို ကျင့်သုံးရသည်။ | ၄။ အာဏာခွဲဝေမှုဘောင် အတွင်း ကျရောက်သော ပြည်ထောင်စု၏ လုပ်ပိုင်ခွင့် အာဏာကို ပြည်ထောင်စုသည် မိမိ၏ ဆုံးဖြတ်ချက် အတိုင်း လွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့် ရှိသည်။ |
| ၅။ အဖွဲ့ကြီး တခုလုံး၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ရာတွင် ထိရောက်စွာ မဆောင်ရွက်နိုင်ဘဲ အားပျော့တတ်သည်။ | ၅။ ပြည်ထောင်စုကြီး တခုလုံး အကျိုးကို ထိရောက်စွာ ဆောင်ရွက်နိုင်ပါသည်။ |
| ၆။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း၊ နှုတ်ထွက်ခြင်းတွင် အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်သည် အဓိက ဖြစ်သည်။ | ၆။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း၊ ခွဲထွက်ခြင်းသည် ပြည်ထောင်စုကြီး၏ ဆုံးဖြတ်ချက်သည် အဓိက ဖြစ်သည်။ ဤကိစ္စအတွက် အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ |

## ၂။ ပြည်ထောင်စု အဖွဲ့ဝင်များ

### ပြည်ထောင်စုအဖွဲ့ဝင် သတ်မှတ်ခြင်း

ပြည်ထောင်စု နိုင်ငံကို အဖွဲ့ဝင်များဖြင့် စုပေါင်း ဖွဲ့စည်းထားရသည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်များကို ကမ္ဘာပေါ်ရှိ ပြည်ထောင်စု နိုင်ငံများတွင် အဆင့် အမျိုးမျိုး၊ အခေါ်အဝေါ် အမျိုးမျိုး သတ်မှတ်ကြသည်။ အများအားဖြင့် ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံများတွင် ရှိသော ပြည်ထောင်စု အဖွဲ့ဝင်များမှာ -

(က) သမ္မတနိုင်ငံများ (Republics)

(ခ) ပြည်နယ်များ (States)

(ဂ) ကန်တွန်များ (Cantons)

(ဃ) ကိုယ်ပိုင် အုပ်ချုပ်ရေး ခရိုင်များ (Autonomous Provinces)

(င) ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများ (Autonomous Regions)

(စ) ပြည်ထောင်စု အထူးဒေသများ (Union Territories)

(ဆ) လူမျိုးစု ဧရိယာများ (National Areas)

အထက်ပါ ပြည်ထောင်စုတွင် တိုက်ရိုက် ပူးပေါင်းသော သို့မဟုတ် လိုအပ်ချက်အရ ထူးခြား ဖွဲ့စည်းထားရသော (ဥပမာ - လူမျိုးစု ဧရိယာများ) ပြည်ထောင်စု အဖွဲ့ဝင်များ၏ အဆင့် သတ်မှတ်ချက်များ ဖြစ်သည်။ ၎င်းပြည်ထောင်စု အဖွဲ့ဝင်များအောက်တွင် ဒေသန္တရအရ အစိုးရ အုပ်ချုပ်ရေးများ ချမှတ်နိုင်ရန် ထပ်မံ၍ ခွဲခြမ်းစိတ်ဖြာထားရသည်။ ကောင်တီ (County)၊ မြို့နယ် (Township)၊ မြို့ပြ ရပ်ကွက် (Word) စသည်ဖြင့် အမျိုးမျိုး ဖြစ်ကြသည်။ ၎င်းတို့ကို ပြန်လည် စုစည်းခြင်းသည် ပြည်ထောင်စု အဖွဲ့ဝင် တခု ဖြစ်လာသည်။ ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင်များကို အဆင့်ကွဲပြားစွာ သတ်မှတ်ခြင်းသည် မိမိနိုင်ငံ၏ လိုအပ်ချက်အရ သတ်မှတ်ခြင်း ဖြစ်သည်။ မည်သည့် ပြည်ထောင်စု နိုင်ငံမဆို ပြည်ထောင်စု အဖွဲ့ဝင် အဆင့်သတ်မှတ်ရာတွင် အောက်ပါ စနစ်များ အနက် မိမိနိုင်ငံနှင့် သင့်တော်သော စနစ်ကို အခြေခံ အသုံးပြုကြသည်။

***(က) ပထဝီ အနေအထားကိုအခြေခံ၍ပြည်ထောင်စုအဖွဲ့ဝင် သတ်မှတ်ခြင်း***

ဤစနစ်အရ ပြည်ထောင်စု အဖွဲ့ဝင် အဆင့် သတ်မှတ်ခြင်းကို လူမျိုးရေး ပြဿနာ မရှိသော နိုင်ငံများတွင်သာ ကျင့်သုံးနိုင်သည်။ နိုင်ငံတခု အတွင်းရှိ ပထဝီ အနေအထား အလျောက် တည်ရှိနေသော မြေပြန့် လွင်ပြင်များ၊ တောင်ကုန်း တောင်တန်းများ၊ မြစ်ချောင်း အင်းအိုင်များ၊ မြို့များကို အစွဲပြုသော အမည်များ မှည့်ခေါ်ခြင်းနှင့် ၎င်းတို့ကို နယ်နိမိတ် သတ်မှတ်ခြင်းပြုလျှင် ပြည်ထောင်စု အဖွဲ့ဝင် ဖြစ်လာသည်။ ဤစနစ် ကျင့်သုံးသော နိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင် အဆင့်မှာလည်း အများအားဖြင့် တဆင့် သို့မဟုတ် နှစ်ဆင့်သာ ရှိတတ်သည်။ အမေရိကန် ပြည်ထောင်စု၊ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံ၊ ဩစတြေးလျ စသည့် နိုင်ငံများတွင် ပထဝီ အနေအထားကို အခြေခံ၍ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ အဖြစ် သတ်မှတ်ကြသည်။

***(ခ) လူမျိုးရေးကိုအခြေခံ၍ပြည်ထောင်စုအဖွဲ့ဝင် သတ်မှတ်ခြင်း***

ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံ အတော်များများတွင် ဤစနစ်အရ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်းကို ကျင့်သုံးကြသည်။ လူမှုရေး ပြဿနာ ရှိသော နိုင်ငံများတွင် ကျင့်သုံးသော စနစ်ဖြစ်သဖြင့် ခက်ခဲစွာ သတ်မှတ်ရသည်။ ပြည်ထောင်စု အဖွဲ့ဝင် အဆင့်မှာလည်း ပထဝီ အနေအထားကို အခြေခံသော စနစ်ထက် ပို၍ များတတ်ပါသည်။

လူမျိုးများ စုပေါင်း နေထိုင်သော ဗဟုဝုဒ် လူ့အဖွဲ့အစည်း (Plural Society) ရှိသည့် နိုင်ငံ တခုတွင် မတူကွဲပြားသော လူမျိုးများ၏ စည်းလုံး ညီညွတ်မှု (Unity of Diversity) ရရှိစေရန် အတွက် လူမျိုးကို အခြေခံသောမှုအရ ပြည်ထောင်စု အဖွဲ့ဝင်များ သတ်မှတ်ကြသည်။ ထိုနိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အမည်များ အဖြစ် လူမျိုး အမည်ကို အစွဲပြု၍ ခေါ်ဝေါ်ကြသည်။ ယူဂိုဆလားဗီးယား၊ ဆိုဗီယက် ပြည်ထောင်စု၊ အိန္ဒိယ၊ ချက်ကို စလိုဗက်ကီးယား စသော နိုင်ငံများသည် လူမျိုးများကို အခြေခံ၍ ပြည်ထောင်စု အဖွဲ့ဝင်များ သတ်မှတ်ထားသော နိုင်ငံများ ဖြစ်ကြသည်။ ပြည်ထောင်စု အဖွဲ့ဝင် အဆင့် ဆိုသည်မှာ ပြည်ထောင်စုတွင် စုပေါင်း ဖွဲ့စည်းမည့် ပြည်ထောင်စု အဖွဲ့ဝင် အမျိုးစားများထဲမှ အဆင့်ကို ဆိုလိုပါသည်။

## ပြည်ထောင်စုအဖွဲ့ဝင် သတ်မှတ်ရန်အခြေအနေ

အထက်တွင် ဖော်ပြခဲ့သော ပြည်ထောင်စု အဖွဲ့ဝင်များ အဖြစ် သတ်မှတ်ရန် အောက်ပါ အခြေနေများနှင့် ညီညွတ်ရန် လိုအပ်သည်။ သို့သော် ဤအခြေအနေများသည် ယေဘုယျ အခြေအနေများသာ ဖြစ်သည်။ ထိုအခြေအနေပေါ် မူတည်၍ အသေးစိတ် သတ်မှတ်ချက်ဖြင့် မိမိ နိုင်ငံများနှင့် ကိုက်ညီအောင် ဖန်တီး ယူကြရသည်။ ယေဘုယျ အခြေအနေများမှာ အောက်ပါတို့ ဖြစ်သည်။

*(က) လူမျိုးနှင့် လူဦးရေ*

နိုင်ငံတခု အတွင်း အမျိုးသား လူမျိုး ပေါင်းစုံ စုပေါင်း နေထိုင်ကြလျှင် ထိုအမျိုးသား လူမျိုးများ အတွက် ၎င်းတို့၏ မွေးရာပါ အခွင့်အရေးများကို ဖော်ဆောင်ခွင့်ပြုရန်နှင့် ၎င်းတို့၏ အမျိုးသားရေး လက္ခဏာများနှင့် ညီညွတ်သော လူမျိုးရေး အခြေခံ ကွဲပြားချက်များကို အများအကျိုးနှင့် ဆန့်ကျင်ခြင်း မရှိဘဲ လွတ်လပ်စွာ ဖော်ဆောင်ခွင့်ရရန် အတွက် ထိုအမျိုးသား လူမျိုးစုများ နေထိုင်ရာ ဒေသကို ပြည်ထောင်စု အဖွဲ့ဝင် အဖြစ် သတ်မှတ်ရန် လိုအပ်သည်။ သို့ရာတွင် လူဦးရေ အားဖြင့် ပြည်ထောင်စု အဖွဲ့ဝင် အဆင့် တခုခု သတ်မှတ်နိုင်သည့် လူဦးရေ ရှိရမည်။ ထို့အပြင် အမျိုးသားရေး လက္ခဏာ သတ်မှတ်ချက်များနှင့် ညီညွတ်သော အမျိုးသား လူမျိုး ဖြစ်ရန်လည်း လိုအပ်ပေသည်။ အချို့ နိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ရေး အတွက် လိုအပ်သော လူဦးရေ သတ်မှတ်ချက်များ ရှိကြသည်။ လူမျိုးရေး အခြေခံ၍ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်သော နိုင်ငံ မဟုတ်လျှင် ပထဝီ အနေအထားအရ အကျယ်အဝန်း တခုအတွင်း နေထိုင်ကြသော သတ်မှတ် လူဦးရေ ရရှိလျှင်လည်း ပြည်ထောင်စု အဖွဲ့ဝင် အဆင့် သတ်မှတ်နိုင်သည်။

*(ခ) ပထဝီ အနေအထား*

ပထဝီ အနေအထားကို အခြေခံ၍ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်း စနစ်တွင် ဖြစ်စေ၊ လူမျိုးကို အခြေခံ၍ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်း ဖြစ်စေ၊ ပြည်ထောင်စု အဖွဲ့ဝင် အဆင့် တခုခု သတ်မှတ်ရန် အတွက် ပထဝီ အနေအထား အကျယ်အဝန်း သတ်မှတ်ရန် လိုအပ်သည်။ လူမျိုးရေးကို အခြေခံသော ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်း စနစ်ဖြစ်လျှင် ထိုလူမျိုးများသည် လူဦးရေအားဖြင့် များပြားသော်လည်း ပထဝီ အနေအထား အရ စုစည်း နေထိုင်ခြင်း မဟုတ်ဘဲ ဝေးကွာသော ဒေသ အသီးသီး၌ ပြန့်ကျဲစွာ နေထိုင်လျှင် အုပ်ချုပ်ရေး ချမှတ် အကောင်အထည် ဖော်ရန် အခက်အခဲ ရှိသဖြင့် ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်းတွင် အလေးအနက် စဉ်းစား ရတတ်ပါသည်။ ဥပမာ၊ (က) လူမျိုး တမျိုးသည် တနိုင်ငံလုံး အတိုင်းအတာနှင့် လူဦးရေ အားဖြင့် ပြည်ထောင်စု အဖွဲ့ဝင် အဆင့် တခုခု သတ်မှတ်နိုင်ဖွယ် ရှိသော်လည်း ထိုလူမျိုးသည် တနိုင်ငံလုံး နေရာ အနှံ့အပြား၌ ပြန့်ကျဲစွာ နေထိုင်လျှင် အားလုံးကို စုစည်းပါမှ ပြည်ထောင်စု အဖွဲ့ဝင် အဆင့်တခု ရနိုင်မည့် အခြေအနေရှိရာ ထိုအခြေအနေမျိုးတွင် (က) လူမျိုးစု အားလုံးကို ပြည်ထောင်စု အဖွဲ့ဝင် တခုတည်း သတ်မှတ်ရန် မဖြစ်နိုင်ချေ။

ပြည်ထောင်စု အဖွဲ့ဝင် အဆင့် တခုခု သတ်မှတ်ရန် အတွက် အခြား အခြေအနေများ အားလုံးနှင့် ပြည့်စုံသော်လည်း ထိုအဖွဲ့ဝင် ဖြစ်မည့် နယ်နမိတ်သည် အဆင့်တူ အခြား ပြည်ထောင်စု အဖွဲ့ဝင် တခု၏ နယ်နမိတ် အလယ်တွင် ရှိနေလျှင်လည်း ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ရေးတွင် စဉ်းစားရမည့် အချက် တချက် ဖြစ်သည်။ အဖြစ်သင့်ဆုံးမှာ အဆင့်တူ ပြည်ထောင်စု အဖွဲ့ဝင် တခု၏ နယ်နမိတ်ချင်း ဆက်စပ်လျက်သာ ရှိသင့်သည်။ ဥပမာ - (က) ပြည်နယ်သည် (ခ) ပြည်နယ်၏ အလယ်တွင် ရှိမနေသင့်ပါ။ (ခ) ပြည်နယ်၊ (ဂ) ပြည်နယ်များ သို့မဟုတ် ပြည်ထောင်စု နိုင်ငံတော်၏ နယ်နမိတ်များနှင့်သာ ဆက်စပ်၍ တည်ရှိလျှင် ပြည်ထောင်စု အဖွဲ့ဝင် တခု သတ်မှတ်ရေးကို အထောက်အကူ ပြုပါသည်။

*(ဂ) စီးပွားရေး ကျောထောက်နောက်ခံ*

ပြည်ထောင်စု အဖွဲ့ဝင် အဆင့် တခုခု သတ်မှတ်ရန် အတွက် သင့်တင့်သော စီးပွားရေး ကျောထောက်နောက်ခံ ရှိရမည်။ တနည်းအားဖြင့် ပြည်ထောင်စု အစိုးရမှ ဖြစ်စေ၊ အခြား နည်းလမ်း တခုခုဖြင့် ဖြစ်စေ စီးပွားရေး အရ အထောက်အပံ့ တခုတည်းပေါ်တွင် အမြဲ ရပ်တည်နေခြင်း မဟုတ်ဘဲ မိမိ နယ်မြေ အတွင်းတွင် သင့်တင့်သော စီးပွားရေး လုပ်ငန်းများ ထူထောင်နိုင်ရမည်။ ပြည်ထောင်စု နိုင်ငံ တခုတွင် တမျိုးတစားတည်းသော ပြည်ထောင်စု အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်ချည်း မဟုတ်ပေ။ အမြင့် အနိမ့် ရှိသော လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများ ခြားနားသော အဆင့်များ သတ်မှတ်ပြီး ပြည်ထောင်စု အဖွဲ့ဝင်များ အဖြစ် ပြည်ထောင်စုကို ဖွဲ့စည်းထားရသည်။

### ပြည်ထောင်စုနိုင်ငံအချို့၏အဖွဲ့ဝင်များကိုလေ့လာခြင်း

ယခု လေ့လာမည့် ပြည်ထောင်စု အဖွဲ့ဝင်များမှာ ပြည်ထောင်စုတွင် တိုက်ရိုက် ပူးပေါင်းခွင့် ရှိသော (ဝါ) ပြည်ထောင်စု အဖွဲ့ဝင်များကို အခြေခံ၍ ဖွဲ့စည်းသော လွှတ်တော် (အထက်လွှတ်တော်)၌ ပါဝင်ခွင့်ရသော ပြည်ထောင်စု အဖွဲ့ဝင်များသာ ဖြစ်သည်။ ၎င်းတို့အောက်တွင် ပါဝင် ပူးပေါင်း ဖွဲ့စည်းသော ပြည်ထောင်စု အဖွဲ့ဝင်များ၏ အဖွဲ့ဝင်များကို မဆိုလိုပါ။

#### *ပြည်ထောင်စုသမ္မတ ဂျာမဏီနိုင်ငံ၏ပြည်ထောင်စုအဖွဲ့ဝင်များ*

ပြည်ထောင်စု သမ္မတ ဂျာမဏီ နိုင်ငံ၏ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်း စနစ်သည် ပထဝီ အနေအထားကို အခြေခံသော စနစ် ဖြစ်သည်။ ပြည်ထောင်စု အဖွဲ့ဝင်များမှာလည်း ပြည်နယ် (Lander) တမျိုးတည်းသာ ရှိသည်။ အနောက်ဂျာမဏီ အဖြစ် တည်ရှိခဲ့စဉ်က ပြည်နယ် ၁၁ ကို ပြည်ထောင်စုတွင် တိုက်ရိုက် ပူးပေါင်းသည်။ ယခုအခါ အရှေ့အနောက် ဂျာမဏီ ပေါင်းစည်းပြီး နောက်တွင် ပြည်နယ် ၁၆ ခု အဖြစ် သတ်မှတ်ထားလိုက်သည်။ ၎င်းတို့ အနက် ဟန်းဘတ် (Hamburg) ပြည်နယ်နှင့် ဘာလင် (Berlin) ပြည်နယ် နှစ်ခုသည် ကြီးမားသော မြို့ကြီးများကို အခြေခံ ဖွဲ့စည်းသဖြင့် မြို့ပြပြည်နယ် (City-State) ဟု ခေါ်သည်။ လူဦးရေ အနည်းအများကို မူတည်၍ ပြည်နယ်များကို အခြေခံ ဖွဲ့စည်းသော အထက်လွှတ်တော် (Bundesrat) တွင် ကိုယ်စားလှယ် ပါဝင် ဖွဲ့စည်းမှု အဆင့်ကို ခွဲခြားထားသည်။ (ပြည်ထောင်စု ပါလီမန် တွင်ရှု)

#### *အိန္ဒိယနိုင်ငံ၏ပြည်ထောင်စုအဖွဲ့ဝင်များ*

အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်း စနစ်သည် လူမျိုးရေးကို အခြေခံသော စနစ် ဖြစ်သည်။ ပြည်ထောင်စုတွင် တိုက်ရိုက် ပူးပေါင်းသော ပြည်ထောင်စု နယ်မြေများ ဟူ၍ အဆင့် နှစ်ဆင့် ဖြစ်သည်။ ပြည်နယ်အဆင့် သတ်မှတ်ရန် အခြေအနေများနှင့် ညီညွတ်လျှင် ပြည်နယ်၊ ပြည်ထောင်စု၏ နယ်မြေ အဖြစ် သတ်မှတ်ရန် သင့်တော်လျှင် ပြည်ထောင်စု နယ်မြေ အဖြစ် သတ်မှတ်သည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိ ပြည်ထောင်စုတွင် ပူးပေါင်းသော ပြည်နယ် ၂၅ ခုနှင့် ပြည်ထောင်စု နယ်မြေ ၇ ခု ရှိသည်။ အထက်လွှတ်တော် (Council of States) တွင် ပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စု နယ်မြေများမှ ကိုယ်စားလှယ်များ ပါဝင် ဖွဲ့စည်းရာတွင် လူဦးရေ အပေါ် အခြေခံ၍ ဥပဒေက သတ်မှတ်သည်။

#### *ဆိုဗီယက်ပြည်ထောင်စုရှိပြည်ထောင်စုအဖွဲ့ဝင်များ*

ဆိုဗီယက် ပြည်ထောင်စုရှိ ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်း စနစ်သည် လူမျိုးရေးကို အခြေခံသော စနစ် ဖြစ်သည်။ ဆိုဗီယက် လူမျိုးစု လွှတ်တော် (Soviet of Nationalities ) ခေါ် အထက်လွှတ်တော်နှင့် ပြည်ထောင်စုတွင် တိုက်ရိုက် ပူးပေါင်းသော ပြည်ထောင်စု အဖွဲ့ဝင် အဆင့် ၃ ဆင့် ရှိသည်။ ၎င်းတို့မှာ - ဆိုဗီယက် သမ္မတနိုင်ငံများ (Union Republics)၊ ဆိုဗီယက် ကိုယ်ပိုင်အုပ်ချုပ်ရေး သမ္မတနိုင်ငံများ (Autonomous Republics) နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ (Autonomous Territories) တို့ ဖြစ်ကြသည်။ ဆိုဗီယက် လူမျိုးစု လွှတ်တော်ကို အထက်ပါ အဆင့် ၃ ဆင့်လုံးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၇၅၀ ဦးဖြင့် ဖွဲ့စည်းထားသည်။ သို့သော် ကိုယ်စားလှယ် သတ်မှတ်ချက်မှာ ပြည်ထောင်စု အဖွဲ့ဝင် အဆင့် တခုနှင့် တခု တူညီခြင်း မရှိပေ။ ထို့ကြောင့် ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင် သတ်မှတ်ခြင်းကို မိမိနိုင်ငံ၏ လိုအပ်ချက်များအရ သတ်မှတ်ကြသည်။ ဆိုဗီယက် ပြည်ထောင်စုတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး သမ္မတနိုင်ငံများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများသည် လည်းကောင်း၊ ယူဂိုဆလားဗီးယား နိုင်ငံတွင် ဆိုရှယ်လစ် ကိုယ်ပိုင်အုပ်ချုပ်ရေး ခရိုင်များသည် လည်းကောင်း၊ ပြည်ထောင်စု အဖွဲ့ဝင်များ အနက် ဒုတိယ အဆင့် ဖြစ်သည်ဟု ပြောနိုင်ပါသည်။ ထိုဒုတိယ အဆင့်ရှိပြီး ပြည်ထောင်စု အဖွဲ့ဝင်များကို ကိုယ်စားပြုသည့် အထက်လွှတ်တော်တွင် ကိုယ်စားလှယ် ပါဝင် ဖွဲ့စည်းခွင့် ရှိခြင်းမှာ အမြင့်ဆုံး အဆင့် ပြည်ထောင်စု အဖွဲ့ဝင် အဆင့် သတ်မှတ်ရန် အခြေအနေ ပြည့်စုံခြင်း မရှိသော်လည်း အခြား အခြေအနေများ အရ ဒုတိယအဆင့် သတ်မှတ်ရန် လိုနေခြင်းကြောင့် ဖြစ်သည်။

ပြည်ထောင်စုတွင် တိုက်ရိုက် ပူးပေါင်းပြီး ပြည်ထောင်စု အဖွဲ့ဝင်များကို ကိုယ်စားပြုသည့် အထက် လွှတ်တော်တွင် ပါဝင် ဖွဲ့စည်းခွင့်ရသည့် ပြည်ထောင်စု အဖွဲ့ဝင် အဆင့်ဆင့်၊ အမျိုးမျိုး၏ အောက်တွင် လိုအပ်ချက် အရ ပြည်ထောင်စု အဖွဲ့ဝင်များ၏ အဖွဲ့ဝင်များကို ထပ်မံ၍ ဖွဲ့စည်းထားရသည်။

## ၃။ ပြည်ထောင်စုနိုင်ငံနှင့်အာဏာခွဲဝေရေး

ပြည်ထောင်စု နိုင်ငံ တခု၏ အဓိကကျသော လက္ခဏာမှာ အာဏာခွဲဝေ ကျင့်သုံးခြင်းပင် ဖြစ်သည်။ နိုင်ငံရေး သိပ္ပံပညာရပ်၏ လေ့လာမှုများ အရ ပြည်ထောင်စု နိုင်ငံ အဖြစ် ဖွဲ့စည်း ပေါ်ပေါက်လာခြင်းသည်ပင် အာဏာခွဲဝေ ကျင့်သုံးမှု ရှိသော ၁၈ ရာစုနောက်ပိုင်း အမေရိကတိုက်ရှိ ၁၃ ပြည်ထောင်စု ပေါင်းဖွဲ့စည်းခြင်းက စတင်ခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စု နိုင်ငံတော်ဟု ပြောလိုက်လျှင် အာဏာခွဲဝေ ကျင့်သုံးသော စနစ်ရှိပြီး အပြန်အလှန် အားဖြင့် အာဏာခွဲဝေ ကျင့်သုံး အုပ်ချုပ်မှုပေါ် မူတည်၍ ထိုပြည်ထောင်စု နိုင်ငံကို ပြည်ထောင်စုစစ်စစ် နိုင်ငံ (Genuine Federal )၊ အလယ်အလတ်စား ပြည်ထောင်စု နိုင်ငံ (Moderate Federal) ဖြစ်သည်ကို သတ်မှတ်ကြသည်။ ထိုမျှမက နိုင်ငံ တနိုင်ငံသည် တပြည်ထောင် စနစ် နိုင်ငံတော်၊ ပြည်ထောင်စု နိုင်ငံတော်၊ ပြည်ထောင်များ စုပေါင်းခြင်း ဖြစ်သည်တို့ကို ခွဲခြားရာတွင်လည်း အာဏာခွဲဝေ ကျင့်သုံးမှု စနစ်အရ ပြုလုပ်နိုင်သည်။ သရုပ်ပြ ပုံစံဖြင့် အောက်ပါအတိုင်း ဖော်ပြနိုင်သည်။




**အာဏာခွဲဝေ ကျင့်သုံးမှုကိုအခြေပြု၍တပြည်ထောင်စနစ်၊**
**ဖက်ဒရယ် ပြည်ထောင်စုစနစ်နှင့် ပြည်ထောင်စုများစုပေါင်းခြင်းခွဲခြားပုံ သရုပ်ပြပုံစံ။**

၂၀ ရာစု ကမ္ဘာ့ နိုင်ငံရေး သမိုင်းတွင် ပြည်ထောင်စု နိုင်ငံ ဖွဲ့စည်းခြင်းသည် အလွန်ပင် ခေတ်စားလာခဲ့သည်။ အဓိက အကြောင်းရင်းမှာ နိုင်ငံ တခုအတွင်း အာဏာများကို အဆင့်ဆင့် ခိုင်မာစေသောကြောင့် ဖြစ်သည်။ အာဏာခွဲဝေ ကျင့်သုံးခြင်းကြောင့် လူတဦး သို့မဟုတ် လူတစုထံတွင် အာဏာ စုပုံနေမှုကြောင့် အာဏာရှင် ဖြစ်ပေါ်ခြင်းမျိုးမှ ကာကွယ်နိုင်သည်။ ထို့အပြင် နိုင်ငံ တခု၏ နယ်နမိတ် အတွင်း၌ နေထိုင်သော လူမျိုးများ (Nations)၊ တိုင်းရင်းသား အုပ်စုကြီးများ (Ethnic Group) တို့သည် ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးစံ ကွဲပြားတတ်သဖြင့် ၎င်းတို့အတွက် ကိုယ်ပိုင် လူမျိုးစရိုက်များကို ဖော်ဆောင်နိုင်ရန် အာဏာခွဲဝေ ကျင့်သုံးမှုရှိသော ပြည်ထောင်စု နိုင်ငံတော်ကို ဖွဲ့စည်းကြသည်။ ထို့ကြောင့် ပြည်ထောင်စု နိုင်ငံတော်တွင် အာဏာခွဲဝေ ကျင့်သုံးရေး စနစ်သည် အရေးကြီးသော ကဏ္ဍမှ ပါဝင်သည်။

### အာဏာခွဲဝေရေးစနစ် နှစ်မျိုး

ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံများတွင် ကျင့်သုံးကြသော အာဏာခွဲဝေမှုစနစ် နှစ်မျိုး ရှိသည်။ သင့်တော်ရာ တမျိုးကို မိမိနိုင်ငံနှင့် ကိုက်ညီသော စနစ်များဖြင့် ပေါင်းစပ် အသုံးပြုကြသည်။

***(က) ပြည်ထောင်စု (ဗဟို) အစိုးရ၏ အာဏာများကို ကန့်သတ်၍ ကျန်အာဏာများကို အဖွဲ့ဝင်များက ကျင့်သုံးပိုင်ခွင့်ရှိခြင်း၊***

ဤစနစ်အရ ပြည်ထောင်စု (ဗဟို) အစိုးရသည် ပြည်ထောင်စု ကာကွယ်ရေး၊ ငွေစက္ကူ ထုတ်လုပ်ရေးနှင့် ဘဏ္ဍာရေး၊ နိုင်ငံခြားရေး စသည့် အာဏာများနှင့် ပြည်ထောင်စု တခုလုံးအတွက် တပြေးညီ တိုးတက်မှုကို ဖြစ်စေမည့် သို့မဟုတ် ပြည်ထောင်စုက မချုပ်ကိုင်လျှင် ဆုတ်ယုတ်မှုကို ဖြစ်ပေါ်စေမည့် အာဏာများကို ချုပ်ကိုင်ထားသည်။ ဗဟို အစိုးရက ချုပ်ကိုင်ရမည့် အာဏာ အမျိုးအစား အတိအကျကို အခြေခံ ဥပဒေအရ သတ်မှတ်ထားကြသည်။ ကျန်အာဏာများကို ပြည်ထောင်စု အဖွဲ့ဝင်များက ကျင့်သုံးပိုင်ခွင့် ရှိသည်။

*(ခ) ပြည်ထောင်စု အဖွဲ့ဝင်များ၏ အာဏာကို ကန့်သတ်ပြီး ကျန်အာဏာများကို ပြည်ထောင်စုက ကျင့်သုံးခွင့်ရှိခြင်း၊*

ဤစနစ်အရ ပြည်ထောင်စု အဖွဲ့ဝင်များက ကျင့်သုံးပိုင်ခွင့် ရှိသော အာဏာများကို အခြေခံ ဥပဒေ အရ အတိအကျ ကန့်သတ်ထားသည်။ ကျန်အာဏာများကို ပြည်ထောင်စုက ကျင့်သုံးခွင့် ရှိသည်။

အထက်ပါ ခွဲဝေရေး စနစ် နှစ်မျိုးအရ ပြည်ထောင်စုနှင့် အဖွဲ့ဝင်များက သီးခြားစီ မိမိတို့ သက်ဆိုင်ရာ အာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိကြသည်။ ထိုကျင့်သုံးပိုင်ခွင့် အရ ကျင့်သုံးသော အာဏာများကို "သီးခြားစီ ကျင့်သုံးပိုင်ခွင့်အာဏာ (Exclusive Power)" ဟု ခေါ်သည်။ ထိုအာဏာများကို ကျင့်သုံးရာတွင် ပြည်ထောင်စုနှင့် အဖွဲ့ဝင်များသည် တဖက်နှင့်တဖက် အပြန်အလှန် စွက်ဖက်ပိုင်ခွင့်မရှိပေ။ သရုပ်ပြပုံစံဖြင့် အောက်ပါအတိုင်း ဖော်ပြနိုင်သည်။




A = ပြည်ထောင်စု အစိုးရ၏ ကျင့်သုံးပိုင်ခွင့်ရှိသော အာဏာ၊

B = ပြည်ထောင်စု အဖွဲ့ဝင်များ၏ ကျင့်သုံးပိုင်ခွင့်ရှိသော အာဏာ၊

**နှစ်ဦး နှစ်ဖက် ပူးတွဲ ကျင့်သုံးပိုင်ခွင့်အာဏာ**

၂၀ ရာစုခေတ် အတွင်း ဖွဲ့စည်း တည်ထောင်ကြသော ပြည်ထောင်စု နိုင်ငံများတွင် အာဏာ ခွဲဝေရေး စနစ် အဖြစ် အထက်ပါ အတိုင်း သီးခြား ကျင့်သုံးပိုင်ခွင့် ရှိသော အာဏာများ အပြင် ပူးတွဲ ကျင့်သုံးပိုင်ခွင့် အာဏာ (Concurrent Power) များကိုပါ ထည့်သွင်း ဖော်ပြပါလာကြသည်။ ဤသို့ တီထွင်လာခြင်းမှာ လိုအပ်ချက်အရ ဖြစ်ပြီး ကျင့်သုံးရာတွင်လည်း တိုးတက် အောင်မြင်မှုများစွာ ရှိသည်။ သီးခြားစီ ကျင့်သုံးပိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းချက် တခုသာ ကျင့်သုံးသော အာဏာခွဲဝေရေး စနစ်တွင် အချို့ ကိစ္စများသည် ပြည်ထောင်စုနှင့် အဖွဲ့ဝင်များ အကြား ဆက်စပ်မှု မရှိခြင်း၊ နားလည်မှု လွဲမှားခြင်းများ ပေါ်ပေါက်တတ်သည်။ ပြည်ထောင်စုကြီး တခုလုံး အတွက် ထိရောက် အောင်မြင်စွာ လုပ်ကိုင် ဆောင်ရွက်ရမည့် ကိစ္စများတွင် အားနည်းချက်များ ဖြစ်ပေါ်တတ်သည်။ ထိုအတွေ့အကြုံများ အရ ၂၀ ရာစု အတွင်း ဖွဲ့စည်း တည်ထောင်ကြသော ပြည်ထောင်စု နိုင်ငံများတွင် နှစ်ဦး နှစ်ဖက် ပူးတွဲ ကျင့်သုံးပိုင်ခွင့် ရှိသော အာဏာများကို ပြဋ္ဌာန်းလာခြင်း ဖြစ်သည်။

နှစ်ဦး နှစ်ဖက် ပူးတွဲ ကျင့်သုံးပိုင်ခွင့် ရှိသော အာဏာ ဆိုသည်မှာ ကိစ္စ တခုနှင့် ပတ်သက်၍ ကျင့်သုံးပိုင်ခွင့် အာဏာကို ပြည်ထောင်စုသို့ လည်းကောင်း၊ အဖွဲ့ဝင်များသို့ လည်းကောင်း အတိအကျ လွှဲအပ်ထားခြင်း မဟုတ်ဘဲ ပြည်ထောင်စုနှင့် အဖွဲ့ဝင်များ အကြား နှစ်ဦး နှစ်ဖက် အပြန်အလှန် ညှိနိုင်းမှုအရ ပြည်ထောင်စုက ကျင့်သုံးသင့်လျှင် ပြည်ထောင်စုက ကျင့်သုံးပြီး အဖွဲ့ဝင်များက ကျင့်သုံးသင့်လျှင် အဖွဲ့ဝင်များက ကျင့်သုံးခြင်း ဖြစ်သည်။

ဤစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ရေးမှာ ပြည်ထောင်စုနှင့် အဖွဲ့ဝင်များ အကြား အပြန်အလှန် သဘောထားကြီးမှုမှာ အလွန် အရေးကြီးသည်။ သရုပ်ပြ ပုံစံဖြင့် နှစ်ဦး နှစ်ဖက် ကျင့်သုံးပိုင်ခွင့် အာဏာကို အောက်ပါအတိုင်း ပြဆိုနိုင်သည်။




A = ပြည်ထောင်စု အစိုးရက ကျင့်သုံးသော အာဏာ၊

B = ပြည်ထောင်စု အဖွဲ့ဝင်များက ကျင့်သုံးသော အာဏာ၊

C = နှစ်ဦး နှစ်ဖက် ကျင့်သုံးပိုင်ခွင့် အာဏာ၊

ဒုတိယကမ္ဘာစစ်ကြီး အပြီးမှ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုနိုင်ငံ နှစ်ခုဖြစ်သည့် အိန္ဒိယနှင့် ပြည်ထောင်စု သမ္မတ ဂျာမဏီ နိုင်ငံများတွင် နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့် အာဏာများနှင့် ပက်သက်၍ ၎င်းတို့၏ အခြေခံ ဥပဒေ အသီးသီး၌ ပြဋ္ဌာန်းချက်ကို အောက်ပါအတိုင်း လေ့လာ တွေ့ရှိနိုင်သည်။

***အိန္ဒိယနိုင်ငံ အခြေခံဥပဒေ ပုဒ်မ (၂၄၆)၊ ပုဒ်မခွဲ (၂)*** တွင် အခြေခံ ဥပဒေ၏ နောက်ဆက်တွဲ ဇယား၌ ဖော်ပြထားသော ပြည်ထောင်စုနှင့် ပြည်နယ်များ၏ ဥပဒေပြုပိုင်ခွင့် အတွင်း တပြိုင်တည်း ကျရောက်သော ကိစ္စများ အတွက် ပြည်ထောင်စု ပါလီမန်နှင့် ပြည်နယ် ဥပဒေပြု အဖွဲ့များတွင် ဥပဒေပြုပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

***ပြည်ထောင်စုသမ္မတ ဂျာမဏီနိုင်ငံ၏အခြေခံဥပဒေပုဒ်မ (၇၂)*** တွင်၊

(၁) ပြည်ထောင်စုက ဖြစ်နိုင်သမျှ ဥပဒေ ပြုပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုဘဲ ပြည်နယ်များက ဖြစ်နိုင်သမျှ ကျင့်သုံးနိုင်သော နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့် အတွင်း ကျရောက်သည့် ဥပဒေပြု အာဏာကို ပြည်နယ်များက ကျင့်သုံးနိုင်ရမည်။

(၂) ပြည်နယ်တခု၏ သီးခြားဥပဒေပြုခြင်းကြောင့် ထိရောက်ခြင်း မရှိသောကိစ္စ သို့မဟုတ် ပြည်နယ် တခုခုက ဥပဒေပြုလျှင် အခြားပြည်နယ်များနှင့်သော် လည်းကောင်း၊ ပြည်သူများနှင့်သော် လည်းကောင်း၊ အကျိုးစီးပွား ရောထွေးယှက်တင် ဖြစ်သော ကိစ္စ သို့မဟုတ် တရားဥပဒေနှင့် စီးပွားရေး ညီမျှမှု ထိမ်းသိမ်းရန် မရှိမဖြစ် လိုအပ်သော ကိစ္စများ ပါဝင်သည့် နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့် အတွင်း ကျရောက်သော ဥပဒေပြု အာဏာကို ကျင့်သုံးပိုင်ခွင့်မှာ ပြည်ထောင်စုတွင် ရှိစေရမည်ဟု ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံသည် နိုင်ငံရေး သိပ္ပံပညာရှင်များက အသိအမှတ် ပြုသော ကမ္ဘာ့ အကောင်းဆုံး အစိုးရ ၁၀ နိုင်ငံများ အနက် တခု အပါအဝင် ဖြစ်သည်။ ထိုသို့ ပါဝင်နိုင်ခြင်းမှာ နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် လည်းကောင်း၊ ပြည်ထောင်စု စနစ်ကို ကျင့်သုံးရာတွင် စနစ်ကျ မှန်ကန်မှု ရှိခြင်းကြောင့် လည်းကောင်း၊ တဖန် ပြည်ထောင်စု စနစ် အတွင်းမှ အာဏာခွဲဝေရေး စနစ် မှန်ကန်ခြင်းကြောင့် လည်းကောင်း၊ ကမ္ဘာ့ အကောင်းဆုံး အစိုးရ နိုင်ငံအဖြစ် သတ်မှတ်ခံရခြင်း ဖြစ်သည်။

## ကြွင်းကျန်သောအာဏာများ

ပြည်ထောင်စုနှင့် ပြည်ထောင်စု အဖွဲ့ဝင်များ အကြား အာဏာခွဲဝေမှု စနစ်တွင် မည်သည့် အာဏာများကို မည်သူက ကျင့်သုံးပိုင်ခွင့် ရှိကြောင်း သီးခြား ကျင့်သုံးပိုင်ခွင့် အာဏာ၊ မည်သည့် ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့် ရှိကြောင်း သတ်မှတ်ထားသည့် အာဏာများကို အတိအကျ ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ထိုအာဏာခွဲဝေမှု စာရင်းတွင် မပါဝင်ဘဲ ရံဖန်ရံခါ ဖြစ်ပေါ်တတ်သော ကိစ္စရပ်များ အတွက် ကျင့်သုံးရန် အာဏာ လိုအပ်လာတတ်သည်။ ထိုအာဏာများကို ကြွင်းကျန်သော အာဏာများ (Residuary Power) ဟု ခေါ်သည်။ ထိုအာဏာများကို မည်သူက ကျင့်သုံးပိုင်ခွင့် ရှိကြောင်းကို အခြေခံ ဥပဒေတွင် ဖြစ်စေ၊ ပြည်ထောင်စု ပါလီမန်က ပြဋ္ဌာန်းပေးထားသော ဥပဒေက ဖြစ်စေ သတ်မှတ်ချက် ပြုပေးရသည်။ အကြမ်းဖျင်း အားဖြင့် တင်ပြရလျှင် ပြည်ထောင်စု၏ အာဏာကို ကန့်သတ်သော အာဏာခွဲဝေရေး စနစ်ဖြစ်လျှင် ကြွင်းကျန်သော အာဏာများ ကျင့်သုံးပိုင်ခွင့်အား အဖွဲ့ဝင်များသို့ လွှဲအပ်ပြီး အဖွဲ့ဝင်များ၏ အာဏာကို ကန့်သတ်သော အာဏာခွဲဝေရေး စနစ်ဖြစ်လျှင် ကြွင်းကျန်သော အာဏာများ ကျင့်သုံးပိုင်ခွင့်ကို ပြည်ထောင်စုသို့ အပ်နှင်းသည်။

## မြန်မာနိုင်ငံ၌ကျင့်သုံးခဲ့ဖူးသောအာဏာခွဲဝေရေးစနစ်

၁၉၄၇၊ အခြေခံ ဥပဒေအရ မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့ဖူးသော အာဏာခွဲဝေမှု စနစ်မှာ ထိုပုဒ်မ (၉၂) နှင့် တတိယ ဇယားအရ ပြည်ထောင်စု အဖွဲ့ဝင်များ၏ အာဏာကို ကန့်သတ်ပြီး ကျန်အာဏာများကို ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့် ရှိသော စနစ် ဖြစ်သည်။ နှစ်ဦးနှစ်ဖက် ကျင်းသုံးပိုင်ခွင့် ရှိသော အာဏာခွဲဝေရေး စနစ် မရှိပါ။ ကြွင်းကျန်သော အာဏာများကိုလည်း ပြည်ထောင်စုကသာ ကျင့်သုံးပိုင်ခွင့် ရှိသည်။

၁၉၄၇ ခုနှစ်၊ တောင်ကြီး ညီလာခံ ဆုံးဖြတ်ချက် အရ ရှမ်းပြည်နယ်မှ တင်သွင်းသော အခြေခံ ဥပဒေ ပြင်ဆင်ရေး စာတမ်းတွင် ထိုအာဏာခွဲဝေရေး စနစ်ကို ဝေဖန်ထားပြီး ၎င်းတို့ လိုလားသော အာဏာခွဲဝေရေး စနစ်ကို တောင်းဆိုထားသည်။ ထိုစနစ်မှာ ပြည်ထောင်စု၏ အာဏာကို ကန့်သတ်ပြီး ကျန်အာဏာများကို ပြည်နယ်များက ကျင့်သုံးပိုင်ခွင့် ရှိသော စနစ် ဖြစ်သည်။

### ကမ္ဘာ့ ပြည်ထောင်စုနိုင်ငံ အချို့၏ အာဏာခွဲဝေမှု

ကမ္ဘာ့နိုင်ငံ အချို့တွင် အာဏာခွဲဝေကျင့်သုံးမှုပုံစံ မည်သို့ရှိသည်ကို အောက်ပါဇယားတွင် လေ့လာနိုင်သည်။

| | Canada | Australia | India | Pakistan 1958 | Pakistan 1962 | Malaya | Nigeria | Rhodesia and Nyasaland | West Indies |
|---|---|---|---|---|---|---|---|---|---|
| *Residuary power* | F | R | F | R | R | R | R | R | R |
| Whether Regional Powers listed | Yes | No | Yes | Yes | No | Yes | No | No | No |
| *External Affair Treaty* | | C | F | F | F | F | F | F | |
| Implementation | FR | C | F | Fr | F | Fr | FR | FR | FC |
| Citizenship and aliens | F | C | F | F | F | F+ | F | FC | C |
| Immigration: | | | | | | | | | |
| into Federation | C | C | F | F | F | F+ | F | FC | F |
| Between Regions | | | F | C | F | C+ | C | C | C |
| *Defence* | F | FC | F | F | F | F | F | F | F |
| Police | | C | R | R | R | F | FrR | RCR | |
| Public order | | | R | R | F | C | | | |
| Prisons | FR | | R | R | | F | C | C | C |
| Preventive detention | | | C | FR | F | | | | |
| *Law and procedure* | | | | | | | | | |
| Civil | FR | C | C | C | | FR | CR | CR | C |
| Personal | FR | C | C | C | | Fx+R | FR | | CR |
| Criminal | F | | C | C | | F | | | C |

အထက်ပါ ဇယား၏ ပထမဦးဆုံး စာကြောင်းတွင် ကြွင်းကျန်သော အာဏာများကို မည်သူက ကျင့်သုံးခွင့်ရှိကြောင်း ဖော်ပြထားပါ သည်။ ဒုတိယ စာကြောင်းသည် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အာဏာကို ကန့်သတ်သော နိုင်ငံများကို (Yes) စာလုံး ရေးထားပြီး မကန့်သတ်သော နိုင်ငံများကို (No) စာလုံးဖြင့် ဖော်ပြထားသည်။ တတိယ စာကြောင်းမှ စ၍ အောက်ပါ စာကြောင်းများရှိ ဖော်ပြချက်များသည် အာဏာ တခုချင်းစီ အတွက် သက်ဆိုင်သော ကိစ္စများကို ဖော်ပြထားခြင်း ဖြစ်ပြီး ပြည်ထောင်စု သို့မဟုတ် အဖွဲ့ဝင် သို့မဟုတ် နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့် စသည်ဖြင့် တခုချင်းစီ အလိုက် နိုင်ငံ အသီးသီး၏ အာဏာခွဲဝေမှုကို ဖော်ပြထားသည်။

***ထိုဇယား၏စာလုံးသင်္ကေတရှင်းလင်းချက်။***

**F** = ပြည်ထောင်စုက တဦးတည်း ကျင့်သုံးပိုင်ခွင့် အာဏာ၊

**R** = အဖွဲ့ဝင် တဦးတည်း ကျင့်သုံးပိုင်ခွင့် အာဏာ၊

**FR** = အဖွဲ့ဝင်များက ကျင့်သုံးပိုင်ခွင့်ရှိသော်လည်း အဖွဲ့ဝင်များ၏ခွင့်ပြုချက်အရ ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့်ရှိသည်၊

**C** = နှစ်ဦးနှစ်ဖက် ကျင့်သုံးပိုင်ခွင့် အာဏာ၊

**Fr** = ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့်ရှိသော အာဏာ ဖြစ်သော်လည်း အဖွဲ့ဝင်များ၏ အကြံပေးချက်အရသာ ကျင့်သုံး ရမည်၊

**X+** = ထိုသင်္ကေတများသည် ပြည်ထောင်စုတဝန်းလုံး တပြေးညီ ကျင့်သုံးခြင်း မပြုနိုင်ဘဲ ဒေသန္တရကို လိုက်၍ အတိုး အလျှော့ဖြင့် ကျင့်သုံးခြင်းကို ညွှန်းသည်။

## ၄။ ပြည်ထောင်စု ပါလီမန်

ပြည်ထောင်စု နိုင်ငံ တခုတွင် ပါဝင် ဖွဲ့စည်းထားသော အဖွဲ့ဝင်များ အတွက် တန်းတူညီမျှရေး အခြေခံမှုသည် ပြည်ထောင်စု နိုင်ငံတခု အတွက် မရှိမဖြစ် လိုအပ်သည်။ ပြည်ထောင်စု နိုင်ငံတွင် ပါလီမန်ကို ထိုအမူအရသာ ဖွဲ့စည်းထားသည်။ အများအားဖြင့် ပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စု ဒေသအဖွဲ့ (ပါလီမန်) ကို လွှတ်တော် ၂ ရပ်ဖြင့် ဖွဲ့စည်းထားကြသည်။ ထိုလွှတ်တော် ၂ ရပ်ကို ယေဘုယအားဖြင့် အထက်လွှတ်တော် (Upper House) နှင့် အောက်လွှတ်တော် (Lower House) ဟု ခေါ်ကြသည်။

ပြည်ထောင်စု ပါလီမန် လွှတ်တော် ၂ ရပ် အနက် အောက်လွှတ်တော်ကို နိုင်ငံတဝန်းလုံးရှိ လူဦးရေ အချိုးအစား အပေါ် အခြေခံ၍သတ်မှတ်ထားသော မဲဆန္ဒနယ်မှ အထွေထွေ ရွေးချယ် တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြသည်။ ထိုနိုင်ငံသည် ပါလီမန် အစိုးရပုံစံ ကျင့်သုံးသော နိုင်ငံဖြစ်လျှင် ဤလွှတ်တော်မှ အမတ်များဖြင့် ပြည်ထောင်စု အစိုးရကို ဖွဲ့စည်းရသည်။

ပြည်ထောင်စု နိုင်ငံများတွင် အဖွဲ့ဝင်များ၏ တန်းတူညီမျှရေးကို ထိန်းညှိပေးသော အစိုးရ အဆောက်အဦများ အနက် ပြည်ထောင်စု ဥပဒေပြု အဖွဲ့၏ အထက်လွှတ်တော်သည် တခု အပါအဝင် ဖြစ်သည်။ ထိုလွှတ်တော်ကို ပြည်ထောင်စု အဖွဲ့ဝင်များက တိုက်ရိုက် ရွေးချယ်ပေးပြီး ပြည်ထောင်စု အဖွဲ့ဝင်များကို ကိုယ်စားပြုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားရသည်။

### အထက်လွှတ်တော်

ပြည်ထောင်စု နိုင်ငံ အားလုံးတွင် အထက်လွှတ်တော် အမတ်များကို အဖွဲ့ဝင်များမှ ရွေးချယ်ပေးရာတွင် တူညီသော အရေအတွက် အတိုင်း ရွေးချယ်ခြင်းကို နိုင်ငံ အားလုံးတွင် ကျင့်သုံးသည် မဟုတ်ပေ။ အမတ် အရေအတွက် မတူညီသော်လည်း ပြည်ထောင်စု တခုလုံး တန်းတူရည်တူ ဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်စေနိုင်လျှင် သို့မဟုတ် ထိုသို့ အရေအတွက် ကွာခြားချက်ကြောင့် အခြား ကြီးမားသော ပြဿနာများ မပေါ်ပေါက်လျှင် အဖွဲ့ဝင်များ၏ အရေအတွက် မတူညီသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းကြသည်။

ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံ အထက်လွှတ်တော်တွင် ပြည်နယ်များမှ စေလွှတ်သော အမတ်များကို ပြည်နယ်များ အားလုံးတွင် တူညီသော အရေအတွက် အရ သတ်မှတ်သည် မဟုတ်ပေ။ လူဦးရေ ၂ သန်းအောက်လျော့သော ပြည်နယ်ဖြစ်လျှင် ကိုယ်စားလှယ် ၃ ဦး၊ လူဦးရေ ၂ သန်းမှ ၄ သန်း အထိ ၄ ဦး၊ ၄ သန်းမှ ၆ သန်း အထိ ၅ ဦးစီ၊ အသီးသီး အထက်လွှတ်တော်တွင် ပါဝင် ဖွဲ့စည်းခွင့် ရကြသည်။ ထိုအမတ်ဦးရေ အရေအတွက်သည် ထိုပြည်နယ်၏ မဲအရေအတွက်လည်း ဖြစ်သည်။

ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံ အထက်လွှတ်တော် အမတ်များကို ပြည်နယ် အစိုးရက ရွေးချယ် ခန့်အပ်ပေးပြီး ထိုအမတ်များသည် ပြည်နယ် အစိုးရ၏ သဘောထား လမ်းညွှန်ချက်များကို ခံယူ၍ အထက်လွှတ်တော်တွင် ဆွေးနွေးကြရသည်။ အထက်လွှတ်တော်ကို အောက်လွှတ်တော်နှင့် ပြည်ထောင်စု အစိုးရ အဖွဲ့အား တန်ပြန် ထိန်းညှိခြင်း ပြုရန် အဓိက ရည်ရွယ်၍ ဖွဲ့စည်းသည်။

အိန္ဒိယနိုင်ငံ၏ အထက်လွှတ်တော် ဖြစ်သော ပြည်နယ်များ ကောင်စီ (Council States) တွင် ပြည်ထောင်စု အဖွဲ့ဝင်များ၏ လူဦးရေ အချိုးအရ သတ်မှတ်ပေးသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားရသည်။ အထက် လွှတ်တော်တွင် အမတ်ဦးရေ ၂၅၀ ရှိသည့် အနက် ပြည်နယ်များနှင့် ပြည်ထောင်စု ဒေသများမှ ကိုယ်စားလှယ် ၂၃၈ ဦးနှင့် သမ္မတက ခန့်အပ်သော နယ်ပယ် အသီးသီးမှ ကျွမ်းကျင်သူ ပညာရှင် ၁၂ ဦး ပါဝင်သည်။

အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော် (Senate) တွင် အမတ်ဦးရေ ၁၀၀ ပါဝင် ဖွဲ့စည်းထားရာ ပြည်နယ် တခုစီမှ ကိုယ်စားလှယ် နှစ်ဦးကျစီဖြင့် အခြေခံ ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ပြည်ထောင်စု နိုင်ငံများတွင် အထက်လွှတ်တော်၏ ဥပဒေပြုရေး ကိစ္စတွင် ပါဝင် ဆောင်ရွက်ခွင့်သည် ပြည်ထောင်စုမူ အတွက် အရေးကြီးသော ကဏ္ဍမှ ပါဝင်သည်။ ပြည်ထောင်စုကြီး တခုလုံး တပြေးညီ တိုးတက်စေရေး အတွက် ကိုယ်စားလှယ်များက ပြည်နယ်များ၏ လမ်းညွှန်မှုကို တိုက်ရိုက်ခံယူ၍ ပြည်ထောင်စု ဥပဒေပြုရေးတွင် ပါဝင် ဆောင်ရွက်ရသည်။ သို့ရာတွင် အရာကိစ္စ အားလုံးတွင် အဖွဲ့ဝင်များ၏ လမ်းညွှန်မှု အရသာ အဖွဲ့ဝင်များအား ကိုယ်စားပြုသည့် အမတ်များက ဆွေးနွေးရသည် ဟူ၍ကား မမှတ်ယူနိုင်ချေ။ ပြည်ထောင်စု အဖွဲ့ဝင်များ၏ လမ်းညွှန်မှုကို ခံယူ၍ ပြည်ထောင်စုကြီး တခုလုံးနှင့် လွှမ်းခြုံ ကျရောက်မည့် အကျိုးစီးပွား၊ နိုင်ငံရေး ဆိုင်ရာ၊ စစ်ရေး ဆိုင်ရာ ပြဿနာများတွင် အထက်လွှတ်တော် အမတ်များ အနေဖြင့် အဖွဲ့ဝင်များကို အဓိက ကိုယ်စားပြုရန် မလိုတော့ဘဲ ပြည်ထောင်စုကြီး တခုလုံးကိုသာ ကိုယ်စားပြုရန် လိုတော့သည်။

ဥပဒေပြုရေး လုပ်ထုံးလုပ်နည်း အရလည်း ပြည်ထောင်စု နိုင်ငံတော် အကြီးအမှူးက ဥပဒေ အဖြစ် လက်မှတ်ရေးထိုး ထုတ်ပြန် ကြေညာခြင်း မပြုမီ အထက်လွှတ်တော်၏ အတည်ပြုချက်ကို ရယူရန် လိုသည်။ ဥပဒေကြမ်း စတင်ခြင်းတွင်လည်း အထက်လွှတ်တော်သည် အောက်လွှတ်တော် ကဲ့သို့ပင် အခွင့်အရေး ရှိသည်။ အခြေခံ ဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်သော ကိစ္စဖြစ်လျှင် အထက်လွှတ်တော်တွင် ပို၍ပင် အခွင့်အာဏာ ရှိသော ပြည်ထောင်စု နိုင်ငံများလည်း ရှိသည်။

၁၉၄၇၊ အခြေခံ ဥပဒေအရ မြန်မာနိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအဖြစ် ဆိုနိုင်သော အင်္ဂါရပ် အချို့ ရှိသည်။ အချို့သော လေ့လာသူများက မြန်မာနိုင်ငံ၏ ဖက်ဒရယ်မှုကို တဝက်တပျက် ဖက်ဒရယ် (Quasi-Federal) ဟူ၍ သတ်မှတ်ကြသည်။ ထို အခြေခံ ဥပဒေအရ မြန်မာနိုင်ငံ ပြည်ထောင်စု အထက်လွှတ်တော် ဖြစ်သော လူမျိုးစု လွှတ်တော်တွင် အမတ်နေရာ ၁၂၅ ဦး ရှိသည့်အနက် ဗမာ တိုင်းရင်းသားများ အတွက် ၅၃ ဦး ဖြစ်ပြီး အခြား အခြားသော တိုင်းရင်းသား လူမျိုး အားလုံးပေါင်းက ထက်ဝက်ကျော်မျှသော ဦးရေ ၇၂ ဦးကို ရရှိကြသည်။ လူမျိုးကို အခြေခံ ဖွဲ့စည်းရသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အတွက် ထိုမျှအထိ ကွဲပြားခြားနားစွာ အထက်လွှတ်တော်တွင် ကိုယ်စားပြု ပါဝင်ခြင်းမျိုး အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် မရှိချေ။ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံတွင် အထက်လွှတ်တော် ကိုယ်စားလှယ်ဦးရေ ကွဲပြားစွာ ကိုယ်စားပြုခွင့် ရခြင်းကြောင့် မည်သည့် ပြဿနာမျှ မပေါ်ပေါက်ရခြင်းမှာ ထိုနိုင်ငံသည် လူမျိုးရေး အခြေခံအရ မဟုတ်ဘဲ ပထဝီ အခြေခံအရ ပြည်ထောင်စု ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်သည်။

ပါလီမန် ဒီမိုကရေစီကို အခြေခံ ဖွဲ့စည်းသော အစိုးရ ပုံစံရှိသည့် နိုင်ငံများတွင် ဥပဒေပြု လွှတ်တော် (ပါလီမန်) နှင့် အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးသော အစိုးရ (ဝန်ကြီးအဖွဲ့) တို့ အကြား သဘောထား ကွဲလွဲမှုကြီးများ ဆက်တိုက် ဖြစ်ပေါ်နေလျှင် ဖြစ်စေ၊ အစိုးရ အဖွဲ့ အပေါ် အယုံအကြည် မရှိ အဆို (Non-confidence) အတင်ခံပြီး ထိုအဆိုကို အစိုးရက ရှုံးနိမ့်လျှင် ပါလီမန်ကို ဖျက်သိမ်းခြင်း (Dissolution of Parliament) လုပ်ရိုးလုပ်စဉ် ရှိကြသည်။

ထိုအခါမျိုး၌ ပါလီမန်တွင် လွှတ်တော် နှစ်ရပ် ရှိနေသဖြင့် မည်သည့် လွှတ်တော်သည် ဖျက်သိမ်းခြင်းနှင့် အကျုံးဝင်ပါသနည်း။ အောက်လွှတ်တော်လော၊ သို့မဟုတ် အထက်လွှတ်တော်လော၊ သို့မဟုတ် လွှတ်တော် နှစ်ရပ်စလုံးလော ဆိုသည့် အချက်ကို အလေးအနက်ထား၍ စဉ်းစားလာရသည်။ အချို့သော နိုင်ငံများတွင် အောက်လွှတ်တော်ကိုသာ ဖျက်သိမ်းခွင့် ရှိသည်။ မည်သည့် နည်းနှင့်မျှ အထက်လွှတ်တော်ကို ဖျက်သိမ်းခြင်း မပြုရဟူသော ပြဋ္ဌာန်းချက်မျိုး နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် အတိအကျ ပြဋ္ဌာန်းထားတတ်ပြီး အချို့ နိုင်ငံများတွင်မူ လွှတ်တော် နှစ်ရပ်စလုံး ဖျက်သိမ်း ခံရသည်ကို တွေ့ရတတ်သည်။

ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အခြေခံ ဥပဒေများတွင် အထက်လွှတ်တော်များကို ဖျက်သိမ်းခွင့် မရှိကြောင်း အတိအကျ ပြဋ္ဌာန်းထားသည်။ ထိုနိုင်ငံ နှစ်ခုစလုံးတွင် ပါလီမန် ဒီမိုကရေစီ အခြေခံမှု အရ အစိုးရများကို ပါလီမန်၏ အောက်လွှတ်တော်မှ အမတ်များဖြင့်သာ ဖွဲ့စည်းထားသည်။ ထိုနိုင်ငံများတွင် အစိုးရသည် အောက်လွှတ်တော်၏ ထောက်ခံမှုဖြင့် ဖွဲ့စည်းထားခြင်း အစိုးရနှင့် ပါလီမန် သဘောထားကွဲလွဲမှုဟု ဆိုရာတွင် လည်းကောင်း၊ အစိုးရ အပေါ် အယုံအကြည် မရှိ အဆိုတင်သွင်းရာတွင် လည်းကောင်း၊ အောက်လွှတ်တော်နှင့် အစိုးရ အကြား ပြဿနာသာ ဖြစ်သည်။ အထက်လွှတ်တော်နှင့် ပတ်သက်ခြင်း မရှိချေ။ ထို့ကြောင့် ထိုနိုင်ငံများတွင် ပါလီမန် ဖျက်သိမ်းခြင်းဟု ဆိုရာတွင် အောက်လွှတ်တော်နှင့်သာ သက်ဆိုင်ပြီး အထက်လွှတ်တော်သည် ဖျက်သိမ်းခံရခြင်းနှင့် မသက်ဆိုင်ခြင်း ဖြစ်သည်။

ဩစတြေးလျ နိုင်ငံသည်လည်း ဂျာမဏီ၊ အိန္ဒိယတို့ ကဲ့သို့ပင် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု ဖြစ်သည့် အပြင် ပါလီမန် ဒီမိုကရေစီကို ကျင့်သုံးသော နိုင်ငံ ဖြစ်သည်။ သို့သော် ဩစတြေးလျ နိုင်ငံတွင် ပါလီမန် ဖျက်သိမ်းခြင်းသည် လွှတ်တော် နှစ်ရပ်စလုံးနှင့် အကျုံးဝင်သည်။ အဘယ့်ကြောင့် ဆိုသော် ဩစတြေးလျသည် ၎င်း၏ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ အဖြစ် ပါလီမန် လွှတ်တော် နှစ်ရပ်စလုံးမှ အမတ်များဖြင့် ပါဝင် ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ အခြေခံ ဥပဒေဆိုင်ရာ အကြပ်အတည်း ပေါ်ပေါက်ခဲ့သည်။ အထက်လွှတ်တော်သည် ပြည်ထောင်စု ဘတ်ဂျက် ဥပဒေကြမ်းကို အတည်ပြုပေးရန် ငြင်းဆန်နေသော အခါ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် (House of Representatives) အကြား သဘောထား ကွဲလွဲ နေခဲ့သည်။ ထိုသဘောထား ကွဲလွဲမှုကြောင့် အစိုးရနှင့် ပါလီမန်၏ လွှတ်တော် နှစ်ရပ်စလုံး အကြား သဘောထား ကွဲလွဲမှု အသွင်သို့ ကူးပြောင်း သွားခဲ့သည်။ အကြောင်းမူ အစိုးရကို ထောက်ခံမှု ပေးရာတွင် အခြား ပါလီမန် ဒီမိုကရေစီ နိုင်ငံများကဲ့သို့ အောက်လွှတ်တော် တရပ်တည်းတွင် တာဝန်ရှိခြင်းမျိုး မဟုတ်ဘဲ လွှတ်တော် နှစ်ရပ်စလုံးတွင် တာဝန် ရှိသည်။ ထိုအကြပ်အတည်းကို ဖြေရှင်းရန် ဩစတြေးလျ ဘုရင်ခံချုပ် ( Governer General) သည် ပါလီမန် လွှတ်တော် နှစ်ရပ်စလုံးကို ဖျက်သိမ်းစေခဲ့ပြီး ရွေးကောက်ပွဲ အသစ်များ ကျင်းပစေခဲ့သည်။ ထိုသို့ ဩစတြေးလျ နိုင်ငံတွင် လွှတ်တော် နှစ်ရပ်စလုံး ဖျက်သိမ်းခံရခြင်း၏ အကြောင်းရင်းသည် ပြည် ထောင်စု အစိုးရတွင် လွှတ်တော် နှစ်ရပ်စလုံးမှ အမတ်များ ပါဝင်နေခြင်းကြောင့် ဖြစ်သည်။

ဩစတြေးလျ နိုင်ငံ အဖို့ အထက်လွှတ်တော် ဖျက်သိမ်း ခံရခြင်းကြောင့် ၎င်း၏ ဖက်ဒရယ်မှုကို ထိခိုက်မှု မရှိနိုင်ပေ။ အဘယ့်ကြောင့် ဆိုသော် ဩစတြေးလျ နိုင်ငံသည် လူမျိုးကို အခြေခံသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ မဟုတ်ဘဲ ပထဝီ အနေအထားကို အခြေခံသော ဖက်ဒရယ် ပြည်ထောင်စု ဖြစ်နေ၍ ဖြစ်သည်။ ပြည်ထောင်စု နိုင်ငံများ အဖို့ ကြီးစွာသော ထိခိုက်မှု ဖြစ်လာနိုင်သည်။ အဘယ့်ကြောင့် ဆိုသော် ထိုနိုင်ငံများတွင် အထက်လွှတ်တော်သည် လူမျိုးကို အခြေခံထားသော ပြည်ထောင်စု အဖွဲ့ဝင်များ အကြား တန်းတူညီမျှမှုကို ထိန်းညှိပေးသော အစိုးရ အဆောက်အအုံ (Governmental Institution) အဖြစ် ရပ်တည် နေရခြင်းကြောင့် ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် အထက်လွှတ်တော်သည် ပြည်ထောင်စု အစိုးရ၏ လွှမ်းမိုးမှုကို မခံထိုက် သကဲ့သို့ ဖျက်သိမ်းခံရခြင်းမှလည်း ကင်းဝေးရန် လိုသည်။ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံနှင့် အိန္ဒိယ နိုင်ငံများကဲ့သို့ ဖြစ်သင့်သည်။

၁၉၄၇၊ အခြေခံ ဥပဒေအရ မြန်မာနိုင်ငံသည် ပါလီမန် ဒီမိုကရေစီ အစိုးရ ပုံစံကို ကျင့်သုံးသော နိုင်ငံ ဖြစ်သည်။ ထိုဥပဒေ ပုဒ်မ (၁၁၅) အရ အစိုးရသည် ပြည်သူ့ လွှတ်တော်ကိုသာ အဖွဲ့လိုက် စုပေါင်း တာဝန်ခံရသည် ဖြစ်ရာ အစိုးရသည် ပြည်သူ့လွှတ်တော်၏ ထောက်ခံမှုနှင့်သာ ရပ်တည်နေရခြင်း ဖြစ်သည်။ အစိုးရ အပေါ် အယုံအကြည် မရှိ အဆို တင်သွင်းပိုင်ခွင့်သည် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တွင်သာ ရှိသဖြင့် ပါလီမန် ဖျက်သိမ်းခံရခြင်းသည် အောက်လွှတ်တော်နှင့်သာ သက်ဆိုင်ပြီး အထက်လွှတ်တော် ဖြစ်သော လူမျိုးစု လွှတ်တော်နှင့် မသက်ဆိုင်သင့်ပါ။ သို့သော် အခြေခံ ဥပဒေ (၈၈) အရ ပြည်သူ့လွှတ်တော် ဖျက်သိမ်းခံရသော အခါ လူမျိုးစု လွှတ်တော်ပါ ဖျက်သိမ်းပြီး ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုသို့ ဖျက်သိမ်းခံရခြင်း၏ အဓိပ္ပါယ်သည် လူမျိုးကို အခြေခံသော ပြည်နယ်များ အကြား တန်းတူညီမျှမှုကို ထိန်းညှိပေးသည့် လူမျိုးစု လွှတ်တော် ဖျက်သိမ်းခြင်းကို အစိုးရ အဖွဲ့အား ဦးဆောင်နေသည့် ဝန်ကြီးချုပ်၏ အကြံပေးချက် အရ သမ္မတက ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။

### အောက်လွှတ်တော်

မူအားဖြင့် အောက်လွှတ်တော်သည် ဖက်ဒရယ် ပြည်ထောင်စုမှု အရ ပြည်နယ်များ အကြား တန်းတူညီမျှရေးကို ထိန်းညှိပေးရန် တိုက်ရိုက် တာဝန် မရှိပေ။ အဘယ့်ကြောင့် ဆိုသော် အောက်လွှတ်တော်ကို အထွေထွေ ရွေးကောက်ပွဲများမှ ရွေးချယ် တင်မြှောက်ခံရသော အမတ်များဖြင့် ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်သည်။ ထိုသို့ ဖွဲ့စည်းရုံမျှဖြင့် အဘယ်ကြောင့် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ၏ တန်းတူညီမျှရေးကို ထိန်းညှိပေးရန် မဖြစ်နိုင်သနည်း။ တာဝန် မရှိဟု ပြောရပါသနည်း ဟူ၍ မေးခွန်း ထုတ်နိုင်ပါသည်။ အဖြေမှာ အထွေထွေ ရွေးကောက်ပွဲ (General Election) ဟူသော ပညတ်ချက်ကြောင့် ဖြစ်သည်။

အထွေထွေ ရွေးကောက်ပွဲ ဆိုသည်မှာ တနိုင်ငံလုံးရှိ မဲဆန္ဒနယ်မြေများ အလိုက် ကိုယ်စားပြုမည့် ကိုယ်စားလှယ်များကို ပြည်သူလူထုက တနိုင်ငံလုံး အတိုင်းအတာဖြင့် တချိန်တည်းတွင် မဲပေး ရွေးချယ်ကြသော ရွေးကောက်ပွဲများကို ဆိုလိုသည်။ ထိုရွေးကောက်ပွဲများကို ကျင်းပရာတွင် ယနေ့ ဒီမိုကရေစီ နိုင်ငံများတွင် ကျင့်သုံးသော အခြေခံမူများမှာ -

(၁) မဲပေးခွင့်ရှိသူ အားလုံး ကျယ်ကျယ်ပြန့်ပြန့် မဲပေး ရွေးချယ် တင်မြှောက်ခြင်း (Universal Suffrage)၊

(၂) လျှို့ဝှက် မဲပေး စနစ်ကို ကျင့်သုံးခြင်း (Secret Voting)၊

(၃) လွတ်လပ်သော ဆန္ဒမဲ ပေးခြင်း (Free)၊

(၄) တိုက်ရိုက် မဲပေး ရွေးချယ် တင်မြှောက်ခြင်း (Direct Election)၊

(၅) မဲပေးခွင့်ရှိသူများ အခွင့်အရေး တူညီခြင်း (Equal)၊ တို့ ဖြစ်သည်။

အဆိုပါ မူများသည် စစ်မှန်သော ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်တွင် ကျင့်သုံးသော ရွေးကောက်ပွဲ ဆိုင်ရာ အခြေခံမူများ ဖြစ်သည်။ ထိုမူများအရ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခြင်း ဖြစ်ရာ ဆန္ဒမဲများကို လူမျိုးအလိုက် ရေတွက်ရန် မဖြစ်နိုင်တော့ဘဲ တဦးချင်းစီ အလိုက်သာ ရေတွက်ရန် ဖြစ်သည်။ ထိုအခါ လူဦးရေများသော လူမျိုး၏ မဲအရေအတွက်သည် အခြားသော လူမျိုးများထက် သာလွန် နေပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံရေး ဦးဆောင်မှု အတွက် အထွေထွေ ရွေးချယ် တင်မြှောက်ခြင်းဖြင့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး ယုံကြည်မှု စသည်ဖြင့် ကွဲပြား ခြားနားနေသော လူအုပ်စုများ၏ တန်းတူညီမျှမှုကို မဖြစ်စေနိုင်တော့ပေ။ ဤသည်မှာ အထွေထွေ ရွေးကောက်ပွဲ ရလဒ်ပင် ဖြစ်သည်။ ဤသို့ဆိုလျှင် ပြည်ထောင်စု နိုင်ငံ တခုတွင် ပြည်ထောင်စု အဖွဲ့ဝင်များ၏ တန်းတူညီမျှမှုကို ထိန်းညှိပေးရန် အတွက် ထိုသို့သော ရွေးကောက်ပွဲ မရှိအပ်ဟု တချို့က အကြံပေးကောင်း ပေးလိမ့်မည်။ သို့သော် ထိုရွေးကောက်ပွဲကိုကား လုံးဝ ဖယ်ရှားနိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းကို တည်ဆောက်မည် ဆိုပါက နိုင်ငံရေး ဦးဆောင်မှု နေရာအတွက် အထွေထွေ ရွေးကောက်ပွဲသည် မရှိမဖြစ် လိုအပ်နေမည်သာ ဖြစ်သည်။

အဆိုပါ ပြဿနာကို ဒီမိုကရေစီနှင့် ဗဟုဝုစ် လူ့အဖွဲ့အစည်း (Plural Society ) ခေါ် ကွဲပြားခြားနားသော အုပ်စုများ နေထိုင်သည့် လူ့အဖွဲ့အစည်း အကြား ပဋိပက္ခဖြစ်မှု ပြဿနာ ဟူ၍ လေ့လာနိုင်ပါသည်။ ဗဟုဝုစ် လူ့အဖွဲ့အစည်းဟု ဆိုရာတွင် လူမျိုးကို အခြေခံ ဖွဲ့စည်းသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများလည်း အပါအဝင် ဖြစ်သည်။ အထက်၌ တင်ပြခဲ့သည့် အတိုင်း အထွေထွေ ရွေးကောက်ပွဲကို ဒီမိုကရေစီ အုပ်ချုပ်ရေး အတွင်းမှ ဖယ်ရှားခြင်း မပြုနိုင်သဖြင့် ထိုပြဿနာ ဖြစ်လာခြင်း ဖြစ်သည်။ အဖြေရှာမှု အနေဖြင့် ကြိုးစားကြရာတွင် အထွေထွေ ရွေးကောက်ပွဲကို ပြောင်းလဲခြင်း မလုပ်ဘဲ ဖြစ်လာသည့် ပဋိပက္ခ ပြဿနာ နဲပါးစေသည့် နည်းလမ်းများကို ရှာဖွေ တွေ့ရှိလာကြသည်။ ထိုနည်းလမ်းက အထွေထွေ ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြု စနစ် (Proportional Representation) ကို ကျင့်သုံးလာခြင်း ဖြစ်သည်။ ထိုရွေးချယ် တင်မြှောက်ပုံ စနစ်အရ လူဦးရေ နည်းသော အုပ်စုများသည်လည်း ပါလီမန် အောက်လွှတ်တော်တွင် ပို၍ ကိုယ်စားပြုခွင့် ရလာကြသည်။

တပြည်ထောင် စနစ် နိုင်ငံတွင် ဖြစ်စေ၊ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတွင် ဖြစ်စေ လွှတ်တော် ၂ ရပ် ဥပဒေပြု ပါလီမန် (Bicameral Legislature) စနစ်ကို ကျင့်သုံးရာတွင် အောက်လွှတ်တော် ဖွဲ့စည်းခြင်းသည် ဒီမိုကရေစီ အခြေခံ ကျင့်စဉ်များ အရသာ ပြုလုပ်တတ်ကြသည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ၏ အောက်လွှတ်တော်ကိုလည်း ဖက်ဒရယ်မူ အရ ဖွဲ့စည်းခြင်းထက် ဒီမိုကရေစီမူများ အရသာ ဖွဲ့စည်းခြင်း ပြုကြသည်။ အခြား တဖက်တွင်လည်း ဗဟုဝုစ် လူ့အဖွဲ့အစည်း ရှိသော နိုင်ငံ တခု၌ ဒီမိုကရေစီ ကျင့်သုံးရာတွင် ဖြစ်နိုင်သမျှ ပြဿနာ နဲနိုင်စေရေး အတွက် နည်းလမ်း ရှာကြရင်းဖြင့် အချိုးကျ ကိုယ်စားပြုမှု စနစ် ကျင့်သုံးသော ရွေးကောက် တင်မြှောက်ပုံ စနစ်ကို ဖော်ထုတ်လာကြသည်။ ထိုရွေးချယ် တင်မြှောက်ပုံ စနစ်အရ ဒီမိုကရေစီ ကျင့်သုံးခြင်းကို (Concensus Democracy) ဟုလည်း ခေါ်သည်။

## ၅။ ပြည်ထောင်စုနိုင်ငံနှင့်လက်နက်ကိုင်တပ်များ

ပြည်ထောင်စု နိုင်ငံ တခု၌ ရှိသော လက်နက်ကိုင်တပ်များနှင့် တပြည်ထောင် စနစ် နိုင်ငံ တခုတွင် ရှိသော လက်နက်ကိုင် တပ်များ ဖွဲ့စည်းထားပုံ ကွာခြားတတ်သည်။ အကြောင်းအရင်းမှာ အာဏာခွဲဝေ ကျင့်သုံးမှုကြောင့် ဖြစ်သည်။ အာဏာခွဲဝေ ကျင့်သုံးမှုတွင် လက်နက် ကိုင်တပ်များ ခွဲဝေ ဖြန့်ကျက်ထားခြင်း၊ စုပေါင်း ဖွဲ့စည်းထားခြင်းသည်လည်း အကျုံးဝင်သည်။

အဓိကအားဖြင့် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ အတွင်းရှိ လက်နက်ကိုင် တပ်များကို သာမန် အချိန်တွင် ဖြန့်ကျက်ထားပြီး မည်သည့် လူတဦး၊ လူတစုကမျှ ထိုတပ်များကို အမိန့် ပေးထိန်းချုပ်မှု အလွယ်တကူ ပြုလုပ်နိုင်ပြီး တပ်ကို တလွဲအသုံးမချနိုင်ရန် စီစဉ်ထားရသည်။ သာမန် အခြေအနေတွင် ထိုတပ်များကို နိုင်ငံရေးတွင် ဝင်ရောက် မစွက်ဖက်စေလို၍ ဖြစ်သည်။ ပြည်ထောင်စုကြီး တခုလုံးနှင့် ပတ်သက်သည့် ပြည်ပနိုင်ငံများနှင့် စစ်မက် ဖြစ်ပွားသော အခါ ပြည်ထောင်စု အစိုးရ၏ ထိန်းချုပ်မှုနှင့် အမိန့်ပေးမှုအောက်တွင် ပြည်ထောင်စု နိုင်ငံတော် ကာကွယ်ရေးကို ထမ်းဆောင်ရန် ဖြစ်သည်။

မည်သည့် စစ်တပ်မဆို ဗဟို ဦးစီးချုပ်ကိုင်မှု အပြည့်အဝဖြင့် ဖွဲ့စည်း တည်ထောင်ထားသော လက်နက်ကိုင် တပ်ဖွဲ့များ ဖြစ်ရာ သာမန် အချိန်တွင် လူတဦး သို့မဟုတ် လူတစုတွင် ထိုစစ်တပ်ကို အမိန့်ပေးနိုင်သော အခွင့်အာဏာရှိလျှင် ထိုသူသည် နိုင်ငံရေးကို ထိုအာဏာ အားကိုးဖြင့် ဝင်ရောက် ဆောင်ရွက်နိုင်သည်။ စစ်တပ်သည် ဒီမိုကရေစီ၏ ရန်သူဖြစ်ကြောင်း နိုင်ငံရေး သိပ္ပံပညာရှင်များက အခိုင်အမာ ပြောကြသည်။ ပြည်ထောင်စု နိုင်ငံသည် ပြည်ထောင်စုနှင့် အဖွဲ့ဝင်များ အကြား အာဏာခွဲဝေ ကျင့်သုံးသော စနစ်ဖြစ်ရာ စစ်တပ်ကို နိုင်ငံရေးတွင် ပါဝင် စွက်ဖက်ခွင့် ပြုထားပါက စစ်တပ်၏ ဗဟို ဦးစီး ချုပ်ကိုင်မှုကြောင့် အာဏာခွဲဝေရေးကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပြည်ထောင်စု နိုင်ငံများတွင် စစ်တပ်ကို နိုင်ငံရေးနယ်ပယ်မှ ကင်းလွှတ်နေစေရန် အထူးစီမံချက်အရ ပြုလုပ်ကြသည်။

### တပ်ဖွဲ့စည်းထားပုံ

ပြည်ထောင်စု နိုင်ငံတွင် လက်နက်ကိုင် တပ်များကို ပြည်ထောင်စု အစိုးရ ထိန်းချုပ်မှု အောက်တွင်ရှိသော တပ်များနှင့် ပြည်ထောင်စု အဖွဲ့ဝင်များ ထိန်းချုပ်မှု အောက်တွင်ရှိသော တပ်များအဖြစ် ၂မျိုး ထားရှိသည်။ ကြည်းတပ်၊ ရေတပ်၊ လေတပ်များကို ပြည်ထောင်စု အစိုးရ၏ လေ့ကျင့်ပေးမှု၊ ထောက်ပံ့မှု အောက်တွင် ထားရှိကြသည်။ ပြည်ထောင်စု အဖွဲ့ဝင်များ၏ ထိန်းချုပ်မှု အောက်တွင် ရဲတပ်ဖွဲ့များ၊ နယ်ခြားစောင့်တပ်များ၊ လုံခြုံရေးတပ်များ ထားရှိကြသည်။ ပြည်ထောင်စု ထိန်းချုပ်မှု အောက်တွင်ရှိသော တပ်များကို အဖွဲ့ဝင်များ၏ လူဦးရေ အချိုးအစားအရ

စေလွှတ်ရသော အင်အား အရေအတွက်များဖြင့် ဖွဲ့စည်းထားကြသည်။ သို့မဟုတ် ပြည်ထောင်စု ဥပဒေပြု အဖွဲ့က ပြဋ္ဌာန်းသော ဥပဒေများနှင့် အညီ ဖြစ်စေ ဖွဲ့စည်း ထားကြသည်။

ဆွစ်ဇာလန်နိုင်ငံတွင် လက်နက်ကိုင် တပ်များကို ဤသို့ ဖွဲ့စည်းထားသည်။ ပြည်ထောင်စု တပ်မတော်တွင် ကန်တွန်များမှ တပ်ဖွဲ့များနှင့် စစ်မှုထမ်းရန် တာဝန်ရှိသူ ဆွစ်ဇာလန် နိုင်ငံသားများ စုပေါင်း ပါဝင် ဖွဲ့စည်းထားရမည်ဟု ဆွစ်ဇာလန်နိုင်ငံ အခြေခံ ဥပဒေ ပုဒ်မ (၁၉)၊ ပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည်။ ပုဒ်မ (၁၃) ၌လည်း ပြည်ထောင်စု အာဏာပိုင်များ၏ သဘောတူ ခွင့်ပြုချက် မရဘဲ မည်သည့် ကန်တွန်မျှ ရဲတပ်ဖွဲ့ဝင်မှ အပ အမြဲတမ်း တပ်ဖွဲ့များတွင် လူဦးရေ ၃၀၀ ထက်ပို၍ ဖွဲ့စည်းခွင့် မရှိကြောင်း ပြဋ္ဌာန်းထားသည်။

ဆွစ်ဇာလန် နိုင်ငံတွင် အခြေခံ ဥပဒေ ပုဒ်မ (၁၉) အရ ထူထောင်ထားသော ပြည်ထောင်စု တပ်မတော် အတွက် လေ့ကျင့် ပညာရေးနှင့် ထောက်ပံ့ရေးကို ပြည်ထောင်စု အစိုးရက တာဝန် ယူရသည်။ ပြည်ပနိုင်ငံများနှင့် စစ်မက်ဖြစ်ပွားချိန်တွင် ကန်တွန်များ၏ ထိန်းချုပ်မှု အောက်တွင်ရှိသော တပ် အပါအဝင် အားလုံးသော လက်နက်ကိုင် တပ်များသည် ပြည်ထောင်စု အစိုးရ၏ အမိန့်ပေးမှု၊ ထိန်းချုပ်မှုအောက်တွင် ရှိသည်။

အမေရိကန်နိုင်ငံတွင် လက်နက်ကိုင်တပ်များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဤသို့ ပြဋ္ဌာန်းထားသည်။ အမေရိကန် ပြည်ထောင်စု လွှတ်တော် (Congress) သည် စစ်ကြေညာခြင်း၊ အရပ်သားများအား စစ်ရေး ကိစ္စများ အတွက် တာဝန်ပေးခြင်း၊ ကုန်းကြောင်းတွင် ဖမ်းဆီးရမိသော အရာများနှင့် စပ်လျဉ်းသော စည်းကမ်း ဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်း အာဏာများ ပိုင်ဆိုင်စေရမည်။ သို့ရာတွင် စစ်တပ် အတွက် သုံးငွေကို ၂ နှစ်ကာလ အတွက် ကုန်ကျ ငွေထက် ပို၍ လျာထား ထုတ်ယူသုံးစွဲခြင်း မပြုစေရ။ ရေတပ် တည်ထောင်နိုင်၍ ကုန်ကျစရိတ်ကို တာဝန်ခံရမည်။ အစိုးရအဖွဲ့နှင့် ကြည်းတပ်၊ ရေတပ် လက်နက်ကိုင်အဖွဲ့အစည်းများ လိုက်နာရမည့် စည်းကမ်း၊ ဥပဒေများ၊ နိုင်ငံ တရား ဥပဒေ စိုးမိုးရေး၊ ပုန်ကန်မှုများကို နှိပ်ကွပ်ခြင်းနှင့် ကျူးကျော်မှုများကို တွန်းလှန်ခြင်း ကိစ္စရပ်များအတွက် ပြည်နယ် လက်နက်ကိုင် တပ်ဖွဲ့များ (Militia) ကို ဆင့်ခေါ်၍ ကုန်ကျစရိတ်ကို ကျခံနိုင်စေရမည်။ ပြည်နယ် လက်နက်ကိုင် တပ်ဖွဲ့များအား စုဆောင်းခြင်း၊ လက်နက် တပ်ဆင်ခြင်း ၎င်းတို့နှင့် စပ်လျဉ်းသော စည်းကမ်းများ ပြဋ္ဌာန်းခြင်း၊ အမေရိကန် ပြည်ထောင်စု၏ တာဝန်ကို ထမ်းဆောင်နေသော ပြည်နယ်လက်ကိုင်တပ်ဖွဲ့ အစိတ်ပိုင်းများသို့ တိုက်ရိုက် အုပ်ချုပ်နိုင်သော အာဏာများ ပိုင်ဆိုင် စေရမည်။ သို့ရာတွင် ပြည်နယ် လက်နက်ကိုင်များနှင့် စပ်လျဉ်း၍ အရာရှိများ အား ရာထူးခန့်ထားခြင်းနှင့် အမေရိကန် ပြည်ထောင်စု၏ လွှတ်တော်မှ ပြဋ္ဌာန်းသော စည်းကမ်းများနှင့် အညီ ပြည်နယ် လက်နက်ကိုင် တပ်ဖွဲ့များအား လေ့ကျင့် သင်တန်းပေးနိုင်သော အာဏာများသည် ပြည်နယ်များတွင် တည်စေရမည် ဟု အမေရိကန် အခြေခံ ဥပဒေ အခန်း (၁)၊ ပုဒ်မ (၈) တွင် ပြဋ္ဌာန်း ထားရှိသည်။

အမေရိကန် ပြည်ထောင်စုနှင့် ပြည်ထောင်စု သမ္မတ ဂျာမဏီ နိုင်ငံတို့သည် ပထဝီ အနေထားကို အခြေခံ သော ပြည်ထောင်စု အဖွဲ့ဝင်များ အဖြစ် ဖွဲ့စည်းထားသော ပြည်ထောင်စု နိုင်ငံများ ဖြစ်ကြသည်။ ပြည်ထောင်စု တပ်မတော်ကို ဖွဲ့စည်းထားရာတွင်လည်း ပြည်နယ်များမှ လက်နက်ကိုင် တပ်ဖွဲ့များကို လိုအပ်သည့် အချိန်တွင် စနစ်တကျ စုဖွဲ့ခြင်း၊ ဗဟို အစိုးရ၏ အမိန့်ပေးမှုအောက်တွင် ကာကွယ်ရေး တာဝန် ထမ်းဆောင်ခြင်း တို့ကို အလျှင်အမြန်နှင့် စနစ်တကျ ပြုလုပ်နိုင်သည်။ ထို့အပြင် နိုင်ငံရေးတွင် ပါဝင် ပတ်သက်ခြင်း မရှိစေရန်လည်း စီမံထား နိုင်သည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်း နိုင်ငံရေး ပြဿနာ အလွန်ရှုပ်ထွေးသော နိုင်ငံ တခု ဖြစ်သည်။ လူမျိုးကို အခြေခံ ဖွဲ့စည်းသော အိန္ဒိယ ပြည်ထောင်စု တပ်မတော်သည် နိုင်ငံရေးနှင့် ကင်းရှင်းစွာ ရပ်တည်ခဲ့သည်။ ဗဟို အစိုးရရှိ မည်သည့်ပုဂ္ဂိုလ် (ဝန်ကြီးချုပ် သို့မဟုတ် ကာကွယ်ရေး ဝန်ကြီး) ကမျှ စစ်တပ် အားကိုးဖြင့် နိုင်ငံရေး ပြဿနာများကို အနိုင်ယူခြင်း မရှိပါ။ ထို့အတူ မည်သည့် ပြည်နယ်ကမျှ ပြည်ထောင်စု တပ်မတော်တွင် ဖွဲ့စည်းထားသော ပြည်နယ်မှ တပ်အားကိုးဖြင့် လူမျိုးရေး ပြဿနာကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေး ပြဿနာများကို ဖြေရှင်းခြင်း မပြုနိုင်ပါ။ အိန္ဒိယနိုင်ငံတွင် လူမျိုးရေး ပြဿနာများ ရှုပ်ထွေးလျက် ရှိသော်လည်း အိန္ဒိယ ပြည်ထောင်စု တပ်မတော်သည် တည် ငြိမ်လျက်သာ ရှိသည်။

လူမျိုးကို ဖွဲ့စည်းထားသော ပြည်ထောင်စု နိုင်ငံဖြစ်သည့် ယူဂိုဆလားဗီးယားနိုင်ငံ၏ လက်နက်ကိုင် တပ်များ ဖွဲ့စည်းမှုကို လေ့လာလျှင် ပြည်နယ်များတွင် (Coat of Arms ) ခေါ် လက်နက်ကိုင် တပ်ဖွဲ့များ ထားရှိခွင့် ရှိသည်။ ပြည်ထောင်စု၏ ထိန်းချုပ်မှု အောက်ရှိ ပြည်ထောင်စု တပ်မတော်တွင်လည်း ပြည်နယ်များမှ စေလွှတ်သည့် တပ်များဖြင့် ဖွဲ့စည်းထားသည်။ ယူဂိုဆလားဗီးယား နိုင်ငံတွင် အဓိက လူမျိုးကြီး ၅ မျိုးခန့် နေထိုင်လျက် ရှိသော်လည်း ပြည်ထောင်စု တပ်မတော်တွင် ဆပ်လူမျိုး (Serb) များက (၆၀) ရာခိုင်နှုန်းမျှ ပါဝင်နေသည်။ လူမျိုး အခြေခံ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အတွက် လူမျိုး တမျိုးတည်းက ထိုမျှအထိ အချိုးအစားဖြင့် ပြည်ထောင်စု တပ်မတော်တွင် ပါဝင် ဖွဲ့စည်းခြင်းမျိုးကို သတိချပ်သင့်သည်။ ၁၉၉၁ ခုနှစ်၊ ဇွန်လတွင် ဆလိုဗေးနီးယား ပြည်နယ်က လွတ်လပ်ရေး ကြေညာခြင်းသည် ပြည်နယ်ရှိ မိမိ ထိန်းချုပ်ထားသော တပ်နှင့် ပြည်ထောင်စု တပ်မတော်ရှိ ၎င်းလူမျိုးများ၏ တပ်အင်အားကို ယုံကြည် ကိုးစားခြင်းက လွတ်လပ်ရေး ကြေညာရန် အားဖြည့်ပေးသော အချက် တချက် ဖြစ်သည်။

စစ်တပ်တွင် ပြည်ထောင်စုနိုင်ငံ အတွင်း ပြည်ထောင်စု တပ်မတော်ကို ပြည်နယ်များကသော် လည်းကောင်း၊ ပြည်ထောင်စုကသော်လည်းကောင်း နိုင်ငံရေးပြဿနာတွင် အသုံးမပြုနိုင်ခြင်းသည် ပြည်ထောင်စု တပ်မတော်အတွက် လိုအပ်သော စံတရပ် ဖြစ်သည်။ ပြည်ထောင်စု တပ်မတော် ဖြစ်ရကား ပြည်ထောင်စု အစိုးရ၏ အမိန့်ပေးမှုကို နာခံရန် လိုအပ်သည်။ ပြည်ထောင်စု အစိုးရ အနေနှင့် မတရားသော အမိန့် ပေးနေပါလျှင် ပြည်နယ် အသီးသီးသည် ပြည်ထောင်စု တပ်မတော်ရှိ ၎င်းတပ်များကို ဗဟို အစိုးရ၏ အမိန့်ကို မနာခံရန် တပြိုင်တည်း အမိန့်ပေးခြင်းဖြင့် ပြည်ထောင်စု အစိုးရက မတရားသော အမိန့်ပေးမှုကို ကာကွယ်နိုင်ပေသည်။

ပြည်ထောင်စု တပ်မတော်တွင် ထိုသို့ ပြည်နယ် တခုတည်းက ထက်ဝက်ကျော်သည် အထိ တပ်အင်အားဖြင့် ပါဝင် ဖွဲ့စည်းခွင့် ရခြင်းမျိုးသည် ထိုပြည်နယ်အတွက် အားကိုးတရပ် ဖြစ်စေသည်။ ဤသို့ ဖွဲ့စည်းမှုမျိုးကို သတိချပ်သင့်ပေသည်။

## ၆။ ဖက်ဒရယ် ပြည်ထောင်စုမှုကိုအကဲဖြတ်သော စံများ

ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အကြောင်းကို ပြင်ပ လေ့လာသူများ အနေဖြင့် စံအဖြစ် လက်ခံထားသော အချက်များအရ နှိုင်းယှဉ် လေ့လာကြသည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအသီးသီးသည် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် သဘောတရားအားဖြင့် ဖက်ဒရယ် ဖြစ်သည်ဟု ဆိုနိုင်သော်လည်း အနှစ်သာရအားဖြင့်ကား အားလုံးသည် ဖက်ဒရယ်စစ်စစ် ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဆိုလိုသည်မှာ စာတွေ့နှင့် လက်တွေ့ ခြားနားတတ်သည်။ ထို့ကြောင့် နိုင်ငံရေးကို နှိုင်းယှဉ် လေ့လာသူများအား ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု၏ သဘောတရားပိုင်း အရ မည်သို့ ဆိုထားသည်ကို အဓိကထား လေ့လာခြင်းထက် လက်တွေ့ကျ၍ ဖက်ဒရယ် ဟုတ်/မဟုတ်ကို အကဲဖြတ်နိုင်သော အောက်ပါ ပုံစံများကိုသာ အဓိကထား စဉ်းစားကြသည်။

(က) ဗဟို အစိုးရနှင့် ပြည်နယ် အစိုးရများကြား အာဏာခွဲဝေမှု (Division of Power Between Center and the State)

(ခ) အခြေခံ ဥပဒေ အထွဋ်အမြတ် ဖြစ်မှု (Supremacy of Constitution)

(ဂ) ရေးဆွဲပြဋ္ဌာန်းသော အခြေခံ ဥပဒေ (Written Constitution)

(ဃ) အခြေခံ ဥပဒေ ပြင်ဆင်မှုနှင့် ပတ်သက်သော တင်းကြပ်မှု (Rigid Constitution)

(င) တရားရေးမဏ္ဍိုင်၏ အထူးအာဏာ (Special Judiciary)

ဗဟို အစိုးရနှင့် ပြည်နယ် အစိုးရများ အကြား အာဏာခွဲဝေမှုကို အခြေခံ၍သာ နိုင်ငံတခုသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ ဟုတ်/မဟုတ်ကို အကဲဖြတ်ရသည်။ ပြည်ထောင်စုကို မည်သို့ မည်ပုံ ဖွဲ့စည်းထားသနည်း ဆိုသည့် အချက်မှာ ဖက်ဒရယ် စစ်/မစစ် စဉ်းစားရာတွင် အဓိက မကျပေ။ အစိုးရများကြား အာဏာခွဲဝေမှုသာ အဓိက ကျပါသည်။ ထို့ကြောင့် ဖက်ဒရယ် ပြည်ထောင်စုကို နိုင်ငံ ဖွဲ့စည်းမှု ပုံသဏ္ဌာန်ဟု နားလည်ခြင်းထက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရ ပုံသဏ္ဌာန် အမျိုးမျိုးထဲမှ ဗဟိုနှင့် ပြည်နယ်များ အကြား အာဏာခွဲဝေ ကျင့်သုံးသော အစိုးရ ပုံစံဟူ၍လည်း နားလည်နိုင်ပေသည်။ သို့ဖြစ်၍ စစ်မှန်သော ဖက်ဒရယ် အစိုးရတရပ် ဟုတ်/မဟုတ်ကို ထိုနိုင်ငံအတွင်း ဗဟို အစိုးရနှင့် ပြည်နယ် အစိုးရများကြား အာဏာခွဲဝေမှုကို လိုက်၍ ဆုံးဖြတ်ရသည်။

ထိုသို့ စဉ်းစားရာတွင် အာဏာခွဲဝေရာ၌ ကြွင်းကျန်သော အာဏာများကို ဗဟို သို့မဟုတ် ပြည်နယ်၊ မည်သူက ကျင့်သုံးခွင့် ရှိသနည်း ဆိုသည့် အချက်ကို အလေးပေး စဉ်းစားကြသည်။ စစ်မှန်သော ဖက်ဒရယ် အစိုးရများဟု အများက အသိအမှတ်ပြုသော အမေရိကန် ပြည်ထောင်စုနှင့် ဆွစ်ဇာလန် နိုင်ငံများတွင် ကြွင်းကျန်သော အာဏာများကို ပြည်နယ်များက ကျင့်သုံးခွင့် ရှိပြီး၊ ကြွင်းကျန်သော အာဏာများကို ဗဟို အစိုးရက ကျင့်သုံးသော မြန်မာနှင့် အိန္ဒိယနိုင်ငံတို့ကို တဝက်တပျက် ဖက်ဒရယ် (Quasi-Federal) ဟု လေ့လာသူများက သတ်မှတ်ကြသည်။

ဒုတိယ အချက်ဖြစ်သော အခြေခံ ဥပဒေ အထွဋ်အမြတ် ဖြစ်မှုသည် ဖက်ဒရယ် ပြည်ထောင်စု၏ ခိုင်မာမှုကို အာမခံချက် ပေးရသော ကိစ္စ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခုတွင် လုပ်ပိုင်ခွင့်ရှိသော အစိုးရများသည် တခုထက် ပို၍ အပြိုင်အဆိုင် ပေါ်ထွက် နေကြသည်။ ဗဟို အစိုးရနှင့် ပြည်နယ် အစိုးရများ အားလုံးသည် ၎င်းတို့၏ လုပ်ပိုင်ခွင့် အာဏာကို အခြေခံ ဥပဒေက အပ်နှင်းသည့် အတိုင်းသာ ကျင့်သုံးရပေမည်။ အခြေခံ ဥပဒေအရ အတိအကျ ကန့်သတ်မှု မရှိလျှင် အချင်းချင်း အကြား အငြင်းပွားမှုများ ဖြစ်လာနိုင်သည်။ ထို့အပြင် ကန့်သတ်ထားသော်လည်း အချိန်မရွေး အငြင်းပွားမှုများ ထပ်မံ ဖြစ်ပေါ်လာနိုင်သည်။ အစိုးရတရပ်၏ အာဏာများကို တည်တည်ငြိမ်ငြိမ် ကျင့်သုံးနိုင်စေရေး အတွက် နိုင်ငံတဝန်းတွင် အခြေခံ ဥပဒေ အထွဋ်အမြတ် ဖြစ်စေရန်လိုသည်။

တတိယ အချက်ဖြစ်သော ရေးဆွဲပြဌာန်းသည့် အခြေခံ ဥပဒေ ဆိုသည်မှာ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခု အနေဖြစ် အခြေခံ ဥပဒေကို ရေးဆွဲ၍ ပြဌာန်းရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ အချို့သော နိုင်ငံများတွင် ရေးဆွဲ ပြဌာန်းထားသော အခြေခံ ဥပဒေ မရှိတတ်ပေ။ ဥပမာ - ဂရိတ်ဗြိတိန်နှင့် အစ္စရေး ကဲ့သို့သော နိုင်ငံများ ဖြစ်သည်။ ယင်းနိုင်ငံများသည် တပြည်ထောင်စနစ် နိုင်ငံများသာ ဖြစ်ကြ၍ ပြဿနာ မရှိသော်လည်း ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုဖို့ ဆိုလျှင် ပြဿနာ များစွာကို ဖြစ်ပေါ်စေနိုင်သည်။ ရေးဆွဲ ပြဌာန်းထားသော အခြခံ ဥပဒေ အထွဋ်အမြတ် ဖြစ်မှုကို တည်ဆောက်နိုင်မည် မဟုတ်ပေ။

စတုတ္ထ အချက်ဖြစ်သော အခြေခံဥပဒေ ပြင်ဆင်မှုနှင့် ပတ်သက်၍ တင်းကြပ်မှုသည် အခြေခံ ဥပဒေ အထွဋ် အမြတ် ဖြစ်မှုကဲ့သို့ အရေးကြီးသော ကိစ္စဖြစ်သည်။ တပြည်ထောင်စနစ် နိုင်ငံနှင့် နှိုင်းယှဉ်လျှင် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတိုင်းလိုလို အခြေခံဥပဒေ ပြင်ဆင်ရေး ကိစ္စကို တင်းတင်းကြပ်ကြပ် ပြုလုပ်ကြရသည်။ အဘယ် ကြောင့်ဆိုသော် ပြည်ထောင်စု အဖွဲ့ဝင်များ အကြား သဘောတူညီ၍ လက်ခံထားပြီးသော အခြေခံ ဥပဒေ တရပ်သည် ဗဟိုအစိုးရ တဦးတည်း၏ သဘောထားနှင့် ပြုပြင်ခွင့် လုံးဝမရှိပါ။ တပြည်ထောင်စနစ် နိုင်ငံများတွင် ဗဟိုအစိုးရအဆင့် ရှိ ဥပဒေပြု လွှတ်တော်က ၎င်း၏ သဘောအလျှောက် အခြေခံ ဥပဒေကို ပြင်နိုင်သော အခွင့်အာဏာသည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင်မူ ပြည်ထောင်စု အဖွဲ့ဝင်များ၏ အကျိုးစီးပွားကို ထိခိုက်သည် ဟူသော အခြေခံ ယူဆချက်ဖြင့် လွယ်လွယ်နှင့် ပြင်ခွင့် မရှိခြင်း ဖြစ်သည်။

ပဉ္စမ အချက်ဖြစ်သော တရားရေး မဏ္ဍိုင်၏ အထူးအာဏာသည် အစိုးရများ အချင်းချင်းအကြား အငြင်းပွားမှု ကို ဖြေရှင်းရာတွင် အထူးအရေးကြီးသော ကိစ္စကို အဆုံးအဖြတ် ပေးရသည်။ အထက်ပါ အချက်များသည် ပြင်ပမှ နေ၍ ဖက်ဒရယ် စစ်/မစစ် လေ့လာသူများက အခြေခံထား စဉ်းစားသော အချက်များ ဖြစ်သည်။

# အခန်း (၄)၊ ဖက်ဒရယ်စနစ်နှင့် ဆက်စပ်နေသော နိုင်ငံရေး အကြောင်းချင်းရာများ




*ကာတွန်း - ဟန်လေး*

## ၁။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ဆိုဗီယက် ပြည်ထောင်စုနှင့် မြန်မာကဲ့သို့သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများ အဖို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးသည် ဖက်ဒရယ်မူ၏ မဖြစ်မနေ ပါဝင်ရမည့် မူဖြစ်သည်ဟု အချို့က ပြောဆို နေကြသော်လည်း ကမ္ဘာ့ ဖက်ဒရယ် ပြည်ထောင်စုများကား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နိုင်ငံရေးမူ တရပ်အဖြစ် ရှုမြင်ခြင်း မရှိပေ။ အချို့သော ပညာရှင်များနှင့် လေ့လာသူများက ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများအဖို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စု အဖွဲ့ ဝင်များအတွက် အာမခံပေးထားခြင်းကိုပင် ဝေဖန်ကြသည်။ အကြောင်းမှာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် နိုင်ငံရေး အရဖြစ်စေ၊ ဥပဒေ အကြောင်းအရ ဖြစ်စေ တိကျ ရှင်းလင်းသော အဓိပ္ပါယ် သတ်မှတ်ချက် မရှိခြင်းနှင့် ယေဘုယျ အားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးသော လူ့အဖွဲ့အစည်းသည် ပူးတွဲထားသော နိုင်ငံ သို့မဟုတ် အင်ပါယာမှ ခွဲထွက်ခွင့် ရှိကြောင်းကို သဘောပေါက်ထားကြ၍ ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတခုတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရေးသည် လွယ်လွယ်နှင့် လက်ခံနိုင်သော ကိစ္စ မဟုတ်ကြောင်း ပညာရှင်များက အထူးသဖြင့် နိုင်ငံတကာက ဥပဒေ ပညာရှင်များ အကြားတွင် ငြင်းခုံမှုများ ရှိနေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများ အားလုံး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ မတွေ့ရပေ။ သို့သော် ထူးခြားစွာ ဆိုဗီယက် ပြည်ထောင်စု တခုတည်းက ခွဲထွက်ခွင့် အပါအဝင် ပြည်ထောင်စု အဖွဲ့ဝင်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးရေးကို အသိအမှတ် ပြုခဲ့ကြသည်။

မြန်မာနိုင်ငံရေး ကျွမ်းကျင်သူ နိုင်ငံရေး သိပ္ပံပညာရှင် ဆေးလ်ပါးစတိမ်း (Josef Silver Stein) အပါအဝင် မြန်မာနိုင်ငံရေးကို လေ့လာသူများက မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့ဖူးသော ၁၉၄၇ အခြေခံ ဥပဒေ၏ ဖက်ဒရယ်မူများသည် ဆိုဗီယက် ပြည်ထောင်စုမူကို မှီငြမ်းထားသည်ဟု ဝေဖန် သုံးသပ်ကြသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်းများ အရလည်း မြန်မာနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စု တခုအဖြစ် တည်ဆောက်ရာတွင် လေ့လာ ကိုးကားစရာအဖြစ် ဆိုဗီယက် ပြည်ထောင်စုအကြောင်းကို အကြိမ်ကြိမ် ပြောခဲ့ဖူးသည်ကို တွေ့ရသည်။ ထိုအပြင် မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းစဉ် ကာလက မြန်မာနိုင်ငံ၌ တွေ့ကြုံခဲ့ရသော တိုင်းရင်းသား လူမျိုးစု စည်းလုံး ညီညွတ်ရေးနှင့် အချို့ ပြဿနာရပ်များ ဖြေရှင်းရေးတို့တွင် အစိတ်အပိုင်း အားဖြင့် ဆိုဗီယက် ပြည်ထောင်စု အတွေ့အကြုံများနှင့်လည်း တူနေသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ၁၉၄၇၊ အခြေခံ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းသော အခါတွင် ဆိုဗီယက် ပြည်ထောင်စု ကဲ့သို့ပင် နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးကို အာမခံချက် ပေးသည့် အနေဖြင့် တိုင်းရင်းသား ပြည်နယ်များ၏ ခွဲထွက်ခွင့် အခွင့်အရေးကို အခြေခံ ဥပဒေတွင် ထည့်သွင်း ဖော်ပြခဲ့သည်။ တပြိုင်နက်တည်းတွင် တိုင်းရင်းသား လူမျိုးစုများ အဖို့ မိမိတို့ ကံကြမ္မာ မိမိတို့ ဆုံးဖြတ်ခွင့်ဟု အဓိပ္ပါယ်ရသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် မြန်မာ တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေးထဲသို့ ရောက်လာပြီး အခြခံ ဥပဒေအရ ကျင့်သုံးနိုင်သော ခွဲထွက်ခွင့် သည်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အမြင့်ဆုံး အခွင့်အရေးအဖြစ် တိုင်းရင်းသား လူမျိုးများက ရှုမြင်ကြသည်။ ထိုအချိန်မှစ၍ မြန်မာ့ ဖက်ဒရယ် ပြည်ထောင်စုမူနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ခွဲမရဘဲ ဒွန်တွဲ နေခဲ့သည်။ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ် (DAB) က ကမကထပြု ရေးဆွဲသော အခြေခံ ဥပဒေမူကြမ်းကို လေ့လာရာတွင် မြန်မာ ဖက်ဒရယ်မူ၏ ဝိသေသ လက္ခဏာ အဖြစ် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသော အမျိုးသား ပြည်နယ်များဖြင့် ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်းသည် ဟူသောမူကို တွေ့နိုင်သည်။

ကမ္ဘာ့ ဖက်ဒရယ် နိုင်ငံများတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ တစုံတရာ ပြဋ္ဌာန်းချက်မျိုး မရှိပါ။ နိုင်ငံတကာဥပဒေအရာတွင် အငြင်းပွားလျက် ရှိသော်လည်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ၂၀ ရာစု၏ ဒုတိယ ရာစုဝက်နှစ်များတွင် ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ရှေ့တန်းမှ နေရာယူထားသော အကြောင်းအရာများအနက် တခုအပါအဝင် ဖြစ်လာသည်။ ထိုသို့ နေရာယူလာရခြင်း၏ နောက်ကွယ်မှ အကြောင်းအရင်းသည် သက်ဆိုင်ရာ ပြည်သူများ၏ လူ့အခွင့်အရေး ကျင့်သုံးမှုနှင့် သက်ဆိုင်နေသည်။ ဆိုဗီယက် ပြည်ထောင်စု၊ မြန်မာနိုင်ငံ ကဲ့သို့သော နိုင်ငံများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးရေးသည် နိုင်ငံရေး အကြောင်းပြချက်ကြောင့် ဖြစ်ပြီး မျက်မှောက်ခေတ်တွင် အများအားဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို လူ့အခွင့်အရေး အကြောင်းပြချက်ဖြင့် ဆွေးနွေး နေကြသည်။

လူ့အခွင့်အရေး အကြောင်းပြချက်ဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးသော ပြည်သူများ အတွက် ခွဲထွက်ခွင့်သည် အရေးတကြီး လိုအပ်ချက် မဟုတ်သော်လည်း နိုင်ငံရေး အကြောင်းပြချက်ဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးသော ပြည်သူများ အတွက်ကား ခွဲထွက်ခွင့်သည် ၎င်းတို့၏ အကာအကွယ် အတွက် မရှိမဖြစ် အသုံးပြုရမည်ဖြစ်သော ဒိုင်းသဖွယ် ဖြစ်နေသည်။ မည်သို့ပင် ဆိုစေ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ မတိကျမှုများနှင့် အငြင်းပွားမှုများ ရှိနေသော်လည်း ထိုအခွင့်အရေးနှင့် ပတ်သက်၍ကား ကမ္ဘာ့ အရပ်ဒေသ အသီးသီး၊ အဖွဲ့အစည်း အသီးသီးတွင် ဆွေးနွေး ငြင်းခုံမှုများနှင့် အတူ အသိအမှတ် ပြုမှုများလည်း ရှိနေသည်။ ထိုအထဲတွင် ကမ္ဘာ့ ကုလသမဂ္ဂလည်း

အပါအဝင် ဖြစ်သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် သဘောသဘာဝကို လေ့လာပြီးနောက်တွင် မိမိတို့ လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေ ဖြစ်အောင် အသုံးပြုရေးမှာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍ ဖြစ်သည်။

### ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကျင့်သုံးမှုအမျိုးမျိုးနှင့်အဓိပ္ပါယ်

ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် စတင် ကျင့်သုံးသော ကာလ အပိုင်းအခြားနှင့် လူမျိုးများမှာ ၁၉ ရာစု၌ ဥရောပတွင် အင်ပါယာကြီး တခုအတွင်း ကျရောက်နေသော လူမျိုးများ ဖြစ်သည်။ အင်ပါယာ တခုတွင် မတူကွဲပြား ခြားနားသော လူမျိုးများ စုပေါင်း ပါဝင်နေခြင်း ဖြစ်ရာ ထိုလူမျိုးများ၏ လူမှုရေး လိုအပ်ချက်များ အရ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရေးကို အသိအမှတ် ပြုလာကြရသည်။ ဥရောပတိုက်၊ ဘောလကန်ဒေသရှိ လူမျိုးနိုင်ငံ (Nation State) များသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးရာမှ တဆင့် ကိုယ်ပိုင်နိုင်ငံများ ဖြစ်လာကြရခြင်း ဖြစ်သည်။ ဥပမာ- သြစတြီးယားဟန် ဂေရီယန် (Austro- Hangarian) အင်ပါယာကြီးမှ ပြိုကွဲလာသော နိုင်ငံများ အဖြစ် ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ဟန်ဂေရီ စသည့် ဘော်လကန်ဒေသ နိုင်ငံများကို တွေ့ရသည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ လေ့လာသူ အားလုံးက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၏ အစသည် ဥရောပ အင်ပါယာ နိုင်ငံကြီးများ လက်ထက်ဖြစ်သည်ဟု ဆိုကြသည်။ ထိုအချိန်က ကျင့်သုံးသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် နောင်အခါ၌ ယင်းအခွင့်အရေးကို ကျင့်သုံးသော လူစုက တွဲဖက်ထားသော နိုင်ငံကြီးမှ ခွဲထွက်ကာ လွတ်လပ်သော နိုင်ငံ ထူထောင်နိုင်ခွင့် ရှိသည်ဆိုသည့် သဘောတရား ပါဝင်နေသည်။

ထို့အပြင် အင်ပါယာခေတ် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် လူမျိုး၊ ဘာသာ ကွဲပြားခြားနားသူများ အတွက် ကျင့်သုံးရန် ဟူသော သဘောတရားများ ကိန်းဝပ် နေသည်ကိုလည်း တွေ့ရသည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးမှု ပို၍ အရှိန် ကောင်းလာသော ကာလ အပိုင်းအခြားသည် ကမ္ဘာစစ်ကြီး နှစ်ခု အပြီး၌ ဖြစ်သည်။ အထူးသဖြင့် အမေရိကန် သမ္မတ ဝီလ်ဆင် (Wodro Wilson) က ပထမကမ္ဘာစစ် အပြီး အဆိုပြုသော ကိုလိုနီဘဝ ကျရောက်နေရသော နိုင်ငံငယ်များကို လွတ်လပ်ရေး မရမီ ကာလတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ပေးရေးဟူသော အဆိုပြုမှု ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် ကိုလိုနီ နိုင်ငံငယ်များ၏ လွတ်လပ်ရေး ကြိုးပမ်းမှုများနှင့် အတူ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေး စင်မြင့်ပေါ် ရောက်လာသည်။ စင်စစ်တွင် အမေရိကန် သမ္မတ ဝီလ်ဆင် အဆိုပြုသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်မှုသည် အမေရိကန်၏ အကျိုးစီးပွားကို ရည်မျှော်၍ အဆိုတင်ပြခြင်းသာ ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုတွင် စက်မှုလုပ်ငန်း ထွန်းကားလာသော အချိန်သည် ၂၀ ရာစု အဆန်းပိုင်း၌ ဖြစ်ပြီး ထိုအချိန်တွင် ကမ္ဘာ့ ဈေးကွက်များကို အခြား ဥရောပ ကိုလိုနီ နယ်ချဲ့ကြီးများက အုပ်စိုးထားပြီး ဖြစ်နေသည်။ အမေရိကန် အတွက် လွတ်လပ်စွာ ဝင်ရောက် ရောင်းချနိုင်သော ဈေးကွက်နှင့် စက်မှုကုန်ကြမ်း ရယူနိုင်သော အရင်းအမြစ် မရှိဘဲ ဖြစ်နေသည်။ ကိုလိုနီ နိုင်ငံငယ်များ လွတ်လပ်ရေး ရလာပါမှ ထိုနိုင်ငံများသည် အမေရိကန် နိုင်ငံ၏ ဈေးကွက် ဖြစ်လာနိုင်သည်ကို ကြိုတင် တွက်ချက်၍ ထိုနိုင်ငံငယ်များ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကြားခံအဆင့် ထား၍ လွတ်လပ်ရေး ကြိုးပမ်းသွားစေရန် ရည်ရွယ်ပြီး ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အဆိုပြုခဲ့ခြင်း ဖြစ်သည်။ ဝီလ်ဆင်၏ အဆိုပြုချက်ကို ကိုလိုနီ နိုင်ငံငယ်များက ထောက်ခံကြပြီး ဥရောပ နယ်ချဲ့ နိုင်ငံကြီးများက ဆန့်ကျင်ကြသည်။ ထို့ကြောင့် ကိုလိုနီဘဝမှ လွတ်လပ်ရေး ကြိုးပမ်းမှု အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကြားခံ အဆင့်အဖြစ် ကျင့်သုံးခဲ့သည်ကို တွေ့ရသည်။ ထိုကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည်လည်း လွတ်လပ်ရေး မရမီ ကြားကာလ အခွင့်အရေး အနေဖြင့် ကျင့်သုံးခြင်း ဖြစ်ပြီး တချိန်တွင် တွဲဖက်ထားသော နိုင်ငံကြီးများမှ ခွဲထွက်ကာ လွတ်လပ်သော နိုင်ငံများ အဖြစ် တည်ဆောက်သွားမည်ဟု အဓိပ္ပါယ် ရနေသည်။

တဖန် ဆိုဗီယက် ပြည်ထောင်စု ဖွဲ့စည်း ပေါ်ပေါက်လာခြင်းနှင့် အတူ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးမှု ပုံစံ တမျိုးကိုလည်း တွေ့ရပြန်သည်။ လီနင်နှင့် စတာလင် နှစ်ဦးစလုံးတို့သည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ထောက်ခံသူများ ဖြစ်ကြသည်။ ၎င်းတို့ နှစ်ဦး၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပေါ် ရှုမြင်ပုံသည် အခြားသူများနှင့် ခြားနား နေပြန်သည်။ ၎င်းတို့က အမျိုးသား ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်များကို အာမခံချက် ပေးထားခြင်းဖြင့် ဖိနှိပ်သော နိုင်ငံရေး စနစ်များကို တွန်းလှန်နိုင်သည်ဟု ယုံကြည်သည်။ အထူးသဖြင့် ဖိနှိပ်သူများ အဖြစ် ၎င်းတို့ နှစ်ဦးက အရင်းရှင် နယ်ချဲ့စနစ်ကို အဓိက ရည်ရွယ်ခြင်း ဖြစ်သည်။ ထိုသို့ တွန်းလှန်ခြင်းဖြင့်သာ လူတန်းစား လွတ်မြောက်ရေး လှုပ်ရှားမှုကို တွန်းအား ဖြစ်စေနိုင်မည် ဟူသော ရှုထောင့်ဘက်မှ သုံးသပ်ပြီး ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ထောက်ခံခြင်း ဖြစ်သည်။ သို့ရာတွင် လက်တွေ့ ဆိုဗီယက် ပြည်ထောင်စု၏ နိုင်ငံရေး အခြေအနေများက တောင်းဆိုသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် လီနင်၊ စတာလင်တို့ လက်ခံသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခြားနားနေသည်။ အဘယ့်ကြောင့် ဆိုသော် ဆိုဗီယက် ပြည်ထောင်စုကြီး ပေါ်ပေါက်လာခြင်းသည် ပြည်ထောင်စု အဖွဲ့ဝင်များ၏ ဆန္ဒ အစစ်အမှန် အရ ဖော်ဆောင်ထားခြင်း မဟုတ်ဘဲ ၁၉၁၇၊ ရုရှား အောက်တိုဘာ တော်လှန်ရေး အပြီး အင်အားကောင်းလာခဲ့သော ဘော်ရှီဗစ် တပ်မတော်က လူမျိုးစုံ အိမ်နီးချင်း နိုင်ငံငယ်များကို တိုက်ခိုက် သိမ်းပိုက်ပြီး ဆိုဗီယက် ပြည်ထောင်စု အဖြစ် ဖွဲ့စည်းခြင်းကြောင့်

ဖြစ်သည်။ ၁၉၂၃ ခုနှစ်၊ ဆိုဗီယက် ပြည်ထောင်စု အဖြစ် စတင် ဖွဲ့စည်းစဉ်က ပြည်နယ် ၆ ခုသာ ပါဝင်ခဲ့ပြီး၊ ၁၉၄၀ ခုနှစ်တွင် ဘော်လတစ် ပင်လယ်ကမ်းခြေ ပြည်နယ်များကို သိမ်းပိုက်ပြီးမှ ဆိုဗီယက် ပြည်ထောင်စုတွင် အဖွဲ့ဝင် သမ္မတနိုင်ငံ ၁၅ ခု ဖြစ်လာခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စု၏ ကွန်မြူနစ် ခေါင်းဆောင်များသည် နိုင်ငံရေး ပြဿနာများကို အတန်းအစားရေး ပြဿနာ ရှုထောင့် တခုတည်းမှ ချဉ်းကပ်ခဲ့ပြီး တဖက်တွင် ဆိုဗီယက် ပြည်ထောင်စု အဖွဲ့ဝင်များမှ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံထားခဲ့သည်။ ထိုသို့ အာမခံထားရခြင်းကို ဆိုဗီယက် ပြည်ထောင်စု ဖွဲ့စည်းခြင်းအား အဖွဲ့ဝင်များ၏ ဆန္ဒအရ ပြုလုပ်ခြင်း မဟုတ်ဘဲ တိုက်ခိုက် သိမ်းပိုက်မှု အရ ပြုလုပ်ထားခြင်းကြောင့် ၎င်းတို့၏ ပျော်ရွှင်မှုကို အာမခံသည့် အနေဖြင့် ခွဲထွက်ခွင့် အပါအဝင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း ဆိုဗီယက် နိုင်ငံရေး ကျွမ်းကျင်သူများက ထောက်ပြကြသည်။ တပြိုင်နက်တည်းတွင် ကွန်မြူနစ် ခေါင်းဆောင်များ ယုံကြည်ထားသည်က လူမျိုးများကို ပုံသဏ္ဍာန်အရ တွေ့မြင်ရသော်လည်း အနှစ်သာရက "ဆိုရှယ်လစ်ဝါဒ" ဖြစ်သည်ဟု အဓိပ္ပါယ်ရသော (National In From – Socialist in Content) ဟူသော ကွန်မြူနစ်ဝါဒ အမြင်အရ ဆိုဗီယက် ဖက်ဒရယ် စနစ်ကို ဖွဲ့စည်းလိုခြင်း ဖြစ်သည်။ အတန်းအစား ပြဿနာ ဖြေရှင်းပြီး နောက်ပိုင်းတွင် လူမျိုးရေး ပြဿနာများသည် အလိုအလျောက် ဖြေရှင်းပြီး ဖြစ်နေသည်။ လူမျိုးရေး ပြဿနာသည် အတန်းစား ပြဿနာများ၏ လက်အောက်ခံ ပြဿနာ ဖြစ်သည်ဟု ကွန်မြူနစ် ခေါင်းဆောင်များက ရှုမြင် သုံးသပ်သည့်အလျောက် အမျိုးသားများ၏ ခွဲထွက်ခွင့် အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရဲရဲကြီး အာမခံပြီး အတန်းစားရေး ရှုထောင့်အရသာ ပြဿနာများကို ချဉ်းကပ် ဖြေရှင်းခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စု ခေါင်းဆောင်များက ခွဲထွက်ခွင့်ကိုပါ အသိမှတ် ပြုသည်ဟု ဆိုသော်လည်း လက်တွေ့ ကျင့်သုံးရန် အချို့ ပြည်ထောင်စု အဖွဲ့ဝင် သမ္မတ နိုင်ငံများက ဟန်ပြင်လာသော အခါ ဆန့်ကျင် ကန့်ကွက်မှုများ ပြုလုပ်လာခဲ့သည်။ ထိုသို့ ဆန့်ကျင်ရခြင်း၏ အကြောင်းပြချက်မှာ ထိုသို့ ခွဲထွက်မှုသည် အများစု ပြည်သူလူထုကြီး၏ ဆန္ဒနှင့် အကျိုးစီးပွားကို ဖီလာဆန့်ကျင် ပြုလုပ်နေခြင်းကြောင့် ဖြစ်ကြောင်း ဆိုသည်။

ဆိုဗီယက် ပြည်ထောင်စု အတွင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရေးသည် အင်ပါယာခေတ်နှင့် ကိုလိုနီ နယ်ချဲ့ လက်အောက်မှ လွတ်လပ်ရေး ကြိုးပမ်းမှုများ၏ ကြားအဆင့် ကာလတို့၌ ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခြားနားနေခြင်း၏ အဓိက အချက်မှာ ဆိုဗီယက် ပြည်ထောင်စုက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရန် ခွင့်ပြုထားသော လူမျိုးများ အတွက် အာမခံပေးသည့် သဘောမျိုး ဖြစ်သည်။ သို့သော် လက်တွေ့၌ ကျင့်သုံးမှုကိုလည်း ဆန့်ကျင် ပိတ်ဆို့မှုများ ရှိနေပြန်သည်။

## မူရင်းဌာနေလူမျိုးများနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

၂၀ ရာစု၏ ဒုတိယ နှစ်ဝက်အတွင်း မူရင်းဌာနေ လူမျိုးများ (Indigenous People) အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးခွင့်ရရေး ကိစ္စကို လူ့အခွင့်အရေး အဖွဲ့အစည်းများ ကြား၌ အကျယ်တဝင့် ဆွေးနွေး လာကြသည်ကို တွေ့ရသည်။ အင်ပါယာခေတ်၊ ကိုလိုနီခေတ်၊ ဆိုဗီယက် ပြည်ထောင်စုခေတ်တို့၌ ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေး အကြောင်းပြချက်ဖြင့် ကျင့်သုံးရခြင်း ဆိုလျှင် မူရင်းဌာနေ လူမျိုးများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို လူ့အခွင့်အရေး အကြောင်းပြချက်ဖြင့် ကျင့်သုံးရန် တောင်းဆိုလာခြင်းဟု ဆိုရပေမည်။ လူမျိုး၊ နိုင်ငံနှင့် နိုင်ငံရေး အကြောင်း အခန်း (၁) တွင် လေ့လာစဉ်က လူမျိုးများ၏ အခွင့်အရေးကို အသိအမှတ် ပြုခဲ့ကြောင်း တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ မူရင်းဌာနေ လူမျိုးများသည် ကမ္ဘာ့နိုင်ငံ အချို့တွင်လူမျိုး တမျိုးအဖြစ် ရှေးပဝေသဏီ ကတည်းက အခိုင်အမာ ရပ်တည်ခဲ့ခြင်း ဖြစ်ရာ ၎င်းတို့၏ လူမျိုးရေး လက္ခဏာများကို အခြား လူမျိုးများ၏ ယဉ်ကျေးမှု ကျူးကျော်ခံရခြင်းကြောင့် တိမ်မြုပ်သွားခြင်း မရှိစေရန် အကာအကွယ်ပေးမှု အနေဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရရှိရေးကို တောင်းဆို တိုက်ပွဲဝင်လာကြသည်။

ဤနေရာတွင် မူရင်းဌာနေ လူမျိုးများသည် မည်သူတို့ ဖြစ်သနည်း ဆိုသည်ကို လေ့လာရန် ရှိလာပါသည်။ အချို့သော နိုင်ငံများတွင် လူမျိုး တမျိုးထက် ပိုမို၍ စုပေါင်း နေထိုင်ခြင်းမျိုး ရှိသည်။ ထိုနိုင်ငံများကို တိုင်းရင်းသား လူမျိုးစု နိုင်ငံ (Multi Ethnic–State) ဟု အခန်း (၁) တွင် လေ့လာပြီး ဖြစ်သည်။ (လူမျိုးမှသည် နိုင်ငံ ဖွဲ့စည်းခြင်းသို့ အခန်းတွင် ရှုပါ) တနည်းအားဖြင့် ထိုလူမျိုးတို့သည် ထိုနိုင်ငံ၏ တိုင်းရင်းသား လူမျိုးများ အဖြစ် အသိအမှတ်ပြု ခံထားရခြင်း ဖြစ်သည်။ သို့ဆိုလျှင် မူရင်းဌာနေ လူမျိုးများနှင့် တိုင်းရင်းသား လူမျိုးများ အကြားတွင် မည်သို့သော ခြားနားချက်များ ရှိသနည်း ဆိုသည်ကိုလည်း လေ့လာရန် လိုအပ်လာသည်။

မူရင်းဌာနေ လူမျိုးများ ဆိုသည်မှာ နယ်မြေဒေသ တခုတွင် အခြားသော ဒေသများမှ လူများ ပြောင်းရွှေ့ နေထိုင်လာခြင်း မပြုမီ ကတည်းက နေထိုင်လာခဲ့သူများကို ဆိုလိုသည်။ နောက်မှ ပြောင်းရွှေ့လာသော ယဉ်ကျေးမှု၊ လူမျိုးဇစ်မြစ် ခြားနားသော လူမျိုးတို့သည် နောင်အခါ မူရင်းဌာနေ လူမျိုးများ၏ နယ်မြေများကို ကျူးကျော်ခြင်း၊ တိုက်ခိုက် သိမ်းပိုက်ခြင်း၊ အခြေချ နေထိုင်ခြင်း သို့မဟုတ် အခြားနည်း တမျိုးမျိုးကြောင့် အုပ်ချုပ်သူများ ဖြစ်လာသည်

ဟူ၍ ကမ္ဘာ့ ကုလသမဂ္ဂ လူ့ခွင့်အရေး စာတမ်းများ စာတွဲ၄ါ မူရင်းဌာနေ လူမျိုးများ၏ အခွင့်အရေး (The Rights of Indigenous People) တွင် အဓိပ္ပါယ် ဖွင့်ထားသည်။ ထိုအဆိုဖွင့်ချက်နှင့် နှိုင်းယှဉ် စဉ်းစားလျှင် ဩစတြေလျ၊ အမေရိကန် ပြည်ထောင်စု၊ ကနေဒါနှင့် လက်တင် အမေရိက နိုင်ငံများတွင် မူရင်းဌာနေ လူမျိုးများ ရှိနေသည်ကို အထင်အရှား တွေ့ရသည်။ ထိုနိုင်ငံများသို့ ဥရောပတိုက်မှ လူဖြူများ ပြောင်းရွှေ့ နေထိုင်ခြင်း မပြုမီ အချိန် ကတည်းက အခြေချ နေထိုင်ကြသော လူမျိုးများ ရှိသည်။ နောက်ရောက်လာပြီး အခြေချ နေထိုင်ကြသော လူဖြူများသည် ထိုဒေသတွင် အုပ်ချုပ်သူများ ဖြစ်လာကြသည်။ ထိုအခါ မူလ ထိုဒေသတွင် နေထိုင်သော သူများသည် မူရင်းဌာနေ လူမျိုးများ အဖြစ်သို့ ရောက်ရှိသွားသည်။

ကမ္ဘာ့နိုင်ငံ အားလုံးလိုလိုတွင် အခြားဒေသများမှ ပြောင်းရွှေ့ နေထိုင်လာသူများသည် အုပ်ချုပ်သူများ ဖြစ်မလာသေးသရွေ့ မူလက ရှိပြီးသား လူမျိုးများ အဖြစ်သို့ကား ရောက်သွားမည် မဟုတ်ပေ။ လူမျိုး တမျိုးသည် မူရင်းဌာနေ လူမျိုးဘဝသို့ ကျရောက်သွားပါက ထိုလူမျိုး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ လူမျိုးစရိုက် စသည်တို့ အရှည်သဖြင့် တည်တံ့ ခိုင်မြဲ နေစေရန် အတွက် ထိန်းသိမ်းပေးရန် လိုအပ်လာသည်။ တနည်းအားဖြင့် ထိုလူမျိုးများ၏ စီမံခန့်ခွဲ အုပ်ချုပ်ရေးများကို လူမျိုးခြားများမှ စီမံ ဆောင်ရွက်ပေးခြင်းထက် ၎င်းတို့ဖာသာ ၎င်းတို့ စီမံ အုပ်ချုပ်ခွင့် ပေးရန် လိုအပ်လာသည်။ ထိုအချက်ကို ဖြည့်ဆည်း ပေးခြင်းဖြင့် မူရင်းဌာနေ လူမျိုးများ အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဟူသည်ကို မူရင်းဌာနေ လူမျိုးများနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများက တောင်းဆိုခြင်း၊ အသိမှတ်ပြုခြင်းများ ရှိလာသည်။

မူရင်းဌာနေ လူမျိုးများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေး အခွင့်အရေးထက် လူ့အခွင့်အရေး အရ ကျင့်သုံးခြင်း ဖြစ်သည်ဟု ဆိုခြင်းက ပို၍ လျော်ကန် သင့်မြတ်ပါသည်။ တဖန် ထိုကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် အင်ပါယာခေတ်၊ ကိုလိုနီခေတ်၊ ဆိုဗီယက် ပြည်ထောင်စုခေတ်များက ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကဲ့သို့ တွဲဖက်ထားသော နိုင်ငံကြီးမှ ခွဲထွက်နိုင်သော အခွင့်အရေးမျိုးကား အသိအမှတ် မပြုကြပေ။ ဩစတြေးလျနိုင်ငံရှိ မူရင်းဌာနေ လူမျိုးများ (ထိုပြည်သူများကို Aborigines - အဘော်ရီးဂျင်း ဟုလည်းခေါ်) ကို သက်ဆိုင်ရာ နယ်မြေများတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ပေးထားပြီး ခွဲထွက်ခွင့်ကို အသိအမှတ် မပြုထားဘဲ မိခင် နိုင်ငံကြီးနှင့် တွဲဖက်ထားသည်ကို သာဓက အားဖြင့် လေ့လာ သိရှိနိုင်သည်။

### မြန်မာနိုင်ငံနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လူနည်းစုများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

နိုင်ငံတကာ ဥပဒေနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများက အတိအကျ အဓိပ္ပါယ် ဖွင့်ဆိုမှု မပြုနိုင်သေးသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို နိုင်ငံရေး လိုအပ်ချက် သို့မဟုတ် လူ့အခွင့်အရေး လိုအပ်ချက် တမျိုးမျိုးဖြင့် ကျင့်သုံး နေသည်ကို တွေ့ရသည်။ ခွဲထွက်ခွင့်ရှိ မရှိ ဆိုသည်မှာ ထိုကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရခြင်း အကြောင်းအရင်းပေါ် မူတည်၍ စဉ်း စားရသော ကိစ္စ ဖြစ်လာသည်။ တဖန် မြန်မာနိုင်ငံ ကဲ့သို့သော လူမျိုးစုံ နေထိုင်သည့် နိုင်ငံတခုတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို မည်သို့ ကျင့်သုံးမည်နည်း စသည့် မေးခွန်းများ မေးရန် ရှိလာပါသည်။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရန် လိုအပ်ရခြင်း အကြောင်းအရင်းကို စဉ်းစားလျှင် အင်ပါယာခေတ်၊ ကိုလိုနီခေတ်၊ ဆိုဗီယက် ပြည်ထောင်စုခေတ်များက ရှိခဲ့သော အခြေအနေများနှင့် ခြားနားသော အကြောင်းရင်း ရှိနေသည်ကို ထည့်သွင်း စဉ်းစားရပေမည်။

ထို့ပြင် မြန်မာနိုင်ငံရှိ လူမျိုးစုံကို မူရင်းဌာနေ လူမျိုးများ အဖြစ် သတ်မှတ်ရန်လည်း မသင့်တော်ချေ။ အဘယ့်ကြောင့် ဆိုသော် ကုလသမဂ္ဂ အဓိပ္ပါယ် ဖွင့်ဆိုချက်ကဲ့သို့ မြန်မာနိုင်ငံတွင် ရှိသော လူမျိုးများမှာ ရေမြေ၏ မူလပိုင်ရှင်၊ နောက်မှ ပြောင်းရွှေ့လာသူ စသည်ဖြင့် ခွဲခြားမရနိုင်ဘဲ ရှေးပဝေသဏီ ကတည်းက မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း လူမျိုးစုံတို့ နေထိုင်လာကြပြီး မြန်မာနိုင်ငံကို စိတ်တူ၊ ကိုယ်တူ တည်ထောင်သူများအဖြစ် ရှုမြင်နိုင် ခြင်းကြောင့် ဖြစ်သည်။

ထိုလူမျိုးစုံကို မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူမျိုးများ (Ethnic Nationalities) ဟူ၍သာ သတ်မှတ်ရန် ဖြစ်သည်။ သမိုင်းသုတေသီ မာတင်စမစ် (Martin Smith) နှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ (Amnesty International) အပါအဝင် လူ့အခွင့်အရေး အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံမှ လူမျိုးပေါင်းစုံကို တိုင်းရင်းသား လူမျိုး (Ethnic Nation) ဟူ၍သာ ခေါ်ဝေါ် အသိအမှတ်ပြုသည်ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရှိသော လူမျိုးစုံ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးရခြင်း၏ အကြောင်းအရင်းသည် မူရင်းဌာနေ လူမျိုးများ၏ အခွင့်အရေး ကာကွယ်ရန်ဟု အကြောင်းပြရန် မဆီလျော်ချေ။

မြန်မာနိုင်ငံရှိ လူမျိုးစုံကို ကြည့်လျှင် ဗမာ လူမျိုးများသည် လူများစု (Majority) ဖြစ်ပြီး အခြား တိုင်းရင်းသား အားလုံးသည် လူနည်းစု (Minority) ဖြစ်နေသည်ကို တွေ့ရသည်။ လူများစု၊ လူနည်းစု ပြဿနာများမှာလည်း ကမ္ဘာနှင့်အဝန်း ရှိနေကြသည်။ လက်ရှိ မြန်မာပြည်တွင် ရှိနေသော လူများစု လူနည်းစု ပြဿနာကို နိုင်ငံရေးအရ

မှန်ကန်စွာ ဖြေရှင်းခြင်း မပြုဘဲ စစ်အာဏာရှင်များက ၎င်းတို့ အာဏာ တည်မြဲရေးအတွက် ပြဿနာကို တဖက်လှည့် အသုံးချကာ အာဏာ စိုက်ထူခဲ့သည်။ လူများစု လူနည်းစု ပြဿနာကို ပဋိပက္ခများ ပြေလည်စေရေး အတွက် လိုအပ်သော အခွင့်အရေးပေး ကုစားနိုင်မည့် နည်းလမ်းများကို ကုလသမဂ္ဂ အပါအဝင် လူ့အခွင့်အရေး အဖွဲ့အစည်း များက ကြိုးစား လုပ်ဆောင်လျက် ရှိသည်။ ကုလသမဂ္ဂ၏ လူနည်းစု ပြဿနာ လေ့လာရေးကို ထင်ဟပ်သော လူ့အခွင့်အရေး စာတမ်းများ စာတွဲ၊ လူနည်းစု အခွင့်အရေး (Minority Rights) စာတမ်းမှ လူနည်းစု ပြဿနာ အပေါ် ရှုမြင်မှုများကို အောက်ပါအတိုင်း ကောက်နုတ် တင်ပြ ထားလိုပေသည်။

- နိုင်ငံတခု အတွင်း၌ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း ယုံကြည်မှုတို့တွင် တပြေးညီ တူညီသော လူတမျိုးတည်း နေထိုင်ကြသည် မဟုတ်၊ နိုင်ငံ အတော်များများတွင် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း ယုံကြည်မှုတို့ အရ လူမျိုး တမျိုးသည် လူများစု အဖြစ် နေနိုင်သော်လည်း ထိုနိုင်ငံတွင် လူနည်းစု အုပ်စုများ ရှိနေတတ်သည်။

- လူနည်းစု အုပ်စုများ၏ အတူယှဉ်တွဲ နေထိုင်မှုသည် အစဉ်အမြဲ ငြိမ်းချမ်းနေသည်ဟုကား မဆိုနိုင်ပေ။ အကြမ်းဖက်မှုများ၊ အပျက်သဘောတရားများ၊ ပဋိပက္ခများ ရှိနေနိုင်သည်။ ထိုပဋိပက္ခများသည် ဖိနှိပ်သော တန်ပြန် တုံ့ပြန်မှုများကို ဖြစ်စေနိုင်ခြင်း၊ ထိုပဋိပက္ခ ဖြစ်နေသော နိုင်ငံ၏ စည်းလုံး ညီညွတ်မှုကို ထိခိုက်စေနိုင်ခြင်း၊ ထို့ပြင် ဆက်စပ်နေသော အိမ်နီးချင်း နိုင်ငံများတွင် အန္တရာယ် ကျရောက်စေနိုင်ခြင်းများ ဖြစ်နေသည်ကိုလည်း တွေ့ရသည်။

- လူနည်းစုများ၏ အခွင့်အရေးကို ငြင်းပယ်ခြင်း ခံရပါက အပြည်ပြည်ဆိုင်ရာ အတိုင်းအတာ အရ အသိမှတ်ပြုထားသော လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်းပင် ဖြစ်သည်။ အပြည်ပြည် ဆိုင်ရာတွင် လူသား တဦးချင်းစီကို လွှမ်းခြုံမှု ရှိသော လူ့အခွင့်အရေး စံချိန် စံညွှန်းများကို ဖော်ဆောင်ထားပြီး ဖြစ်သည်။ လူသား တဦးချင်းစီကို လွှမ်းခြုံမှု ရှိသကဲ့သို့ လူနည်းစု အုပ်စု၏ အဖွဲ့ဝင်များကိုလည်း လွှမ်းခြုံမှု ရှိရပေသည်။ ထိုလူနည်းစုများ၏ လူ့အခွင့်အရေးများကို အကာအကွယ်ပြုနိုင်ရန် ကုလသမဂ္ဂ အနေဖြင့် အကြိမ်ကြိမ် ထုတ်ဖော် ကြိုးစားခဲ့ပြီး ဖြစ်သည်။

၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက လက်ခံ အတည်ပြုခဲ့သော နိုင်ငံရေးနှင့် လူ့အခွင့်အရေး သဘောတူညီမှု (Covenant on Civil and Political Rights) ပုဒ်မ (၂၇) တွင် လူနည်းစုများနှင့် ပတ်သက်၍ အောက်ပါ ပြဋ္ဌာန်းချက် ပါရှိသည်ကို တွေ့ရသည်။

- "တိုင်းရင်းသား လူမျိုး ဘာသာရေး (Religious) နှင့် ဘာသာစကား (Linguistic) အရ လူနည်းစုများ တည်ရှိသော နိုင်ငံများတွင် ထိုလူနည်းစု အုပ်စုဝင် ပုဂ္ဂိုလ်များသည် လူ့အဖွဲ့အစည်း အတွင်း အခြားသော လူနည်းစု အဖွဲ့ဝင်များ နည်းတူ ကိုယ်ပိုင် ယဉ်ကျေးမှုကို ဖော်ဆောင်နိုင်ခွင့်၊ ကိုယ်ပိုင် ဘာသာတရားကို ဆည်းကပ် ပူဇော်ခွင့်၊ ကိုယ်ပိုင် ဘာသာစကားကို ပြောဆို သုံးစွဲပိုင်ခွင့် တို့ကို ငြင်းပယ်ခြင်း မခံထိုက်စေရ။"

သို့သော် ယနေ့ အချိန်အထိ ကုလသမဂ္ဂမှ လူနည်းစု၏ အခွင့်အရေး ကာကွယ်မှုနှင့် ပတ်သက်သော် ပြဋ္ဌာန်း ချက်နှင့် အရေးယူ ဆောင်ရွက်မှု အရာတွင် ထိထိရောက်ရောက် ရှိလှသေးသည်းကား မဟုတ်ပေ။ ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်၌ အလုပ်အဖွဲ့များ၊ ပဏာမ လေ့လာရေး အဖွဲ့များ ဖွဲ့စည်း တာဝန် ပေးအပ်ထားပြီး လူနည်းစု အခွင့် အရေး ကာကွယ်မှုအတွက် တဆင့်စီ တိုးမြှင့် ဆောင်ရွက်လျက်ရှိသော အနေအထားသာ ဖြစ်သည်။ ကုလသမဂ္ဂနှင့် ယှဉ်ပြိုင်ပြီး လူနည်းစုများ၏ အခွင့်အရေး ကာကွယ်မှု အတွက် တသီးပုဂ္ဂလ ပညာရှင်များနှင့် အဖွဲ့အစည်းများက အရှိန်အဟုန်ဖြင့် လူနည်းစု အခွင့်အရေး အတွက် လေ့လာ တင်ပြမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။ ထိုတသီး ပုဂ္ဂလ ပညာရှင်များနှင့် အဖွဲ့အစည်းများ၏ သုတေသနပြု လေ့လာ တင်ပြမှုများ အရ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့် အရေးကို လူနည်းစုများ ကျင့်သုံးခွင့် ရှိကြောင်းကို တွေ့ရှိရသည်။ ၎င်းတို့၏ သုတေသန ပြုမှုသည် ကုလသမဂ္ဂ၏ လေ့လာမှုများ အပေါ်တွင် များစွာ အခြေခံထားသည်ကို တွေ့ရသဖြင့် ၎င်းတို့၏ တင်ပြမှုသည် ကုလသမဂ္ဂမှ လက်ခံ အသိအမှတ် ပြုလာနိုင်သည့် အခွင့်အရေး တရပ်ကို ရှေ့ပြေး တင်ပြထား သကဲ့သို့ ဖြစ်နေသည်။

တိုင်းရင်းသား လူမျိုးအရ လူနည်းစုများ၏ အခွင့်အရေးနှင့် ပတ်သက်၍ အဓိက ဦးစားပေး လေ့လာထားသော သုတေသီ ဟဖ် (Herb Feith) နှင် စမစ် (Alan Smit ) တို့ ပူးတွဲ တင်ပြထားသော Self- determination In the 1990; the Need for UN Guide Line and Machinery to Resolve Ethno Nationalists စာတမ်းတွင် ပါရှိသော အချက်များကို ကောက်နုတ် ဖော်ပြလိုပါသည်။

တတိယ ကမ္ဘာ့နိုင်ငံများတွင် အစိုးရကို ဆန့်ကျင်လျက် ရှိသော တိုင်းရင်းသား အမျိုးသား ဝါဒီ (Ethno Nationalists) များက ၎င်းတို့တွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိကြောင်း စောဒက တက်လျက် ရှိကြသည်။ ထိုတတိယ ကမ္ဘာ့နိုင်ငံ အများစုသည် ကိုလိုနီခေတ် အတွင်းက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၏ အကျိုးကျေးဇူး အနေဖြင့် လွတ်လပ်ရေး ရလာသော နိုင်ငံများလည်း ဖြစ်ကြသည်။ ထိုနိုင်ငံများတွင် အစိုးရများက

ပြောလေ့ရှိသည်မှာ ထိုတိုင်းရင်းသား အမျိုးသား ဝါဒီများနှင့် ဖြစ်ပွားသော ပဋိပက္ခသည် ပြည်တွင်းရေး သက်သက်သာ ဖြစ်၍ အခြား ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုနှင့် ပယောဂကို လက်ခံမည် မဟုတ်ကြောင်းတို့ ဖြစ်သည်။

တိုင်းရင်းသား အမျိုးသား ဝါဒီများ၏ လွတ်မြောက်ရေးနှင့် ခွဲထွက်ရေး လှုပ်ရှားမှုများ ဖြစ်ပေါ် နေသော နိုင်ငံများတွင် တိုင်းပြည်၏ တည်ငြိမ်မှုကို ထိခိုက်လျက် ရှိသည်။ ပြင်ပ လေ့လာသူများ အနေဖြင့် အကြံပြုလေ့ ရှိသည်မှာ အစိုးရနှင့် ထိုတိုင်းရင်းသား အမျိုးသား ဝါဒီများ အကြား ပြန်လည်တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းရန် အကြံပေးလေ့ ရှိသည်။

ဒီမိုကရေစီနှင့် အတူ လူ့အခွင့်အရေး တည်ငြိမ်မှုနှင့် ပဋိပက္ခများ၏ အဆုံးအဖြတ်များသည် ယနေ့ အခါ ကမ္ဘာကြီးတွင် ကိုလိုနီ နယ်ချဲ့ ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် နိုင်ငံတခု အတွင်း လူနည်းစုများ အတွက် ကိုယ်ပိုင် အုပ်ချုပ်ရေး (Autonamy) ဖြင့် ချွေးသိပ်ရေး ကိစ္စများနှင့် နီးကပ်စွာ ဖြစ်ပေါ်နေကြသော အဖြစ် အပျက်များ ဖြစ်ကြသည်။ သို့ရာတွင် နိုင်ငံတခုအတွင်းရှိ လူနည်းစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးသည် ကျေနပ်နိုင်သော အခွင့်အရေး မဟုတ်ပေ။

စာတမ်းကို ပြုစုသော သုတေသီများက ကိုလိုနီ နယ်ချဲ့ ဆန့်ကျင်ရေး လွတ်မြောက်မှုခေတ်တွင် ကိုလိုနီဘဝ ကျရောက်ခဲ့ရသော နိုင်ငံများက ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ပထမမျိုးဆက် (First Generation) ဟု သတ်မှတ်လျှင် ထိုအခွင့်အရေး ကျင့်သုံးခဲ့ဖူးသော နိုင်ငံများ အတွင်းရှိ လူနည်းစုများ၏ ပြဿနာ ပြေလည်စေရေး အတွက်မူ ဒုတိယမျိုးဆက် (Second Generation) အဖြစ် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးသင့်ကြောင်း တင်ပြ ခဲ့ကြသည်။

လန်ဒန်တွင် အခြေစိုက်သော လူနည်းစု အခွင့်အရေး အဖွဲ့ (The Minority Rights Group) ၏ ၁၉၉၁ အစီရင်ခံစာ တစောင်တွင် "လူနည်းစုများအပေါ် ဥပဒေက ရှုမြင် သုံးသပ်မှုမှာ ကျဉ်းမြောင်းလှပေသည်။ အကယ်၍သာ လူနည်းစုများက ခွဲထွက်ခွင့် အခွင့်အရေးကို ကျင့်သုံးမည် ဆိုပါက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးသည် လူနည်းစုများတွင် ကျင့်သုံးပိုင်ခွင့် မရှိဟု ဥပဒေများက ဖော်ပြကြသည်ဟု" ဖော်ပြထားသည်။ စင်စစ်တွင် ထို အစီရင် ခံစာသည် လူနည်းစုများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကြိုးပမ်း ဆောင်ရွက် သင့်ကြောင်း အချက်အလက်များဖြင့် တင်ပြထားသည်။ အချို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပညာရှင်မျာ းသည် လူနည်းစုများအတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေး ကျင့်သုံးပိုင်ခွင့် ရှိကြောင်းကို အကျိုးအကြောင်း ခိုင်မာစွာဖြင့် လျှောက်လဲထားကြပြီး ဖြစ်သည်။

"ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ဥပဒေရေးရာ သဘောတရားထက် နိုင်ငံရေး သဘောတရား အဖြစ်သာ ရှုမြင်ရန် ပို၍ သင့်တော်သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ဥပဒေရှုထောင့်မှ သုံးသပ်၍ လွယ်လွယ်နှင့် လက်ခံထားခြင်း မပြုဘဲ ပယ်ချတတ်သော်လည်း ယနေ့ အချိန်အထိ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ ဥပဒေက အတိအကျ သတ်မှတ် ထားသော စံချိန် စံညွှန်းများ မရှိသေးပေ" ဟု ဆူရီဒါ (A. Rego Sureda) က (The Evolution of the Right of Self-determination) စာအုပ်တွင် ထောက်ပြထားသည်။

တဖန် ဒေးဗစ်ဖော်စတီ (Divid P. Forsythe) က "အခွင့်အရေး ကျင့်သုံးမှု၏ အကျိုးသက်ရောက်မှုနှင့် နှိုင်းယှဉ် စဉ်းစားလျှင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်သော အဓိပ္ပါယ် ဖွင့်ဆိုချက်မှ အငြင်းပွားစရာ သက်သက် ဖြစ်သည်။ သို့သော် ဖြစ်လေ့ ဖြစ်ထ ရှိသည့်အတိုင်း နိုင်ငံရေးသည် ပထမအဆင့် နေရာတွင်လည်းရှိ၊ ထိန်းချုပ်နိုင်စွမ်း အားလည်းရှိပြီး လွတ်လပ်သည်၊ ဥပဒေသည် နိုင်ငံရေးကို မှီတည်၍သာ ဖြစ်ပေါ်ရသော ဒုတိယ အဆင့် နေရာတွင် သာရှိသည်" ဟု (Human Rights and Development) စာအုပ်တွင် ရေးသား ဖော်ပြထားသည်။

တသီးပုဂ္ဂလ ပညာရှင်များနှင့် အဖွဲ့အစည်းများ၏ ကုလသမဂ္ဂ လေ့လာမှု အပေါ် အခြေခံ၍ တင်ပြမှုများ အရ လူနည်းစုများတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးခွင့်ရှိကြောင်း ပေါ်လွင် နေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူနည်းစုများသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးခွင့် ရသင့်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသား လူမျိုးစုံ နိုင်ငံတခုအဖို့ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှုအောက်တွင် မည်သည့် လူမျိုးကမျှ အခွင့်ထူးခံ မဖြစ်စေရေးနှင့် အခွင့်အရေး ညီမျှမှု ရှိစေရန် လူမျိုး အသီးသီး၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ဖြင့် အာမခံချက် ပေးထား သင့်သည်။

### ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ခွဲထွက်ခွင့်ပြဿနာ

ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ကျင့်သုံးသူများ အပေါ် မူတည်၍ အဓိပ္ပါယ် ပြောင်းလဲမှု ရှိကြောင်းကို တွေ့ခဲ့ရပြီး ဖြစ်သည်။ ထိုအဓိပ္ပါယ် ပြောင်းလဲမှုများ အနက် အငြင်းပွားဖွယ် အဖြစ်ဆုံးမှာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် ပါ/မပါ ဆိုသော အချက် ဖြစ်သည်။ အချို့က ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် မပါဝင်ကြောင်း ဆိုကြသည်။ အချို့က

ခွဲထွက်ခွင့်သည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၏ အခွင့်အရေး ကျင့်သုံးမှု ဆိုင်ရာ၌ အမြင့်ဆုံး အခွင့်အရေး အဖြစ် ပါဝင်နေကြောင်း ဆိုကြသည်။ အချို့က ခွဲထွက်ခွင့်သည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးသော လူမျိုးအပေါ် မူတည်၍ ဆုံးဖြတ်ရသော အခွင့်အရေး ဖြစ်ကြောင်း ဆိုကြသည်။ ထိုသို့ ဆိုလျှင် မည်သို့သော ပြည်သူများသည် ခွဲထွက်ခွင့်ကို ကျင့်သုံးသင့်ကြောင်း သို့မဟုတ် ကျင့်သုံးခွင့် မရှိကြောင်း ငြင်းခုံခြင်းမှ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးခွင့် မရှိဆိုသည့် ငြင်းခုံပွဲဆီသို့ ဦးတည် သွားလေသည်။

ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို မူရင်းဌာနေ လူမျိုးများက ကျင့်သုံးခြင်း ဖြစ်လျှင် ထိုမူရင်းဌာနေ လူမျိုးများ အနေဖြင့် ခွဲထွက်ခွင့် မရှိကြောင်းကို အချို့ သုတေသီများက ဆိုကြသည်။ မူရင်းဌာနေ လူမျိုးများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးမှု ဖော်ဆောင်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ထိုလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စသည့် လူမျိုးစရိုက် လက္ခဏာများ အခြား လူမျိုးခြားများ၏ ဝါးမျိုခြင်း မခံရအောင် ကာကွယ်ပေးရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။ ဤအကြောင်းပြချက်ဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးမှုသည် လူ့အခွင့်အရေး အကြောင်းပြချက်နှင့် သက်ဆိုင်ပါသည်။ သက်ဆိုင်ရာ လူမျိုးများ၏ လူ့အခွင့်အရေးကို ကာကွယ်ရန် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးခြင်း ဖြစ်သည်။ ထိုလူမျိုးများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဆိုသည်မှာ ခွဲထွက်ခွင့်သည် အဓိက မဟုတ်တော့ဘဲ ၎င်းတို့၏ လူမျိုးရေး ကိစ္စများကို ၎င်းတို့ဖာသာ ၎င်းတို့ လွတ်လပ်စွာ စီမံ ဆောင်ရွက်နိုင်ခွင့်ရှိ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရ အစိုးရများ **(Self–government)** တည်ဆောက်ခွင့် ရှိခြင်းပင် ဖြစ်ကြောင်း ရေးသား ဖော်ပြကြသည်။ ထို့ကြောင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် မပါကြောင်း ပြောဆိုလျှင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် မူရင်းဌာနေ လူမျိုးများ ကျင့်သုံးသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ရည်ညွှန်းသည်ဟု နားလည်ရပေမည်။ ခွဲထွက်ခွင့်သည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၏ မပါမဖြစ်သော အခွင့်အရေးဖြစ်ကြောင်း အချို့က အခိုင်အမာ ပြောဆို နေကြသည်။ ထိုသို့ ပြောဆိုသူများက ဥပမာပေး ထောက်ပြလျက်ရှိသော သာဓကများမှာ ဩစတြီး-ဟန်ဂေရီ အင်ပါယာကြီး ပြိုကွဲသွားခြင်းနှင့် ပထမနှင့် ဒုတိယ ကမ္ဘာစစ်လွန် ကာလများ အတွင်း ကိုလိုနီနိုင်ငံများ လွတ်လပ်ရေး ရလာခြင်းတို့ပင် ဖြစ်သည်။ ဘော်လကန် ဒေသရှိ နိုင်ငံများ လွတ်လပ်ရေး ရလာခြင်းသည် ဩစတြီး-ဟန်ဂေရီ အင်ပါယာကြီး အတွင်း ကျရောက်ခဲ့ကြသော ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား အစရှိသည့် လူမျိုးများ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးရာမှ တဆင့် ခွဲထွက်ခွင့် ရကြခြင်းဖြစ်ကြောင်း လေ့လာသူများက ဆိုကြသည်။ ထိုကဲ့သို့ပင် အမေရိကန် သမ္မတ ဝီလီဆင်၏ အဆိုပြုချက် အရ ကိုလိုနီနိုင်ငံများက စစ်လွန် ကာလများတွင် ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ခွဲထွက်ခွင့်ရှိသော အခွင့်အရေး ဖြစ်ကြောင်း ဆိုကြသည်။ အဆိုပါ သာဓကများအရ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် ပါဝင်ကြောင်း လက်ခံရမည်သာ ဖြစ်သည်။

ယနေ့ ကမ္ဘာ့နိုင်ငံ အတော်များများတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တောင်းဆိုမှုနှင့် ပတ်သက်၍ ကြုံတွေ့ရသော ပြဿနာများကို ကြည့်လျှင် အဓိကအားဖြင့် နှစ်မျိုး တွေ့ရသည်။ ၎င်းတို့မှာ မူရင်းဌာနေ လူမျိုးများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ပြဿနာနှင့် လူမျိုးရေးအရ လူနည်းစု ဖြစ်နေသူများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ပြဿနာတို့ ဖြစ်သည်။ မူရင်းဌာနေ လူမျိုးများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်မှာ ခွဲထွက်ခွင့် မပါကြောင်းကို ယေဘုယျ အားဖြင့် လက်ခံကြသော်လည်း လူမျိုးရေး လူနည်းစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် ပါ/မပါ ဆိုသည့် အချက်မှာ အငြင်းပွားဖွယ်ရာ ဖြစ်လျက် ရှိနေကြသည်။ ယခုအချိန်တွင် လူနည်းစုများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို တသီးပုဂ္ဂလ ပညာရှင် အချို့နှင့် အဖွဲ့အစည်းများက အခိုင်အမာ ပြောဆို လျှောက်လဲ နေကြသော်လည်း အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကမ္ဘာ့ ကုလသမဂ္ဂတို့တွင်မူ ထိုမျှအထိ လက်ခံထားခြင်း မရှိသေးသော အခြေနေမျိုးတွင် ထိုကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် ပါ/မပါ ဆိုသည်မှာ မည်သို့မျှ အဖြေမပေးနိုင်သော ကိစ္စ ဖြစ်သည်။ အခြား တဖက်တွင်လည်း လူမျိုးရေး လူနည်းစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ခွဲထွက်ခွင့် အပါအဝင် ကျင့်သုံးနိုင်ကြောင်း အာမခံထားသော အနေထားမျိုးကိုလည်း ဆိုဗီယက် ပြည်ထောင်စုတွင် တွေ့ရှိခဲ့ရသည်။ ဆိုဗီယက် ကွန်မြူနစ် ခေါင်းဆောင်များသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို မည်သို့သော ရှုထောင့်မှ ချဉ်းကပ်သည် ဖြစ်စေ၊ ခွဲထွက်ခွင့် အခွင့်အရေးကို အသိမှတ်ပြုခဲ့ခြင်းသည် အထင်အရှား ရှိသော သာဓကများ ဖြစ်သည်။ လူနည်းစုများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ လောလောဆယ် နိုင်ငံတကာတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များနှင့် ဆိုဗီယက် ပြည်ထောင်စုတွင် ရှိခဲ့သော အလေ့အကျင့်များအရ ထိုကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့် ပါ/မပါ ဆိုသည်မှာ ဒွိဟ ဖြစ်စရာပင်။ ထိုအခြေအနေမျိုးတွင် လူမျိုးရေး လူနည်းစုများ အတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ကျင့်သုံးသော နိုင်ငံတခု အဖို့ ခွဲထွက်ခွင့်ကို အသိမှတ် ပြု/မပြု ဆိုသည်မှာ သက်ဆိုင်ရာ နိုင်ငံ၏ ပြဿနာ ဖြစ်လာ သည်။ သက်ဆိုင်ရာ နိုင်ငံ၏ နိုင်ငံရေး ကျောထောက်နောက်ခံ သမိုင်းကြောင်းနှင့်သာ ယှဉ်တွဲ စဉ်းစားရန် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ပြီး ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကိုပါ အသိမှတ်ပြုမည် ဆိုပါက ထိုကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် လူမျိုးရေး လူနည်းစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သာ ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျင့်သုံးမည့် လူနည်းစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ခွင့်ကို အသိမှတ် ပြု/မပြု ဆုံးဖြတ်ရန်မှာ မြန်မာနိုင်ငံရေး ကျောထောက်နောက်ခံ သမိုင်းကြောင်းနှင့်သာ သက်ဆိုင်ပါသည်။

မြန်မာနိုင်ငံ၏ ၁၉၄၇၊ အခြေခံ ဥပဒေအရ အချို့သော တိုင်းရင်းသား လူနည်းစုများ ခွဲထွက်ခွင့် အခွင့်အရေးကို ကျင့်သုံးနိုင်ခွင့် ရှိခဲ့ကြသည်။ ၁၉၄၇၊ အခြေခံ အခန်း (၁၀) ၏ ပြဋ္ဌာန်းချက်များတွင် လွတ်လပ်ပြီး ၁၀ နှစ် အကြာတွင် ဥပဒေနှင့် မညီညွတ်ပါက ခွဲထွက်ခွင့် ရှိကြောင်း ဖော်ပြထားသည်။ ထိုသို့ ခွဲထွက်ခွင့်ကို အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းလာရခြင်း၏ အဓိက အကြောင်းအရင်း ဖွေရှာမှုသည် မြန်မာ့နိုင်ငံရေး၏ နောက်ခံ သမိုင်းကြောင်း ဖြစ်သည်။

အင်ပါယာခေတ်နှင့် ကိုလိုနီခေတ်များက ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်များတွင် ခွဲထွက်ခွင့် ရှိခြင်းသည် ထိုခွဲထွက်ခွင့်ကို သက်ဆိုင်ရာ လူမျိုးများက တနေ့နေ့ တချိန်ချိန်တွင် မဖြစ်မနေ ကျင့်သုံးပြီး လွတ်လပ်သော နိုင်ငံရေးအရ ဓားသဖွယ် တိုက်ခိုက်နိုင်သော လက်နက် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုတိုက်ခိုက်နိုင်သော ဓားလက်နက်ကို အသုံးပြု၍ လွတ်လပ်သော နိုင်ငံအဖြစ် တည်ထောင်နိုင်သော အခွင့်အရေးကို ရယူနိုင်ခြင်းကြောင့် ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စုတွင် ခွဲထွက်ခွင့်ကို အသိမှတ်ပြုခြင်းသည် ကွန်မြူနစ် ခေါင်းဆောင်များ၏ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး အမြင် သဘောထားဖြစ်သည့် (National in from – Socialist in Content) မှု မအောင်မြင်ပါက သက်ဆိုင်ရာ လူမျိုးများ ခွဲထွက်နိုင်ကြောင်း အာမခံ ထားပေးခြင်းကြောင့် ဖြစ်ပေါ်လာရသည်။ လီနင်၊ စတာလင် အပါအဝင် ဆိုဗီယက် ကွန်မြူနစ် ခေါင်းဆောင်များက ယုံကြည်သည်မှာ ပုံသဏ္ဌာန်အားဖြင့် လူမျိုးစုံကို အခြေခံထားရသော်လည်း နိုင်ငံရေး အနှစ်သာရ အားဖြင့် ဆိုရှယ်လစ် လူ့ဘောင်ကို တည်ဆောက်နိုင်သော အခါ လူမျိုးရေး ပြဿနာများသည် ကွယ်ပျောက်သွားပြီး ခွဲထွက်ခွင့် ပြဿနာသည်လည်း အလိုလို ဖြေရှင်းပြီးသား ဖြစ်လိမ့်မည် ဟူ၍ ဖြစ်သည်။ အထက်ပါမူ အရ ဆိုဗီယက် ပြည်ထောင်စု အတွင်း ဆိုရှယ်လစ် လူ့ဘောင် တည်ဆောက်မှုကို လူမျိုးရေး လူနည်းစု အသီးသီးက အချိန်ပေး စောင့်ကြည့်ရန် ဖြစ်ပြီး အကယ်၍ မအောင်မြင်ပါက လူနည်းစုများ ခွဲထွက်နိုင်ကြောင်း အာမခံချက် ပေးခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဆိုဗီယက် ပြည်ထောင်စု၏ လူနည်းစုများ ကျင့်သုံးနိုင်သော ခွဲထွက်ခွင့် အခွင့်အရေးသည် နိုင်ငံရေး အာမခံချက် ဖြစ်ပြီး ထိုအာမခံချက် အရ လူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ရန် ဖြစ်သဖြင့် ထိုသို့သော ခွဲထွက်ခွင့်သည် ကာကွယ်နိုင်သော ဒိုင်းသာ ဖြစ်သည်။ အင်ပါယာခေတ်၊ ကိုလိုနီခေတ်များက ကျင့်သုံးခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ပါ ခွဲထွက်ခွင့်ကဲ့သို့ တိုက်ခိုက်နိုင်သော အာဏာရှိသည့် ဓားသဖွယ် မဟုတ်ချေ။

ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်၍ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှု ကာလ အတွင်းက လွတ်လပ်ရေးကို ဗမာလူမျိုး တမျိုးတည်း မဟုတ်ဘဲ အခြားသော တိုင်းရင်းသား လူမျိုးများနှင့် တွဲဖက်၍ ယူနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား လူနည်းစုများကို နိုင်ငံရေး အာမခံချက် အချို့ ပြုလုပ် ပေးခဲ့ရသည်။ ပင်လုံစာချုပ်သည် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို အာမခံချက်ပေးသော အထင်ကရ စာချုပ်ကြီးပင် ဖြစ်သည်။ ထိုစာချုပ်ကို အခြေခံ ရေးဆွဲသော ၁၉၄၇၊ အခြေခံ ဥပဒေတွင် တိုင်းရင်းသား လူနည်းစုများ၏ ခွဲထွက်ခွင့်ကို အသိမှတ်ပြုခြင်းသည် နိုင်ငံရေး အာမခံချက် ဖြစ်ကြောင်းမှာ ထင်ရှားနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ခွဲထွက်ခွင့် ဆိုသည်မှာ ဓားသွားသဖွယ် အသုံးပြု၍ လွတ်လပ်သော နိုင်ငံ ထူထောင်ရန်မဟုတ်ဘဲ လူနည်းစုများ၏ အခွင့်အရေးကိုသာ ကာကွယ်ရန် ဖြစ်သည့် ဒိုင်းဖြစ်သည်။

မြန်မာနိုင်ငံ အရေးတွင် ခွဲထွက်ခွင့်နှင့် ပတ်သက်၍ ထိုအခွင့်အရေးသည် ဓားမဟုတ်ဘဲ ဒိုင်းသာ ဖြစ်ကြောင်း မြန်မာနိုင်ငံ အကြောင်း သမိုင်းပြုစု ရေးသားသူ မာတင်စမစ်ကလည်း ပြောဖူးသည်။ ထို့အပြင် မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ် (DAB) ကလည်း တိုင်းရင်းသား ပြည်နယ်များသည် ဖက်ဒရယ် ပြည်ထောင်စုမှ ခွဲထွက်မည် မဟုတ်ကြောင်း ၁၉၉၁ ခုနှစ်၊ ဇွန်လ အတွင်းက ထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူနည်းစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေး ကျင့်သုံးမှုတွင် ခွဲထွက်ခွင့် ဆိုသည်မှာ နိုင်ငံရေး အာမခံချက်နှင့်သာ သက်ဆိုင်သဖြင့် အခွင့်အရေး ထိပါးမှုကို အကာအကွယ်ပြုသည့် ဒိုင်းသာဖြစ်သည်။

## ၂။ ကိုယ်ပိုင်အုပ်ချုပ်ရေး

ကိုယ်ပိုင် အုပ်ချုပ်ရေးသည် နိုင်ငံရေး စနစ် တရပ်တွင် ပါဝင် ဖွဲ့စည်းနေသော နိုင်ငံရေးအရ စုဖွဲ့နိုင်သည့် အသင်းအဖွဲ့များ၊ လူမျိုးရေး အုပ်စုများ အတွက် အတိုင်းတာ တခုအထိ လွတ်လပ်စွာ အုပ်ချုပ်နိုင်သော အခွင့်အရေးပင် ဖြစ်သည်။ ထိုအခွင့်အရေးသည် ထိုအသင်းအဖွဲ့ သို့မဟုတ် လူမျိုးရေးအုပ်စု ပါဝင်ဖွဲ့စည်းထားသော နိုင်ငံရေးစနစ်၏ ကန့်သတ်မှု ဘောင်အတွင်း၌သာ ရှိသော လွတ်လပ်မှု အခွင့်အရေး ဖြစ်သည်။

မြန်မာဘာသာ အားဖြင့် ကိုယ်ပိုင် အုပ်ချုပ်ရေးဟု အဓိပ္ပါယ်ရသော "Autonomy" သည် မူရင်း ဂရိဘာသာ စကားမှဖြစ်ပြီး မိမိဖာသာ အုပ်ချုပ်ခြင်း (Self-government) ဟု အဓိပ္ပါယ်ရသည်။ လူ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ် တဦးစီတွင် မိမိဖာသာ မိမိ ထိန်းချုပ်မှုရှိသော လွတ်လပ်မှုဖြင့် နေထိုင်ခြင်းသည်ပင် ကိုယ်ပိုင် အုပ်ချုပ်ရေးပင်ဖြစ်ကြောင်း ဂျာမန် နိုင်ငံရေး အတွေးအခေါ် ပညာရှင် ကန့် (Immanuel Kant, 1724-1804) က ၎င်း၏ အတွေးအခေါ်များထဲတွင်

ဖော်ပြခဲ့သည်။ နောက်ပိုင်းတွင် လူပုဂ္ဂိုလ် တဦးချင်းစီ အတွက် လွတ်လပ်မှုနှင့် အခွင့်အရေးကို ရည်ညွှန်းရန် အတွက် "ဖရီးဒမ်း - Freedom" ဟူသော ဝေါဟာရကို အသုံးပြုလာကြပြီး ကိုယ်ပိုင် အုပ်ချုပ်ရေးဟူသော ဝေါဟာရကိုမူ နိုင်ငံရေး စနစ်တရပ်အတွင်း ပါဝင်ဖွဲ့စည်းနေကြသော အသင်းအဖွဲ့များ၊ လူမျိုးအုပ်စုများအတွက် ပို၍ အသုံးများလာကြသည်။ ထိုသို့ အသင်းအဖွဲ့များ၊ လူမျိုး အုပ်စုများ အတွက် အသုံးပြုသော ကိုယ်ပိုင် အုပ်ချုပ်ရေး ဆိုသည်မှာ လုံးဝ လွတ်လပ်ရေး ရယူနိုင်ခွင့် မရှိသော အကန့်အသတ်ရှိ လွတ်လပ်မှု အခွင့်အရေး (Litmited Independence) ဟူသော သဘောတရား ပါဝင်နေသည်။ နိုင်ငံရေး စနစ်တခု အတွင်းတွင် အကန့်အသတ် လွတ်လပ်မှု အခွင့်အရေးဖြင့် ကိုယ်ပိုင် အုပ်ချုပ်ရေး ကျင့်သုံးမှုကို ရည်ရွယ်ချက် အမျိုးမျိုးဖြင့် တွေ့ရှိရပြန်သည်။

**ပထမ တမျိုးမှာ** နိုင်ငံ အသီးသီးတွင် ရှိလေ့ရှိထ ဖြစ်သော အလုပ်သမား၊ လယ်သမား အစည်းအရုံးများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်း တည်ထောင်ထားသော နိုင်ငံရေးပါတီများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ အစရှိသည်တို့၏ အဖွဲ့အစည်းတွင်း အုပ်ချုပ်ရေးတွင် နိုင်ငံ အစိုးရများ၏ စွက်ဖက်မှု ကင်းစွာ အုပ်ချုပ်ရေး အတွက် ကျင့်သုံးသော ကိုယ်ပိုင်အုပ်ချုပ်ရေး ဖြစ်သည်။ အစိုးရများသည် ထိုအဖွဲ့များ၏ အဖွဲ့တွင်း ဆိုင်ရာ နေ့စဉ် အုပ်ချုပ်ရေး ရှိခြင်းပင် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော် အစိုးရများ အားလုံးလိုလိုပင် အဆိုပါကဲ့သို့သော အသင်းအဖွဲ့များ ဖွဲ့စည်း ပေါ်ပေါက်ရေးနှင့် ပတ်သက်၍ အားလုံး တပြေးညီ လိုက်နာရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုမူ ပြဋ္ဌာန်း ပေးကြစမြဲ ဖြစ်သည်။ ထိုသို့ ပြဋ္ဌာန်းပေးခြင်း အားဖြင့် ထိုအသင်းဖွဲ့များသည် အချုပ်အခြာ အာဏာပိုင် လူ့အဖွဲ့အစည်း တခုကဲ့သို့ လုပ်ပိုင်ခွင့် မရှိတော့ဘဲ ကန့်သတ် ပေးလိုက်ခြင်းဖြစ်ရာ ၎င်းတို့ လွတ်လပ်မှုသည် အဖွဲ့၏ အတွင်းကိစ္စများနှင့်သာ သက်ဆိုင်ပြီး ပြင်ပ ဆက်ဆံရေးနှင့် မသက်ဆိုင်တော့ပေ။ ထို့ကြောင့် အကန့်အသတ် လွတ်လပ်မှုကိုသာ ကိုယ်ပိုင် အုပ်ချုပ်မှုအရ ခံစား ကျင့်သုံးနိုင်လေသည်။

**ဒုတိယ အမျိုးအစားမှာ** နယ်မြေဒေသ ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ရေး ဖြစ်သည်။ နိုင်ငံတိုင်းလိုလို ဖက်ဒရယ် ပြည်ထောင်စု သို့မဟုတ် တပြည်ထောင်စနစ် မခွဲခြားဘဲ နိုင်ငံတော် အစိုးရ၏ အုပ်ချုပ်ရေးကို အထောက်အကူ ပြုစေရန် အတွက် နိုင်ငံ၏ နယ်မြေ ဒေသများကို အဆင့်ဆင့် ခွဲခြမ်း စိတ်ဖြာမှု ရှိပြီး ထိုနယ်မြေများ အတွက် သက်ဆိုင်ရာ အစိုးရများ ထူထောင်ပေးရစမြဲ ဖြစ်သည်။ ထိုနယ်မြေများ၏ အစိုရများကို ဒေသန္တရ အစိုးရများဟု လူသိများပြီး ၎င်းတို့ အသီးသီးသည် ကိုယ်ပိုင် အုပ်ချုပ်ရေး ရှိကြသည်။ ထိုအစိုးရများသည် ဒေသန္တရ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရေးဆွဲ ပြဋ္ဌာန်းခွင့်၊ ဒေသအတွင်း စီမံခန့်ခွဲ အုပ်ချုပ်ရေးများကို ဆောင်ရွက်ခြင်းတို့ လုပ်ပိုင်ခွင့် ရှိသည်။

**တတိယ အမျိုးစားမှာ** လူမျိုး အုပ်စုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး ဖြစ်သည်။ နိုင်ငံများတွင် လူမျိုးရေးအရ ဖြစ်စေ၊ အခြားသော အကြောင်း တခုခုကြောင့် ဖြစ်စေ လူမှုရေး အုပ်စုကွဲများ (Social Cleavages) အဖြစ် ပါဝင် ဖွဲ့စည်း နေတတ်ကြသည်။ ထိုလူမှုရေး အုပ်စုကွဲများကို အကန့်အသတ်ဖြင့် လွတ်လပ်မှု ပေးထားပြီး နိုင်ငံရေး စနစ် တခုကို စိတ်တူ၊ ကိုယ်တူ ဖွဲ့စည်းနိုင်ရေး အတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကျင့်သုံးခွင့် ပြုကြသည်။

## ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး

ကမ္ဘာ့ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အာဏာ ကျင့်သုံးခွင့်ကို ရည်ညွှန်း ပြောဆိုရာတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ထက် ကိုယ်ပိုင် အုပ်ချုပ်ရေးကိုသာ အပြော များကြသည်။ ဆိုဗီယက် ပြည်ထောင်စု တခုတည်းတွင်သာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အသိမှတ်ပြုပြီး ကျန်ကမ္ဘာ့ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ အားလုံးသည် ကိုယ်ပိုင် အုပ်ချုပ်ရေးကိုသာ အသိအမှတ် ပြုကြသည်။ သို့ရာတွင် ဖက်ဒရယ် ပြည်ထောင်စု အတွင်း၌ ကျင့်သုံးသော ကိုယ်ပိုင် အုပ်ချုပ်ရေးသည် အခြားသော အခြေအနေများ အတွက် ကျင့်သုံးသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခြားနားမှု ရှိနေသည်ကို တွေ့ရပြန်သည်။ နိုင်ငံရေး ပါတီ တခု သို့မဟုတ် လူမှုရေး အဖွဲ့၏ အဖွဲ့အစည်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းကမ်းများနှင့်သာ သက်ဆိုင်ပြီး ထိုပါတီ သို့မဟုတ် လူမှုရေး အဖွဲ့အစည်းဝင် လူပုဂ္ဂိုလ် တဦးချင်းစီ အတွက် လူ့အဖွဲ့အစည်းတွင်း ဖြစ်ပေါ်တတ်သည့် လူမှုရေး ပြဿနာများ၊ လုံခြုံမှု ဆိုင်ရာ ပြဿနာများကို နိုင်ငံတော်ကသာ တာဝန်ယူ ဖြေရှင်းပေးရသည်။ ဥပမာ၊ နိုင်ငံရေး ပါတီဝင် တဦးက ရာဇဝတ်မှု ကျူးလွန်ပါက နိုင်ငံတော်တွင် ပြဋ္ဌာန်း ကျင့်သုံးနေသော ဥပဒေများ အရ နိုင်ငံတော်က အုပ်ချုပ်သွားသည်။ ထိုကိစ္စတွင် နိုင်ငံရေး ပါတီသည် ကိုယ်ပိုင် အုပ်ချုပ်ရေးအရ လုပ်ပိုင်ခွင့် မရှိတော့ပေ။

ဖက်ဒရယ် ပြည်ထောင်စုတွင်မူ နိုင်ငံတော်အတွင်းရှိ အာဏာ အရပ်အရပ်ကို ဖက်ဒရယ် အစိုးရ (ဗဟိုအစိုးရ)နှင့် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အစိုးရများ အကြား ခွဲဝေကျင့်သုံးမှု ရှိသည်။ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များသို့ ခွဲဝေ အပ်နှင်းထားသော အာဏာများကို ဗဟိုအစိုးရ အနေဖြင့် ဝင်ရောက် စွက်ဖက်ပိုင်ခွင့် မရှိတော့ပေ။ ပြည်နယ် အစိုးရများသို့ ခွဲဝေပေးသော အာဏာများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အာဏာ သုံးရပ်စလုံး ပါဝင်နေသည်။ ထိုအာဏာ သုံးရပ်စလုံးကို ဗဟိုအစိုးရ၏ စွက်ဖက်မှု ကင်းစွာဖြင့် အုပ်ချုပ်ခြင်းသည်

ပြည်ထောင်စု အတွင်းမှ ပြည်နယ်များ၏ ကိုယ်ပိုင် အုပ်ချုပ်ရေးပင် ဖြစ်သည်။ နိုင်ငံရေး ပါတီတခုက လုပ်ပိုင်ခွင့် မရှိသည့် တရားစီရင်ရေး အာဏာကဲ့သို့သော အာဏာများသည် ဖက်ဒရယ် ပြည်ထောင်စု တခုအတွင်း ကျင့်သုံးသော ကိုယ်ပိုင် အုပ်ချုပ်ရေး အာဏာတွင်မူ လုပ်ပိုင်ခွင့် ရှိနေသည်။

ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ အများစုတွင် ကျင့်သုံးသော ကိုယ်ပိုင် အုပ်ချုပ်ရေးသည် အဆိုပါ သဘော တရားအတိုင်း ဖြစ်သည်။ ထိုကိုယ် ပိုင်အုပ်ချုပ်ရေး၏ အခွင်အရေးသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကဲ့သို့ ခွဲထွက်ခွင့် မပါသော မိမိနှင့် ပက်သတ်သည့် ရေးရာကိစ္စများကို စီမံခန့်ခွဲ အုပ်ချုပ်နိုင်သော အခွင့်အရေး ဖြစ်သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခြားနားချက်မှာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး၏ အခွင့်အရေးများ အားလုံး ပါဝင်နေပြီး ၎င်းအခွင့်အရေး အပြင် ပို၍ ရှိနေသော အခွင့်အရေးမှာ အခြေအနေနှင့် အညီ ခွဲထွက်ခွင့် ရှိနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုအဖို့ ကိုယ်ပိုင် အုပ်ချုပ်ရေး ဆိုသည်မှာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် တူနေသည်။

## ဆိုဗီယက် ပြည်ထောင်စုအတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ရေး

ဆိုဗီယက် ပြည်ထောင်စု အတွင်းတွင် ကိုယ်ပိုင် အုပ်ချုပ်ရေးကို နယ်မြေဒေသ အကန့်သတ်ရှိသော လူမျိုး များ ကျင့်သုံးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ဆိုဗီယက် ပြည်ထောင်စုကို သမ္မတနိုင်ငံ ၁၅ ခုဖြင့် ပါဝင် ဖွဲ့စည်း ထားသည်။ ထိုသမ္မတ နိုင်ငံ ၁၅ ခုသည် လူမျိုးကို အခြေခံသော သမ္မတ နိုင်ငံများ ဖြစ်ပြီး လက်တွေ့တွင် ဆိုဗီယက် ပြည်ထောင်စု၌ လူမျိုးပေါင်း ၂၀၀ ခန့် ပါဝင်နေသည်။ သမ္မတနိုင်ငံ အဖြစ် ဖွဲ့စည်းခွင့် မရသော အခြား လူမျိုးစုများကို ကိုယ်ပိုင် အုပ်ချုပ်ရေး သမ္မတနိုင်ငံ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများ အဖြစ် ဖွဲ့စည်းကာ ထိုလူများ၏ အခွင့် အရေးကို အသိအမှတ် ပြုထားသည်။

ဆိုဗီယက် ပြည်ထောင်စုကို ပါဝင် ဖွဲ့စည်းထားသော ဆိုရှယ်လစ် သမ္မတနိုင်ငံ (Socialist Republic) ၁၅ ခုသည် ခွဲထွက်ခွင့် အပါအဝင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနိုင်သော အခွင့်အရေးကို အသိမှတ်ပြုသည်။ လက်တွေ့ ၌ ကျင့်သုံးခွင့် ရှိ/မရှိမှာ အခြား ပြဿနာ တရပ် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးစုံ စုပေါင်း ပါဝင် ဖွဲ့စည်းသော နိုင်ငံတခုတွင် တိုင်းရင်းသား လူမျိုးစု အသီးသီး၏ မိမိတို့ လူမျိုးနှင့်သာ သီးသန့် သက်ဆိုင်သော ကိစ္စများကို လွတ်လပ်စွာ စီမံခန့်ခွဲ အုပ်ချုပ်ခွင့်ပြုရေးကို ဖော်ဆောင် လာရတော့သည်။ သို့ဖြစ်၍ ဆိုဗီယက် ပြည်ထောင်စု အတွင်း အောက်ပါ အရေအတွက်ရှိသော ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများ ပေါ်ပေါက်လာသည်။

**(က) ရုရှား ဆိုဗီယက် စုပေါင်း ဆိုရှယ်လစ် သမ္မတ နိုင်ငံ** (Russia Soviet Federative Socialist Republic) တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး ဆိုရှယ်လစ် သမ္မတနိုင်ငံ ၁၆ ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ ၅ ခု ပါဝင် ဖွဲ့စည်းထားသည်။

**(ခ) ဥဇဘက် ဆိုရှယ်လစ် သမ္မတနိုင်ငံ** (Uzbek Soviet Socialist Republic) တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး သမ္မတနိုင်ငံ တခု ပါဝင် ဖွဲ့စည်းသည်။

**(ဂ) ဂျော်ဂျီယာ ဆိုရှယ်လစ် သမ္မတနိုင်ငံ** (Georgian Soviet Socialist Republic) တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး သမ္မတနိုင်ငံ ၂ ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ တခု ပါဝင် ဖွဲ့စည်းသည်။

**(ဃ) အာဇာဘိုင်ဂျန် ဆိုရှယ်လစ် သမ္မတနိုင်ငံ** (Azerbaijan Soviet Socialist Republic) တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး သမ္မတနိုင်ငံ တခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ တခု ပါဝင် ဖွဲ့စည်းသည်။

**(င) တာဂျစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ** (Tajik Soviet Socialist Republic) တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသတခု ပါဝင် ဖွဲ့စည်းသည်။

ဆိုဗီယက် ပြည်ထောင်စုဟု သမ္မတ နိုင်ငံ ၁၅ ခု စုပေါင်း ပါဝင် ဖွဲ့စည်းထားသော နိုင်ငံကြီးကို ခေါ်ဆိုခြင်း ဖြစ်သော်လည်း ရုရှား သမ္မတနိုင်ငံ၏ အတွင်းပိုင်း ဖွဲ့စည်းမှုသည်ပင် ဖက်ဒရယ် ပြည်ထောင်စု တခုကဲ့သို့ ဖြစ်နေသည်။ ကိုယ် ပိုင်အုပ်ချုပ်ရေး သမ္မတနိုင်ငံ ၁၆ ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသကြီး ၅ ခု စုပေါင်း ပါဝင် ဖွဲ့စည်းနေခြင်းကပင် ဖက်ဒရယ် ပြည်ထောင်စုကြီး တခုကဲ့သို့ ဖြစ်နေသဖြင့် ၎င်းသမ္မတ နိုင်ငံကို ရုရှား ဆိုဗီယက် စုပေါင်း ဆိုရှယ်လစ် သမ္မတနိုင်ငံဟု ခေါ်ဆိုခြင်း ဖြစ်သည်။ တိုင်းရင်းသား လူမျိုးစု စုပေါင်း နေထိုင်မှုကို လိုက်၍ လိုက်လျောညီထွေ ဖြစ်မည့် နိုင်ငံ အဖွဲ့အစည်း ပုံသဏ္ဌာန်ကို ဖော်ဆောင်ထားခြင်း ဖြစ်သည်။ ထိုအနေအထားမျိုးတွင် သက်ဆိုင်ရာ လူမျိုး အသီးသီး၏ လွတ်လပ်ခွင့်ကို ဖော်ဆောင်နိုင်ရန် ကိုယ်ပိုင် အုပ်ချုပ်ရေးသည် အရေးကြီးသော နိုင်ငံရေး လွတ်လပ်ခွင့် ဖြစ်နေသည်။ ထိုအနေအထားမျိုးတွင် သက်ဆိုင်ရာ လူမျိုး အသီးသီး၏ လွတ်လပ်ခွင့်ကို ဖော်ဆောင်နိုင်ရန် ကိုယ်ပိုင် အုပ်ချုပ်ရေးသည် အရေးကြီးသော နိုင်ငံရေး လွတ်လပ်ခွင့် ဖြစ်နေသည်ကို တွေ့ရသည်။

**မြန်မာနိုင်ငံရေးနှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးအလားအလာ**

မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြဿနာများ ပြေလည်စေရေး အတွက် လူမျိုးကို အခြေခံ၍ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးမှာ အရေးကြီး လိုအပ်ချက် ဖြစ်သည်။ လူမျိုးကို အခြေခံသော ပြည်နယ်များ ဖွဲ့စည်း၍ ပြည်ထောင်စုကို ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုး အားလုံးသည် ပြည်နယ် အဖြစ် ပါဝင် ဖွဲ့စည်းခွင့်ရရန်ကား အခက်အခဲ ရှိပါသည်။ တိုင်းရင်းသား လူမျိုးများကို ပြည်နယ် အဖြစ် ဖွဲ့စည်းခြင်းနှင့် အတူ ထိုတိုင်းရင်းသား လူမျိုးများတွင် ကိုယ်ပိုင် အုပ်ချုပ်မှု အခွင့်အရေးလည်း ရရှိပေမည်။ သို့ရာတွင် တိုင်းရင်းသား လူမျိုး အားလုံးကိုကား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ပြည်နယ်များ အဖြစ် ဖွဲ့စည်းထားရန် မဖြစ်နိုင်ချေ။ ထိုအခြေအနေမျိုးတွင် ဆိုဗီယက် ပြည်ထောင်စု အတွင်းက တိုင်းရင်းသား လူမျိုးစုများကဲ့သို့ နယ်မြေဒေသ အလိုက် ကိုယ်ပိုင် အုပ်ချုပ်ရေးပေးရန် လိုအပ်လာသည်။ ပြည်ထောင်စု အတွင်း၌ ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများသည် လိုအပ်ချက် အရ ပေါ်ပေါက်လာပေလိမ့်မည်။ ထိုသို့ ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများ ပြည်ထောင်စုတွင် ဖွဲ့စည်း ပါဝင်ရေးနှင့် ပတ်သက်၍ ၁၉၆၁ ခုနှစ်တွင် ရှမ်းပြည်နယ်က တင်သွင်းသော ၁၉၄၇၊ အခြေခံ ဥပဒေ ပြင်ဆင်ရေး စာတမ်းတွင်လည်း အချက်အလက်များဖြင့် ရေးသား တင်ပြထားသည်ကို တွေ့ရသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် ရှိမည့် ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများသည် ဆိုဗီယက် ပြည်ထောင်စုရှိ ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများနှင့်ကား ခြားနားနိုင်ပါသည်။ ဆိုဗီယက် ပြည်ထောင်စုမှ ကိုယ်ပိုင် အုပ်ချုပ်ရေး သမ္မတနိုင်ငံ၊ ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများသည် ပြည်ထောင်စု ပါလီမန်သို့ ကိုယ်စားလှယ် တိုက်ရိုက်စေလွှတ်ခွင့် ရကြသည်။ မြန်မာနိုင်ငံတွင်ကား ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသများမှ ပြည်ထောင်စု ပါလီမန်သို့ ကိုယ်စားလှယ် စေလွှတ်ရေးကို ၎င်း ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ ပါဝင် ဖွဲ့စည်းသော ပြည်နယ်မှ တဆင့်သာ ဆောင်ရွက်ဖွယ်ရာသာ ရှိသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ နိုင်ငံရေးတွင် ကိုယ်ပိုင် အုပ်ချုပ်ရေးသည် လိုအပ်ချက်များ အရ တိုင်းရင်းသား လူမျိုးများကို ကျင့်သုံးခွင့် ပြုရမည်သာ ဖြစ်သည်။

## ၃။ ဒီမိုကရေစီနှင့် စစ်မှန်သော ပါတီစုံစနစ်

ဒီမိုကရေစီသည် လူတဦး တယောက် သို့မဟုတ် တစုထံတွင် အာဏာ စုပြုံခြင်း မဟုတ်ဘဲ အာဏာများ ပြည်သူလူထုထံ၌ ဖြန့်ကျက်ထားသော အုပ်ချုပ်ရေး စနစ် ဖြစ်သည်။ ဖက်ဒရယ် ပြည်ထောင်စုသည်လည်း နိုင်ငံတွင်းရှိ အာဏာများကို အစိုးရ အဆင့်ဆင့်၌ ဖြန့်ကျက်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြည်ထောင်စုတို့သည် အာဏာများကို လူတဦး သို့မဟုတ် လူတစုထံ၌ စုပြုံထားခြင်းမျိုးမှ ကာကွယ်ပြီး ခိုင်မာအောင်မြင်သော ပြည်သူ့အာဏာ ပိုင်စိုးမှု အုပ်ချုပ်ရေး တရပ် ပေါ်ထွန်းရေး အတွက် အပြန်အလှန် အထောက်အကူ ပြုလျက် ရှိသည်။ ဒီမိုကရေစီ ထွန်းကားခြင်းသည် ဖက်ဒရယ် ပြည်ထောင်စု ခိုင်မာရေးကို အထောက်အကူ ပြုသကဲ့သို့ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုသည်လည်း ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ် ခိုင်မာရေးကို အပြန်အလှန် အထောက်အကူပြုလျက် ရှိကြသည်။ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စု အဖြစ် ဖွဲ့စည်းတည်ဆောက်ခြင်းကို ခိုင်ခိုင်မာမာ ထောက်ခံသူများက အထက်ပါအတိုင်း အပြန်အလှန် အထောက်အကူပြုမှုသဘောကို လေးလေးနက်နက် သက်ဝင် ယုံကြည်ထားကြသည်။

သို့ရာတွင် ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ် အောင်မြင်ရေး အတွက် နိုင်ငံတိုင်းကို ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရမည် ဟူ၍ကား မဆိုလိုပေ။ ဒီမိုကရေစီ မထွန်းကားဘဲနှင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်၍ မရနိုင်ဟူသော ကောက်ချက်ကိုကား ခိုင်ခိုင်မာမာ ပြောဆို၍ ရသော အနေအထားမျိုး ရှိသည်။ ဆိုဗီယက် ပြည်ထောင်စု အတွင်း ကွန်မြူနစ် တပါတီ စနစ်၏ တင်းကျပ်သော ဗဟိုဦးစီး ချုပ်ကိုင်မှုအောက်၌ အာဏာများ ခွဲဝေဖြန့်ကျက်ထားရေး ဟူသည့် ဖက်ဒရယ် ပြည်ထောင်စုမူမှာ ပဋိပက္ခများ ဖြစ်နေကာ နောက်ဆုံး ဖက်ဒရယ် ပြည်ထောင်စု ပြိုကွဲရေးကို ဖြစ်သော တွန်းအား တရပ်ပင် ဖြစ်ခဲ့သည်။ ထိုသင်ခန်းစာအရ ဒီမိုကရေစီ မထွန်းကားဘဲ ဖက်ဒရယ် ပြည်ထောင်စု မတည်ဆောက်နိုင် ဟူသော ကောက်ချက်ကို ရစေသည်။ ထို့ကြောင့် အောင်မြင်သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု တည်ဆောက်နိုင်ရန် ဒီမိုကရေစီ ထွန်းကားရပေလိမ့်မည်။

တဖန် ထွန်းကားသော ဒီမိုကရေစီသည် ဖက်ဒရယ် ပြည်ထောင်စုမူများနှင့် လိုက်လျောညီထွေဖြစ်ရေးမှာလည်း အရေးကြီးသော အချက်ပင် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ထိပ်တန်း ဒီမိုကရေစီ မထွန်းကားသော နိုင်ငံများကို သုံးသပ်လေ့လာလျှင် ပုံစံ အမျိုးမျိုး တွေ့ရပြန်သည်။ ထိုအထဲတွင် ဒီမိုကရေစီ နိုင်ငံတခု၌ ကျင့်သုံးသော ပါတီစနစ်သည် ဖက်ဒရယ် ပြည်ထောင်စုမူနှင့် ကိုက်ညီမှု ရှိ/မရှိကို အဆုံးဖြတ်ပေးနိုင်သည်။ ဒီမိုကရေစီ နိုင်ငံများတွင် နှစ်ပါတီ စနစ် သို့မဟုတ် ပါတီစုံ စနစ်ကို ကျင့်သုံးကြသည်။

နှစ်ပါတီ စနစ်ကိုသာ သက်ဆိုင်ရာ နိုင်ငံ၏ နိုင်ငံရေး လိုအပ်ချက် အရ ကျင့်သုံးရန် သင့်တော်ပါက ဖက်ဒရယ် ပြည်ထောင်စုမှုကို ဆန့်ကျင် ထိခိုက်စေမည် မဟုတ်ပေ။ ဥပမာ၊ အမေရိကန် ပြည်ထောင်စု၏ နိုင်ငံရေး လိုအပ်ချက် အရ နှစ်ပါတီ စနစ်ကိုသာ ကျင့်သုံးပြီး ထိုနှစ်ပါတီ စနစ်သည် အမေရိကန်၏ ဖက်ဒရယ်မှုကို ထိခိုက်ခြင်း မရှိပေ။ သို့သော် ဒီမိုကရေစီလည်း ထွန်းကားပြီး ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံလည်း ဖြစ်သော နိုင်ငံများတွင် နိုင်ငံရေး တောင်းဆိုချက် အရ နှစ်ပါတီထက် ပိုသော ပါတီစုံ စနစ်ကို ကျင့်သုံး နေကြသည်ကိုလည်း တွေ့ရသည်။ ဥပမာ၊ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံနှင့် ဆွစ်ဇာလန် နိုင်ငံများ ဖြစ်သည်။ ထို့အတူပင် အိန္ဒိယ နိုင်ငံသည်လည်း ပါတီစုံစနစ် ထွန်းကားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုပင် ဖြစ်သည်။ အဆိုပါ ၃ နိုင်ငံတွင် ပါတီစုံစနစ် ကျင့်သုံးခြင်း တူသော်လည်း ပါတီစုံ စနစ်ကို ခိုင်မာစေသော အစီအစဉ်များ ကွာခြားမှုပေါ် မူတည်၍ ခိုင်မာသော ပါတီစုံ စနစ်နှင့် အင်အားနည်း ချိနဲ့သော ပါတီစုံ စနစ် ဟူ၍ ခွဲခြား လေ့လာနိုင်သည်။ ခိုင်မာသော ပါတီစုံ စနစ်ကိုသာ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အတွက် စစ်မှန်သော ပါတီစုံ စနစ်ဟု ဆိုရပေမည်။ ထိုစစ်မှန်သော ပါတီစုံ စနစ်ကသာ ဖက်ဒရယ် ပြည်ထောင်စု စနစ် အောင်မြင်ရေးကို အထောက်ကူ ပြုပေလိမ့်မည်။

### အိန္ဒိယ ဖက်ဒရယ် ပြည်ထောင်စုနှင့်ပါတီစုံ ဒီမိုကရေစီ

ဦးစွာ ပထမ ဖက်ဒရယ် ပြည်ထောင်စု စနစ် အောင်မြင်ရေးကို အထောက်ကူ မပြုနိုင်သော အိန္ဒိယနိုင်ငံ၏ ပါတီစုံစနစ် အကြောင်းကို လေ့လာကြည့်ပါက အောက်ပါအတိုင်း တွေ့ရပေလိမ့်မည်။

အိန္ဒိယနိုင်ငံတွင် လွတ်လပ်ရေး ရပြီးကတည်းက နေရူး ဦးဆောင် ဖွဲ့စည်းသော ကွန်ဂရက် ပါတီ တခုတည်းက နိုင်ငံရေး အာဏာကို လက်ဝါးကြီး အုပ်ထားနိုင်ခဲ့သည်။ စင်စစ်တွင် အိန္ဒိယနိုင်ငံ၌ နိုင်ငံရေး ပါတီပေါင်း ၆၀ ကျော် ရှိသည်။ ကွန်ဂရက် ပါတီ တခုတည်းက နိုင်ငံရေး အာဏာကို လက်ဝါးကြီး အုပ်ထားခြင်းသည် အခြား တဖက်တွင် နိုင်ငံရေး ပါတီငယ်ပေါင်း မြောက်များစွာ စုပေါင်းသော ညွန့်ပေါင်း အသွင်ဖြင့် ရပ်တည်ရလျှင် အားကောင်းသော ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်ကို မဖြစ်ပေါ်စေနိုင်ဟု ပိုင်းခြား စိတ်ဖြာ သုံးသပ်သူများက ဆိုကြသည်။ အဘယ်ကြောင့် ဆိုသော် အာဏာရ ပါတီကို ပြည်သူလူထုက မကြိုက်သော အခါ ပြောင်းလဲပစ်ရန် အတွက် အခြား ဒုတိယ နေရာ ရရှိထားသော နိုင်ငံရေး ပါတီ မရှိခြင်းကြောင့် ဖြစ်သည်။ ပို၍ ဆိုးသည်မှာ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတွင် ပါတီ တခုတည်းက နိုင်ငံရေး အာဏာကို လက်ဝါးကြီး အုပ်ထားနိုင်ခြင်းသည် ဖက်ဒရယ်မှုကို ထိခိုက်စေသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံရေး ပါတီ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်း ဆောင်ရွက်မှု သဘော သဘာဝသည် ပေါ်လစီ တခုတည်းကို ဗဟို အဆင့်မှ စ၍ ဒေသန္တရ အဆင့်အထိ အားလုံး အကောင်အထည်ဖော် ကြရခြင်းကြောင့် ဖြစ်သည်။ အိန္ဒိယ ကဲ့သို့သော နိုင်ငံတွင်ကွန်ဂရက် ပါတီ တခုတည်းက နိုင်ငံရေး လက်ဝါးကြီး အုပ်မှုသည် ဗဟိုနှင့် ပြည်နယ်များ အဆင့် အားလုံးတွင် ဖြစ်သည်။

ဗဟိုနှင့် ပြည်နယ်များ အကြား အာဏာခွဲဝေ ကျင့်သုံးရမည့် ဖက်ဒရယ် ပြည်ထောင်စု တခုတွင် ကွန်ဂရက် ပါတီ တခုတည်းက ဗဟိုရော ပြည်နယ် အစိုးရများ အထိ ထိုးဖောက် နေရာယူထားခြင်းသည် ပါတီ ပေါ်လစီ အတိုင်း ဗဟိုရော ပြည်နယ်များပါ လိုက်၍ အကောင်အထည် ဖော်ရသော အခါတွင် ဖက်ဒရယ်မှုမှာ တိမ်းပါး သွားလေတော့ သည်။ ကွန်ဂရက် ပါတီ၏ နှစ်ရှည်လများ နိုင်ငံရေး လက်ဝါးကြီးအုပ်မှုကြောင့် အချို့ လေ့လာသူများက အိန္ဒိယ နိုင်ငံသည် ပါတီစုံ အမည်ခံ တပါတီ စနစ်သာ ဖြစ်ကြောင်း ဝေဖန်ကြသည်။ ပါတီစုံ စနစ်ကို လိုအပ်ချက်အရ ကျင့်သုံး လာရသော နိုင်ငံ တခုအဖို့ ပါတီစုံ နိုင်ငံရေး ဖြစ်လာစေရန်လည်း လိုအပ်သော စီမံ ပြဋ္ဌာန်းမှုများကို ပြုလုပ် ပေးရပေ မည်။ ပါတီစုံ အမည်ခံကာ တပါတီတည်းက နိုင်ငံရေးကို ထိန်းချုပ်ထားခြင်းသည် တပြည်ထောင် စနစ် နိုင်ငံထက် ပြည်ထောင်စု စနစ် နိုင်ငံတွင် ပို၍ သိသာ ထင်ရှားသော ဆိုးကျိုးများကိုသာ ဖြစ်စေနိုင်သည်။

[**ဖြည့်စွက်ချက်** ။ ။ အထက်ပါ အိန္ဒိယနိုင်ငံရေး သုံးသပ်ချက်သည် ၁၉၉၄ ခုနှစ်၊ ပတ်ဝန်းကျင်က အိန္ဒိယ နိုင်ငံရေး အပေါ် အကဲဖြတ်ချက်သာ ဖြစ်သည်။ ယခုအခါ အိန္ဒိယနိုင်ငံမှာ ဗဟို နိုင်ငံရေး အဆင့်မှာ ကွန်ဂရက်၏ နိုင်ငံရေး လက်ဝါးကြီး အုပ်မှုကို စိန်ခေါ်နိုင်သည့် ဘီဂျေပီ (BJP - Bharatiya Janata Party ) ခေါ် ဟိန္ဒူ အမျိုးသားရေး ပါတီတရပ်သည် အင်အား ကောင်းကောင်းဖြင့် ပေါ်ထွက်လာခဲ့ပြီး ၁၉၉၈ မှ ၂၀၀၄ တိုင်အောင် ဗဟိုအစိုးရ အာဏာကို ရယူနိုင်ခဲ့သည်။ ထို့အပြင် ပြည်နယ် အဆင့်များတွင်လည်း အားကောင်းသော နိုင်ငံရေး ပါတီများ ထွက်ပေါ်လျက် ရှိပါသည်။ ဥပမာ၊ အနောက်ဘင်္ဂလား ခေါ် West Bengal ပြည်နယ်တွင် အိန္ဒိယ ကွန်မြူနစ် ပါတီက အစဉ်အဆက် နိုင်ငံရေး အာဏာ ရယူထားခြင်းမျိုး ဖြစ်သည်။ လက်ရှိ (၂၀၀၉ ခုနှစ်၊ စက်တင်ဘာ) တွင် အိန္ဒိယ ကွန်ဂရက် ပါတီသည် ဗဟို အဆင့်တွင် နိုင်ငံရေး အာဏာ ရရှိထားသော်လည်း၊ ပြည်နယ် ၂၈ ပြည်နယ် ရှိသော အိန္ဒိယနိုင်ငံတွင် ကွန်ဂရက် ပါတီသည် အန်ဒါပရာဒေ့ရှ် Andhra Pradesh၊ အယူနာချာပရာဒေ့ရှ် Arunachal

Pradesh၊ ရာဂျစ်စတန် Rajasthan၊ ယာရီယားနား Haryana၊ မီဇိုရမ် Mizoram နဲ့ မဏိပူရ Manipur ပြည်နယ် ၆ ပြည်နယ်နှင့် Union Territory တခု ဖြစ်တဲ့ ဒေလီ Delhi တို့မှာသာ လွတ်လွတ်ကျွတ်ကျွတ် အာဏာရယူ ထားနိုင်ပြီး၊ အာသံ Assam၊ ဂိုအာ Goa၊ မဟာရပ်စတာ Maharashtra နဲ့ ပွန်ဒီချယ်ရီ Pondicherry ပြည်နယ် ၄ ပြည်နယ်မှာမူ မဟာမိတ် ပါတီများနှင့် ပူးတွဲပြီး အာဏာရယူထားသည်။ ကျန် ၁၈ ပြည်နယ်တွင် အတိုက်အခံ ဘီဂျေပီ အပါအဝင်၊ အခြား ဒေသန္တရ အတိုက်အခံ ပါတီများက အာဏာ ရယူထားကို တွေ့ရသည်။]

### ဂျာမဏီ ပြည်ထောင်စုစနစ်နှင့် ပါတီစုံ ဒီမိုကရေစီ

ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံသည် ဒီမိုကရေစီကို စစ်မှန်သော ပါတီစုံ စနစ်ဖြင့် ကျင့်သုံးနေကြောင်း နိုင်ငံရေးသိပ္ပံ လေ့လာသူများအကြား အသိအမှတ် ပြုမှုများ ရှိသည်။ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံ အဖြစ် စတင် ဖွဲ့ပြီးနောက် ပထမဦးဆုံး ပြုလုပ်သည့် အထွေထွေ ရွေးကောက်ပွဲတွင် ပါတီပေါင်း ၉ ခုမှ ကိုယ်စားလှယ်များ အရွေးခံရကာ ပါလီမန်တွင် ကိုယ်စားပြု ပါဝင်ခဲ့သည်။ နောက်ပိုင်း ပြုလုပ်သော ရွေးကောက်ပွဲများတွင် နိုင်ငံရေး ပါတီ အနည်းဆုံး လေးခုမှသည် ပါလီမန် အတွင်း၌ ပါဝင်နေသည်ကို တွေ့ရသည်။ ဂျာမန် နိုင်ငံရေးကို မည်သည့် ပါတီ တခုတည်းကမျှ လက်ဝါးကြီးအုပ်ထားခြင်း မပြုသကဲ့သို့ အတိုက်အခံဘက်တွင်လည်း မည်သည့် အခါမျှ ညွှန့်ပေါင်း ဖွဲ့ရန်မလိုဘဲ အင်အားရှိသော အတိုက်အခံ အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် ဂျာမဏီနိုင်ငံတွင် နိုင်ငံရေး အာဏာကို ပါတီ တခုတည်းက လက်ဝါးကြီး အုပ်ထားခြင်း မပြုနိုင်ဘဲ အတိုက်အခံများကပါ အာဏာချိန်ခွင်လျှာ ထိန်းညှိနိုင်သော အခြေအနေမျိုး ရှိသည်။ ထိုအခြေအနေမျိုးသည် ဖက်ဒရယ် ပြည်ထောင်စုမူ ခိုင်မာရေးကို အထောက်အကူ ပြုနိုင်သည်။

ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံတွင် စစ်မှန်သော ပါတီစုံစနစ် ရရှိစေရန် အတွက် ၎င်း၏ နိုင်ငံရေး စနစ်က လိုအပ်သော စီမံမှုနှင့် ပြဋ္ဌာန်းမှုများ ပြုလုပ်ထားခဲ့သည်။ အထူးသဖြင့် ရွေးချယ် တင်မြှောက်ပုံ စနစ်မှာ အဓိပ္ပါယ်ရှိသော ပါတီစုံ စနစ်ဖြစ်ရန် ကျားကန် ပေးထားသည်။ ဂျာမန် ပါလီမန် အောက်လွှတ်တော် (ဂျာမန်ဘာသာဖြင့် Bundestag) ရှိ အမတ်နေရာ၏ ထက်ဝက်ကို အချိုးကျ ကိုယ်စားလှယ်ပြု စနစ်အရ ရွေးချယ်စေသည်။ ထိုရွေးချယ် တင်မြှောက်ပုံ စနစ် (Propotional Repreaentation) အရ နိုင်ငံရေး ပါတီများသည် ၎င်းတို့ ရရှိသော ထောက်ခံ ဆန္ဒမဲ အချိုးအစား အလိုက် ပါလီမန်တွင် ကိုယ်စားပြုခွင့် ရကြသည်။ အချိုးကျ ကိုယ်စားပြုခွင့် စနစ်ကို အိန္ဒိယနိုင်ငံတွင် ကျင့်သုံးသော ရွေးချယ် တင်မြှောက်ပုံ စနစ်ဖြစ်သည့် သာမန် မဲအများစု စနစ် (Plurality System) နှင့် နှိုင်းယှဉ်လျှင် ခြားနားမှု အချို့ကို တွေ့ရသည်။ သာမန် မဲအများစု စနစ်တွင် မဲဆန္ဒနယ် တခု၌ ကိုယ်စားလှယ်လောင်းများ ဝင်ရောက် ယှဉ်ပြိုင် အရွေးခံရာတွင် မဲအများဆုံး ရရှိသူ တဦးကိုသာ ရွေးချယ်ခြင်းဖြစ်ရာ ကျန်ဆန္ဒမဲများမှာ ဆုံးရှုံး သွားလေသည်။ ရံဖန်ရံခါ အရွေးခံရသူသည် မဲဆန္ဒနယ်ရှိ ပြည်သူများ၏ ထက်ဝက် မကျော်သော ဆန္ဒမဲကိုသာ ရရှိပြီး ဆုံးရှုံးသော ဆန္ဒမဲများမှာ ထက်ဝက်ကျော် ဖြစ်တတ်သည်။ အချိုးကျ ကိုယ်စားပြု စနစ်တွင်မူ နိုင်ငံရေး ပါတီ အသီးသီး ရရှိသော ထောက်ခံမဲ အချိုးအစား အလိုက် ကိုယ်စားပြုခွင့် ရသဖြင့် ဆန္ဒမဲများမှာ ဆုံးရှုံး လေလွင့်မှု မရှိပေ။ တပြိုင်တည်းတွင် နိုင်ငံရေး ပါတီ ပေါင်းစုံသည်လည်း နိုင်ငံရေးတွင် ကိုယ်စားပြု ပါဝင်ခွင့် ရသွားကြသည်။ အိန္ဒိယ နိုင်ငံမျိုးတွင် သာမန် မဲအများစု စနစ်ကြောင့် နိုင်ငံရေးသြဇာ ကြီးမားသော ပါတီ တခုတည်းကသာ နိုင်ငံရေးကို လက်ဝါးကြီးအုပ်နိုင်သော ရလဒ်ကို ဖြစ်စေသည်။

ထို့အပြင် ဂျာမဏီနိုင်ငံတွင် နိုင်ငံရေး ပါတီများ ရပ်တည်နိုင်ရန် အတွက် အစိုးရ၏ အထောက်အပံ့ကိုလည်း ရယူ ခံစားနိုင်ခွင့် ရှိသည်။ အချိုးကျ ကိုယ်စားပြု စနစ်အရ တနိုင်ငံလုံး ပြည်သူ့ ဆန္ဒမဲ အနည်းဆုံး ၅ ရာခိုင်နှုန်း ရရှိသော ပါတီသည် ပါလီမန်တွင် ကိုယ်စားပြု ပါဝင်ခွင့်ရပြီး ထိုသို့ ပါဝင်ခွင့်ရသော ပါတီတိုင်းကို အစိုးရက ရပ်တည်နိုင်ရေး အတွက် ထောက်ပံ့ ပေးရသည်။ ထို့ကြောင့် ဂျာမဏီနိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စုကို အထောက်အကူပြုမည့် စစ်မှန်သော ပါတီစုံစနစ် ဖြစ်စေရန် လိုအပ်သော အစီအမံနှင့် ပြဋ္ဌာန်းချက်များ ပြုလုပ်ထားသည်ကို တွေ့ရသည်။

### ဆွစ်ဇာလန် ဖက်ဒရယ် ပြည်ထောင်စုစနစ်နှင့် ပါတီစုံ ဒီမိုကရေစီ

ဆွစ်ဇာလန် နိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စု စနစ်နှင့် လိုက်လျောညီထွေ ဖြစ်မည့် စစ်မှန်သော ပါတီစုံ စနစ်ကို ဖော်ဆောင်ထားသည့် ဒီမိုကရေစီ နိုင်ငံ တခုဖြစ်သည်။ ဆွစ်ဇာလန် နိုင်ငံတွင် ကျင့်သုံးသော ရွေးချယ် တင်မြှောက်ပုံ စနစ်သည် ဂျာမဏီ ကဲ့သို့ပင် အချိုးကျ ကိုယ်စားပြု စနစ် ဖြစ်သည်။ သို့ရာတွင် ဂျာမဏီထက် ပို၍ ထူးခြားသည်မှာ ဆွစ်ဇာလန် နိုင်ငံတွင် ဖွဲ့စည်းထားသော ပြည်ထောင်စု အစိုးရသည် ဝေပုံကျ ဒီမိုကရေစီ

(Consociational Democracy) ကို အခြေခံထားခြင်း ဖြစ်သည်။ ထိုဒီမိုကရေစီကို အခြေခံ၍ ဖွဲ့စည်းထားသော အစိုးရသည် နိုင်ငံတွင်းရှိ နိုင်ငံရေး ပါတီများကို အစိုးရ ဖွဲ့စည်းရာတွင် ပါဝင်စေခြင်း ဖြစ်သည်။ အချိုးကျ ကိုယ်စားပြုစနစ်အရ အရွေးခံရသော ကိုယ်စားလှယ်များသည် ပါလီမန်တွင်သာ ပါဝင် ဖွဲ့စည်းခွင့်ရကြပြီး အစိုးရတွင် ပါဝင်ဖွဲ့စည်းခွင့်ရရေးကား မသေချာ ပေ။ နိုင်ငံရေး အတိုက်အခံ နေရာတွင် ရှိပြီး ပေါ်လစီ ချမှတ်နေသည့် အာဏာရပါတီကို အာဏာချိန်ခွင်လျှာ ညှိနိုင်သော အခြေအနေသာ ဖြစ်သည်။ အတိုက်အခံ နေရာတွင် ရှိစဉ် ကိုယ်တိုင်ပေါ်လစီ ချမှတ်နိုင်သော အဆင့် သို့ကား မရောက်ရှိပေ။ ဝေပုံကျ ဒီမိုကရေစီ အခြေခံအရ အစိုးရ ဖွဲ့စည်းထားသော တိုက်ရိုက် ပါဝင်ခွင့်ရသည်။ ထို့ကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စုကို အထောက်အကူပြုမည့် စစ်မှန်သော ပါတီစုံစနစ် ဖြစ်စေ ရန်အတွက် ဂျာမဏီထက်ပင် ထူးကဲသော နိုင်ငံရေး အစီအမံများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

### ဖက်ဒရယ် ပြည်ထောင်စုအတွင်း ပါတီစုံစနစ် တည်ရှိမှုနှင့် လည်ပတ်ပုံ

အချို့သော သူများက အတိတ်အရိပ်၏ လွှမ်းမိုးမှုကြောင့် ဖက်ဒရယ် ပြည်ထောင်စု အတွင်း ပါတီစုံစနစ်ကို ကျင့်သုံးသော်လည်း ထိုပါတီစုံ စနစ်သည် ပြည်နယ်တခု၏ နယ်နိမိတ် အတွင်းက ပါတီစုံ စနစ်သာ ဖြစ်သည်။ အခြား ပြည်နယ်များသို့ ထိုးဖောက် ဝင်ရောက်သော ပါတီစုံ စနစ် မဖြစ်စေရဟု ဆိုကြသည်။ အထူးသဖြင့် ထိုသို့သော ပြောဆိုသံများကို မြန်မာနိုင်ငံအား ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော် အဖြစ် တည်ဆောက်ရေး အကြောင်း ပြောဆိုရာတွင် ကြားနေကြရသည်။ ပြည်နယ် တခုက ပါတီကြီး တခုသည် အခြား ပြည်နယ်များသို့ တိုင်အောင် ထိုးဖောက် ဝင်ရောက်လာပါက ထိုပါတီကို အခြေခံ၍ မဟာလူမျိုးကြီး ဝါဒများ ထွန်းကားလာမည်ကို ကာကွယ်ရန် လိုအပ်ခြင်းကြောင့် ထိုသို့သော ကန့်သတ်ချက်များ ပြုလုပ်လာရကြောင်း ပြောဆိုကြသည်။ တိုင်းရင်းသား လူနည်းစုများ ခံစားခဲ့ရသော အတွေ့အကြုံအရ ပြောဆိုလာသည့် ထိုသို့သော အသံများကို အရေးတယူ လက်ခံစဉ်းစားရမည်သာ ဖြစ်သည်။ အခြား တဖက်တွင်လည်း အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် ပါတီစုံစနစ် မည်သို့ တည်ရှိပြီး မည်သို့ လည်ပတ်နေသည် ဆိုသည့် အချက်ကိုလည်း လေ့လာရန် လိုအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ အခြေခံ ဥပဒေအရ ဖွဲ့စည်းခဲ့သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံခေတ်တွင် လည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ အခြေခံ ဥပဒေအရ ဖွဲ့စည်းခဲ့သော တပြည်ထောင် စနစ်ခေတ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံရေးကို လူများစု ဖြစ်သော ဗမာများကသာ လက်ဝါးကြီးအုပ် ထားခဲ့ကြသည်။ ဗမာ လူမျိုးများသည် မဟာလူမျိုးကြီးဝါဒ ကျင့်သုံးသည် စသည်ဖြင့် ယုံကြည်ခဲ့ကြသော တိုင်းရင်းသား လူအနည်းစုများသည် နောင်အခါ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုအတွင်း လူမျိုးကြီး ဝါဒများ ပေါ်လာမည်ကို စိုးရိမ်လျက် ရှိကြသည်။ ထိုစိုးရိမ်မှုအောက်တွင် မြန်မာနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စု အဖြစ် ပြောင်းလဲ ဖွဲ့စည်းခြင်းနှင့် အတူ ပါတီစုံ ဒီမိုကရေစီ စနစ်ကိုပါ ကျင့်သုံးသွားမည်မှာလည်း မလွဲမသွေပင် ဖြစ်သည်။

ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်တွင် နိုင်ငံရေး ပါတီများ၊ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် ထိုပါတီများ၊ ထိုအသင်းအဖွဲ့များတွင် လွတ်လပ်စွာ ပါဝင်ခွင့်ကို မည်သူမျှ တားမြစ်၍ မရပေ။ ဤအခွင့်အရေးများသည် ဒီမိုကရေစီတွင် မရှိမဖြစ်သော အခွင့်အရေးများလည်း ဖြစ်သည်။ ဒီမိုကရေစီ လိုလားသူတိုင်း လက်ခံရမည့် အခွင့်အရေးများလည်း ဖြစ်သည်။ ပြည်နယ် တခုတွင် ရှိသော နိုင်ငံရေး ပါတီ အသင်းအဖွဲ့ကို အခြား ပြည်နယ်ရှိ ပြည်သူများက သက်ဝင် ယုံကြည်ပြီး ထောက်ခံလျှင် သို့မဟုတ် ထိုပါတီ၊ အသင်းအဖွဲ့တွင် အဖွဲ့ဝင် ဖြစ်လိုလျှင် ထိုဖြစ်ခြင်းကို မည်သူမျှ တားမြစ်၍ မရနိုင်ပေ။ နောက်ဆုံး အခြားပြည်နယ်မှ ပါတီကို မိမိ ပြည်နယ်တွင် လာရောက် ဖွဲ့စည်း တည်ထောင်ခြင်းကိုလည်း တားမြစ်၍ မရနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် ပြည်နယ် အသီးသီးတွင် ရှိသော ပြည်သူများသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံ တခုတည်း အတွင်းက ပြည်သူများ ဖြစ်သဖြင့် အချင်းချင်းကြားတွင် အခွင့်အရေး တူညီမှု ရှိကြ၍ ဖြစ်သည်။ ပြည်နယ် တခုမှ ပြည်သူများ၏ အခြေခံ အခွင့်အရေးများသည် အခြားသော ပြည်နယ်များမှ ပြည်သူများနှင့် အတူတူ ဖြစ်ရပေမည်။ ခြားနားချက် မရှိစေရပေ။ ထို့ကြောင့် နိုင်ငံရေး ပါတီ တခုသည် တားမြစ်၍ မရသော အရာများ ဖြစ်သည်။

ဖက်ဒရယ် ပြည်ထောင်စု တခုတွင် ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရများ ပါဝင်နေရကား ထိုအစိုးရ နှစ်ရပ်စလုံးနှင့် ပတ်သက်၍ ပြည်သူများတွင် နိုင်ငံရေး ပူးပေါင်း ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေး ရှိရပေမည်။ ပြည်နယ် တခုလုံးနှင့်သာ သက်ဆိုင်သော ပြည်နယ် အစိုးရ ဖွဲ့စည်းရေးတွင် သက်ဆိုင်ရာ ပြည်နယ်မှ ပြည်သူများမှ လွဲ၍ အခြား ပြည်နယ်မှ ပြည်သူများ စိတ်ဝင်စားမည် မဟုတ်ပေ။ နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်ခွင့် ရမည်မဟုတ်။ ပြည်နယ် အားလုံးမှ ပြည်သူများနှင့် သက်ဆိုင်သော ဗဟိုအစိုးရ ဖွဲ့စည်းရေး အတွက်မူ တနိုင်ငံလုံးရှိ ပြည်သူများက စိတ်ဝင်စားမည် ဖြစ်သကဲ့သို့ နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်မှုလည်း ပြုရပေမည်။ ထိုကိစ္စ အတွက် နိုင်ငံရေး ပါတီများသည် ပြည်နယ်တခုတည်းတွင် သာမကဘဲ ပြည်ထောင်စုတဝန်းလုံးရှိ ပြည်နယ် အသီးသီးတွင် ဖွဲ့စည်း ပေါ်ပေါက်

နေမည်သာ ဖြစ်သည်။ ပါတီဝင်များ ရှိနေမည်သာ ဖြစ်သည်။ မဲဆွယ် စည်းရုံးမှုများ ရှိနေမည်သာ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး ပါတီ တခုသည် ဗဟိုအစိုးရ အာဏာနေရာ အတွက် ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားပါက ပြည်ထောင်တဝန်းလုံး ပြည်နယ် အသီးသီးတွင် ထိုးဖောက် ဝင်ရောက် နေပေမည်။ မဟာလူမျိုးကြီး ဝါဒကို ကာကွယ်ရန် အကြောင်းပြချက်ဖြင့် ဖြစ်စေ၊ အခြား အကြောင်းပြချက်ကြောင့် ဖြစ်စေ၊ ထိုသို့ ထိုးဖောက် ဝင်ရောက် နေခြင်းကို တားဖြစ်၍ မရပေ။

အခြား တဖက်တွင် စိုးရိမ်မှုများ လျော့နည်းအောင် မည်သို့ ပြုလုပ်နိုင်မည်ကိုလည်း နည်းလမ်း ရှာဖွေရ ပေမည်။ လူမျိုးကို အခြေခံသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခုတွင် လူမျိုးကို အခြေခံသော နိုင်ငံရေး ပါတီများ သည်လည်း ပေါ်ပေါက် နေပေမည်။ လူဦးရေ နည်းသော လူမျိုး၏ ပါတီသည် လူဦးရေ များသော လူမျိုး၏ ပါတီကို ယှဉ်ပြိုင်ရန် လွယ်ကူမည် မဟုတ်ဟု ယေဘုယျ အားဖြင့် ယုံကြည်ထားကြသည်။ ပါတီကြီးနှင့် ပါတီငယ် နှစ်ခုကို နိုင်ငံရေး အရ အထူးစီမံ ပြဋ္ဌာန်းမှု မရှိဘဲ ယှဉ်ပြိုင်ခိုင်းပါက အမြဲတမ်းလိုလို ပါတီကြီးကသာ အနိုင်ရနေပေလိမ့်မည်။ ထိုအချက်ကို စိုးရိမ် နေကြသည်။ စိုးရိမ်သည့်အတိုင်း ဖြစ်နေပါက စစ်မှန်သော ပါတီစုံ စနစ်တရပ်ကို ဖော်ထုတ်နိုင်မည် မဟုတ်သည့် အပြင် ဖက်ဒရယ် ပြည်ထောင်စုမှုကိုလည်း ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ အိန္ဒိယ၊ ဂျာမဏီနှင့် ဆွစ်ဇာလန်နိုင်ငံ ၃ ခုကို ဥပမာပြု လေ့လာခဲ့စဉ်က စစ်မှန်သော ပါတီစုံစနစ်ကို မည်သို့ ဖော်ဆောင်နိုင်ကြောင်းကို တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ စစ်မှန်သော ပါတီစနစ် ဖြစ်ရန် နိုင်ငံရေး စီမံမှုများ ပြုလုပ်ထားပါက လူဦးရေ နည်းသော ပါတီငယ်များ အဖို့ စိုးရိမ်မှု လွန်ကဲရန် လိုအပ်မည် မဟုတ်ပေ။

ထို့အပြင် လူမျိုးကို အခြခံထားသော နိုင်ငံရေး ပါတီ တခုသည် မိမိ ပြည်နယ်၏ ပြည်သူလူထုကို အပိုင်အနိုင် စည်းရုံးနိုင်ပါက အခြားပါတီများနှင့် ယှဉ်ပြိုင်ရန် စိုးရိမ်စရာ မလိုအပ်ပေ။ မိမိပြည်နယ်ရှိ ပြည်သူလူထုကပင် မိမိတို့ လူမျိုး ပါတီထက် အခြားပါတီကို ထောက်ခံပါက ထောက်ခံခွင့် ပေးရမည်သာ ဖြစ်သည်။ အခြား ပါတီများ ဖွဲ့စည်းခွင့် မပြုခြင်း၊ ဖွဲ့စည်းခွင့် ပြုထားသော်လည်း ထောက်ခံမှုကို ဟန့်တားခြင်းများ ပြုလုပ်ပါက ဒီမိုကရေစီကို ဆန့်ကျင် နေပေလိမ့်မည်။ ဒီမိုကရေစီ အခြေခံ သဘောတရားနှင့် အညီ နိုင်ငံရေး ပါတီများ ပြည်ထောင်စုတဝန်းလုံး ဖွဲ့စည်း ပေါ်ပေါက်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်းများ ရှိနေမည်သာ ဖြစ်ရာ စစ်မှန်သော ပါတီစုံစနစ် ဖြစ်စေရန် လိုအပ်သော အစီအမံများဖြင့် ဖက်ဒရယ် ပြည်ထောင်စု စနစ်ကို အထောက်အကူ ဖြစ်အောင် စီမံရန်သာ လိုအပ်ပေတော့သည်။

# အခန်း (၅)၊ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများအားနှိုင်းယှဉ်ချက်

## ၁။ ဆိုဗီယက်ပြည်ထောင်စု




*မပြိုကွဲမီက ဆိုဗီယက်ပြည်ထောင်စု၏အုပ်ချုပ်ရေး ဒေသများ၊ ၁၉၈၉။*

## ၁။ ဆိုဗီယက်ပြည်ထောင်စု

ဆိုဗီယက် ပြည်ထောင်စုသည် စုစည်းညီညွတ်သော တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခု ဖြစ်သည်ဟု ၎င်း၏ အခြေခံဥပဒေ ပုဒ်မ (၇၀) တွင် ပြဋ္ဌာန်း ဖော်ပြထားသည်။ ဆိုဗီယက် ပြည်ထောင်စုအား လူမျိုးကို အခြေခံထားသည့် သမ္မတနိုင်ငံ ၁၅ ခုဖြင့် စုပေါင်း ဖွဲ့စည်းထားသည်။ ဆိုဗီယက် ပြည်ထောင်စုကို လေ့လာသူ အများစုက ပြည်ထောင်စု အမည်ခံ တပြည်ထောင်စနစ် နိုင်ငံတော်ဟူ၍ လည်းကောင်း၊ အတုအယောင် ဖက်ဒရယ် ပြည်ထောင်စုဟု လည်းကောင်း၊ တဝက်တပျက် ပြည်ထောင်စုဟု လည်းကောင်း သတ်မှတ်ကြသည်။ မည်သို့ဆိုစေ ဆိုဗီယက် ပြည်ထောင်စုကို တပြည်ထောင်စနစ် နိုင်ငံများနှင့် တတန်းတည်းထား၍ နှိုင်းယှဉ်၍ မရနိုင်သည်မှာ သေချာ သည်။ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု မဟုတ်စေကာမူ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများနှင့် နှိုင်းယှဉ်၍သာ လေ့လာရပေမည်။ ထိုသို့ နှိုင်းယှဉ် လေ့လာပါမှ အဘယ့်ကြောင့် ဆိုဗီယက် ပြည်ထောင်စုကို စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု အဖြစ် မသတ်မှတ်နိုင်ရခြင်း အကြောင်းအရင်းများ ထွက်ပေါ် လာရပေလိမ့်မည်။

### အခြေခံဥပဒေ

ဆိုဗီယက် ပြည်ထောင်စုတွင် ရေးဆွဲ ပြဋ္ဌာန်းထားသော အခြေခံဥပဒေ ရှိသည်။ ထိုအခြေခံ ဥပဒေသည် ပြင်ဆင်ရန် ခက်ခဲသော အခြေခံ ဥပဒေ ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော ဆိုဗီယက် လွှတ်တော်ရှိ လွှတ်တော် ၂ ရပ်စလုံးတွင် သုံးပုံ နှစ်ပုံ မဲအများစု ရမှသာ အခြေခံ ဥပဒေကို ပြင်ဆင်နိုင်သောကြောင့် ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စု အတွင်း၌ အာဏာခွဲဝေ ကျင့်သုံးအုပ်ချုပ်ရာတွင် အမေရိကန် ပြည်ထောင်စု ကဲ့သို့ပင် ဗဟို၏ အာဏာများကို ကန့်သတ်ထားပြီး ကျန်အာဏာများကို ပြည်ထောင်စု အဖွဲ့ဝင်များတွင် ကျင့်သုံးခွင့် ပေးထားသည့် အာဏာခွဲဝေရေး စနစ်ကို အခြေခံ ဥပဒေအရ ပြဋ္ဌာန်းထားသည်။ ထိုစနစ်အရ ကြွင်းကျန်သော အာဏာများကို သမ္မတ နိုင်ငံများက ကျင့်သုံးခွင့် ရလာကြသည်။ ပြည်ထောင်စု လွှတ်တော်ကို လွှတ်တော်နှစ်ရပ် ဥပဒေပြု ပုံစံ (Bicameral) ထားသကဲ့သို့ ပြည်ထောင်စု အဖွဲ့ဝင် သမ္မတ နိုင်ငံများ၏ လွှတ်တော်များကိုလည်း လွှတ်တော်နှစ်ရပ် ဥပဒေပြု ပုံစံကို ထားရှိရန် အခြေခံ ဥပဒေအရ ပြဋ္ဌာန်းထားသည်။ ထိုအထဲမှ လွှတ်တော်တရပ်သည် သက်ဆိုင်ရာ သမ္မတနိုင်ငံ အတွင်းရှိ လူမျိုး အသီးသီး၏ အကျိုးစီးပွားကို အကာအကွယ်ပြုရန် ဖြစ်သည်။

### ဆိုဗီယက် လွှတ်တော်

ဆိုဗီယက် လွှတ်တော်ကို (Supreme Soviet) ဟု ခေါ်သည်။ ၎င်းဆိုဗီယက် လွှတ်တော်တွင် ပါဝင်ဖွဲ့စည်း သော လွှတ်တော် နှစ်ရပ်မှာ ဆိုဗီယက် ပြည်သူ့လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်ဟု အမိပ္ပါယ်ရသော (Soviet of the Union) နှင့် လူမျိုးစု လွှတ်တော် သို့မဟုတ် အထက်လွှတ်တော်ဟု အမိပ္ပါယ်ရသော (Soviet of the Nationalities) တို့ ဖြစ်သည်။ အောက်လွှတ်တော်သည် ဆိုဗီယက် ပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းခြင်း ဖြစ်ပြီး အခြားနိုင်ငံများ ကဲ့သို့ပင် အထွေထွေ ရွေးကောက်ပွဲများဖြင့် လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက် သည်။ ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲသော အချိန်တွင် အောက်လွှတ်တော်၌ အမတ်ဦးရေ ၇၅၀ ဦးကို တိုက်ရိုက် ရွေးချယ် တင်မြှောက်ပွဲများဖြင့် ရွေးချယ်သည်။

အထက်လွှတ်တော်ကို ဆိုဗီယက် ပြည်ထောင်စု အဖွဲ့ဝင် သမ္မတ နိုင်ငံများနှင့် ဒေသ အသီးသီးမှ လူမျိုးများကို ကိုယ်စားပြု၍ ဖွဲ့စည်းသည်။ အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် ပြည်နယ် အဆင့်မှာ သာ အထက်လွှတ်တော်သို့ ကိုယ်စားလှယ် စေလွှတ်ခွင့် ရှိသော်လည်း၊ ဆိုဗီယက် ပြည်ထောင်စု လွှတ်တော်သို့ ပြည်ထောင်စု အဖွဲ့ဝင် အဆင့် အသီးသီးမှ ကိုယ်စားလှယ်များကို စေလွှတ်ခွင့် ရှိသည်။ သမ္မတနိုင်ငံ တခုလျှင် ကိုယ်စားလှယ် ၃၂ ဦး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သမ္မတနိုင်ငံ တခုလျှင် ကိုယ်စားလှယ် ၁၁ ဦး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ တခုလျှင် ကိုယ်စားလှယ် ၅ ဦး အသီးသီး အထက်လွှတ်တော်သို့ စေလွှတ်ခွင့် ရကြသည်။ အဆင့် အသီးသီးမှ ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရအောင် စီမံထားခြင်း ဖြစ်သည်။ လူမျိုးများ အချင်းချင်းကြား အခွင့်အလမ်း ညီမျှမှုကို ထိန်းညှိပေးရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ ဤလွှတ်တော်တွင်လည်း ကိုယ်စားလှယ်ဦးရေ ၇၅၀ ဦး ပါဝင် ဖွဲ့စည်းသည်။ အချို့သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် အထက်လွှတ်တော် ကိုယ်စားလှယ် ရွေးချယ် ရေးကို ပြည်နယ်အစိုးရ သို့မဟုတ် လွှတ်တော်က ရွေးချယ်ပေးသော်လည်း ဆိုဗီယက် ပြည်ထောင်စုတွင်မူ အထွေထွေ ရွေးကောက်ပွဲများဖြင့် တိုက်ရိုက် ရွေးချယ် တင်မြှောက်သော စနစ်ကို သုံးသည်။

လွှတ်တော် အစည်းအဝေးများကို တနှစ်လျှင် နှစ်ကြိမ် ကျင်းပပြီး တကြိမ်တွင် တပတ်ခန့်ကြာအောင် ကျင်းပကြသည်။ လွှတ်တော် နှစ်ရပ်စလုံး၏ အစည်းအဝေးများကို တပြိုင်နက် စစေပြီး တပြိုင်နက် ဆုံးစေသည်။ သာမန်အားဖြင့် လွှတ်တော် နှစ်ရပ်ကို သီးခြား ကျင်းပသော်လည်း သမ္မတ ဦးဆောင်အဖွဲ့ (Presidium) ဝင်များကို ရွေးချယ်ရန်အတွက် ပူးတွဲကျင်းပခြင်း ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စု၏ ၁၉၇၇၊ အခြေခံဥပဒေ (တိုင်းပြည် ပြိုကွဲ ချိန်တွင် တရားဝင်ရှိသော အခြေခံဥပဒေ) အရ ဆိုဗီယက် လွှတ်တော်သည် အမြင့်ဆုံး အာဏာပိုင် အဖွဲ့ ဖြစ်သော် လည်း လက်တွေ့တွင် ထိုသို့ မဟုတ်ဘဲ ကွန်မြူနစ် ပါတီက ချမှတ်ပေးသော ဥပဒေကြမ်းများကို အတည်ပြုပေးရုံ သို့မဟုတ် စည်းထုပေးရုံမျှသာ လုပ်ပိုင်ခွင့် ရှိသည်ဟု လေ့လာသူများက ဆိုသည်။ အခြားသော နိုင်ငံများတွင် ဥပဒေပြု လွှတ်တော် (ပါလီမန်) များ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးသည်။ အထူးသဖြင့် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခုတွင် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အခွင့်အရေး ညီမျှမှုကို ထိန်းညှိပေးရန် အတွက် ပြည်ထောင်စု ပါလီမန် သည် အထူးပင် အရေးကြီးသော်လည်း ဆိုဗီယက် ပြည်ထောင်စုတွင် ထိုသို့သော အခြေအနေမျိုး မရှိချေ။

### လက်နက်ကိုင်တပ်များ

ဆိုဗီယက် ပြည်ထောင်စု အဖွဲ့ဝင် သမ္မတ နိုင်ငံများတွင် ကိုယ်ပိုင် စစ်တပ် ဖွဲ့စည်းခွင့်ကို ခွင့်ပြုထားသော် လည်း ထိုစစ်တပ်များ၏ အရွယ်အစား၊ ဖွဲ့စည်းမှု ပုံစံ၊ စည်းမျဉ်း စည်းကမ်း စသည်တို့ကို ဗဟိုမှ ချုပ်ကိုင်ထားသည်။ သမ္မတ နိုင်ငံများတွင် အင်အားကောင်းသော စစ်တပ်များ ရှိမနေဘဲ ဗဟို အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်သာ အင်အားကြီးမားသော တပ်မတော်ကို ထားရှိသည်။

### သမ္မတနိုင်ငံများ၏အခွင့်အရေး

ဆိုဗီယက် ပြည်ထောင်စု အဖွဲ့ဝင် သမ္မတ နိုင်ငံများသည် အခြားသော ဖက်ဒရယ် ပြည်ထောင်စု သမ္မတ နိုင်ငံများ၏ အဖွဲ့ဝင် ပြည်နယ်များနှင့် မတူဘဲ တမူထူးခြားနေသော အခွင့်အရေးကို အချို့ ကိစ္စများတွင် ခွင့်ပြု ထားသည်။ သမ္မတ နိုင်ငံများသည် နိုင်ငံခြား တိုင်းပြည်များနှင့် သံတမန် ဆက်ဆံရေး ထားရှိခွင့်၊ စာချုပ် စာတမ်းများ ချုပ်ဆိုခွင့် စသည့် အခွင့်အရေးများ ရှိသည်။ ယူကရိန်းနှင့် ဘိုင်ရိုရုရှား သမ္မတ နိုင်ငံ နှစ်ခုသည် ကုလသမဂ္ဂတွင်ပင် အဖွဲ့ဝင် အဖြစ်နှင့် တည်ရှိခဲ့သည်။ (ထိုအကြောင်းကို "ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီး [ကမ္ဘာ့ ဇာတ်ခုံ]" တွင် လေ့လာ ဖတ်ရှုနိုင်ပါတယ်။) အချို့ လေ့လာသူများက ထိုသို့ ဆိုဗီယက် ပြည်ထောင်စု အတွင်းမှ သမ္မတနိုင်ငံ နှစ်ခု ကုလ သမဂ္ဂတွင် အဖွဲ့ဝင် အဖြစ် ပါဝင်နေခြင်းမှာ စစ်အေးတိုက်ပွဲ စတင်စဉ် ကာလက အနောက်အုပ်စုကို အားပြိုင်ရန် အတွက် ကွန်မြူနစ်မဲများ ကုလသမဂ္ဂတွင် ရှိစေရန် ထိုအချိန်က ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများက စီစဉ်ခဲ့ခြင်း ဖြစ် သည်ဟု ဆိုသည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အတွင်းမှ ပြည်နယ် သို့မဟုတ် သမ္မတနိုင်ငံများ နိုင်ငံခြား ဆက်ဆံရေး လုပ်ခွင့် မရှိကြပေ။ အဘယ်ကြောင့် ဆိုသော် နိုင်ငံခြား ဆက်ဆံရေး ပြုလုပ်နိုင်သော နိုင်ငံကို ကိုယ်စားပြုသည့် အချုပ်အခြာ အာဏာပိုင်မှုသည် ဖက်ဒရယ် ပြည်ထောင်စုကြီး အနေနှင့်သာ ရှိပြီး ပြည်ထောင်စု အဖွဲ့ဝင်များသည် အချုပ်အခြာ အာဏာပိုင်များ မဟုတ်၍ ဖြစ်သည်။

### အာဏာ ခွဲဝေရေး စနစ်ကို ပြောင်းလဲခြင်း

ဆိုဗီယက် ပြည်ထောင်စု နိုင်ငံ၏ အခြေခံ ဥပဒေအရ ပြဋ္ဌာန်းထားသော အာဏာခွဲဝေမှု စနစ်သည် ပုံသဏ္ဍာန် အားဖြင့် ကြည့်လျှင် ဖက်ဒရယ် ပြည်ထောင်စုစစ်စစ် နိုင်ငံများတွင်သာ ကျင့်သုံးသော ပုံစံ ဖြစ်သည်။ သို့ရာတွင် ဆိုဗီယက် လွှတ်တော်သည် ၎င်းတဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် အခြေခံ ဥပဒေအရ သတ်မှတ်ထားသော အာဏာ ခွဲဝေရေး စနစ်ကို ပြောင်းလဲပစ်နိုင်သည်။ အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် အာဏာခွဲဝေမှုကို ပြည်ထောင်စု ပါလီမန် တခုတည်း သဘောဖြင့် လုပ်ပိုင်ခွင့် မရှိပါ။ အဘယ့်ကြောင့် ဆိုသော် ထိုသို့ ပြောင်းလဲမှုသည် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သဖြင့် ပြည်ထောင်စု အဖွဲ့ဝင်များ၏ သဘောတူညီမှု အရသာ လုပ်ပိုင်ခွင့် ရှိသောကြောင့် ဖြစ်သည်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်

ဆိုဗီယက် ပြည်ထောင်စု၏ အဖွဲ့ဝင် သမ္မတ နိုင်ငံများသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့် ကျင့်သုံးနိုင်သည်။ သို့ရာတွင် ထိုသို့ ကျင့်သုံးနိုင်သည် ဆိုသည်မှာ သဘောတရားမျှသာ ဖြစ်ပြီး လက်တွေ့ ကျင့်သုံးမှုကိုမူ တားဆီးပိတ်ဆို့ထားသည်။ အဆိုပါ အခွင့်အရေးများ ဆိုဗီယက် ပြည်ထောင်စုတွင် ပေါ်လာခြင်းသည် တကယ်ကျင့်သုံးရန် မဟုတ်ဘဲ ဆိုဗီယက် ပြည်ထောင်စု အဖြစ် ဖွဲ့စည်းရာတွင် သိမ်းပိုက်၍ သွတ်သွင်းခံရသော လူမျိုးများနှင့် သမ္မတ နိုင်ငံများကို နိုင်ငံရေး အာမခံချက် ပေးထားသည့် သဘောမျှသာ ဖြစ်သည်။ အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဆိုသည်ကို အသိအမှတ် မပြုကြပေ။ ကိုယ်ပိုင် အုပ်ချုပ်ရေးကိုသာ အသိအမှတ်ပြုကြသည်။

## ကွန်မြူနစ်ပါတီ

ကွန်မြူနစ် ပါတီသည် ဆိုဗီယက် ပြည်ထောင်စု၏ ဖက်ဒရယ် အနှစ်သာရများကို ဖျက်ဆီးသော အဓိက အရင်းခံ အကြောင်းတရား ဖြစ်သည်ဟု ဆိုဗီယက်ရေးရာ ကျွမ်းကျင်သူများက ဆိုကြသည်။ အဘယ့်ကြောင့် ဆိုသော် ဖက်ဒရယ်မူ၏ အခြေခံ သဘောတရားများမှာ ဗဟိုနှင့် ပြည်ထောင်စု အဖွဲ့ဝင်များအကြား အာဏာခွဲဝေရေး ကျင့်သုံးသော စနစ်ဖြစ်ပြီး ကွန်မြူနစ် ပါတီကမူ တင်းကျပ်လွန်းသော ဗဟိုဦးစီး ချုပ်ကိုင်မှုအရ အုပ်ချုပ်ခြင်းကြောင့် ဖြစ်သည်။ ထိုနိုင်ငံရေး သဘောတရား နှစ်ခုကို အတူယှဉ်တွဲ ကျင့်သုံးခြင်းသည် အတွင်းပဋိပက္ခများကို ဖြစ်ပေါ်စေခြင်းပင် ဖြစ်သည်။ ကွန်မြူနစ် ပါတီမှ ခေါင်းဆောင် အဆင့်ဆင့်သည် ဗဟိုမှ စ၍ ဒေသန္တ အဆင့်အထိ အာဏာ ရယူထားကြပြီး ၎င်းတို့သည် ဗဟိုဦးစီး ချုပ်ကိုင်မှု အရသာ အုပ်ချုပ်ရေးကို ချမှတ်သဖြင့် အာဏာခွဲဝေရေး ဟူသော ဖက်ဒရယ်မူ၏ သဘောတရားများကို ချေဖျက်ပြီး ဖြစ်သည်။ ထို့အပြင် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတခု အဖြစ် တည်ဆောက်ရာတွင် ဒီမိုကရေစီ ထွန်းကားမှုနှင့် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီ စနစ်သည် မရှိမဖြစ် လိုအပ်သော အရာများ ဖြစ်သည်။ ကွန်မြူနစ် ပါတီသည် ထိုလိုအပ်ချက်များကို လုံးဝ ဆန့်ကျင်သည်။ ဒီမိုကရေစီကို ဟန့်တားရုံမျှမက ကွန်မြူနစ် တပါတီ စနစ်ကိုသာ နိုင်ငံတော်တွင် ကျင့်သုံးရန် ပြဋ္ဌာန်းသည်။ ဆိုဗီယက် ပြည်ထောင်စု၏ အုပ်ချုပ်ရေး အဆင့်ဆင့်တွင် ကွန်မြူနစ် ပါတီက ဝင်ရောက် ထိုးဖောက်နေမှုကို အောက်ပါအတိုင်း သရုပ်ပြ ပုံစံဖြင့် ဖော်ပြကြသည်။



## ဆိုဗီယက် ပြည်ထောင်စု၏ထူးခြားချက်များနှင့်သုံးသပ်ချက်

ဆိုဗီယက် ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် မြေဧရိယာ အကျယ်ဝန်းဆုံးသော နိုင်ငံတခု ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စု ဖွဲ့စည်း ပေါ်ပေါက်လာခြင်းသည် အခြားသော နိုင်ငံများကဲ့သို့ ပြည်ထောင်စု အဖွဲ့ဝင်များ၏ သဘောတူညီမှုအရ ဖွဲ့စည်းခြင်း မဟုတ်ဘဲ အိမ်နီးချင်း နိုင်ငံများကို တိုက်ခိုက် သိမ်းပိုက်ခြင်း အပေါ် အခြေခံသည်။ ၁၉၂၃ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စု စတင် ဖွဲ့စည်းစဉ်က အဖွဲ့ဝင် အဖြစ် သမ္မတနိုင်ငံများ ၆ ခုသာ ပါရှိခဲ့သော်လည်း ပြိုကွဲသွားသော အချိန်တွင် သမတနိုင်ငံ ၁၅ ခု ဖြစ်နေခြင်းမှာ အချို့ကို တိုက်ခိုက်သိမ်းပိုက်ပြီး ပြည်ထောင်စု အတွင်း ပါဝင် ဖွဲ့စည်းစေခြင်းကြောင့် ဖြစ်သည်။ ၁၉၄၀ ခုနှစ်၌ နောက်ဆုံး တိုက်ခိုက် သိမ်းပိုက်ခံရသော သမ္မတနိုင်ငံများမှာ ဘောလတစ် ပင်လယ်ကမ်းခြေ ပြည်နယ်များ ဖြစ်သည့် အက်စတိုးနီးယား၊ လတီးယား၊ လစ်သူရေးနီးယားတို့ ဖြစ်သည်။

ဆိုဗီယက် ပြည်ထောင်စုတွင် လူမျိုး တရာကျော် ပါဝင်သည်ဟု အစိုးရ စာအုပ်များက ဖော်ပြထားသော်လည်း အချို့ လေ့လာသူများက လူမျိုးငယ် စုစုပေါင်း ၂၀၀ ကျော်နီးပါး ရှိပြီး လူမျိုးကြီးနှစ်ဒါဇင်ကျော်ရှိသည် ဟုဆိုသည်။ မည်သို့ပင်ဆိုစေ ၁၉၈၈ ခုနှစ်၌ အစိုးရကထုတ်ဝေသော စာအုပ်တအုပ်တွင် ဆိုဗီယက်၌ လူမျိုး ၆၀ ခန့်ကိုသာ အသိမှတ်ပြု ဖော်ပြထားသည်။ ထိုသို့ လူမျိုးများကို တဖြေးဖြေး ပပျောက်အောင် ပြုလုပ်နေခြင်းသည် ဆိုဗီယက် ပြည်ထောင်စုအတွင်း ပြဿနာ အချို့ကို ဖြစ်ပေါ် နေစေခဲ့သည်။

အိမ်နီးချင်း နိုင်ငံများကို တိုက်ခိုက် သိမ်းပိုက်ပြီး ဆိုဗီယက် ကွန်မြူနစ် ခေါင်းဆောင်များက ဆိုရှယ်လစ် လူ့အဖွဲ့အစည်းကို တည်ထောင်ရန် ကြိုးပမ်းနေပြီး ထိုလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ပါက လူမျိုးရေး ပြဿနာများ ပြေလည် သွားလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ ထိုယုံကြည်ချက်ဖြင့် ဆိုရှယ်လစ် လူ့ဘောင် အဖွဲ့အစည်းကို အကောင်ထည် ဖော်နေစဉ် အတွင်း အသိမ်းအပိုက်ခံ လူမျိုးများကို နှစ်သိမ့်မှု ပြုလုပ်ရန် အာမခံပေးသည့် သဘောဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့်များကို စာရွက်ပေါ်တွင် အသိအမှတ် ပြုခဲ့သည်။ အခြေခံ ဥပဒေအရပင် လူမျိုးများနှင့် သမ္မတ နိုင်ငံများကို ပေးထားသော အခွင့်အရေးမှာ အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများထက် သာလွန်နေသည်ကို တွေ့ရသည်။ လက်တွေ့တွင် ဆိုဗီယက် ပြည်ထောင်စုကို အတုအယောင် ဖက်ဒရယ်နိုင်ငံ၊ တဝက်တပျက် ဖက်ဒရယ်နိုင်ငံ စသည်ဖြင့် ပြောဆိုခြင်းသည် ဖက်ဒရယ် စနစ်ကို ကွန်မြူနစ် တပါတီ စနစ်နှင့် ဒီမိုကရေစီ ဆိတ်သုဉ်းနေသော နိုင်ငံရေး ရုပ်ပတ်ဝန်းကျင်တွင် ကျင့်သုံးခြင်းကြောင့် ဖြစ်သည်။ ကွန်မြူနစ်ဝါဒသည် နိုင်ငံတဝန်းလုံးရှိ ပြဿနာများကို လစ်လျူရှုထားခြင်းကြောင့် ဖက်ဒရယ်မှုကို ထိခိုက်စေသော ပြဿနာ ဖြေရှင်းနည်းများကိုသာ ဖြစ်စေသည်။ ထို့ကြောင် ပြည်ထောင်စု အတွင်း အချို့သော လူမျိုးများမှာ ပြင်းထန်သော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု စိတ်ဓာတ်များ ဖြစ်ပေါ် နေခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စုသည် စစ်အေးကာလ တလျှောက်လုံးတွင် အရှေ့အုပ်စု (ကွန်မြူနစ်အုပ်စု) ဝင် နိုင်ငံများကို အစစအရာရာ ကူညီ စောင့်ရှောက်ခဲ့ရသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံ အချို့တွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်များတွင် ကွန်မြူနစ်များဘက်မှ စစ်ကူ ပေးခဲ့ရသည်။ ထို့ကြောင့် ဆိုဗီယက် ပြည်ထောင်စုတွင် စီးပွားရေးပိုင်းကလည်း အကြီးအကျယ် ဆုတ်ယုတ်မှု ဖြစ်လာခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မီခေးလ် ဂေါ်ဘာချော့ အာဏာ ရလာပြီးနောက် ကျင့်သုံးလာသော စီးပွားရေး ပေါ်လစီ (Perestroika) နှင့် နိုင်ငံရေး ပွင့်လင်းရေး ပေါ်လစီ (Glasnost) တို့သည် ဆိုဗီယက် ပြည်ထောင်စု အတွင်း အရှိန်ရနေသော ပြဿနာများနှင့် ပေါင်းမိ သွားကြသည်။ ဂေါ်ဘာချော့ အာဏာ အသိမ်းမခံရမီ ပြည်ထောင်စု စာချုပ်သစ် (New Union Treaty) ဆိုသည်ကို အသက်သွင်းပြီး အချို့သော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကို ကုစားရန် ကြိုးစားခဲ့သည်။ ထိုစာချုပ်သည်ပင် ဂေါ်ဘာချော့ အာဏာသိမ်းခံရခြင်း၏ လက်တလော အကြောင်းအရင်း ဖြစ်လာခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ထိုစာချုပ်အရ ဖက်ဒရယ် ပြည်ထောင်စု စစ်စစ်အသွင်သို့ ပြောင်းလဲ ဖွဲ့စည်းလိုက်လျှင် အာဏာ လက်လွတ်ကြရမည့် ဒုတိယသမ္မတ အပါအဝင် ထောက်လှမ်းရေး အဖွဲ့ ကေဂျီဘီ (KGB) အကြီးအကဲ၊ ပြည်ထဲရေး ဝန်ကြီးတို့က အာဏာသိမ်းမှုကို ဖန်တီးကြခြင်းကြောင့် ဖြစ်သည်။ အာဏာသိမ်းမှု မအောင်မြင်သော်လည်း ဂေါ်ဘာချော့၏ ပြည်ထောင်စု စာချုပ်သစ်မှာ အသက်ဝင် လှုပ်ရှားမှု မရတော့ပေ။ အရှိန်ရလာသော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများက အနိုင်ရသွားကာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲသွားခဲ့သည်။

## ၂။ ဆွစ်ဇာလန်




ဆွစ်ဇာလန်နိုင်ငံ အုပ်ချုပ်ရေးဒေသများ။

## ၂။ ဆွစ်ဇာလန်

လူမျိုးကြီး ၄ မျိုးထက်မနည်း စုပေါင်း နေထိုင်မှုကို ထင်ဟပ်လျက် ဆွစ်ဇာလန်နိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအဖြစ် ဖွဲ့စည်းထားသည်။ နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဆွစ်ဇာလန်နိုင်ငံကို ပြည်ထောင်များ စုပေါင်းခြင်း (Confederation) ဟု ခေါ်ဆိုသော်လည်း လက်တွေ့ အနှစ်သာရအားဖြင့်ကား စံနမူနာထား လေ့လာခံရသည့် စစ်မှန်သော ဖက်ဒရယ်မူများ အရ ပြည်ထောင်စု ဖွဲ့စည်းထားခြင်းသာ ဖြစ်သည်။ ပြည်ထောင်စုများ စုပေါင်းခြင်း ဟူသည် ဗဟိုအစိုးရ အင်အားချိနဲ့သော လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ မဟာမိတ် အဖွဲ့ အဆင့်မျှသာ ရှိသည်။ ဆွစ်ဇာလန်သည် အဖွဲ့ဝင်များ အနေဖြင့် အချုပ်အခြာ အာဏာပိုင် မဟုတ်ခြင်း၊ ဗဟိုသို့ ခွဲဝေပေးထားသော အာဏာများကို ဗဟိုက တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုသာ ဖြစ်သည်။

လက်ရှိ ဆွစ်ဇာလန်နိုင်ငံတွင် အာဏာတည်လျက် ရှိသော အခြေခံ ဥပဒေသည် ၁၈၄၈ ခုနှစ်ကတည်းက အတည်ပြုခဲ့သော ဥပဒေ ဖြစ်သည်။ အခြေခံ ဥပဒေ ပြင်ဆင်ရေးနှင့် ပက်သတ်၍ တင်းကျပ်သော ပြဋ္ဌာန်းချက်များ ရှိသည်။ အမေရိကန် ပြည်ထောင်စုတွင် ကျင့်သုံးသော လုပ်ထုံး လုပ်နည်းထက် ရိုးရှင်းသော နည်းလမ်းဖြင့် ဆွစ်ဇာလန် အခြေခံ ဥပဒေကို ပြင်ဆင်နိုင်သော်လည်း ပြင်ဆင်မှု တခု ဖြစ်လာရန်မှာကား အမေရိကန် ပြည်ထောင်စုထက်ပင် ပို၍ ခက်ခဲသည်ဟု နှိုင်းယှဉ် လေ့လာသူများက ပြောကြသည်။

### ဆွစ်ဇာလန်ဗဟိုအစိုးရ

ပြည်ထောင်စု အစိုးရ အာဏာကို ကျင့်သုံးသော ဆွစ်ဇာလန်နိုင်ငံ၏ ဗဟို အုပ်ချုပ်ရေး အဖွဲ့သည် ကမ္ဘာ့ အခြားနိုင်ငံများနှင့် မတူဘဲ တမူထူးခြားနေသည်ကို တွေ့ရသည်။ ကမ္ဘာ့နိုင်ငံ အများစုမှာ အမေရိကန် ပြည်ထောင်စုကဲ့သို့ သမ္မတဦးဆောင် ဒီမိုကရေစီ သို့မဟုတ် ဗြိတိန်၊ အိန္ဒိယနိုင်ငံကဲ့သို့ ပါလီမန် ဒီမိုကရေစီ အစိုးရ ပုံစံ တမျိုးမျိုး ဖြစ်ကြသည်။ နိုင်ငံတိုင်းလိုလိုတွင် နိုင်ငံတော်ဦးဆောင် (Head of State) နှင့် အစိုးရ အဖွဲ့ အကြီးအကဲ (Head of Government) ဟူ၍ ရှိကြသည်။ ဆွစ်ဇာလန်နိုင်ငံတွင်မူ ထိုကဲ့သို့ မဟုတ်ဘဲ ပြည်ထောင်စု ကောင်စီ (Federal Council) ဟု ခေါ်သော အဖွဲ့ဝင် ၇ ဦး ပါရှိသည့် ကောင်စီက နိုင်ငံတော်ဦးဆောင် တာဝန်နှင့် အစိုးရ အကြီးအကဲ တာဝန်ကို ပူးတွဲ ထမ်းဆောင်သည်။ ကောင်စီတွင် ဥက္ကဋ္ဌ (President) တဦးကို နှစ်စဉ် အလှည့်ကျ ရွေးချယ်၍ တာဝန် ထမ်းဆောင်စေသော်လည်း ထိုသူသည် တနှစ်လျှင် ဗြိတိသျှပေါင် စတာလင်ငွေ ၆၀ ခန့် ပိုရသည်မှ အပ ပို၍ ထူးခြားသော လုပ်ပိုင်ခွင့် တစုံတရာ မရှိပေ။

ဆွစ်ဇာလန်နိုင်ငံတွင် အစိုးရ ဖွဲ့စည်းမှုနှင့် အုပ်ချုပ်ရေးအာဏာ ကျင့်သုံးမှုကို နိုင်ငံရေး သိပ္ပံပညာရှင်များက စုပေါင်း အုပ်ချုပ်ရေးစနစ် (Collegial Executive) ဟု ခေါ်ကြသည်။ ထိုအစိုးရ ဖွဲ့စည်းရာတွင် ကျင့်သုံးသော လုပ်ထုံးလုပ်နည်းနှင့် ဒီမိုကရေစီကိုကား ဝေပုံကျ ဒီမိုကရေစီ (Consociational Democracy) ဟု ခေါ်ဆိုကြသည်။ ထိုသို့ ဝေပုံကျ ဒီမိုကရေစီ ကျင့်သုံးသော နိုင်ငံအချို့ ရှိသော်လည်း ဆွစ်ဇာလန်မှာ စံပြနိုင်ငံ တခု ဖြစ်သည်။ ဝေပုံကျ ဒီမိုကရေစီ စနစ်အရ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးမည့် ပြည်ထောင်စု ကောင်စီတွင် ဆွစ်ဇာလန် ဗဟုဝိဒ် လူ့အဖွဲ့အစည်း (Plural Society) မှ ကဏ္ဍခွဲ (Segment) အသီးသီးမှ ခေါင်းဆောင်များကို ပါဝင် ဖွဲ့စည်းထားသည်။ ထိုဝေပုံကျ ဒီမိုကရေစီ စနစ်အရ လူအနည်းစုပင် ဖြစ်စေကာမူ လုံလောက်သော အာကာအကွယ်နှင့် အခွင့်အရေးများကို အာမခံချက် ပေးထားသည်။ ဝေပုံကျ ဒီမိုကရေစီကို အစိုးရ ဖွဲ့စည်းရာ၌ ဗဟုဝိဒ် လူ့အဖွဲ့အစည်း၏ လူမျိုး အသီးသီးကြား ညီမျှမှု ရှိစေရန် ထိန်းညှိပေးသော လုပ်ထုံးလုပ်နည်းဟုပင် နားလည်ရပေသည်။ ဆွစ်ဇာလန် နိုင်ငံတွင် ပြည်သူလူထုက နိုင်ငံရေး ကိစ္စများတွင် တိုက်ရိုက်ပါဝင် ဆောင်ရွက်သော တိုက်ရိုက် ဒီမိုကရေစီကို ကျင့်သုံးကြသည်။ ပြည်ထောင်စု အချုပ်အခြာ အာဏာကို ကျင့်သုံးရာတွင် ပြည်ထောင်စု ကောင်စီတွင် တဦးစီသည် ဌာန တခုစီကို ကြီးကြပ် သွားရသည်။ သို့ရာတွင် ပေါ်လစီရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ပြုလုပ်ရာတွင် ကောင်စီဝင် အားလုံး စဉ်းစား ဆွေးနွေး ဆုံးဖြတ်ကြသည်။ ပြည်ထောင်စု ကောင်စီတွင် အဖွဲ့ဝင် ၇ ဦး ပါရှိရာ ပြည်ထောင်စု အုပ်ချုပ်ရေး ဌာနများကိုလည်း အောက်ပါအတိုင်း ၇ ခု ဖွဲ့ထားသည်။

(က) နိုင်ငံခြားရေးဌာန (Foreign Affairs)

(ခ) ပြည်ထဲရေးဌာန (Interior)

(ဂ) တရားရေးနှင့် ရဲဌာန (Justice and Police)

(ဃ) စစ်ရေးဌာန (Military)

(င) ဘဏ္ဍာရေးဌာန (Finance)
(စ) ပြည်သူ့စီးပွားရေးဌာန (Public Economy)
(ဆ) သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ဌာန (Transport, Communication and Energy)

ပြည်ထောင်စု ကောင်စီ၏ လုပ်ငန်းများကို အထောက်အကူပြုရန် ပြည်ထောင်စု ချန်စဲလာ (Chancellor) တဦးကို ပြည်ထောင်စု လွှတ်တော်က ရွေးချယ်ပေးရသည်။ ထိုသူသည် ပြည်ထောင်စု လွှတ်တော် အမတ် မဖြစ်စေရပေ။ ချန်စဲလာသည် ပြည်ထောင်စု ကောင်စီနှင့် ပြည်ထောင်စု လွှတ်တော်၏ အတွင်းရေးမှူးသဖွယ် ဆောင်ရွက်ရသည်။

## ပြည်ထောင်စုလွှတ်တော်

ဆွစ်ဇာလန်နိုင်ငံ၏ ဥပဒေပြု အဖွဲ့ဖြစ်သော ပြည်ထောင်စု လွှတ်တော် (Federal Assembly) တွင် ပြည်နယ်ကောင်စီဟု အမိပ္ပါယ်ရသော (Counil of States) နှင့် အမျိုးသား ကောင်စီဟု အမိပ္ပါယ်ရသော (National Council) တို့ ပါဝင် ဖွဲ့စည်းထားသည်။ ပြည်နယ်များ ကောင်စီသည် ကန်တွန် အသီးသီးကို ကိုယ်စားပြုရ သဖြင့် အထက်လွှတ်တော် ဖြစ်ပြီး အမျိုးသား ကောင်စီသည် အခြားနိုင်ငံများ ကဲ့သို့ပင် အထွေထွေ ရွေးကောက်ပွဲများဖြင့် ရွေးချယ်သော ကိုယ်စားလှယ်များ ပါဝင် ဖွဲ့စည်းထားသဖြင့် အောက်လွှတ်တော် ဖြစ်သည်။ ဆွစ်ဇာလန် ပြည်ထောင်စု အဖွဲ့ဝင်များ အဖြစ် ကန်တွန်နှင့် ကန်တွန်ဝက် (Half Conton) ဟူ၍ နှစ်မျိုးရှိရာ အထက်လွှတ်တော်သို့ ကန်တွန် အသီးသီးသည် နှစ်ဦးကျစီ စေလွှတ်ခွင့် ရှိပြီး၊ ကန်တွန်ဝက်များမှ တဦးကျစီ စေလွှတ်ခွင့် ရှိသည်။ အထက်လွှတ်တော်သို့ ကန်တွန် အသီးသီးမှ ကိုယ်စားလှယ်များ ရွေးချယ် စေလွှတ်ရာတွင် ရွေးချယ် တင်မြှောက်ပုံ စနစ် တပြေးညီ ဖြစ်ရမည်ဟူသော ပြဋ္ဌာန်းချက်မျိုး မရှိပေ။ ကန်တွန် ၇ ခုသည် ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်တင်မြှောက်သောစနစ်ကို ကျင့်သုံးပြီး ကန်တွန်များက ၎င်းတို့၏ ဥပဒေပြု အဖွဲ့များမှ တဆင့် ရွေးချယ်သော သွယ်ဝိုက် ရွေးချယ် တင်မြှောက်ပုံ စနစ် (Indirect Election) ကို ကျင့်သုံးကြသည်။ ဆွစ်ဇာလန် အထက်လွှတ်တော်နှင့် ပတ်သက်၍ လေ့လာဖွယ် ကောင်းသော အချက်မှာ လွှတ်တော် အမတ်များ၏ သက်တမ်းကို အခြေခံဥပဒေက ကန့်သတ်ထားခြင်း မရှိပေ။ အချို့ ကန်တွန်များမှ ရွေးချယ်သော အမတ်များ၏ သက်တမ်းသည် (၄) နှစ် ဖြစ်ပြီး၊ အချို့မှာ (၃) နှစ်၊ (၁) နှစ် စသည်ဖြင့် ခြားနားမှု ရှိကြသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်မှုနှင့် ပတ်သက်၍ အခြေခံ ဥပဒေတွင် တင်းကျပ်သော ဥပဒေများ မရှိခြင်းသည် ကန်တွန်များကို လွတ်လပ်ခွင့် ပိုပေးထားလို၍ ဖြစ်သည်။ ဤသည်မှာ ဝေပုံကျ ဒီမိုကရေစီ ကျင့်သုံးသော နိုင်ငံ တခုတွင် ကဏ္ဍာခွဲများ၏ ကိုယ်ပိုင်အုပ်ချုပ်မှု အခန်းကဏ္ဍကို တိုးမြှင့်ပေးရန် လိုအပ်ချက်ကြောင့် ဖြစ်သည်။ အထက်လွှတ်တော်သည် ပြည်ထောင်စု အဖွဲ့ဝင်များကို ကိုယ်စားပြုရန်မှာ ပို၍ တာဝန်ရှိသဖြင့် ထိုသို့သော လုပ်ဟန်များသည် လူမျိုးကို အခြေခံ၍ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့သော နိုင်ငံများ အဖို့ ပို၍ သင့်မြတ်ကြောင်း နှိုင်းယှဉ် လေ့လာသူများက ဆိုသည်။ သို့ရာတွင် အထက်လွှတ်တော် အတွင်း၌ မဲခွဲဆုံးဖြတ်မှု ပြုလုပ်ပါက အမတ်များသည် ကန်တွန်များ၏ ညွှန်ကြားချက်ကို လိုက်နာစရာ မလိုဘဲ တသီးပုဂ္ဂလိက လွတ်လပ်သော သဘောထားဖြင့် ဆောင်ရွက်ခွင့် ရှိသည်။ အထက်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တဦးစီကို လွှတ်တော်က ရွေးချယ်ပေးရသည်။ ၎င်းတို့သည် တနှစ်တာ သက်တမ်းအတွက် တာဝန် ထမ်းဆောင်ခွင့် ရှိပြီး ကန်တွန် တခုတည်းမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးစလုံး ရွေးချယ်ခြင်းမျိုးကို ခွင့်မပြုပေ။ လွှတ်တော် အစည်းအဝေးတွင် ဂျာမန်၊ ပြင်သစ်၊ အီတလီ ကြိုက်ရာ ဘာသာစကားကို ပြောဆိုခွင့် ရှိသည်။ လွှတ်တော် အစည်းအဝေးကို တနှစ်တကြိမ် ပုံမှန် ကျင်းပသော်လည်း အရေးပေါ် အစည်း အဝေးများလည်း ကျင်းပခွင့် ရှိသည်။ ဥပဒေရေးရာ ကိစ္စများတွင် ဘဏ္ဍာရေး (Finicial) နှင့် ငွေကြေး ဥပဒေကြမ်း (Money Bill) များက အစ အောက်လွှတ်တော်နှင့် တန်းတူရည်တူ လုပ်ပိုင်ခွင့် ရှိသည်။

အောက်လွှတ်တော် (အမျိုးသား ကောင်စီ) သည် ဆွစ်ဇာလန် ပြည်သူလူထု တရပ်လုံးကို ကိုယ်စားပြုရန် ဖွဲ့စည်းထားသည်။ ထိုလွှတ်တော်၏ သက်တမ်းနှင့် ရွေးချယ် တင်မြှောက်ပုံ စနစ်တို့ကို အခြေခံ ဥပဒေက ကန့်သတ်ထားသည်။ ပုံမှန် စည်းဝေးပွဲကို တနှစ် တကြိမ် ကျင်းပရန် ရှိသော်လည်း အရေးပေါ် အစည်းအဝေးများ အပါအဝင်ဆိုလျှင် ပျှမ်းမျှ တနှစ် (၄) ကြိမ်ခန့် ကျင်းပကြသည်။ လွှတ်တော် အမတ် ထက်ဝင်ကျော် တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။ အထက်လွှတ်တော် ကဲ့သို့ပင် ဘာသာစကား အစုံ ပြောခွင့်ရှိသည်။ ဆွစ်ဇာလန် အောက်လွှတ်တော်သည် နိုင်ငံခြားများနှင့် မတူ ထူးခြားသော အချက်မှာ လွှတ်တော်အတွင်း အာဏာရပါတီ (အစိုးရဖွဲ့သော ပါတီ) နှင့် အတိုက်ခံ ပါတီဟူ၍ မရှိပေ။ ဆွစ်ဇာလန်နိုင်ငံ၏ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးသော ပြည်ထောင်စု ကောင်စီကို လွှတ်တော် နှစ်ရပ်ပေါင်း ပူးတွဲ အစည်းအဝေးမှ ရွေးချယ်ပေးခြင်း ဖြစ်သော်လည်း ထိုကောင်စီသည် ပြည်ထောင်စု လွှတ်တော်၏ ထောက်ခံမှုဖြင့် ရပ်တည်နေရခြင်းကား မဟုတ်ပါ။ ဆွစ်ဇာလန် ပြည်သူများသည် လွှတ်တော်များမှ အတည်ပြုမည့် ဥပဒေများကို နိုင်ငံရေး ရှုထောင့်မှ ချည်းကပ်ခြင်းထက်

လူထုအကျိုးပြု ဟုတ်/မဟုတ် ဆိုသည့် ရှုထောင့်ကသာ ချည်းကပ်ခြင်းက အတိုက်ခံပါတီ၊ အာဏာရပါတီ ဟူ၍ မပေါ်ပေါက်ဘဲ တည်ငြိမ်သော အုပ်ချုပ်ရေးကို အထောက်အကူ ပြုသည်။

## ပြည်ထောင်စုလွှတ်တော်၏အာဏာများ

ဥပဒေပြုရေး အာဏာနှင့် ပတ်သက်၍ အာဏာခွဲဝေမှု ဘောင်အတွင်း ကျရောက်သော ကိစ္စများကို အခြား ပြည်ထောင်စု နိုင်ငံများ ကဲ့သို့ပင် လုပ်ပိုင်ခွင့် ရှိသည်။ သို့ရာတွင် အုပ်ချုပ်ရေး အာဏာဟု သတ်မှတ်နိုင်သော အောက်ပါ ကိစ္စရပ်များသည် ပြည်ထောင်စု လွှတ်တော်တွင် လုပ်ပိုင်ခွင့်အာဏာ ရှိသည်။

(က) ပြည်ထောင်စုနှင့် ပတ်သက်သော ဝန်ထမ်းလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) ပြည်ထောင်စု ကောင်စီဝင်များနှင့် တရားသူကြီးများကို ရွေးချယ်ခြင်း၊

(ဂ) ပြည်ထောင်စု အစိုးရ အရာရှိကြီးများ အကြား ဖြစ်ပွားသော ပဋိပက္ခနှင့် အငြင်းပွားမှုများကို ဆုံးဖြတ်ပေးခြင်း၊

(ဃ) ပြည်ထောင်စု တပ်မတော် ထိန်းချုပ်ခြင်း၊

(င) စစ်ကြေညာခြင်း၊ ငြိမ်းချမ်းရေး ပြုလုပ်ခြင်း၊ စာချုပ်စာတမ်းများနှင့် မဟာမိတ် အဖွဲ့ဝင် ပါဝင်ခြင်း၊

(စ) ပြည်ထောင်စု ဥပဒေ သို့မဟုတ် တာဝန်များကို လိုက်နာရန် ပျက်ကွက်သော ကန်တွန်များ အပေါ် အရေးယူသည့် အမိန့်များ ချမှတ်ခြင်း၊

(ဆ) ကန်တွန်များ အချင်းချင်း အကြား ချုပ်ဆိုသော စာချုပ် စာတမ်းများကို စစ်ဆေးခြင်း၊

## ဒီမိုကရေစီ

ဖက်ဒရယ် ပြည်ထောင်စု တခု အောင်မြင်စွာ လည်ပတ်နိုင်ရေးတွင် ဒီမိုကရေစီ ကျင့်သုံးခွင့် ပိုပြင်မှု ရှိ/မရှိ ဆိုသည်မှာလည်း အရေးကြီးသော လိုအပ်ချက် ဖြစ်သည်။ ဖက်ဒရယ် ပြည်ထောင်စုသည် အခြေခံအားဖြင့် အာဏာခွဲဝေ ကျင့်သုံးခြင်းဖြစ်ရာ ၎င်းနှင့် တွဲဖက်သော အုပ်ချုပ်ရေး စနစ်သည် အာဏာများကို ပြည်သူများထံ ဖြန့်ကျက်ထားသော စနစ်ဖြစ်ပါက ဖက်ဒရယ် ပြည်ထောင်စုမှုကို အထောက်အကူ ပြုနိုင်ပေမည်။ ဆွစ်ဇာလန် နိုင်ငံတွင် ကျင့်သုံးသော ဒီမိုကရေစီသည် တိုက်ရိုက် ဒီမိုကရေစီဖြစ်ရာ ကိုယ်စားပြု ဒီမိုကရေစီနှင့် နှိုင်းယှဉ်လျှင် ပို၍ပင် ပြည်သူလူထုထံ၌ အာဏာများ ဖြန့်ကျက်ထားသည်ကို တွေ့နိုင်သည်။ နိုင်ငံရေး ကိစ္စတခုကို အဆုံးအဖြတ် ပေးရန် ပြည်သူလူထုထံ၌ တိုက်ရိုက် ဆုံးဖြတ် ပေးနိုင်သော အာဏာ ရှိနေသဖြင့် ဒီမိုကရေစီ၏ အခြေခံ လိုအပ်ချက် ဖြစ်သော ပြည်သူလူထု၏ အချုပ်အခြာ အာဏာပိုင်မှု (Popular Sovereignty) ကို ရရှိသည်။

ဆိုဗီယက် ပြည်ထောင်စုတွင် ကွန်မြူနစ် ပါတီ စနစ်အောက်တွင် ဒီမိုကရေစီ ဆိတ်သုဉ်းပြီး တင်းကျပ် လွန်းသော ဗဟိုဦးစီး ချုပ်ကိုင်မှု စနစ်ကြောင့် အာဏာခွဲဝေရေးတည်း ဟူသော ဖက်ဒရယ်မှုများကို ထိခိုက်ခဲ့ရပုံနှင့် နှိုင်းယှဉ် လေ့လာလျှင် ဆွစ်ဇာလန်နိုင်ငံ၏ ဒီမိုကရေစီ ကျင့်သုံးမှုသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံရေး စနစ်ကို ကောင်းစွာ အထောက်ကူပြုလျက် ရှိကြောင်း သိသာထင်ရှားစွာ တွေ့ရှိနိုင်သည်။

## ၃။ အိန္ဒိယ




*အိန္ဒိယ ပြည်ထောင်စု သမ္မတနိုင်ငံ ပြည်နယ်များနှင့်ပြည်ထောင်စု နယ်မြေများ။*

## ၃။ အိန္ဒိယ

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဒီမိုကရေစီ နိုင်ငံတခု ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ရောပြွမ်း နေထိုင်မှုကို အကြောင်းပြု၍ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံအဖြစ် ဖွဲ့စည်းထားသည်။ သို့သော် လေ့လာသူများက အိန္ဒိယနိုင်ငံသည် ဆွစ်ဇာလန်၊ အမေရိကန် နိုင်ငံများကဲ့သို့ ဖက်ဒရယ် စစ်စစ်မှုများ အရ ပြည်ထောင်စုကို ဖွဲ့စည်းထားခြင်း မဟုတ်ဘဲ ဖက်ဒရယ်တပိုင်း၊ တပြည်ထောင်တပိုင်း နိုင်ငံသာ ဖြစ်သည်ဟု အသိအမှတ် ပြုကြသည်။

### ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းရန် အခြေအနေ

အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရန် တွန်းအားပေးသော အဓိက အကြောင်းတရား နှစ်ရပ် ရှိသည်။ ၎င်းတို့မှာ တိုင်းရင်းသား လူမျိုးပေါင်းစုံ ရောပြွမ်း နေထိုင်ခြင်းနှင့် ပထဝီ အနေထားအရ ကြီးမား ကျယ်ပြန့်သော နိုင်ငံဖြစ်ခြင်းတို့ ဖြစ်သည်။ နိုင်ငံတခုတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ရောပြွမ်း နေထိုင်ပါက မတူကွဲပြား ခြားနားသော လူမျိုး အသီးသီး၏ ကိုယ်ပိုင်အုပ်ချုပ်မှုကို အာမခံရန် အတွက် ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်းထားကြသည်။ အခြေခံအားဖြင့် ဆိုဗီယက် ပြည်ထောင်စုတွင်လည်း ထိုသို့ပင် စဉ်းစားမှု ရှိသည်။ ဆွစ်ဇာလန် နိုင်ငံ၌လည်း မတူကွဲပြားသော လူမျိုးများ စုပေါင်း နေထိုင်မှုသည် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရန် တွန်းအားပေးသော အကြောင်းအရင်းများ အနက် တချက် အပါအဝင် ဖြစ်သည်။

ပထဝီ အနေအထားအရ ကြီးမား ကျယ်ပြန့်သော နိုင်ငံများသည် တနိုင်ငံလုံး၏ အုပ်ချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဗဟိုဦးစီး ချုပ်ကိုင်မှုဖြင့် အားလုံးကို လက်လှမ်းမီအောင် ဆောင်ရွက်နိုင်ရန် အခက်အခဲ ရှိပါသည်။ ထို့ကြောင့် အချို့သော အာဏာများကို ပထဝီ အနေအထားအရ ဖွဲ့စည်းသော ယူနစ်များသို့ ခွဲဝေကျင့်သုံး အုပ်ချုပ်စေသော ဖက်ဒရယ် အစိုးရရှိ နိုင်ငံ ဖွဲ့စည်းပုံသဏ္ဍာန်ကို ဖော်ဆောင်လာသည်။ ထိုလိုအပ်ချက်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံ ရောပြွမ်း နေထိုင်သော နိုင်ငံ ဖြစ်စေ၊ လူမျိုး တမျိုးတည်း လက္ခဏာဆောင်သော နိုင်ငံ ဖြစ်စေ အတူတူသာ ဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာပေါ်တွင် မြေရေိယာ အကျယ်ဝန်းဆုံး နိုင်ငံဖြစ်သည့် ဆိုဗီယက် ပြည်ထောင်စုနှင့် ဒုတိယ အကြီးဆုံး ဖြစ်သည့် ကနေဒါတို့သည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများ ဖြစ်ကြသည်။ ကမ္ဘာ့ အခြားသော မြေရေိယာ အကျယ်ဝန်းဆုံး နိုင်ငံများ ဖြစ်သည့် အမေရိကန် ပြည်ထောင်စု၊ မက္ကဆီကို၊ ဩစတြေလျ၊ ပါကစ္စတန် စသည့် နိုင်ငံများသည်လည်း ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများ ဖြစ်ကြသည်။ အိန္ဒိယကဲ့သို့ ပထဝီ အနေအထား ကျယ်ပြန့်သော နိုင်ငံတခု အဖို့ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရေးမှာ လိုအပ်ချက်ကြီး ဖြစ်နေသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံသည် တိုင်းရင်းသား လူမျိုးများ ရောပြွမ်း နေထိုင်မှုနှင့် ကြီးမား ကျယ်ပြန့်သော ပထဝီ မြေမျက်နှာသွင်ပြင် ရှိမှုကြောင့် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရေး ဖြစ်လာသည်။ အိန္ဒိယနိုင်ငံသည် မဖြစ်မနေ လိုအပ်ချက်ကြောင့်သာ ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်း လိုက်ရသော်လည်း တပြည်ထောင်စနစ်ကို အခြေခံသော ဖက်ဒရယ် ပြည်ထောင်စုသာ ဖြစ်သည်။

### အာဏာခွဲဝေရေး

အိန္ဒိယနိုင်ငံ၏ အခြေခံ ဥပဒေအရ ပြည်ထောင်စုနှင့် အဖွဲ့ဝင်များ အကြား အာဏာခွဲဝေရေးကို စာရင်း ၃ ခုပြု၍ ခွဲခြားထားသည်။ ထိုစာရင်းမှာ ပြည်ထောင်စုက ကျင့်သုံးမည့် အာဏာ၊ ပြည်ထောင်စု အဖွဲ့ဝင်များ ပူးတွဲ ကျင့်သုံးမည့် အာဏာဟူ၍ စာရင်း ၃ ခု ဖြစ်သည်။ ပြည်ထောင်စုက ကျင့်သုံးမည့် အာဏာစာရင်းတွင် အမျိုးအစား ၉၇ ခု ပါဝင်ပြီး၊ ပြည်နယ်များ၏ စာရင်းတွင် ၆၆ ခုနှင့် ပူးတွဲပါ စာရင်းတွင် ၄၇ ခုတို့ ပါဝင်သည်။ ကြွင်းကျန်သော အာဏာများကို ကျင့်သုံးခွင့်မှာ ပြည်ထောင်စု အစိုးရတွင် တည်ရှိသည်။ ဖက်ဒရယ် ပြည်ထောင်စုစစ်စစ်ဟု အများက အသိအမှတ် ပြုခံရသော အမေရိကန် ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံများတွင် ကြွင်းကျန်သော အာဏာများ ကျင့်သုံးခွင့်မှာ ပြည်ထောင်စု အဖွဲ့ဝင်များ၏ အခွင့်အရေး ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ထိုအခွင့်အရေးကို ပြည်ထောင်စုက ယူထားခြင်းသည် ဗဟို အစိုးရ၏ အာဏာကို မြှင့်တင်လိုခြင်းကြောင့် ဖြစ်သည်ဟု ပညာရှင်များက ဝေဖန်ကြသည်။ အချို့ လေ့လာသူများက ကြွင်းကျန်သော အာဏာများကို ဗဟိုက ကျင့်သုံးသလော၊ သို့မဟုတ် ပြည်နယ်များက ကျင့်သုံးသလော ဆိုသည့် အချက်ကို ထောက်၍ ဖက်ဒရယ် စစ်/မစစ်ကို အကဲဖြတ်ကြသည်။ ပူးတွဲအာဏာ ကျင့်သုံးရေးနှင့် ပတ်သက်၍လည်း နှိုင်းယှဉ် လေ့လာရန် ရှိပါသည်။ ပူးတွဲ ကျင့်သုံးခွင့် အာဏာသည်

ပြည်ထောင်စု သို့မဟုတ် အဖွဲ့Yဝင်များထံသို့ တဖက်သတ် လွှဲအပ်ထားလျှင် တခုခု၏ အကျိုးထိခိုက် နစ်နာမှု ဖြစ်ပေါ်ခြင်းမျိုးမှ ကာကွယ်နိုင်ရန် အတွက် လိုအပ်ချက်အရ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ဖက်ဒရယ်စစ်စစ် နိုင်ငံတခု ဖြစ်သော ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံတွင် ပူးတွဲကျင့်သုံးခွင့် ရှိသော အာဏာကျင့်သုံးရေးတွင် ပြည်နယ်များက အသာစီးရကြသည်။ အိန္ဒိယနိုင်ငံတွင်မူ ဗဟိုက အသာစီး ရရှိနေသည်။ ထိုအကြောင်းတရားများကြောင့် လေ့လာသူများ က အိန္ဒိယသည် ဖက်ဒရယ် ပုံစံရှိ တပြည်ထောင်စနစ် နိုင်ငံ သို့မဟုတ် တဝက်တပျက် ဖက်ဒရယ် (Quasi-Federal) ဖြစ်သည်ဟု ဆိုခြင်း ဖြစ်သည်။

### ဒုတိယအဆင့်ပြည်ထောင်စုအဖွဲ့ဝင်များ

အိန္ဒိယနိုင်ငံတွင် ဒုတိယအဆင့် ပြည်ထောင်စု အဖွဲ့ဝင်များ အဖြစ် ပြည်ထောင်စု နယ်မြေများ (Union Territories) ကို တွေ့နိုင်သည်။ ဒုတိယအဆင့် ပြည်ထောင်စု အဖွဲ့ဝင်များကို အိန္ဒိယ သာမက အခြား ပြည်ထောင်စု နိုင်ငံများတွင်လည်း တွေ့နိုင်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် (Half Canton)၊ ကနေဒါနိုင်ငံတွင် နယ်မြေ (Territory)၊ ဆိုဗီယက် ပြည်ထောင်စုတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နိုင်ငံ (Autonomous Republic) ဟု ခေါ်သော ပြည်ထောင်စု အဖွဲ့ဝင်များသည် ဒုတိယအဆင့် ပြည်ထောင်စု အဖွဲ့ဝင်များ ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ဒုတိယ အဆင့် ပြည်ထောင်စု အဖွဲ့ဝင်များ၏ အခွင့်အရေးသည် အခြားသော နိုင်ငံများမှ ဒုတိယအဆင့် ပြည်ထောင်စု အဖွဲ့ဝင်များနှင့် ခြားနားသည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စု နယ်မြေများသည် ပြည်ထောင်စု အဆင့်တွင် နိုင်ငံရေးအရ ကိုယ်စားပြု ပါဝင် လုပ်ဆောင်နိုင်ခွင့် နည်းပြီး ဗဟို အစိုးရကသာ ၎င်းတို့အပေါ်လွှမ်းမိုးပြီး အုပ်ချုပ်နေသည်ကို တွေ့ရသည်။ နိုင်ငံ တခုတွင် ပါဝင် ဖွဲ့စည်းရန် ယူနစ်များ ခွဲခြားထားပြီး ထိုယူနစ်များ အတွက် အုပ်ချုပ်ရေးကို ဗဟို အစိုးရကသာ ဆောင်ရွက်ပါက တပြည်ထောင် စနစ် အစိုးရ ပုံစံရှိ နိုင်ငံဖြစ်သွားပြီး ယူနစ်များက သဘောတူညီမှု ဘောင်အတွင်း (တနည်းအားဖြင့် အာဏာခွဲဝေမှု ဘောင်အတွင်း) ကျရောက်သော ကိစ္စများကို ကိုယ်တိုင် စီမံခန့်ခွဲ အုပ်ချုပ်ခွင့်ရှိလျှင် ဖက်ဒရယ် အစိုးရပုံစံရှိ နိုင်ငံ ဖြစ်သည်။

### အင်အားကောင်းသောဗဟိုအစိုးရ ဖွဲ့စည်းရခြင်း၏အကြောင်းအရင်း

အိန္ဒိယနိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စနစ် နိုင်ငံ ဖြစ်သည်ဟု သတ်မှတ်ခံရသည် အထိပင် ဗဟို အစိုးရ (ပြည်ထောင်စု အစိုးရ) အင်အားကောင်းသော နိုင်ငံတခု ဖြစ်သည်။ လက်ရှိ အိန္ဒိယနိုင်ငံ၏ အခြေခံ ဥပဒေသည် အင်္ဂလိပ်ထံမှ လွတ်လပ်ရေး ရကတည်းက ကျင့်သုံးနေသော အခြေခံဥပဒေ ဖြစ်သည်။ ထိုအခြေခံ ဥပဒေ ရှိနေသော အိန္ဒိယသည် သာမန် အချိန်များတွင် ဖက်ဒရယ် ပုံစံမျိုးဖြင့် အာဏာကျင့်သုံးနိုင်ပြီး စစ်ဖြစ်ချိန်နှင့် အရေးပေါ် အချိန်များတွင် တပြည်ထောင် အစိုးရ ပုံစံဖြင့် အာဏာများ ကျင့်သုံးရန် ရည်ရွယ်သည်ဟု ဒေါက်တာ အမ်ဘက်ကာ (Dr. Ambedker) က ရေးသားခဲ့ဖူးသည်။ အိန္ဒိယ အခြေခံဥပဒေ ရေးဆွဲသူတို့သည် ထိုရည်ရွယ်ချက်ဖြင့် ရေးခဲ့ကြသည်ဟု ဆိုသည်။ ထိုသို့ ပြုလုပ်ရခြင်း၏ အကြောင်းတရားများမှာ အောက်ပါတို့ကြောင့် ဖြစ်သည်။

(က) အိန္ဒိယနိုင်ငံတွင် လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် အပြိုင် ခွဲထွက်ရေး လှုပ်ရှားမှုများ အရှိန်ဖြင့် ကြီးထွားနေရာ ၎င်းအခြေအနေကို ထိန်းသိမ်းပြီး နိုင်ငံ စည်းလုံး ညီညွတ်နေရန် အားကောင်းသော ဗဟိုအစိုးရ လိုအပ်ခြင်း၊

(ခ) အိန္ဒိယ လူမျိုးတို့၏ ရှေးဟောင်းရိုးရာ အစဉ်အလာများကို ထိန်းသိမ်း စောင့်ရှောက်ရာတွင် အထောက် အကူပြုရန် ရည်ရွယ်ခြင်း၊

(ဂ) အိန္ဒိယ အခြေခံ ဥပဒေကို ရေးဆွဲသူတို့သည် ဗဟိုအစိုးရ အင်အားပျော့သော အခြား ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများတွင် ဗဟိုအစိုးရ လုပ်ရကိုင်ရ ခက်ခဲမှုများကို မြင်တွေ့ကြပြီး ထိုအခက်အခဲမျိုးကို ရှောင်ရှား လိုသော ရည်ရွယ်ချက် ရှိခြင်း၊

(ဃ) ဗဟိုအစိုးရ အင်အား ချိနဲ့စွာဖြင့် စတင် ဖွဲ့စည်းခဲ့သော အမေရိကန် ပြည်ထောင်စုတွင် တဖြည်းဖြည်းနှင့် ဗဟို တရားရုံးချုပ် (Supreme Court) ၏ ဆုံးဖြတ်ချက်ဖြင့် ဗဟို အစိုးရကို လုပ်ပိုင်ခွင့် တိုးတိုးပေးနေခြင်းကို အိန္ဒိယ အခြေခံ ဥပဒေကို ရေးဆွဲသူတို့က မြင်တွေ့ရသော အခါ ထိုသို့ အဆင့်ဆင့် ပြောင်းလဲခြင်း မပြုလိုဘဲ အစကနဦး ကတည်းက အင်အားကောင်းသည့် ဗဟိုအစိုးရကို ဖွဲ့စည်းထားရန် ဆန္ဒရှိခြင်း စသည်တို့ကြောင့် ဖြစ်သည်။

**ပြည်နယ် အုပ်ချုပ်ရေးမှူးများခန့်ထားခြင်း**

အိန္ဒိယနိုင်ငံတွင် ပြည်နယ်များတွင် အုပ်ချုပ်ရေးမှူး (Governor) များ အဖြစ် တာဝန် ထမ်းဆောင်မည့်သူများ ခန့်အပ်ရေးတွင် ဂျာမဏီ၊ ဆွစ်ဇာလန်၊ အမေရိကန် ပြည်ထောင်စုတို့နှင့် မတူ တမူထူးခြားလျက် ရှိသည်။ အဆိုပါ နိုင်ငံများတွင် ပြည်နယ်များ၏ အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ ပြည်နယ်ကသာ ဆောင်ရွက်ကြသည်။ ပြည်နယ် ဥပဒေ လွှတ်တော်က ဖြစ်စေ၊ ပြည်သူလူထုက ဖြစ်စေ ရွေးချယ်သော နည်းလမ်း တခုခုကိုသာ အသုံးပြုသဖြင့် ထိုနည်းလမ်းများ အရ ပြည်နယ် အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးသည် သက်ဆိုင်ရာ ပြည်နယ်လုပ်ပိုင်ခွင့် ဘောင်အတွင်း၌သာ ရှိသည်။ အိန္ဒိယနိုင်ငံတွင်မူ ပြည်နယ် အုပ်ချုပ်ရေးမှူး အဖြစ် တာဝန် ထမ်းဆောင်မည့် ပုဂ္ဂိုလ်ကို ဗဟို အစိုးရ သမ္မတမှ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်။ ထို့အပြင် ညွှန်ကြားချက်လည်း ပေးနိုင်သည်။ သို့ဖြစ်၍ လေ့လာသူများက ပြည်နယ် အုပ်ချုပ်ရေးမှူးများသည် ဗဟို အစိုးရ သမ္မတ၏ ကိုယ်စားလှယ်များ ဖြစ်ပြီး ပြည်နယ် အကျိုးကို ရည်မျှော်၍ လုပ်ဆောင်ခြင်းထက် သမ္မတ၏ အလိုကျ လုပ်ဆောင်ခြင်းက ပိုများသည်ဟု ဝေဖန်ကြသည်။

[**ဖြည့်စွက်ချက်**။ ။ ပုံမှန်အားဖြင့် ပြည်နယ် အုပ်ချုပ်ရေးမှူးများသည် အဆောင်အယောင် အဖြစ်မှ အပ မည်သည့် အာဏာမှ မရှိပေ။ ဖြစ်ပွားလာပြီး၊ ပြည်နယ် ပြည်သူလူထုက ရွေးကောက်ပွဲဖြင့် တင်မြှောက်သော ပြည်နယ် အစိုးရ အုပ်ချုပ်ရန် ခက်ခဲလာသည် အထိ ပြည်နယ်အတွင်း နိုင်ငံရေး မတည်ငြိမ်မှုများ၊ ဆူပူ အုံကြွမှုများ ဖြစ်ပွားလာသည့် အခါမှသာ ပြည်နယ် အုပ်ချုပ်ရေးမှူးသည် သမ္မတ၏ တိုက်ရိုက် အမိန့်ကို နာခံပြီး 'သမ္မတ အုပ်ချုပ်ရေး ကြေညာကာ' ပြည်နယ် အစိုးရ အဖွဲ့ကို ဖျက်သိမ်းပြီး ပြည်နယ်၏ အုပ်ချုပ်ရေး လုပ်ငန်းများကို တာဝန်ယူ ကြီးကြပ် ကွပ်ကဲရခြင်း ဖြစ်သည်။ အခြေအနေ အေးချမ်းသွားပါက ရွေးကောက်ပွဲ ပြန်လည် ကျင်းပပေးပြီး ရွေးကောက်ခံ ပြည်နယ်အစိုးရ အဖွဲ့ထံ အာဏာများ ပြန်လည် လွှဲပြောင်းပေးရသည်။]

၄။ ကနေဒါ




*ကနေဒါ ပထဝီ နိုင်ငံရေး မြေပုံ။*

## ၄။ ကနေဒါ

ကနေဒါနိုင်ငံသည် မြေအကျယ်အဝန်းအားဖြင့် ကမ္ဘာပေါ်တွင် ဒုတိယ အကြီးဆုံး နိုင်ငံတခု ဖြစ်သည်။ ကနေဒါကို ပြင်သစ်လူမျိုးများ ၁၆၀၈ ခုနှစ်တွင် စတင် ရောက်ရှိလာပြီး ပြင်သစ်၏ ကိုလိုနီ ဖြစ်ခဲ့သည်။ ဥရောပတွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့ အကြား ၇ နှစ်အကြာ စစ်ပွဲအပြီး ၁၇၅၉ ခုနှစ်တွင် အင်္ဂလိပ်တို့က ကနေဒါရှိ ပြင်သစ်တို့ ပိုင်ဆိုင်သော ကွိဘက် (Quebec) နှင့် မွန်ထရီ (Montreal) တို့ကို ကျူးကျော်ခဲ့သည်။ ၁၇၆၀ ခုနှစ်တွင် အင်္ဂလိပ်တို့က ပြင်သစ်လက်မှ ကနေဒါကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့ဖြင့် ကနေဒါနိုင်ငံတွင် ပြင်သစ်စကား ပြောသော ဥရောပ တိုက်သားနှင့် အင်္ဂလိပ် စကားပြောသော ဥရောပ တိုက်သား လူမျိုးများ နေထိုင်လာခဲ့ကြသည်။ ကနေဒါနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စု အဖြစ် ဖွဲ့စည်းရာတွင် ထိုသို့ လူမျိုးနှစ်မျိုး ကွဲပြားမှု၏ အခန်းကဏ္ဍသည် အတိုင်းအတာ တခုအထိ ပါဝင်နေပြီး မြေဧရိယာ ကျယ်ပြန့် ကြီးမားလွန်းခြင်းက ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းဖြစ်ရန် အဓိက အကြောင်းတရား ဖြစ်သည်ဟု လေ့လာသူများက ထောက်ပြကြသည်။

ကနေဒါနိုင်ငံသည် ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် နိုင်ငံ တခုဖြစ်ပြီး ၎င်းတွင် အခြားနိုင်ငံများကဲ့သို့ နိုင်ငံတော် အကြီးအကဲအဖြစ် သမ္မတ သို့မဟုတ် ဘုရင်၊ ဘုရင်မ မရှိချေ။ ကနေဒါတွင် ဘုရင်ခံ (Governor General) တဦးရှိပြီး ထိုဘုရင်ခံသည် ဗြိတိသျှ ဘုရင်မကြီးသည် ဓနသဟာယ အဖွဲ့ကြီး၏ အကြီးအကဲ ဖြစ်သည့်အလျှောက် ကနေဒါနိုင်ငံ၏ အကြီးအကဲလည်း ဖြစ်သည်။ ကနေဒါနိုင်ငံသည် ပါလီမန် ဒီမိုကရေစီ (Parlimentary Democracy) ကို အခြေခံ၍ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းသော ပထမဦးဆုံး နိုင်ငံ ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုသည် ကနေဒါထက် ဆောလျင်စွာ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းသော်လည်း ထိုနိုင်ငံသည် သမ္မတ ဦးဆောင် ဒီမိုကရေစီ (Presidential Democracy) နိုင်ငံ ဖြစ်သည်။

### အခြေခံဥပဒေ

ကနေဒါနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေသည် အခြားသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံများကဲ့သို့ ပြီးပြည့်စုံနေသော ပင်မ အခြေခံဥပဒေ တရပ် မဟုတ်ချေ။ ကနေဒါ၏ အခြေခံဥပဒေဟု သတ်မှတ်ခြင်း ခံရသော ဥပဒေတွင် အက်ဥပဒေ (Act) နှင့် ပါလီမန် ဥပဒေ (Statute) များ ပါဝင်လျက် ရှိသည်။ ထိုဥပဒေများမှာ အဓိကအားဖြင့် British North Americe Act 1867, the Westministet Statute 1931, The Constitytion Act 1982 တို့ ဖြစ်ကြသည်။ ကနေဒါသည် ပြင်သစ် ကိုလိုနီဘဝမှ အင်္ဂလိပ် ကိုလိုနီဘဝသို့ ပြောင်းလဲခဲ့ပြီး ကနေဒါ ဖက်ဒရယ် ပြည်ထောင်စုအဖြစ် ပြောင်းလဲ ဖွဲ့စည်းရာတွင် အခြေခံဥပဒေ ဆိုင်ရာ အစိတ်အပိုင်းများကို ဗြိတိသျှ ပါလီမန်မှ အတည်ပြု ပြဋ္ဌာန်းပေးခဲ့သည်။ ယနေ့အခါ ကနေဒါနိုင်ငံသည် လုံးဝ အချုပ်အခြာ အာဏာပိုင် နိုင်ငံတခု ဖြစ်သည်ဟု ဆိုရသော်လည်း ၎င်းအနေဖြင့် ထိုအဆင့်သို့ ရောက်အောင် ဖြတ်သန်းခဲ့ရမှုကို ထောက်ရှု၍ အချို့ ပညာရှင်များက ကနေဒါကို ဗြိတိသျှ၏ ဒိုမီနီယံနိုင်ငံ (Dorminion State) ဟု ခေါ်ကြသည်။ အခြေခံ ဥပဒေဆိုင်ရာ အစိတ်အပိုင်းများကို ဗြိတိသျှ ပါလီမန်က အတည်ပြုပေးရခြင်း၊ ဗြိတိသျှ ဘုရင်မကြီးကို ကနေဒါနိုင်ငံ၏ အကြီးအကဲ အဖြစ် အသိအမှတ်ပြုရပြီး ဓနသဟာယ အဖွဲ့ဝင်နိုင်ငံ ဖြစ်နေခြင်းတို့က ဒိုမီနီယံနိုင်ငံ ဖြစ်ကြောင်းကို အချက်အလက်အရ ပို၍ ခိုင်မာစေသည်။ ကနေဒါနိုင်ငံ အတွက် အခြားသော ဥပဒေများကို ၎င်း၏ ပါလီမန်ကပင် ဥပဒေပြု လုပ်ထုံး လုပ်နည်းများနှင့် အညီ အတည်ပြု ပြဋ္ဌာန်းပေးသည်။

### ပြည်ထောင်စုပါလီမန်

ကနေဒါ ပြည်ထောင်စု ပါလီမန်တွင် အထက်လွှတ်တော် (Senate) အောက်လွှတ်တော် (House of Commons) တို့ ပါဝင်သည်။ ကနေဒါနိုင်ငံ၏ အထက်လွှတ်တော်သည် အမေရိကန် ပြည်ထောင်စု၊ သြစတြေးလျ နိုင်ငံများမှာ ကဲ့သို့ အားကောင်းသော လွှတ်တော် မဟုတ်ဘဲ အောက်လွှတ်တော်ကသာ ကနေဒါ ပါလီမန်၏ အဓိက တာဝန်များကို ထမ်းဆောင် သကဲ့သို့ ဖြစ်နေသည်။ ထိုသို့ အောက်လွှတ်တော်က အင်အားကောင်းနေခြင်းမှာ ကနေဒါသည် ဗြိတိန်နိုင်ငံ ကဲ့သို့ပင် ပါလီမန် အောက်လွှတ်တော်ကို အခြေခံသော ပုံစံဖြင့် ပြည်ထောင်စု အစိုးရကို ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်သည်။ အိန္ဒိယ၊ ပြည်ထောင်စု သမ္မတ ဂျာမဏီနိုင်ငံတို့၏ အစိုးရ ပုံစံမျိုး ဖြစ်သည်။ ကနေဒါ နိုင်ငံရေးကို လေ့လာသူများက ကနေဒါ အောက်လွှတ်တော်ကို ပြည်သူလူထု၏ နိုင်ငံရေး ရင်ပြင် (Political Tribunal) အဖြစ် တင်စားကြသည်။ အဘယ့်ကြောင့် ဆိုသော် အောက်လွှတ်တော်သည် အထက်လွှတ်တော်တွင် ကိုယ်စားပြု

ပါဝင်နိုင်ခြင်း မရှိသော နယ်မြေဒေသ အသီးသီးမှ ကိုယ်စားလှယ်များကို ပါဝင် ကိုယ်စားပြုခွင့် ပေးထားခြင်းကြောင့် ဖြစ်သည်။

ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တခုတွင် အထက်လွှတ်တော်၌ နယ်မြေဒေသ အသီးသီး၏ ကိုယ်စားလှယ်များ ပါဝင် ကိုယ်စားပြုခွင့် ရချင်မှရမည် ဖြစ်သော်လည်း အောက်လွှတ်တော်တွင်မူ နယ်မြေဒေသ အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်နေစမြဲ ဖြစ်သည်။

အောက်လွှတ်တော်တွင် ပါဝင် ဖွဲ့စည်းမည့် အမတ်ဦးရေကို ကန့်သတ်ထားခြင်း မရှိဘဲ သန်းခေါင်စာရင်း ကောက်ယူပြီးတိုင်း တိုးတက် ပြောင်းလဲနေသော လူဦးရေနှင့် လိုက်လျောညီထွေ ဖြစ်မည့် အမတ်ဦးရေကို ပြောင်းလဲ သတ်မှတ်လျက် ရှိကြသည်။ ၁၉၈၇ ခုနှစ်တွင် သတ်မှတ်ထားသော အမတ်ဦးရေမှာ ၂၈၂ ဦး ဖြစ်သည်။ အောက်လွှတ်တော် အမတ်အဖြစ် ရွေးချယ်ခံရသူ တဦးသည် တနှစ်အတွက် ထောက်ပံ့ကြေးငွေ ဒေါ်လာ ၁၀,၀၀၀ ရှိပြီး ထိုအထဲမှ အခွန်တော် အဖြစ် ဒေါ်လာ ၂,၀၀၀ ပြန်လည် ပေးဆောင်ရသည်။ တဖန် ပါလီမန် အစည်းအဝေး ရက်များတွင်း ပျက်ကွက်ပါက တရက်လျှင် ဒေါ်လာ ၆၀ နှုန်းဖြင့် ဖြတ်တောက်ခံရသည်။ ပါလီမန် အောက်လွှတ်တော်၏ သက်တမ်းသည် ၅ နှစ် ဖြစ်သည်။

ကနေဒါ၏ လက်ရှိ အထက်လွှတ်တော်တွင် အမတ် ၁၀၄ ဦး ပါဝင်လျက် ရှိကြသည်။ ကနေဒါ ပြည်ထောင်စု အဖွဲ့ဝင်များတွင် ပြည်နယ် အဆင့် (Provice) နှင့် နယ်မြေ (Territory) အဆင့် နှစ်မျိုး ပါဝင်လျက်ရှိရာ နှစ်မျိုးစလုံးသည် အထက်လွှတ်တော်တွင် ကိုယ်စားပြုခွင့် ရကြသည်။ သို့ရာတွင် ပြည်နယ် အဆင့်ဆင့် အချင်းချင်းကြားတွင်သော် လည်းကောင်း၊ ပြည်နယ်နှင့် နယ်မြေ အကြားတွင်သော် လည်းကောင်း လူဦးရေ အနည်းအများ အပေါ် မူတည်၍ အထက်လွှတ်တော်၌ ကိုယ်စားပြုခွင့် ရကြသည်။ အနည်းဆုံး ကိုယ်စားပြုခွင့်ရသော ဦးရေမှာ ယူကွန်နယ် (Yukan Territory) နှင့် အနောက်မြောက် နယ်မြေ (Northwest Territory) မှ တဦးစီ ဖြစ်ပြီး အများဆုံး ကိုယ်စားပြုခွင့်ရသော ဦးရေမှ အွန်တာရီယို (Ontario) နှင့် ကွိဘက် (Quebec) တို့မှ ၂၄ ဦးစီ ဖြစ်ကြသည်။

ကနေဒါ အထက်လွှတ်တော် အမတ်များကို ဝန်ကြီး အဖွဲ့၏ အကြံပေးချက် အရ ဘုရင်ခံချုပ်က ရာသက်ပန် ခန့်အပ် တာဝန် ထမ်းဆောင်စေရသည်။ ဗြိတိသျှ ပါလီမန် အထက်လွှတ်တော် အမတ်များ ခန့်အပ် တာဝန်ပေးမှုနှင့် တူသည်။ ကနေဒါ အထက်လွှတ်တော် အမတ်နေရာ လစ်လပ်မှု ဖြစ်ပါက ဝန်ကြီး အဖွဲ့သည် ၎င်းတို့၏ ပါတီမှ သက်ကြီးပိုင်း ပါတီဝင်များကို ခန့်အပ်ရန် ဘုရင်ခံချုပ်ထံ တင်ပြလေ့ ရှိကြသည်။ ထို့ကြောင့် ကနေဒါနိုင်ငံ၏ အထက်လွှတ်တော်သည် ပြည်နယ်များကို ကိုယ်စားပြုရသည်ဟု သတ်မှတ်ရန် ခက်ခဲသည်။

▪ - ¤ - ▪

## ကိုးကားသောစာအုပ်စာတမ်းများ။


### Bibliography

- Michael G. Roskin, Countries and Concepts; an introduction to Comparative politics, third edition, prentice-Hall International Editions, 1989.
- Neill Nugent, The Government and politics of the European Community, second edition, Macmillan, 1992.
- Rod Hague, Martin Harrop and Shaun Breslin, Comparative Governments and politics, introduction, third edition, Macmillan, 1992.
- Rachael Denber, ed, The Soviet Nationality Reader, The Disintegration in Context, Westview press, 1992.
- S.L. Kaeley, World Constitution, Sudah Publicationa (P) Ltd.
- Austin Ranney, Governing; an Introduction to Political Science, Fifth edition, Prentice-Hall International Editions a, 1990.
- E. J. Hobsbawm, Nations and Nationalism Since 1780,Cambridge University Press, Canton edition, 1991.
- Ernest Gellner, Nations and Nationalism, Basic Blackwell, 1990.
- Ghia Nodia, Nationalism and Democracy, Journal of Democracy, Vol.3, No.4, Oct 1992.
- C. C. Tennant and M.E. Turpel, a Case Study of Indigenous Peoples; Genocide, Ethnocide and Self-determination, Nordic Journal of International Law, Vol 59, 1990.
- Herb Feith & Alan Smith, self-determination in the 1990s, The UN Guidelines and Machinery to Resolve Ethno-nationalist Conflicts.
- Facts about the Socialist Federal Republic of Yugoslavia Secretariat of Information of Federal of Federal Executive Council, Belgrade, 1989.
- Facts about Germany (Federal Republic of Germany), Sixth revised edition, Lexikon-Insrtitut Bertelsmann, 1987.
- Dr. Alan Smith, Ethnic and the state in Burma; military Domination or A Politics of National Reconciliation?, A Paper Presented to the Work Shop on Managing Diversity? Governments and Ethnicity in South East Asia and the Pacific, held at the Australian National University, Canberra, January 1994.
- Dr. Patrick Thornberry, Minorities and Human Rights Law, a Minority Rights Group Report, 1991.
- The Rights of Indigenous Peoples, the Human Rights Fact Sheet Series, The United Nations.
- Minority Rights, the Human Rights Fact Sheet Series, the United Nations.
- Indigenous Peoples in Asia; Toward Self-determination, report of the indigenous Peoples forum, Chiang Mai, Thailand, 1990.
- Hurst Hannum, Autonomy, Sovereignity and Self- determination; The Accommodation of Conficting Rights, University of Pennsylvania Press, 1990.
- J.G. Starke, Introduction to International Law, tenth edition, Bufferwoth International Edition, 1989.
- A. Rigo Sureda, Evolution of the Right of Self-determination; a Study of United Nations Practice, A. W Sijthoff International Publishing Company, 1973.

### Federal Constitutions

Australia.

United States of America.

Canada.

India.

Union of Soviet Socialist Republics.

Yugoslavia.

Federal Republic of Germany.

Switzerland.

Union of Burma (1947).


▪ - ¤ - ▪